www.burmeseclassic.com

## သခင်ဘသောင်း၏

# ထုတ်ဝေရန် စီစဉ်ဆဲ ကျမ်းများ။

### ဒီမိုကရေစီအစ ဂရိတ်က။

ဤကျမ်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ခန့်က ဂရိတ်နိုင်ငံတွင် ပေါ်ခဲ့သော ကမ္ဘာ၏ ပထမ ဒီမိုကရေစီ နိုင်ငံအကြောင်းကို စုံလင်စွာ ဖေါ်လိမ့်မည်။

### အင်္ဂလိပ် ဒီမိုကရေစီ။

ဤကျမ်းတွင် အင်္ဂလန် နိုင်ငံ၌ ဒီမိုကရေစီ ပေါ်လာပုံနှင့် ယနေ့ထိ ဆက်လက် ကျင့်သုံးနေပုံကို စုံလင်စွာ ဖေါ်ပြမည်။

### အမေရိကန် ဒီမိုကရေစီ။

ဤကျမ်းတွင် အမေရိကန်တို့က အင်္ဂလိပ် ရှင်ဘုရင်ကို တော်လှန်၍ ဒီမိုကရေစီနိုင်ငံ တည်ထောင်ပုံကို မှတ်သားဖွယ်ရာ ဖေါ်ပြမည်။

### ပြည်သစ်တို့ အာဏာရှင် တော်လှန်ပုံ။

ဤကျမ်းတွင် ကမ္ဘာကျော် တော်လှန်ရေးကြီး အကြောင်းကို မှတ်ဖွယ်အစုံအလင် ဖေါ်ပြမည်။

### ဗမာနိုင်ငံနှင့် ဒီမိုကရေစီ။

ဤကျမ်းတွင် ဗမာနိုင်ငံတွင် ဒီမိုကရေစီ မပေါ်မီက အခြေအနေများနှင့် ဒီမိုကရေစီ ပေါ်လာပြီ ဆိုပြီးသည့်နောက် ဖြစ်ပေါ်လျက်ရှိသော ကောင်းသော ကျင့်သုံးပုံနှင့် မကောင်းသေးသော ကျင့်သုံးပုံများကို ဟုတ်မှန်သည့်အတိုင်း ပွင့်ပွင့် လင်းလင်း ဆွေးနွေးချက်များ ပါမည်။

ဒီမိုကရေစီ စာအုပ် ကုမ္ပဏီ။

၂၂၂-ဆူးလေ ဘုရားလမ်း၊ ရန်ကုန်မြို့

ပြည်သူ့အလင်းပုံနှိပ်တိုက် ၁၀၇-ဗိုလ်ချုပ်ဈေး ရန်ကုန်မြို့။

BURMESE CLASSIC .com

သခင်ဘသောင်း ရေး

# ဒီမိုကရေစီ ဆိုဒါ




ဒါ ဒီမိုကရေစီ မဟုတ်ဘူး - အာဏာရှင် စနစ်

www.burmeseclassic.com

www.burmeseclassic.com

သခင် ဘသောင်း၏

# ဒီမိုကရေစီဆိုဒါ

BURMESE CLASSIC .com

# DEFINING DEMOCRACY

BY

THAKIN BA THOUNG.

ထုတ်ဝေသူ
ဒီမိုကရေစီ စာအုပ်ကုမ္ပဏီ
၂၂၂-ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
၁၉၅၄-ခု။

အဘိုး ၈-ပြား

www.burmeseclassic.com

www.burmeseclassic.com

ရိုက်နှိပ်သူ
ပြည်သူ့အလင်းပုံနှိပ်တိုက်
၁၀၇၊ ဗိုလ်ချုပ်ဈေး
ရန်ကုန်မြို့။

# ကျမ်းဦး စကား။

**ဒီမိုကရေစီ** ဆိုသော စကားလုံးကို လွန်ခဲ့သည့် အနှစ် သုံးဆယ်ကျော်လောက်ကစ၍၊ မြန်မာနိုင်ငံတွင် ကြားခဲ့ကြရသည်။ သို့ရာတွင် ယနေ့အထိ ထိုစကားလုံး၏ အနက် အဓိပ္ပါယ်ကို တိတိကျကျ သိကြသူတို့၏ အရေအတွက်မှာ၊ များသည်ဟု မဆိုနိုင်သေးသည်ကို တွေ့ရပါသည်။ ဤသို့ ဖြစ်သဖြင့်၊ ဝမ်းနည်းဘွယ်၊ ရှက်ဘွယ်မရှိပါ။ အဘယ်ကြောင့်ဆိုသော်၊ **ဒီမိုကရေစီ**၏ အနက် အဓိပ္ပါယ်ကို ကောင်းစွာမသိကြသူတို့၏ ဦးရေမှာ၊ မြန်မာနိုင်ငံ၌သာ ပေါများသည် မဟုတ်ဘဲ၊ ဒီမိုကရေစီနိုင်ငံ ဒီမိုကရေစီနိုင်ငံဟု ဟိုးလေးတကျော် သတင်းကြီး၍ နေသော၊ နိုင်ငံများ၌ပင် ဒီမိုကရေစီ၏ အနက် အဓိပ္ပါယ်ကို ကောင်းစွာ မသိကြသူတို့ ပေါများနေသေးသဖြင့်၊ ယခုအခါတွင်၊ ဒီမိုကရေစီ အနက်ဖေါ် ကျမ်းများကို ရေးသားထုတ်ဝေ၍ နေကြရသောကြောင့် ဖြစ်ပါသည်။

**ဒီမိုကရေစီ**သည် မြန်မာနိုင်ငံသားတို့ အဘို့သာ၊ အရေးကြီးဆုံး ကိစ္စဖြစ်သည် မဟုတ်ပါ။ လောကလူအားလုံးအတွက်ပင် အရေးအကြီးဆုံး ကိစ္စဖြစ်ပါသည်။ ဤကျမ်းသည် ပညာရှင်များသာ ဖတ်ရှုနိုင်မည့် ကျမ်းမျိုးလည်း မဟုတ်ပါ။ ထို့ပြင် စာသင်သားများ သင်အံ လေ့ကျက်ရမည့် သင်ရိုး ကျမ်းမျိုးလည်း မဟုတ်ပါ။ သာမန် သူလိုကိုယ်လို ရပ်သူ ရွာသားတို့ ဖတ်ရှုနိုင်ရန် လွယ်ကူသော စကားလုံးများဖြင့်၊ ရေးသားထားသော ရှေ့ပြေးကျမ်းငယ်တခုမျှသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်၊ ‘**ဒီမိုကရေစီ**’ဟု ဆိုလျှင် ‘ဘယ် ဒီမိုကရေစီလဲ၊ အရှေ့ ဒီမိုကရေစီလား၊ အနောက် ဒီမိုကရေစီလား’ဟု မေးတတ်ကြပါသည်။ ဤကျမ်းပြုသူ အဖို့တွင်၊ ‘**ဒီမိုကရေစီ**’သည်၊ နှစ်မျိုး သုံးမျိုးမရှိဘဲ၊ ‘ဧကောဓမ္မော’ (တရားသည် တခုဘဲရှိသည်) ဆိုသကဲ့သို့၊ ဒီမိုကရေစီလည်း၊ တမျိုးထဲပင် ရှိပါသည်။ ထိုတမျိုးတည်းသော ‘**ဒီမိုကရေစီ**’သည်၊ အခြားမဟုတ်ဘဲ၊ လူကို ရိုသေ လေးစားရမည်ဆိုသော ဝါဒအရ ကျင့်သုံး နေထိုင်ကြရမည် ဆိုသော၊ တရားပင် ဖြစ်ပါသည်။

www.burmeseclassic.com



## ကျမ်းဦး စကား

မြန်မာ နိုင်ငံသားတို့သည်၊ မိမိတို့၏ ရှည်လျားသော သမိုင်းတလျှောက်လုံး၌၊သက်ဦးဆံပိုင် မင်းများ၊ သို့မဟုတ် ယခုခေတ် စကားနှင့်ဆိုလျှင်၊ အာဏာရှင်များ၏ လက်အောက်တွင် နေထိုင် ခဲ့ကြရပြီးနောက်၊ အင်္ဂလိပ်နယ်ချဲ့တို့၏ လက်အောက်တွင် ဆက်လက်နေထိုင် ခဲ့ကြရသဖြင့်၊ 'ဒီမိုကရေစီ'သဘောသည်၊ မြန်မာ နိုင်ငံသားတို့အဖို့၊ ဆန်းသစ်သော သဘောသဘောတရားများလျှင်ဖြစ်၍၊ ရုတ်တရက် နားလည် နိုင်ခဲမှုဖြစ်ပါလိမ့်မည်။သို့ချင်း အသစ်အဆန်း တပုဒ် ကို၊ကြားရခါစ အခါတွင်၊ ကောင်းသည် ဆိုးသည် အကဲဖြတ်နိုင်တတ်ဖို့ ခက်သည့်နည်းတူဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်သည်မှာ၊ နိုင်ငံ တနိုင်ငံ၏ သက်တမ်းနှင့်နှိုင်းစာ၍ ပြောရမည် ဆိုလျှင် မနေ့ တနေ့ကပင် ရှိပါသေးသည်။နိုင်ငံတနိုင်ငံအဖို့ ပြောသည့်အခါ အနှစ်တရာကိုပင် ကြာသည်ဟု မထားရပါ။ ဤကျမ်းသည်၊ မြန်မာနိုင်ငံ သားတို့၏ အတွင်းစိတ် သန္တာန်တွင်၊ ဒီမိုကရေစီသဘော၊ ကိန်းဝပ်စေရာ၌၊ တစိတ်တဒေသ အားဖြင့်၊ အထောက်အပံ့ ဖြစ်စေလိမ့်မည်ဟု၊ မြော်လင့် ဝံ့ပါသည်။ ဤသို့ မြော်လင့်ဝံ့သည့်အတိုင်း အကယ်၍ တစုံတယောက် သောသူ၏ စိတ်တွင် 'ဒီမိုကရေစီ သဘောကား၊ ဤသို့တည်း'ဟု တဒင်္ဂပဟာန်မျှပင်၊ဥပါဒ်ခဲ့သည် ဖြစ်ပါမူ၊ ဤကျမ်းကို ပြုရကျိုး နပ်ပြီဟု ယူဆနိုင်ပါသည်။

ယခုအခါ ကျမ်းပြု၏တာဝန် ကုန်ပါပြီ။ ဖတ်ရှုသူတို့၏ တာဝန်သာ ကျန်ပါတော့သည်။ ။ဖတ်ရှုသူတို့က၊ ကူညီအားပေး ကြသည်ဖြစ်ပါမူ၊နောက် ကျမ်းများကိုလည်း ဆက်၍ပြုပြီးနောက် ထုတ်ဝေနိုင်ပါလိမ့်မည်။ ။ဤကျမ်းကိုပြုရာ၊ ထုတ်ဝေရာတွင်၊ကူညီယိုင်းပင်းကြသူအားလုံးကိုလည်း၊ လှိုက်လှဲစွာ ကျေးဇူးတင် လိုက်ပါသည်။

သခင်ဘဆောင်း

# မာတိကာ ။

**အခန်း (၁) ။** စာမျက်နှာ


ဒီမိုကရေစီအလို။ ။လူတွေသည် ရှင်ဘုရင်တွေ။ ။နိုင်ငံဆိုဒါ။ ။ဒီမိုကရေစီအဓိပ္ပါယ်မြစ်။ .... .... ၁
လူသည် တကယ်ဘဲ အမြတ်ဆုံးလား။ ။ခရစ်ယန်ဘာသာအဆို။ ။အစ္စလန်ဘာသာအဆို။ .... ၂
ဟိန္ဒူအလို။ ။ဗုဒ္ဓဘာသာအဆို။ ။ဘာသာများ သဘောညီညွတ်ခြင်း။.... .... .... ၃
လောကီနည်း အရလည်း လူသည် အမြတ်ဆုံး။ ။လူကိုဘယ်သတ္တဝါမှ မတုနိုင်။ ။လူသည် မေ့တတ်သည်။ ။ရှင်ဘုရင်သည် ဘုရားကိုယ်စားလှယ် ဆိုသည့် ဝါဒ။ ။ ၄
ရှင်ဘုရင်သည် ဘုရားဆီက "လိုင်စင်"မရ။ .... ၆
လူဆိုလျှင် တန်းတူချည်းဖြစ်သည်။ .... ၇
အာဏာရှင်ဝါဒသမားများ။ ။လူများကို ခွေးသွားစိတ်လိုသဘောထားသူများ။ .... .... ၈
အာဏာရှင် ဝါဒက လူကို တန်ဘိုး မထား။ ။လူလူချင်းပဓာန ခြားနားချက်မရှိ။ ။လူချင်းမနှိပ်စက်ကောင်း။ ၉
လူဟာ လူဘဲ။ ။လူ့ဘဝကို တန်ဘိုး ထားရမည်။.... ၁၀
ငါတို့သာ မြတ်သည်ဟု ထင်နေကြ သူများ။ ။ကိုယ်ကလေးစားမှ သူက လေးစားမည်။ ။လူကြိုက် များသောဝါဒ။ .... .... .... ၁၁
မေ့ လျော့လျှင် မကောင်း။ ။ဆွေးနွေးမှ လူ့ဘဝ တန်ဘိုးရှိမည်။ ။နိုင်ငံသည် တဦးတယောက်ပိုင် မဟုတ်။ ၁၂
နိုင်ငံကို နိုင်ငံသားတို့ ပိုင်ခြင်း။ .... ၁၃
သတ်နိုင်မှုအာဏာ။ ။အကြီးဆုံးအာဏာသည်အကောင်းဆုံးမဟုတ်။ .... .... .... ၁၄


www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ


လူတို့ပိုင်ရေး ပိုင်ခွင့်။ ။အသက်ရှင်နေခွင့် မေ့ကွန်း။ ၁၆
လူကို အရမ်းသတ်ခွင့်မရှိ။ ။အသက် ရှင်ကျိုးနပ်ဘို့ အရေးကြီးခြင်း။ ။ဒီမိုကရေစီ ပဋိသန္ဓေယူခြင်း။ .... ၁၇
ပထမ သမ္မတ ရွေးပွဲ .... .... ၁၈
သမ္မတလဲ လူပါဘဲ။ ။သမ္မတဆိုဒါ ဥက္ကဋ္ဌပါဘဲ။ ။မိုက်လို့ သမ္မတတင်ခြင်းမဟုတ်။ ။ကမ္ဘာ၏ ပထမ ပြည်စေခံ။ ၁၉
သမ္မတ လုပ်နိုင်သည့် အလုပ်နှင့် မလုပ်နိုင်သည့် အလုပ်။ ၂၀
လူဖြစ်ကျိုး နပ်စေရန် ပိုင်ရေး ပိုင်ခွင့်များ။ ။ဒီမိုကရေစီက ဘာလုပ်ပေးနိုင်သလဲ။ ။ဥစ္စာရှင်လို ဥစ္စာရှင်ခဲ။ ၂၁


## အခန်း (၂)


မင်းမဲ့ဝါဒ။ ။ရန်သူမျိုး ငါပါး။ .... ၂၂
လက်နက်အားကိုး မင်းများ။ ။မင်းကို ပြည်စေခံဟု မထင်ကြခြင်း။ ။မင်းဆိုဒါ ပြည်စေခံပါ။ .... ၂၄
ဒီမိုကရေစီ၌ မင်းသည် ရန်သူမဟုတ်။ ။ .... ၂၅


## အခန်း (၃)


ပြည်စေခံရွေးပွဲ။ .... .... ၂၅
ပြည်သူ့ကိုယ်စားလှယ်။ ။ဥပဒေ အရမ်း မလုပ်နိုင်။ ၂၆
အုပ်ချုပ်မှု ပြည်စေခံရွေးခြင်း။ ။တိုင်းသူ ပြည်သား တို့ကသာ အာဏာပိုင်သည်။ .... .... ၂၇
ပြည်စေခံသည် ရန်သူမျိုး ငါးပါး၌မပါ။ .... ၂၈
ရွေးကောက်ပွဲသည် အရေးအကြီးဆုံး အလုပ်။ ။လောကရေး။ ။မေတ္တာနှင့် ဆက်ဆံရမည်။ .... ၂၉
အာဏာ အမြဲမပေး။ .... .... ၃၀
ပုန်ကန်ဘို့မလို။ ။အစိုးရမကောင်း၊ ပြည်သူ့ခေါင်း။ ၃၁




စာမျက်နှာ


ဒီမိုကရေစီ ဆုံးရှုံးလျှင်၊ သူပုန် ထတတ်သည်။ ။ဒီမိုကရေစီဆုံးလျှင်၊ လူ့ဘဝဆုံးမည်။ ။သန့်ရှင်းသော ရွေးကောက်ပွဲ။ .... .... .... ၃၂
လွတ်လပ်စွာ ပြောဆိုခွင့်။ .... .... ၃၃
ချောက်လှန့်၍ မဲမတောင်းရ။ ။အာဏာရှင် နိုင်ငံတွင် မဲပေးခွင့်မရှိ။ .... .... ၃၄
မေ့လျော့နေ၍ မဖြစ်။ ။ဆင်းရဲသူကို၊ ချမ်းသာအောင် လုပ်ပေးဘို့ လိုသည်။ .... .... ၃၅


## အခန်း (၄)


လမ်းခုနှစ်သွယ်။ .... .... ၃၆
၁။ လူတိုင်းကို လေးစားခြင်းလမ်း။ ။လူ့ဘဝကို လေးစားရမည်။ .... .... .... ၃၇
အာဏာရှင်ဝါဒက လူကို မလေးစား။ ။ငါနှင့်ငါသာနိုင်းစရာ။ .... .... .... ၃၈
အခွင့်အရေးတူ။ ။လူတိုင်းပညာသင်နိုင်ခွင့်။ .... ၃၉
ဝံကိုယ်ကောင်း အလိုမရှိ။ လုံခြုံမှု။ .... ၄၀
အလုပ်ပြုတ်မှာမကြောက်ရခြင်း။ ။အားမဲ့သူကို စောင့်ရှောက်မှု။ ။ပစ္စည်းမဲ့ကို မနှိပ်စက်ရ။ .... ၄၁
နှစ်နာအောင် မလုပ်ရ။ ။အကြမ်း မဖက်ရခြင်း။ ၄၂
အာဏာကို အရမ်းမသုံး။ .... .... ၄၃
၂။ လူတိုင်းအခွင့်အရေး တူမျှခြင်းလမ်း။ .... ၄၄
လူတယောက် တမဲဘဲ။ ။အာဏာလွှဲပွဲ။ .... ၄၆
၃။ လူတို့ ပိုင်ရေး ပိုင်ခွင့်များလမ်း။ .... ၄၆
ဒီမိုကရေစီ အသက်။ ။တရားလက်လွှတ် မလုပ်နိုင်။ ၄၇
အာဏာရှင်ဟာ တရားမရှိ။ ။ဥပဒေ တမျိုးတည်း။ ။ဥပဒေကို ဘယ်သူမှ မကျူးလွန်နိုင်၊ .... ၄၈


www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ

လုပ်သားကိုအခ ချော့မပေးရ။ ။ဒီမိုကရေစီတွင် လျှို့ဝှက်ခြင်းမရှိ။ .... .... ၄၉
အာဏာရှင် နိုင်ငံတွင် အရမ်းချည်းဘဲ။ .... ၅၀
အကြားအမြင် များမှု။ ။ဒီမိုကရေစီဟာ နဖါးထိုး ဝါဒ မဟုတ်။ .... .... .... ၅၁
လူယုတ်ကို မရွေးမိဘို့ အရေးကြီးခြင်း။ .... ၅၂
ပေါ့ပေါ့နေလို့ မဖြစ်ဘူး။ ။လက်တွင်း တဆုပ်ခန့် လူစုရန်။ .... .... .... ၅၃
လွတ်လပ်စွာ ရေးသားခွင့်။ .... .... ၅၄
လွတ်လပ်စွာ စေဘန်ခွင့်။ ။အမှန်များကိုသိရန်။ ၅၅
လွတ်လပ်စွာပြောဆိုခွင့် မကြိုက်သူ။ ။လွတ်လပ်စွာ ပြောဆိုခွင့်ကို အလွဲမသုံးစားရ။ .... .... ၅၆
ဒီမိုကရေစီ၏ ထွက်သက်ဝင်သက်။ ။လွတ်လပ်စွာပြောဆိုခွင့်ကို ပိတ်ပစ်၍မဖြစ်။ .... .... ၅၇
လွတ်လပ်စွာ သတင်းဖြန့်ဝေခွင့်။ .... ၅၈
အသရေပျက်အောင် ပြောဆိုခွင့်မရှိခြင်း။ .... ၅၉
သူများကိုလည်း လွတ်လပ်စွာ ပြောဆိုခွင့် ပေးရမည်။ ၆၀
မှန်ပါ့ဘုရားဝါဒ။ ။အကြံဉာဏ် ဖလှယ်ခွင့်။.... ၆၁
ကရွတ်ကင်းလျောက် မပြောရ။ .... ၆၂
သူများပြောဒါကိုလည်း နားထောင်ပါ။ .... ၆၄
အမှန်နှင့် အမှား။ ။အာဏာရှင်က လွတ်လပ်စွာပြောခြင်း အလိုမရှိ။ .... .... .... ၆၅
မဟုသောစံနစ် ၂-ခု။ .... .... ၆၆
ဒီမိုကိုရေစီသည် မပေါက်ပြန်။ .... ၆၇
နစ်နာချက် ပြောပြနိုင်ခွင့်။ ။မဲလက်နက် .... ၆၈
ဒီမိုကရေစီ နိုင်ငံတွင် ပုန်ကန်ဘို့မလို။ ။အခြေခံ ဥပဒေကို ပြေလည်လာအပ်သည်။ .... .... ၆၉




စာမျက်နှာ

လူ့ဘဝကို တန်ဘိုးယုတ်အောင် မလုပ်နိုင်။ .... ၇၀
လွတ်လပ်စွာ အသင်း ဖွဲ့ခွင့်နှင့် စုဝေးခွင့်။ ။လျှို့ဝှက်သော အသင်းတည်ထောင်ဘို့ မလိုခြင်း။ ။ .... ၇၁
အကြမ်းမှုကို ဒီမိုကရေစီက အားမပေး။ .... ၇၂
မျက်နှာ မလိုက်ရခြင်း။ ။အသင်းဖွဲ့ခြင်းကို မနှောက်ယှက်ရခြင်း။ .... .... .... ၇၃
တမိန့် တသင်း နိုင်ငံ။ ။အာဏာရှင်က လူများ ညီညွတ်ခြင်းကို အလိုမရှိ။ .... .... ၇၄
အာဏာရှင်အဖို့၊ သူတည်မြဲရေးသာ အရေးကြီးသည်။ ၇၅
ဒီမိုကရေစီ ကောင်းအောင် အသင်းထောင်။ ။လူနှင့်အဖေါ်။ .... .... .... ၇၆
လွတ်လပ်စွာ စည်းဝေးနိုင်ခွင့်။ .... ၇၈
အခွင့်အရေးနှင့် ဝတ္တရား။ .... .... ၇၉
အချင်းချင်း လေးစားမှု။ ။ကိုယ်လုပ်ချင်သော အလုပ်ကို လုပ်ပိုင်ခွင့်။ .... .... .... ၈၀
ကြိုက်ရာအလုပ် ရွေးနိုင်ခွင့်။ .... ၈၁
အမိန့်ပေးခြင်းထက်၊ အကြံဉာဏ် ပေးခြင်းက ကောင်းသည်။ ။ဗးပေါက်ဝိုင်းနှင့် လေးထောင့်ဗျူးဆို့။ ၈၂
ဝါသနာနှင့် လိုက်သောအလုပ်။ .... ၈၃
အလုပ်တွင် ပိတ်ပင်မှု မရှိခြင်း။ ။လူတွေကောင်းမှ၊ ဒီမိုကရေစီ ကောင်းနိုင်သည်။ ။လွတ်လပ်စွာ စီးပွါးရှာမှု။ ၈၄
စည်းကမ်း လုပ်ပေးရခြင်း။ ။တာဝန်သိမှု။ .... ၈၅
ပစ္စည်းပိုင်ဆိုင် ခံစားခွင့်။ ။အခွန်ကောက်ပုံ။.... ၈၆
ပစ္စည်းကို သူတပါး မနစ်နာအောင် သုံးရခြင်း။ ။အခွန်ပေးကျိုးနပ်ခြင်း။ .... .... ၈၈
ဥပဒေ တမျိုးတည်း ရှိရခြင်း။.... .... ၈၉


www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ


အကြာကြီး ချုပ်မထားရ။ ။စီရင်ချက် မချမီ၊ အပြစ်ရှိသည် မယူရ။ .... .... .... ၉၀
အာဏာရှင် နိုင်ငံတွင်၊ မစစ်ခင်က အပြစ်ရှိသည် ယူခြင်း။ ၉၁
ဥပဒေ မတတ်လျှင်၊ တရားသူကြီး မလုပ်ရ။ ။မနိုင်စက်ရ။ ၉၂
တရားသူကြီး ကျင့်ဝတ်။ .... .... ၉၄
ဥပဒေ ပဓါန။ ။ဥပဒေကို ရိုသေရမည်။ .... ၉၅
တရားကို ရုံးက စီရင်ပါစေ။ .... .... ၉၆
ကိုယ့်အခွင့်အရေး၊ ကိုယ်မသုံးလျှင်၊ ဒီမိုကရေစီ အပြစ် မဟုတ်။ .... .... .... ၉၇
ဒီမိုကရေစီ၌ နှိပ်စက် ညှဉ်းပမ်းမှု မရှိခြင်း။ ။လွတ်လပ်စွာ ကိုးကွယ်ခွင့်။.... .... .... ၉၈
ဘာသာဖျက် နိုင်ငံအချို့။ .... .... ၁၀၀
ဘဝင်မြင့်ခြင်း အလိုမရှိ။ .... .... ၁၀၁
လွတ်လပ်စွာ ပြောင်းရွှေ့ နေထိုင်ခွင့်။ .... ၁၀၂
၄။ လွတ်လပ်မှု ရှိခြင်းလမ်း။ ။လွတ်လင်၍ ဒီမိုကရေစီ ခေါ်သည်။ .... .... .... ၁၀၃
လွတ်လင်ခြင်း တာဝန်နှင့် အရေးသာ။ ။ဥပဒေနှင့် လိုက် နာမှု။ .... .... .... ၁၀၄
ဒီမိုကရေစီသည် တာဝန်ကြီးသည်။ .... ၁၀၅
အလျှင်စလို မလုပ်သင့်။ ။အခက်အခဲ တခု။ .... ၁၀၆
ကိုယ်မတတ်လျှင် ပညာသည်ကို ခိုင်းနိုင်သည်။ ၁၀၇
မှဆိုး စိုင်သင်။ .... .... ၁၀၈
ကိုယ်တိုင်လုပ်ခွင့်။ ။အာဏာရှင်စံနစ်က လူတွေကိုအထင် သေးသည်။ .... .... .... ၁၁၀
အမှားလုပ်နိုင်ခွင့် ရှိဘို့လိုသည်။ ။သည်းခံဘို့လိုသည်။ ၁၁၂
တိုင်ပင်ပြီးမှ လုပ်ပါ။ ။စွပ်၍မလုပ်သင့်။ .... ၁၁၃
ဥပမာပြရလျှင်။ .... .... ၁၁၄




စာမျက်နှာ


ကျားသေကို အသက် မသွင်းအပ်။ .... ၁၁၅
မဲမပေးဘဲ မနေအပ်။ ။ပညာရှိတို့တာဝန်။ .... ၁၁၆
လူနည်းစု အခွင့်အရေး။ .... .... ၁၁၇
ဝေဘန်ခြင်းကို အာဏာရှင်က မကြိုက်။ .... ၁၁၈
လူစွာကို နှိပ်ကွပ်ခြင်း။ .... .... ၁၁၉
အမြဲမကောင်း ကြံတတ်သူ။ ။ဝေဘန်သူ လိုခြင်း။ ၁၂၀
ဥပဒေပြင်ဘက် မထွက်ရခြင်း။ .... ၁၂၁
၅။ ဒီမိုကရေစီ အုပ်ချုပ်နည်းလမ်း။ ။အာဏာကို တိုင်းသူ ပြည်သားတို့က ပိုင်ခြင်း၊ .... .... ၁၂၂
အစိုးရအသက် မဲရှင်လက်ထဲတွင် ရှိသည်။ .... ၁၂၃
အစိုးရကို ဖြုတ်ချနိုင်သည်။ ။တိုင်းပြည့်အစေခံများ။ ၁၂၄
လူယုတ်တစု၏ မာယာ။ .... .... ၁၂၆
တာဝန်လွှဲ၍ ဆောင်ရွက် ရခြင်း။ .... ၁၂၇
လိုချင်ရာ ဆုံးဖြတ်။ .... .... ၁၂၈
ကိုယ်စားလှယ် အရည်အချင်း။ .... ၁၂၉
ဒီမိုကရေစီကို မှတ်ကျောက်တင်နည်း။ .... ၁၃၀
လူတိုင်း ချောင်လည်ဘို့ အရေးကြီးခြင်း။ ။ကိုယ်စိတ် နှစ်ဖြာ ချမ်းသာရေး။ .... .... ၁၃၁
ဒီမိုကရေစီနှင့် အစိုးရ။ .... .... ၁၃၂
ဇက်ကို ကိုင်ထားရမည်။ .... .... ၁၃၃
မင်းစိတ်ဝင်သူ အလိုမရှိ။ .... .... ၁၃၄
အစိုးရ ကောင်းဆိုဒါ။ .... .... ၁၃၅
၆။ နောင်ရေး မြော်လင့်ချက် ရှိခြင်းလမ်း။ ။လက်တွေ့ဒီမို ကရေစီ ခြားနားတတ်သည်။.... .... ၁၃၅
လျှော့နံ့ ဒါးထစ် မဟုတ်။ .... .... ၁၃၆
တိုးတက်မှု အားပေးခြင်း။ ။ပြည်သူကို မှိုင်းတိုက် ခြင်းမပြု။ .... .... .... ၁၃၇


www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ


| | |
|---|---|
| ဒီမိုကရေစီနှင့် နိုင်ငံရေး။ ။အထင်ခံ အမြင်ခံ အလုပ် | ၁၃၈ |
| နိုင်ငံအရေး ငို့အရေး။ .... .... | ၁၃၉ |
| နိုင်ငံရေး ပစ်ထားလျှင် ဒုက္ခများမည်။ .... | ၁၄၀ |
| အာဏာရှင် ပေါ်မလာအောင် သတိပြုရမည်။ | ၁၄၁ |
| ဒီမိုကရေစီနှင့် အနုနည်း။ ။လူမိုက်နည်း မသုံးရ။ | ၁၄၂ |
| သတိနှင့်နေ။ .... .... .... | ၁၄၃ |
| ၇။ လူတို့အချင်းချင်း အမှီသဟဲ ပြုရခြင်းလမ်း။ ။ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ။ .... .... .... | ၁၄၄ |
| ဆံထုံးထုံး အရပ်ဝေလေ့။ .... .... | ၁၄၅ |
| အပြန်အလှန် ကျေးဇူးပြုခြင်း။ ။အများအကျိုးအတွက် ကိုယ်ကျိုး စွန့်သင့်ခြင်း။ ။ဦး ပဲ့ ထမ်းဘို့ လိုခြင်း။ | ၁၄၆ |
| အခန်း (၅) | |
| နိဂုံးချုပ် .... .... .... | ၁၄၈ |


## ရုပ်ပုံများ


| | |
|---|---|
| ကမ္ဘာ၏ ပထမ ဒီမိုကရေစီ အာသင်ပြည်။ .... | ၅ |
| ဂျွန်ဘုရင် (ပြည်သူ့ အခွင့်အရေး) စာချုပ်ကြီး လက်မှတ်ထိုးပုံ။ .... .... | ၁၅ |
| ဒီမိုကရေစီရှုံး သရုပ်ဖော်။ .... .... | ၂၃ |
| လွတ်လပ်စွာ စည်းရုံးခွင့်။ .... .... | ၄၅ |
| အာဏာရှင် နိုင်ငံ။ .... .... | ၆၃ |
| ဒီမိုကရေစီ နိုင်ငံ၌ လွတ်လပ်စွာ စည်းဝေးခွင့်ရှိခြင်း။ | ၇၇ |
| အာဏာရှင် နိုင်ငံတွင်၊ လွတ်လပ်စွာ စည်းဝေးခွင့် မရှိခြင်း။ | ၉၃ |
| ပြည်သူ့ အခွင့်အရေးများ။ .... .... | ၁၀၉ |
| အာဏာရှင် စံနစ်သည် အလိုတော်ရိကို အားပေးသည်။ | ၁၂၅ |
| ရုံးက ပြည်သူ့ အခွင့်အရေး ကာကွယ်ပေးပုံ.... | ၁၄၀ |
| ဒီမိုကရေစီ .... .... .... | ၁၅၁ |


အခန်း ( ၁ )

# ဒီမိုကရေစီ အလို။

## လူတွေသည် ရှင်ဘုရင်တွေ။

ကမ္ဘာပေါ်တွင် လူ့ထက်မြတ်သော သတ္တဝါမရှိ။ လူတိုင်း လူဘိုင်းသည် တူသော အာဏာရှိသည့် ရှင်ဘုရင်တွေ ချည်း ဖြစ်သည်။ လူမှန်လျှင် ဘယ်သူကမှ ဘယ်သူ့ထက်မသာ။ ဘယ်သူကမှလည်း ဘယ်သူ့အောက်မနိမ့်ကျ။

## နိုင်ငံဆိုဒါ။

နိုင်ငံဆိုသည်မှာ ထိုတူသော အာဏာရှိသည့် ရှင်ဘုရင်တွေက အကျေအနပ် သဘောတူ တည်ထောင်ထားသော အသင်းသာဖြစ်သည်။ ထိုအသင်း၏ ဥက္ကဋ္ဌနှင့်တကွ အားလုံးသောအမှုဆောင်တို့မှာ ထိုအသင်းတသင်းလုံး၏ အကျိုးငှာ ခိုင်းစေဘို့ ခန့်ထားသော အစေခံများသာ ဖြစ်သည်။ ထိုဥက္ကဋ္ဌ အမှုဆောင်တို့သည် အာဏာပိုင်ရှင်များမဟုတ်။ အသင်းသားများ သည်သာလျှင် အာဏာကို ပိုင်ဆိုင်သူများ ဖြစ်သည်။ ဤကား ဒီမိုကရေစီ၏ အလိုတည်း။

## ဒီမိုကရေစီ အုတ်မြစ်။

ထို့ကြောင့် လူတိုင်း လူတိုင်းသည် လူ့ဘဝ၊ လူ့ဇာတိ၊ လူ့အဖြစ်ကို အကြောင်းပြု၍ ရှိသေအပ် လေးစားအပ် သူ



www.burmeseclassic.com

www.burmeseclassic.com



ချည်းသာ ဖြစ်သည်။ ဘယ်သူ့ကို ဘယ်သူကမှ မထိမဲ့မြင် မလေးမစား မပြုအပ်ဟု ဆိုခြင်းမှာ ဒီမိုကရေစီ၏ အခြေခံ အုတ်မြစ်ကြီးပင်ဖြစ်သည်။

## လူသည် တကယ်ဘဲ အမြတ်ဆုံးလား။

ဤသို့လျှင် ဒီမိုကရေစီက ယုံကြည်သည့်အတိုင်း လူသည် အမြတ်ဆုံးသော သတ္တဝါ ဖြစ်သည် ဆိုခြင်းမှာ ဟုတ်ပါ၏လော။ ။စစ်ဆေးကြကုန်အံ့။

## ခရစ်ယန် ဘာသာ အဆို။

လူကို ထာဝရဘုရား သခင်က မိမိ၏ ပုံသဏ္ဍာန်တော် အတိုင်း ဖန်ဆင်းတော်မူသည်။ ထို့ကြောင့်လူတို့သည် ထာဝရဘုရား သခင်၏ သားတော် သမီးတော်များ ဖြစ်သည်ဟု ခရစ်ယန် ဘာသာက ဆိုသည်။

## အစ္စလမ် ဘာသာအဆို။

အစ္စလမ် ဘာသာ ကမူ အလာဟု အရှင်သည် ပထမ နတ်များကို ဖန်ဆင်းတော်မူသည်။ ထို့နောက်မှ လူများကို ဖန်ဆင်းတော်မူသည်။ လူတို့ကို ဖန်ဆင်းတော်မူပြီးနောက်၊ အလာဟု အရှင်သည် နတ်များကို လူ့ပြည်သို့ ခေါ်လာပြီးလျှင် လူတို့အား ရှိခိုးခိုင်းသည်။ ထိုအခါအီဗလစ် (IBLIS) အမည် ရှိသော နတ်တယောက်က လွဲ၍ ခစ်သိမ်းသော နတ်တို့က အလာဟု အရှင်တော်၏ အမိန့်



တော်အတိုင်း လူများကို ရှိခိုးကြသည်။ အီဗလစ်သည် အလာဟု အရှင်တော်၏ အမိန့်ကိုမနာခံဘဲ ကလန်ကဆန် လုပ်သဖြင့်၊ အလာဟု အရှင်က ယှုံကြ်တန်(မာရ်နတ်)ဖြစ်စေရန် အမိန့်တော် ချမှတ်လိုက်သည်ဟု ဆိုသည်။

## ဟိန္ဒူအလို။

ဟိန္ဒူ ယော( ပုဂ္ဂိုလ်ကြီး ဆွာမိ ဝိဝေကာနန္ဒ က"ဘုရားဆိုသည်မှာ လူတို့၏ ဝိညာဉ် အစု အပေါင်းကိုပင် ခေါ်သည်"ဟု ဆိုသည်။ အဓိပ္ပါယ်မှာ လူတို့သည် ဘုရား၏ အစိတ်အပိုင်းများ ဖြစ်သဖြင့်၊ လူကို အလေးပြုခြင်းသည်ပင် ဘုရားကို ရှိခိုးခြင်း မည်သည်ဟုဆိုသည်။

## ဗုဒ္ဓဘာသာ အဆို။

ဗုဒ္ဓဘာသာ အရဆိုလျှင် ရခဲသော အဖြစ်ငါးပါးရှိသည့် အထဲတွင် လူ့အဖြစ်က ရှေ့ဆုံးကနေ၍ ပါသည်၊ လူ့အဖြစ်သည် နတ်အဖြစ် ဗြဟ္မာအဖြစ်ထက် မြတ်သည်။ လူသာလျှင် ဘုရားဖြစ်နိုင်သည်။ နတ်ဗြဟ္မာတို့သည် နတ် အဖြစ် ဗြဟ္မာအဖြစ်နှင့် ဘုရားမဖြစ်နိုင်၊ လူ့ဘဝ ပထမလာပြီးမှသာ ဘုရားဖြစ်နိုင်သည်။

## ဘာသာများ သဘောညီညွတ်ခြင်း။

အထက်ပါ ဘာသာများ၏ ယူဆချက်ကို ချုံး၍ကြည့်လိုက်မည်ဆိုလျှင် လူသည် အမြတ်ဆုံးသတ္တဝါဖြစ်သည်ဟု ဆိုရာတွင် သဘောညီညွတ် ကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## လောကီနည်းအရလည်း လူသည် အမြတ်ဆုံး။

သာသာရေး အကြည့်နှင့် မကြည့်ဘဲနှင့် လောကီကြည့် နည်းနှင့် ကြည့်လျှင်လည်း ခပ်သိမ်းသော သတ္တဝါတို့တွင် လူသည်ပင် အမြတ်ဆုံးဖြစ်သည်ကို တွေ့ရသည်။

## လူကို ဘယ်သတ္တဝါမှ မတုနိုင်။

ကမ္ဘာပေါ်တွင် ရှိရှိသမျှ ကုန်းသတ္တဝါ ရေသတ္တဝါထဲ တွင် လူကို တုနိုင်ပြိုင်နိုင်သော သတ္တဝါမရှိ၊ အကောင် အထည် ကြီးမားသော သတ္တဝါလည်း လူကို မတု ပြိုင်နိုင်။ အကောင်အထည် သေးငယ်သော သတ္တဝါလည်း လူကိုမ တုပြိုင်နိုင်။


## လူသည် မေ့တတ်သည်။

သို့ရာတွင် လူသည် အမှုမဲ့ အမှတ်မဲ့ နေတတ်သဖြင့် တခါတရံ မိမိ၏ မြင့်မြတ်သော အဖြစ်ကို မေ့လျော့၍ နေ တတ်သည်။

## ရှင်ဘုရင်သည် ဘုရားကိုယ်စားလှယ်ဆိုသည့်ဝါဒ။

တခါသော် လူတိုင်း လူတိုင်းသည် မြင့်မြတ်သော သတ္တဝါမဟုတ်၊ အချို့ တဦးတယောက်သော သူသာလျှင် မြင့်မြတ်သည်။ ကျန်သည့် လူအားလုံးမှာ တဦးတယောက် သောသူက ခိုင်းသမျှအလုပ်ကို မှားသည်ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊အကျိုးရှိသည်ဖြစ်စေ၊အကျိုးမရှိသည်ဖြစ်စေ ကုန်း ၍လုပ်ထိုက်သည်။ ပေးသမျှအမိန့်ကိုငုံ့၍ ခံကောင်းသည် ဟုယူဆကြဘူးသည်။ ဤနည်းဖြင့် ရှင်ဘုရင်သည် လူ့ပြည်အ တွက် ဘုရားသခင်၏ ကိုယ်စားလှယ်တော် ဖြစ်သည်။ ထို





နှစ်ပေါင်း ၂၅၀၀ က ပေါ်သော ကမ္ဘာ၏ ပထမ ဒီမိုကရေစီ အာသင်ပြည်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရှင်ဘုရင် ခိုင်းသမျှ အလုပ်ကို ကျန်သည့်လူတွေက အကုန်လုပ်၍၊ ရှင်ဘုရင် ပေးသမျှ အမိန့်ကို အကုန် နာခံရမည်။ ရှင်ဘုရင့်အမိန့်ကို မှားသလော၊ မှန်သလော မေးခွန်း ထုတ်မနေကောင်း ဟူသောဝါဒ ပေါ်ခဲ့ဘူးသည်။ ထိုဝါဒ၏ အဓိပ္ပါယ်မှာ ရှင်ဘုရင်သည် လူတို့ကို အုပ်ချုပ်ဘို့ ဘုရားသခင်ဆီက "လိုင်စင်"(အမိန့်)ရထားသူ ဖြစ်သဖြင့် လူ့ပြည်တွင် သူလုပ်ချင်သလို လုပ်နိုင်သည် ဟူ၍ဖြစ်သည်။

ထိုခေတ်က လူတို့သည် လူ့သဘာဝအရ ဖြစ်ပေါ်လာသော စဉ်းစားဉာဏ်ကို အသုံးမပြုမိခဲ့ကြသဖြင့် ရှင်ဘုရင်များ လုပ်သည့်အတိုင်း မှားမှားမှန်မှန် ခေါင်းငုံ့၍ ခံနေခဲ့ကြသည်။

## ရှင်ဘုရင်သည် ဘုရားဆီက "လိုင်စင်" မရ။

သို့ရာတွင် လူ၏သဘာဝမှာ အရှည်အကြာမေ့လျော့၍ နေတတ်သည် မဟုတ်သဖြင့် တနေ့သော အခါတွင် တစုံတယောက်သောသူက စဉ်းစားမိသဖြင့်၊ ရှင်ဘုရင်များကို သူတို့ထင်သလို လူ့ပြည်မှာ အုပ်ချုပ်ဘို့၊ ဘယ်သစ္စာရာဇ်က ဘုရားသခင်က "လိုင်စင်" ထုတ်ပေးခဲ့သလဲဟုမေးရန် သတိရ၍ လာကြသည်။ ထိုအခါမှစ၍ တယောက်ကစ၍ တရာဆိုသလို ဆက်ကာ ဆက်ကာ မေးခွန်းများ ထုတ်ကြသောကြောင့် ရှင်ဘုရင်များသည် လူ့ပြည်ကို သူတို့သဘောနှင့် သူတို့ ထင်သလို အုပ်ချုပ်ဘို့ "လိုင်စင်" ရထားသည် ဆိုသော ဝါဒမှာ အခြေအမြစ် မရှိသော ဝါဒဖြစ်မှန်းကို သိ၍ လာကြသည်။



## လူဆိုလျှင် တန်းတူချည်း ဖြစ်သည်။

ထိုသို့ သိ၍လာသည့် အချိန်ကစ၍ လူတို့သည် မိမိတို့၏ မြင့်မြတ်သောဘဝ၊ အတုမရှိသော အဖြစ်ကို သဘောပေါက်၍ လာကြပြီးလျှင် လောကတွင် လူ့ဘဝကို ရကြသည့် သူတို့တွင် ဘယ်သူကမှ ဘယ်သူ့ထက် ထူး၍ မမြတ်၊ ဘယ်သူ့ကမှလည်း ဘယ်သူ့အောက်ကို မနိမ့်ကျ၊ လူဆိုဒါ ဘုရားက ဖန်ဆင်း လိုက်တုန်းက (ဝါ) လောကတွင် ဖြစ်ပေါ်လာစဉ်က၊ တညီတည်း တန်းတူ ဖန်ဆင်းလိုက်သည်၊ (ဝါ) ဖြစ်ပေါ်လာသည်။ လောကတွင် တဦးတည်း သောရှင်ဘုရင်ဟု လူ့ဇာတိအားဖြင့် သီးခြားမရှိ။ လူ့ဘဝ လူ့ဇာတိ လူ့အဖြစ်ရသူ မှန်သမျှသည် ရွှေနှင့် ရွှေကဲ့သို့ ဘဝတူ သဘာဝတူသာ ဖြစ်သည်။ အကယ်၍ လူထဲက ရှင်ဘုရင် ဖြစ်လျှင်လည်း တဦးတည်း တယောက်တည်း မဖြစ်နိုင်။ အားလုံးသာလျှင် ရှင်ဘုရင် ဖြစ်ရမည်။ အားလုံးသာ အာဏာတူရှိရမည်၊ အခွင့်အရေးတူ ရှိရမည်ဆိုသော ဒီမိုကရေစီဝါဒ ပေါ်လာသည်။

ထိုကြောင့် ဒီမိုကရေစီ ဝါဒကို အဆီ ထုတ်လိုက်လျှင် လောကတွင်ရှိသမျှသော လူတို့သည် အသား ဖြူသည်ဖြစ်စေ၊ အသားမည်းသည်ဖြစ်စေ၊ အရပ် ရှည်သည်ဖြစ်စေ၊ အရပ် ပုသည်ဖြစ်စေ၊ ပေါင်မုန့်ကို စားသည်ဖြစ်စေ၊ ထမင်းကို စားသည်ဖြစ်စေ၊ ဟိုဘာသာကို ယူသည်ဖြစ်စေ၊ သည်ဘာသာကို ယူသည်ဖြစ်စေ၊ အတူတူချည်း ဖြစ်သည်။ လူနှင့် လူချင်း ဘယ်သူက ဘယ်သူ့ကိုမျှ မထီလေးစား မပြုအပ်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ လူ့ဇာတိ လူ့အဖြစ်သည် ပြကတေ့အားဖြင့် ရှိသေအပ် လေးစားအပ်သော ဘဝ ဇာတိ ဖြစ်သည် ဟု ရသည်။

## အာဏာရှင် ဝါဒ သမားများ။

ဤသို့လျှင် ဒီမိုကရေစီ သမားများက ယုံကြည်ကြသော်လည်း လူထဲတွင် မိမိ တဦးတည်းက ပို၍ မြတ်သည်၊ မိမိ နိုင်းသမျှ စေသမျှကို ကျန်သည့် လူများက ဘာမျှမမေးဘဲနှင့် လုပ်ထိုက်သည်၊ ဆိုသော လူမျိုးနှင့် မိမိတို့ တစုတသင်းကသာ ပို၍မြတ်သည်၊ မိမိတို့မှတပါး ကျန်သမျှ လူတို့သည် မိမိတို့ အမိန့်ဩဇာ ပေးသမျှကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အကုန်လုံး နာခံ လိုက်နာထိုက်သည်ဟု ယုံကြည်သူ မျိုးများလည်း ရှိသေးသည်။ ထိုသူမျိုးတို့သည် ဒီမိုကရေစီ၏ ရန်သူကြီးများ ဖြစ်သည်။ သူတို့ကို အာဏာရှင် ဝါဒသမားများဟု ခေါ်သည်။

## လူများကို ခွေးသွားစိပ်လို သဘောထားသူများ။

အာဏာရှင် ဝါဒသမားတို့သည် လူကို လူဟု တန်ဘိုးမထားဘဲ မိမိတို့၏ တန်ဆာပလာ မိမိတို့ပိုင် ပစ္စည်းအဖြစ်သာ သဘောထားကြသည်။ အာဏာရှင် သမားတို့သည် တဦးစီ တယောက်စီသော လူတို့၏ လူ့ဘဝ လူ့ဇာတိ လူ့အဖြစ်ကို အဘိုးတန်သည်ဟု ယူဆကောင်းသည် မထင်ကြ။ သူတို့သည် လူ၏ မြင့်မြတ်သော ဘဝကို ထည့်၍ မတွက်ကြဘဲ၊ လူများကို စက်ထဲက အသက်မရှိသော ခွေးသွားစိပ်ဘီးများအဖြစ်သာ သဘောထားကြသည်။



## အာဏာရှင်ဝါဒက လူကို တန်ဘိုးမထား။

ထို့ကြောင့် ဒီမိုကရေစီဝါဒနှင့် အာဏာရှင်ဝါဒသည် လူကို တန်ဘိုးထားခြင်း မထားခြင်းတွင် ကွာခြားသည်။ ဒီမိုကရေစီ ဝါဒက လူ့ဘဝကို အမြတ်ဆုံးဟု သဘောထားသည်။ အာဏာရှင် ဝါဒက လူ့ဘဝကို မိမိတို့ ကိုယ်ကျိုး ကိုယ်စီးပွါးအတွက် အသုံးပြုရန် စူးဆောက် အစရှိသော လက်နက် ကိရိယာအဖြစ်သာ သဘောထားသည်။

## လူ လူချင်း ပဓါန ခြားနားချက်မရှိ။

ဒီမိုကရေစီ ဝါဒက လူဆိုသည်မှာ အတူတူချည်း ဖြစ်သဖြင့်၊ လူမှန်လျှင် ရိုသေ လေးစားရမည်ဟု ဆိုရာတွင် လူများတွင် တဦးနှင့် တဦး ခြားနားခြင်းမရှိဟု ဆိုခြင်းမဟုတ်။ လူထည်းတွင် အချို့သူမှာ ချမ်းသာ၍ အချို့သူမှာ ဆင်းရဲသည်၊ အချို့သူမှာ ပညာတတ်၍ အချို့သူမှာ ပညာမတတ်၊ အချို့သူမှာ အသားဖြူ၍ အချို့သူမှာ အသားမည်းသည်၊ စသည်တို့ရှိခြင်းမှာ လူတို့၏ ခြားနားချက်များ ဖြစ်သည်။ သို့ရာတွင် ထိုခြားနားချက်များကား ပြင်ပခြားနားချက် များသာ ဖြစ်၍ လူ၏ ဘဝအရ ရေးကြီးခွင့်ကျယ်ဖြစ်သည့် ပဓါန ခြားနားချက်များ မဟုတ်ဟု ဒီမိုကရေစီက ယူဆသည်။

## လူချင်း မနှိပ်စက်ကောင်း။

ထို့ပြင် အဆိုပါ ပြင်ပဖြစ်သော ခြားနားချက်များကို အကြောင်းပြု၍ ချမ်းသာသူက ဆင်းရဲသူကိုငှင်း၊ ပညာတတ်

www.burmeseclassic.com

www.burmeseclassic.com



သူက ပညာမတတ်သူကိုဍင်း၊ လူဖြူက လူမည်းကိုဍင်း၊ ညှဉ်းပန်း နှိပ်စက် အပ်သည်ဆိုသော အယူကို ဒီမိုကရေစီက လက်မခံ။

## လူဟာ လူဘဲ။

ဒီမိုကရေစီ၏ သဘောအရ ဆိုလျှင် ချမ်းသာသူလည်း လူပင်ဖြစ်သည်၊ ဆင်းရဲသူလည်း လူပင်ဖြစ်သည်၊ ပညာရှိသူလည်း လူပင်ဖြစ်သည်၊ ပညာမတတ်သူလည်း လူပင်ဖြစ်သည်။ အသားဖြူသူလည်း လူပင်ဖြစ်သည်၊ အသားမည်းသူလည်း လူပင်ဖြစ်သည်၊ ချမ်းသာခြင်း ဆင်းရဲခြင်း ပညာတတ်ခြင်း မတတ်ခြင်း အသားဖြူခြင်း မဖြူခြင်း စသောပြင်ပ အကြောင်းတို့သည် လူကို လူ့ဘဝမှ ရွေ့လျောသွားအောင် တတ်နိုင်ကြသည် မဟုတ်။

## လူ့ဘဝကို တန်ဘိုး ထားရမည်။

ဒီမိုကရေစီ ဝါဒသည် လူ့ဘဝကို ပြကတေ့အားဖြင့် တန်ဘိုးရှိသည်ဟု ယူဆသော ဝါဒဖြစ်သဖြင့် လူ့ဘဝသည် ဆင်းရဲခြင်းကြောင့် တန်ဘိုးယုတ်လျော့ သွားသည်ဟူ၍ဍင်း၊ ချမ်းသာခြင်းကြောင့် တန်ဘိုး တက်လာသည် ဟူ၍ဍင်း၊ ပညာ မတတ်သဖြင့် တန်ဘိုးယုတ်လျော့ သွားသည်ဟူ၍ဍင်း၊ ပညာတတ်သဖြင့် တန်ဘိုးတက်လာသည် ဟူ၍ဍင်း ဆိုလျှင် ထိုသို့ဆိုခြင်းကို ဒီမိုကရေစီဝါဒက လက်မခံ။ ဒီမိုကရေစီဝါဒ အရဆိုလျှင် လူ့ဘဝသည် ဘယ်အခါမျှ တန်ဘိုးမကျဘဲ အမြဲတန်ဘိုး ရှိနေသည်သာဖြစ်သည်။



## ငါတို့သာ မြတ်သည်ဟု ထင်နေကြသူများ။

ဤသို့လျှင် ဒီမိုကရေစီ ဝါဒက လူ့ဘဝသည် မဖေါက်မပြန်သော တန်ဘိုးရှိသည်ဟု ယူဆသော်လည်း၊ ချမ်းသာသူ ပညာတတ်သူတို့ အထဲတွင် မိမိတို့၏ လူ့ဘဝမှာ ဆင်းရဲသူ ပညာမဲ့သူတို့၏ လူ့ဘဝထက် မြတ်သည်ဟု အထင်မှား၍ နေကြသူ အချို့လည်းရှိသည်။ သို့ရာတွင် ချမ်းသာသူတိုင်း၊ ပညာတတ်သူတိုင်း ထိုကဲ့သို့ အထင်မှား၍ နေကြသည် မဟုတ်။

## ကိုယ်က လေးစားမှ သူက လေးစားမည်။

ချမ်းသာသူ ပညာတတ်သူ များထဲတွင်လည်း၊ လူ့ဘဝသည် ချမ်းသာခြင်း ပညာတတ်ခြင်းကြောင့် ပြောင်းလဲသွားခြင်းမရှိဘဲ၊ လူ့ဘဝဟာ လူ့ဘဝဘဲဖြစ်သည်။ ငါတို့က ဆင်းရဲသူ၊ ပညာမတတ်သူတို့၏ လူ့ဘဝကို လေးစားကြမှသာ ငါတို့၏ လူ့ဘဝကိုသည်း ဆင်းရဲသူ၊ ပညာမတတ်သူတို့က လေးစားကြလိမ့်မည်ဟု ဟုတ်မှန်သည့်အတိုင်း သဘောပေါက်ကြသူလည်း အများပင်ရှိသည်။

## လူကြိုက်များသော ဝါဒ။

လောကတွင် လူတို့အဘို့ လူ့ဘဝကို ရိုသေ လေးစားရမည် ဆိုသော ဒီမိုကရေစီ ဝါဒထက် ကောင်းသော ဝါဒမရှိနိုင်။ စင်စစ်သော်ကား လူတို့သည် မိမိတို့၏ လူ့ဘဝကို မြတ်နိုးအပ်ကြောင်း သိနေကြသမျှ ကာလပတ်လုံး၊ ဒီမိုကရေစီ ဝါဒသည် ပျောက်ကွယ် သွားနိုင်လိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



## မေ့လျော့လျှင်မကောင်း။

သို့ရာတွင် လူတို့သည် မိမိတို့၏ မြတ်သော လူ့ဘဝကို အမှုမဲ့ အမှတ်မဲ့ နေတတ်ကြသည့်အတိုင်း မိမိတို့၏ အားထားရာ ဖြစ်သော ဒီမိုကရေစီ ဝါဒကို ရံဖန်ရံခါ မေ့လျော့နေကြသဖြင့် ဒီမိုကရေစီ ဝါဒမှာ အစဉ်ထွန်းကား၍နေသော ဝါဒ ဖြစ်သင့်ပါလျက်နှင့် အစဉ် ထွန်းကား၍ မနေဘဲ၊ ညှိုးမှိန် နေရသော အခါများလည်း ရှိသေးသည်။

## သွေးနွေးမှ လူ့ဘဝ တန်ဘိုးရှိပေမည်။

ထို့ကြောင့် မိမိတို့၏ လူ့ဘဝကို မြတ်နိုး၍ လူခပ်သိမ်းတို့၏ လူဘဝကိုလည်း မြတ်နိုးကြသော ဒီမိုကရေစီ သမားတို့သည် ဒီမိုကရေစီအကြောင်းကို အစဉ်မပြတ် သွေးနွေး၍ နေထိုက်ကြပေသည်။

အထက်တွင် လူတို့သည် တူသောအာဏာရှိသည့် ဘုရင်များဖြစ်သည်။ ထိုတူသော အာဏာရှိသော လူတို့ အကျေအနပ် သဘောတူ ဖွဲ့စည်း တည်ထောင် ထားသော ရှင်ဘုရင်များ၏ အသင်းကို နိုင်ငံဟု ခေါ်သည့်အကြောင်းကို ဆိုခဲ့ပြီ။

## နိုင်ငံသည် တဦးတယောက်ပိုင် မဟုတ်။

ယခုအခါ ဒီမိုကရေစီ နိုင်ငံ ဖြစ်ပေါ်လာပုံကိုဆိုပေအံ့။ ဒီမိုကရေစီ နိုင်ငံကို တည်ထောင် ကြသည့်အခါ အုပ်ချုပ်ပုံအခြေခံ စည်းမျဉ်း ဥပဒေခေါ်သည့် နိုင်ငံတည် ဥပဒေတွင် အာဏာကို တိုင်းသူပြည်သားများကပိုင်ပါသည်။ တိုင်း



ပြည်အုပ်ချုပ်ဘို့ အာဏာကို တိုင်းသူ ပြည်သားတို့က အုပ်ချုပ်ရေးအဖွဲ့(အစိုးရကို)ခွဲပေးပါသည်ဟု ဝန်ခံချက်ပါစမြဲ ဖြစ်သည်။ အဘယ်ကြောင့် ထိုဝန်ခံချက် ပါစမြဲ ဖြစ်ရသနည်း။ အခြားကြောင့်မဟုတ် နိုင်ငံဆိုသည်မှာ လူတဦးတယောက်တဖွဲ့ တဂိုဏ်းက ပိုင်သောပုဂ္ဂလိက ပစ္စည်းမဟုတ်ဘဲ နိုင်ငံသား အားလုံးက ညီတူညီမျှ ပိုင်သော အားလုံးအမွေဆိုင် သံဃိက ပစ္စည်းဖြစ်သောကြောင့်တည်း။

## နိုင်ငံကို နိုင်ငံသားတို့ ပိုင်ခြင်း။

နိုင်ငံသားတို့သည် နိုင်ငံကို ပိုင်သူများ ဖြစ်သဖြင့်သူတို့ကို ရှင်ဘုရင်တွေ ဖြစ်သည်ဟုဆိုခြင်းသည် ပိုင်ခွင့်မရှိသော တဦးတယောက်၊သို့မဟုတ်တဖွဲ့ တဂိုဏ်းကို ရှင်ဘုရင်(ဝါ) အာဏာရှင်ဟု ခေါ်ခြင်းထက် ပို၍ သင့်လျော်သည်။ ထိုကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် နိုင်ငံသူ နိုင်ငံသားများသည် နိုင်ငံပိုင်ရှင်များဖြစ်သည်၊ သူတို့သာလျှင် အာဏာကို ပိုင်သည်ဟု နိုင်ငံတည် ဥပဒေတွင် အတိအလင်း ဖော်ပြ ဝန်ခံထားရသည်။ နိုင်ငံကို ရှင်ဘုရင်တဦးတည်း ပိုင်သည်ဟု ယူဆကြသူတို့နှင့် အာဏာရှင်တဖွဲ့ တဂိုဏ်းက ပိုင်သည်ဟု ယူဆကြသူတို့သည် ဒီမိုကရေစီ ဝါဒဖြစ်သော နိုင်ငံကို သူလို ကိုယ်လို နိုင်ငံသားများကို ပိုင်သည်ဆိုခြင်းကို သဘောမပေါက်နိုင်ကြချေ။ ရှင်ဘုရင် အုပ်စိုးခြင်း၊ အာဏာရှင် တဖွဲ့တဂိုဏ်း အုပ်စိုးခြင်း အစဉ်အလာကိုသာ သိသော သူများလည်း၊ နိုင်ငံကိုနိုင်ငံသားများသာ ပိုင်သည်ဆိုသော အယူကို ယုံတမ်း စကားကဲ့သို့ အောက်မေ့ တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နိုင်ငံကို မည်သူတဦးတယောက် တဖွဲ့တဂိုဏ်းကမျှ မပိုင်၊ သူလိုကိုယ်လို မထင်ရှားသော နိုင်ငံသားများကသာပိုင်သည် ဆိုသော ဒီမိုကရေစီဝါဒမှာ သဘာဝ မမှုကျ၍ လူတို့၏ အသိဉာဏ်နှင့် တိုက်ဆိုင် ကိုက်ညီသော ဝါဒဖြစ်သဖြင့် ဒီမိုကရေစီ ဝါဒသည် တနေ့တခြားကြီးပွားတိုးတက်လျက်ရှိသည်။

### သတ်နိုင်မှု အာဏာ။

ကမ္ဘာပေါ်တွင် နိုင်ငံဟူသော အသင်းမပေါ်မီက လူတို့သည်တယောက်နှင့်တယောက် သူ့ကိုကိုယ်သတ်၊ ကိုယ့်ကိုသူသတ် သတ်နိုင်ကြသည်။ လောကတွင် အသက်ကို သတ်နိုင်ခြင်းထက် ကြီးသောအာဏာမရှိ။ ထို့ကြောင့် နိုင်ငံဟူသော အသင်း မပေါ်ခင်က လူများသည် သက်ဦးဆံပိုင်မင်းများသာဖြစ်သည်ဟု ဆိုနိုင်သည်။

### အကြီးဆုံးအာဏာသည် အကောင်းဆုံးမဟုတ်။

အသက်ကို သတ်နိုင်သော အာဏာသည် အကြီးဆုံး အာဏာ ဖြစ်သော်လည်း အကောင်းဆုံး အာဏာဟု မဆိုနိုင်။ လူတို့၏ စဉ်းစားဉာဏ် ကလည်း အသက်ကို အကြောင်းမဲ့ သတ်ခြင်းသည် ကောင်းသော အလုပ်ဖြစ်သည်ဟု မယူဆ။ သူ့ကိုကိုယ်က သတ်ပိုင်ခြင်းနှင့် သူကလည်း ကိုယ့်ကိုသတ် ပိုင်ခြင်း အာဏာတို့မှာ တခုကို တခု ဇယားချေ နေကြသော အာဏာများဖြစ်သဖြင့် ထိုအာဏာကို စိတ်မထင်တိုင်းထ၍ အသုံးပြုနေကြခြင်းသည် အေးချမ်းလုံခြုံစွာ နေရခြင်း၏ အကြောင်း မဟုတ်။ လူတို့သည် ဆင်ခြင်တုံ





တိုင်းသူပြည်သားတို့ကို မတရား ဖမ်းဆီး ထောင်ချခြင်း ပစ္စည်းကို ယူခြင်း တိုင်းပြည်မှ နှင်ထုတ်ခြင်းမပြုဘဲ ဥပဒေနှင့် အညီသာ အုပ်မည်ဟု အင်္ဂလိပ် ဂျွန်ဘုရင်က မှူးမတ်များ ရှေ့၌ စာချုပ်ကြီး လက်မှတ်ထိုးနေပုံ။ (ခရစ်သက္ကရာဇ် ၁၂၁၅-ခု။)

www.burmeseclassic.com



တရားကိုသုံး၍ လူအချင်းချင်း အရမ်းမသတ်ကောင်းဘူးဟု တွေးမိ၍ လာကြသောအခါတွင်၊ လူအချင်းချင်း သတ်ချင်တိုင်း သတ်နိုင်သည့် အာဏာကို အရမ်း မသုံးကြ စတမ်း ဟူသော သဘောတူညီချက် ပဋိညာဉ်ပေါ်၍လာသည်။

## လူတို့ ပိုင်ရေး ပိုင်ခွင့်။

ထို့ကြောင့် အမေရိကန် လွတ်လပ်ရေးကျေညာစာတမ်းတွင် (၁)လူအားလုံးကို(ဘုရားသခင်က)တန်းတူ ဖန်ဆင်းတော်မူခဲ့သည်၊ ပြီးလျှင် (၂) ဖန်ဆင်းတော်မူသော အရှင်ကဖောက်ချိုး ပယ်ဖျက်၍ မပစ်ကောင်းသော ပိုင်ရေးပိုင်ခွင့်များကို လူတို့အား အပ်နှင်းတော်မူခဲ့သည်။ (၃) ထိုပိုင်ရေးပိုင်ခွင့်များမှာ အသက် (ရှင်နေခွင့်) လွတ်လပ်စွာနေနိုင်ခွင့်နှင့် ချမ်းသာမှုကို ရှာနိုင်ခွင့် စသည်တို့ ဖြစ်သည်။ဤအချက်များသည် ပကတိအားဖြင့် ထင်ရှားသော တရားမှန်များဖြစ်သည်ဟု ငါတို့ယူသည်ဟု ဆိုခြင်းသည်လည်း လူအချင်းချင်း ဘယ်သူ့ကို ဘယ်သူကမှ အရမ်း မသတ်ကြစတမ်းဟု ပဋိညာဉ်ပြုကြခြင်း သဘောမျိုးပင် ဖြစ်သည်။

လူတို့သည် တယောက်ကို တယောက် အရမ်း သတ်၍ နေကြလျှင်အသက်ရှင်နေခွင့် ရှိနိုင်လိမ့်မည်မဟုတ်၊ အသက်ရှင်နေခွင့်မှ မရှိလျှင် လွတ်လပ်စွာ နေနိုင်ခွင့် နှင့် ချမ်းသာမှု ရှာနိုင်ခွင့်တို့သည် အဘယ်မှာ ရှိနိုင်တော့ပါအံ့နည်း။

## အသက်ရှင်နေခွင့် မော်ကွန်း။

ထိုကြောင့် တယောက်နှင့်တယောက် အရမ်းမသတ်ကြစတမ်း (ဝါ) အမေရိကန် လွတ်လပ်ရေး ကျေညာစာတမ်း



ပြောနည်းနှင့် ပြောရမည်ဆိုလျှင် လူတိုင်း လူတိုင်း အသက် ရှင်နေခွင့် ရှိစေရမည်ဟုဆိုသော ပဋိညာဉ်သည် လူ၏ဘဝကို တန်ဘိုးထားသော ဒီမိုကရေစီ ဝါဒ၏ မော်ကွန်းတိုင်ကြီး တခုဖြစ်သည်။

## လူကို အရမ်းသတ်ခွင့် မရှိ။

အဘယ်ကြောင့် လူတိုင်း လူတိုင်းမှာ အသက် ရှင်နေခွင့် ရှိစေရမည်ဟု အမေရိကန် စာတမ်းတွင် အရေးတကြီး ဆိုရသနည်း။ အခြားကြောင့်မဟုတ်၊ လူကို လူလို့သဘောမထားသော အာဏာရှင်ဝါဒ သမားတို့က လူတို့၏ အသက်ကို အကြောင်းမဲ့ သတ်ချင်တိုင်းသတ်၍ နေကြမည်ကို စိုးသောကြောင့် ဖြစ်သည်။

## အသက်ရှင်ကျိုးနပ်ဘို့ အရေးကြီးခြင်း။

အသက် ရှင်နေမှုသည် အရေးကြီးသော်လည်း အာဏာရှင်တို့က လုပ်ချင်သလို လုပ်သည်ကို ခံ၍နေဘို့သာ အသက်ရှင် နေရသည် ဖြစ်လျှင် အသက်ရှင် နေရကျိုး နပ်လိမ့်မည်မဟုတ်၊ ထို့ကြောင့် အသက်ရှင်နေမှုကို လူတို့၏ ပထမဆုံး ပိုင်ရေး ပိုင်ခွင့် အဖြစ်နှင့် သတ်မှတ်ပြီးနောက် အမေရိကန် လွတ်လပ်ရေး ကျေညာစာတမ်းတွင် လွတ်လပ်စွာ နေနိုင်ခွင့်ကိုလည်း ဘယ်သူကမျှ ချိုးဖဲ့ ဖျက်ဆီးနိုင်ခွင့် မရှိစေရဟု ဆိုပြန်သည်။ ထို့နောက် ချမ်းသာမှုကို ရှာနိုင်ခွင့်သည် ဘယ်သူမျှ ချိုးဖဲ့ ဖျက်ဆီး၍ မပစ်ကောင်းသော လူတို့၏ ပိုင်ရေးပိုင်ခွင့် ဖြစ်သည်ဟု အမေရိကန် ကျေညာစာတမ်းက ဆိုသည်။

## ဒီမိုကရေစီ ပဋိသန္ဓေယူခြင်း။

လူတို့ယဉ်ကျေးမှု တိုးတက်လာသည့် သမိုင်းတွင် လူအချင်းချင်း ဘယ်သူက ဘယ်သူ့ကိုမျှ အရမ်းမသတ်ကြစတမ်း (ဝါ) အရမ်း မသတ်ကြစို့နှင့် ဟူသော ပဋိညာဉ် ပေါ်လာသော အချိန်သည် အရေးအကြီးဆုံးသော အချိန်ဖြစ်သည်။ ထိုအချိန်ကမှ စ၍သာ ဒီမိုကရေစီ ဝါဒသည် ပဋိသန္ဓေယူနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူ



www.burmeseclassic.com

www.burmeseclassic.com



တို့သည် အချင်းချင်းအရမ်းသတ်၍ နေကြမည် ဆိုသမျှကာလပတ်လုံး လူ၏ ဘဝကို တန်ဘိုး ထားရမည် ဆိုသော ဒီမိုကရေစီ သဘောကို မည်သူကမျှအရေးထားကြလိမ့်မည် မဟုတ်သောကြောင့်ဖြစ်သည်။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း လူတို့က မိမိတို့ အလိုဆန္ဒအလျောက်၊ နိုင်ငံဟုခေါ်သည့် အသင်းကို စ၍တည်ထောင်လိုက်သည့် အချိန်ကစ၍ အသင်းသား ဖြစ်ကြသော လူတို့မှာ အသင်းမတည်ထောင်ခင်က တယောက်ကို တယောက် အရမ်းသတ်နိုင်ခွင့် ရှိကြသလို သတ်နိုင်ခွင့် မရှိကြတော့ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသတ်နိုင်ခွင့်ကို မိမိတို့ဟာ မိမိတို့ အလိုအလျောက် သဘောတူ ကျေကျေနပ်နပ် စွန့်လွှတ်ကာ အသင်း ဖွဲ့လိုက်ကြသောကြောင့် ဖြစ်သည်။ နိုင်ငံတည် ဥပဒေ (ဝါ) အခြေခံ အုပ်ချုပ်ပုံ စည်းမျဉ်း ဥပဒေ ဆိုသည်မှာ လူများက သူတို့ဟာ သူတို့သဘောတူ၍ ကတိက ဝတ်ပြု လုပ်ထားသော စည်းကမ်းများသာ ဖြစ်သည်။ ဘယ်ရှင်ဘုရင် ဘယ်အာဏာရှင်ကမှ သူ့သဘောနှင့်သူ အတင်းအကြပ် အနိုင်ကျင့်ပြီး လုပ်ထားသော အမိန့်တော် မှတ်ချက်မဟုတ်။

## ပထမ သမ္မတရွေးပွဲ။

ဗုဒ္ဓဘာသာ ကျမ်းစာတွင် ကမ္ဘာဦး သူတို့သည် ပထမ နိုင်ငံဟူသော အသင်း မတည်ထောင်ရသေးသဖြင့် အသင်းတည်ဘို့ လိုအပ်သည်ဟု သဘောရကြသောကြောင့် မိမိတို့ သဘောအလျောက် အစည်းအဝေး ပြုလုပ်၍ ဥက္ကဋ္ဌ တယောက်ကို တင်မြှောက်ကြကြောင်း။ ထိုဥက္ကဋ္ဌကို လူအားလုံးက သဘောတူ သမုတ်သဖြင့် သမ္မတဟု ခေါ်ကြောင်းပါသည်။ ဤကား လူတို့က ပထမအကြိမ် နိုင်ငံဟူသော အသင်းကို စ၍တည်ဆောက်ကြခြင်း အကြောင်းနှင့် ပတ်သက်၍ ရှေးအကျဆုံး အမှတ်အသား တခုဖြစ်သည်။

ထိုကမ္ဘာဦးသူတို့၏ သမ္မတခေါ် ဥက္ကဋ္ဌရွေးကောက်ပွဲမှာ ကမ္ဘာပေါ်တွင် ပထမဆုံးပေါ်သော သမ္မတရွေးကောက်ပွဲဖြစ်ဟန်တူသည်။



## သမ္မတလဲ လူပါဘဲ။

ထိုသမ္မတသည် ဘယ်လို လူစားမျိုးနည်း။ သူလိုကိုယ်လို ရိုးရိုး လူသားတယောက်ပင် ဖြစ်သည်။ နတ်၏သားလည်းမဟုတ်၊ ဘုရား၏သားလည်းမဟုတ်၊ ခပ်သိမ်းသော လူသားတို့ကဲ့သို့ လူအမိ လူအဘနှစ်ယောက် စုံဘက်ရာမှ မွေးဖွားလာသော လူသား သာတည်း။

## သမ္မတဆိုဒါ ဥက္ကဋ္ဌပါဘဲ။

ကမ္ဘာဦးသူတို့သည် မိမိတို့ကဲ့သို့ သူလို ကိုယ်လို လူတယောက်ကို အဘယ်ကြောင့် သူတို့၏ ဥက္ကဋ္ဌ အဖြစ် (ဝါ) သမ္မတအဖြစ် မဲပေး၍ ရွေးကောက် တင်မြှောက်ကြသနည်း။ သခင်မရှိ၍ သခင်ရှာကြခြင်းလော။ ဩဇာ ပေးမည့်သူမရှိ၍ ဩဇာပေးမည့်သူ ရှာခြင်းလော။ ကိုးကွယ် ဆည်းကပ်ချင်၍ ကိုးကွယ်ဆည်းကပ်ဘို့သူ ရှာခြင်းလော။ ရှိခိုးစရာ လူမရှိ၍ ရှိခိုးစရာလူ ရှာခြင်းလော။ အာဏာပေးမည့်သူ မရှိသဖြင့် အာဏာပေးမည့်သူ ရှာခြင်းလော။ ထိုသို့မဟုတ်၊ မိမိတို့ အချင်းချင်း ဆက်ဆံရာတွင် ပြေပြစ် ချောမောအောင် ဆောင်ရွက်ပေးဘို့ 'ခုံလူကြီး' အသင်း ဥက္ကဋ္ဌ တယောက်လို၍ ရှာခြင်းသာ ဖြစ်သည်။

## မိုက်လို့ သမ္မတ တင်ခြင်းမဟုတ်။

သမ္မတကို ရွေးကြသောအခါ အမိုက်ဆုံးလူ၊ အယုတ်မာဆုံးလူ၊ အကောက်ကျစ်ဆုံးလူကို မရွေးကြဘဲ ပညာ အမြော်အမြင် အရှိဆုံးသူ၊ စိတ်သဘော အမြင့်မြတ်ဆုံးသူ၊ အဖြောင့်မတ် အဖြူစင်ဆုံးလူကိုသာ ရွေးကြသည်။

## ကမ္ဘာ၏ပထမ ပြည်စေခံ။

ထိုအခါက ကမ္ဘာ၏ ပထမ ပြည်စေခံဖြစ်သော သမ္မတက၊ သူ့ကို အများက ကြည်ဖြူ၍ ပြည်စေခံခန့်သည်ကို ကျေနပ်ပါသည်။ သို့ တွင် ထိုကဲ့သို့ ပြည်စေခံအလုပ်ကို သပ်သပ် လုပ်နေရပါလျှင်

www.burmeseclassic.com

www.burmeseclassic.com



စာ သူရှာစားဘို့ အချိန်ရမည် မဟုတ်ပါဟု ပြောသတတ်။ ထိုအခါ သူ့ကို မဲပေးပြီး ပြည်စေခံ ရွေးလိုက်ကြသော လူများက သည်လိုဆိုလျှင် မပူနှင့် သင်စားဘို့အတွက် ငါတို့ ရှာရသည့်အထဲက သစ်သီး ဆယ်ခိုင်ရလျှင် တခိုင် ပေးမည်။ စပါး ဆယ်နံ့ရလျှင် တနံ့ပေးမည်။ သက်ငယ် ဆယ်ပျစ်ရလျှင် တပျစ်ပေးမည်။ ဝါးဆယ်လုံးရလျှင် တလုံး ပေးမည်။ အိုးဆယ်လုံး လုပ်လျှင်လည်း တလုံးပေးမည်ဟု ပြောကြ သည်။ ထိုအခါ သမ္မတက သည်လိုဆိုလျှင် သင်တို့၏ ပြည်စေခံ ငါ လုပ်ပါမည်ဟု ဝန်ခံလိုက်သည်။

ဤကား ကမ္ဘာပေါ်တွင် ပထမဆုံးပေါ်သော နိုင်ငံခေါ် လူတို့နေ ထိုင် ဆက်ဆံမှုအသင်း ဥက္ကဋ္ဌ (ဝါ) သမ္မတ ဖြစ်ပေါ်လာပုံတည်း။ ထိုခေတ်က လူတို့သည် ယခုခေတ်က လူတို့ကဲ့သို့ ဒီမိုကရေစီဆိုသော စကားကို မသုံးဘဲ သမုတိ (အားသုံးဝိုင်း၍ မဲပေးကြသည်၊ ဆန္ဒပေး ကြသည်) သမ္မတ (အားလုံးမဲပေး၍ ရွေးလိုက် သောသူ) စသော စကားလုံးများကိုသာ သုံးသော်လည်း ယခုခေတ် ဒီမိုကရေစီ သဘော အတိုင်း ရွက်ဆောင်ကြခြင်းပင် ဖြစ်သည်။

ကမ္ဘာဦး သမ္မတရွေးပွဲကို ကြည့်လျှင် သမ္မတသည် သူများထက် ထူး၍၊ နဖူးတွင် ဂျိုပေါက်သူ တယောက် မဟုတ်ကြောင်း၊ မင်းမ ဟုတ်ကြောင်း၊ အာဏာရှင် မဟုတ်ကြောင်းကို တွေ့နိုင်သည်။

## သမတ လုပ်နိုင်သည့် အလုပ်နှင့် မလုပ်နိုင်သည့် အလုပ်။

ထို့အပြင် ထိုအခါက ကမ္ဘာဦး သူတို့ သမ္မတ ရွေးကြရာတွင် နိုင်ငံ တည် ဥပဒေဟု စာနှင့်ရေး၍ မထားကြသော်လည်း သမ္မတ လုပ်ရမည့်အလုပ်၊ မလုပ် ရမည့် အလုပ် တို့ကို အသေးစိတ် နှုတ်ဖြင့် ဆွေးနွေးကြသည်သာ ဖြစ်မည်။ ယခုခေတ်ပေါ် ဒီမို ကရေစီ နိုင်ငံက နိုင်ငံတည် ဥပဒေ ဆိုသည်မှာ ထိုသို့ ဆွေးနွေးကြသည့် အချက် များ ကို ပို၍ သေချာသည်ထက် သေချာအောင် အက္ခရာ တင်ထားကြခြင်း သာဖြစ်သည်။



## လူဖြစ်ကျိုး နပ်စေရန် ပိုင်ရေး ပိုင်ခွင့်များ။

ထို့ကြောင့် ဒီမိုကရေစီ အဘို့တွင် နိုင်ငံတည် ဥပဒေသည် အရေး အကြီးဆုံး ဖြစ်ခြင်း ဖြစ်သည်။ ထိုဥပဒေ ထဲတွင် လူကို အရမ်းမသတ် ရဘူး။ အရမ်း ဖမ်းဆီးချုပ်နှောင်ခြင်း မရှိစေရဘူး၊ လွတ်လပ်စွာ နေထိုင်နိုင်ခွင့် ရှိစေရမည်။ လွတ်လပ်စွာ ပြောဆိုနိုင်ခွင့် ရှိစေရမည်။ ကိုယ်ယုံချင်သည့် ဘာသာကို ယုံခွင့် ရှိစေရမည်။ ပစ္စည်း ပိုင်ဆိုင်ခွင့် ရှိစေရမည် စသည့် လူဖြစ်ကျိုး နပ်စေနိုင်သော ပိုင်ရေး ပိုင်ခွင့်များကို အတည့်အလင်း လူသိရှင်ကြား ရေးမှတ်၍ ထားသည်။

## ဒီမိုကရေစီက ဘာလုပ် ပေးနိုင်သလဲ။

သို့ရာတွင် ဒီမိုကရေစီ၏ သဘောကတော့ ဟုတ်ပါပြီ။ ဒီမိုကရေ စီသည် လူတို့၏ ဝမ်းစာရမှု အဝတ်တန်ဆာရမှု နေထိုင်ရန် အိုးအိမ် ရမှု အစရှိသည်တို့ကို လက်တွေ့အားဖြင့် အထောက်အပံ့ ပေးနိုင်သော ဝါဒ ဟုတ်ပါ၏လောဟု မေးလိုသူတို့လည်း ရှိကြပေမည်။ တနည်း အားဖြင့် "ဒီမိုကရေစီက ငါတို့အတွက် ဘာလုပ်ပေးနိုင်သနည်း"ဟု မေးလိုသူများလည်း ရှိပေလိမ့်မည်။ ထိုသို့ မေးလိုခြင်း ရှိသည်ဖြစ်မူ၊ ထိုသို့ မေးလိုခြင်းသည် လျောက်ပတ်သော မေးလိုခြင်းသာ ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီက လူတို့အဘွက် ဘာလုပ် ပေးနိုင်သနည်းဟု မေးလျှင် ဒီမိုကရေစီက ဘယ်သို့ ဖြေမည်နည်း။

ဤသို့မေးလျှင် ဒီမိုကရေစီက "ဒီမိုကရေစီသည် လူတို့အတွက် ဘာမျှ လုပ်မပေးနိုင်ပါ" ဟူ၍သာ မှန်သည့် အတိုင်း ဖြေပေလိမ့်မည်။

"သို့ကလို ဆိုလျှင် ဒီမိုကရေစီဟာ ဘာလုပ်စရာတုန်း"။

## ဥစ္စာရှင်လို ဥစ္စာရှင် ခံရမည်။

သည်လိုလည်း မဆိုနှင့်ဦး။ လောကတွင် လူတို့မှာ ဥစ္စာရှင်လို ဥစ္စာ ရှင် ခံကြရလိမ့်မည်။ ဒီမိုကရေစီကသာ မဟုတ်၊ မည်သူကမျှ လူတို့အ အတွက် ကောင်းအောင် လုပ်မပေးနိုင်၊ ဒီမိုကရေစီကို အားကိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကို ငုတ်တုပ်ထိုင်၍ နေကြမည်ဆိုလျှင် ထိုသူတို့မှာ ငတ်၍ သေကြဘို့သာရှိသည်။ ဒီမိုကရေစီက လူတို့ကို ယိစား ဝင်၍ လုပ်မပေးနိုင်ခြင်းမှာ မှန်သည်။ သို့ရာတွင် ဒီမိုကရေစီက လူတို့အား ချမ်းသာရာ ချမ်းသာကြောင်း နည်းလမ်းပြ၍ ပေးနိုင်သည်။ ဒီမိုကရေစီက ပြပေးသော နည်းလမ်းကို လိုက်ဘို့ မလိုက်ဘို့ အတွက်တော့ လူတို့က ဆုံးဖြတ်ရလိမ့်မည်။ မိမိပြပေးသော လမ်းကို လိုက်လျှင် ချမ်းသာခြင်းကို ရောက်စေနိုင်ကြောင်း၊ ဒီမိုကရေစီက တာဝန်ခံသည်။ ဒီမိုကရေစီက ပြပေးသော လမ်းကို လိုက်ကြ၍ ချမ်းသာကြဘူးသော ထုံးများလည်းရှိသည်။

နောက်အခန်း များတွင် ဒီမိုကရေစီက ပြပေးသော လမ်းများကို တွေ့ကြရလတံ့။

---

အခန်း ( ၂ )

## မင်းမဲ့ ဝါဒ။

ဒီမိုကရေစီသည် လူ၏ ဘဝကို အမြဲဘ်တနိုး ပြုသောဝါဒ ဖြစ်ကြောင်းကို ဆိုခဲ့ပြီ။ ယခုအခါ ဒီမိုကရေစီသည် မင်းမရှိသော ဝါဒ ဖြစ်ကြောင်းကို ထင်၍ဆိုပေအံ့။

### ရန်သူမျိုး ငါးပါး ။

ဗုဒ္ဓဘာသာ ဝင်တို့သည် မင်း (ဝါ) အစိုးရကို ရန်သူမျိုး ငါးပါး ထဲတွင် စာရင်းသွင်း၍ ထားကြသည်။

မင်းသည် အကာယ်ပင် လူတို့၏ ရန်သူလော။



ဒီမိုကရေစီရုံး သရုပ်ဖော်ပုံ။




၁ ရုံးသည် အမှုသည်တို့အား မျက်နှာကြီးမျက်နှာငယ်မကြည့်သည့်သဘော။
၂ အမှုကို ဥပဒေနှင့်ချိန်ဆ၍ အတိအကျ ဆုံးဖြတ်သည့်သဘော။
၃ ဆုံးဖြတ်သည့်အတိုင်းမငဲ့မညှာဆောင်ရွက်ခြင်းသဘော။

www.burmeseclassic.com

www.burmeseclassic.com



## လက်နက်အားကိုး မင်းများ။

ကမ္ဘာဦး သူတို့ ရွေးကောက် တင်မြှောက် လိုက်သော သမ္မတသည် မင်းအမျိုးအစားပင် ဖြစ်သော်လည်း၊ ထိုအခါက သမ္မတကို ရန်သူဟု ယူဆကြဟန်မတူ။ ထိုအခါက သမ္မတသည် ခိုင်း၍ ကောင်းသော ပြည်စေခံ တယောက်သာ ဖြစ်သဖြင့် လူတို့၏ ရန်သူ မဖြစ်နိုင်။ သို့ရာတွင် နောက်ပေါ်သော မင်းတို့ကား လူတို့က ရွေးကောက် တင်မြှောက် လိုက်၍ ဖြစ်ကြသော သမ္မတများ မဟုတ်ဘဲ၊ ရိုးရာအလိုက် လက်နက် အင်အားကြီး၍ ဖြစ်လာကြသူများ ဖြစ်သဖြင့် လူတို့အပေါ်တွင် ရန်သူကဲ့သို့ ပြုကျင့်လာဟန် တူသည်။ သို့ကြောင့်သာ မင်းမှန်လျှင် လူတို့က ရန်သူချည်းဟု အောက်မေ့လာကြခြင်းသာ ဖြစ်မည်။ အကယ်၍ မင်းသည်သာ ပြည်စေခံ (ဝါ) သမ္မတလို ကျင့်ပါမူ၊ လူတို့က မင်းကို ရန်သူဟု အောက်မေ့ကြမည် မဟုတ်ရာ။ မူလ သမ္မတဆိုသော အမည်ပျောက်၍ မင်းဟူသော အမည်ပေါ်လာသော အချိန်သည် မင်းတို့စ၍ ဖေါက်ပြန်လာသော အချိန်ပင် ဖြစ်တန်ရာသည်။

## မင်းကို ပြည်စေခံဟု မထင်ကြခြင်း။

မည်သို့ပင် ဖြစ်စေကာမူ မင်းကို လူတို့က ရန်သူဟု သဘော ထားခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ထို့ကြောင့် ဒီမိုကရေစီ ဝါဒ ပေါ်လာ၍ မင်း (ဝါ) အစိုးရသည် သူ့ဟာသူ လုပ်ချင်ရာ လုပ်နိုင်သော မင်းမဟုတ်ဘဲ ပြည်သူတို့၏ အစေခံသာ ဖြစ်သည်ဟု ပြောကြသောအခါ မင်း (ဝါ) အစိုးရ၏ တရား လက်လွတ် လုပ်ခြင်းဒဏ်ကို အစဉ်အဆက် နှစ်ကာလ အရှည်အကြာ ခံ၍လာခဲ့ကြရသော သူတို့က မယုံကြည် နိုင်လောက်အောင် ဖြစ်၍နေတတ်သည်။

## မင်းဆိုဒါ ပြည်စေခံပါ။

စင်စစ်သော်ကား ကမ္ဘာဦး အခါက ပထမ သမ္မတ ပေါ်လာပုံကို ပြန်၍ ကြည့်ကြမည်ဆိုလျှင် မင်းဆိုသည်မှာ သူထင်သလို လုပ်ချင်ရာတွေကို အရမ်းလျှောက်၍ လုပ်နိုင်သူ မဟုတ်ကြောင်းထင်ရှားသည်။



အဟုတ်သဖြင့်ဆိုသော် ဒီမိုကရေစီ ဝါဒက မင်းသည် သူထင်ရာ လုပ်ချင်သလို လုပ်နိုင်သည်ဟူ၍အသိအမှတ်မပြု။ တိုင်းသူပြည်သားတို့ ခိုင်းစေရာကိုသာ လုပ်ရမည့် ပြည်စေခံဟုသာ အသိအမှတ်ပြုသည်။

## ဒီမိုကရေစီ၌ မင်းသည် ရန်သူမဟုတ်။

ထို့ကြောင့် ဒီမိုကရေစီ၌ ရန်သူမျိုး ငါးပါးထဲတွင် စာရင်း သွင်းရမည့် မင်းဆိုဒါမျိုး မရှိ။ ပြည်စေခံ တဦးတယောက်၊ သို့မဟုတ် ပြည်စေခံ တဖွဲ့တသင်းသာရှိသည်ဟု ယူဆသည်။ ယခုခေတ်သည် လူတယောက် ယောက် (ဝါ) လူ တစုစုက၊ တိုင်းသူပြည်သားတို့ အပေါ်တွင် ထင်သလို ပြုကျင့်၍ အုပ်စိုးနေနိုင်သော ခေတ်မဟုတ်။

ဒီမိုကရေစီ ဝါဒအရ လူတို့၏ ပိုင်ရေး ပိုင်ခွင့်များကို တည့်တည့်လင်းလင်း သတ်မှတ် ပေးထားသည့် နိုင်ငံတည် ဥပဒေရှိအပ်ဘို့ အရေးကြီးကြောင်းကိုဆိုခဲ့ပြီ။ ယခုအခါ ထိုနိုင်ငံတည် ဥပဒေအရ ပြည်စေခံများ ရွေးကောက်ဘို့ အရေးကြီးကြောင်း ဆိုပေအံ့။

---

အခန်း (၃)

# ပြည်စေခံ ရွေးပွဲ။

ဒီမိုကရေစီတွင် ပြည်စေခံရွေးကောက်ပွဲ ပြုလုပ်ခြင်းသည် နိုင်ငံတည် ဥပဒေ ပြုလုပ်ခြင်း နောက် အရေးအကြီးဆုံး အလုပ်ဖြစ်သည်။ ဒီမိုကရေစီကို သဘော မပေါက်ကြသေးသော သူများက ပြည်စေခံ ရွေးကောက်ပွဲ လုပ်ခြင်းကို အရေးကြီးသည်ဟု မအောက်မေ့ကြ။ တချို့က ပြည်စေခံ ရွေးကောက်ပွဲကို အမတ်ရွေးပွဲဟု ခေါ်ကြသည်။ အမတ် ဆိုသော စကားမှာ သက်ဦးဆံပိုင် မင်းများခေတ်မှ ဆင်းသက်လာသော စကားဖြစ်သဖြင့် နားယောင်စရာ စကားဖြစ်သည်။ သက်ဦးဆံ

www.burmeseclassic.com



ပိုင်မင်းများ နှင့် နယ်ချဲ့ အစိုးရများခေတ်တွင် အမတ်ဆိုသည်မှာမင်းများ၊ အစိုးရများ၏ အလိုတော်ကို လိုက်နာ ဆောင်ရွက်ရသောမင်း၏ အတိုင်ပင်ခံများသာ ဖြစ်သည်။

ဒီမိုကရေစီ နိုင်ငံများတွင် ရွေးကောက်ပွဲကို (ပြည်သူ့) ကိုယ်စားလှယ် ရွေးပွဲဟု ခေါ်ကြသည်။

ထို ပြည်သူ့ကိုယ်စားလှယ်များမှာ နိုင်ငံသားများက မဲဖြင့် ကိုယ်စားလှယ် လွှဲအပ်ပေးမှသာ ဖြစ်လာနိုင်သည်။

## ပြည်သူ့ ကိုယ်စားလှယ်။

ထိုကြောင့် နိုင်ငံသားများမှာ ထိုကိုယ်စားလှယ်များကို ဖန်ဆင်းလိုက်ကြသူများ ဖြစ်သည်။ ထိုကိုယ်စားလှယ်များသည် နိုင်ငံသားများ ပြုလုပ်ချင်သော အလုပ်များကို သူတို့၏ကိုယ်စား ပြုလုပ်ကြရမည်။

ပြည်သူ့ ကိုယ်စားလှယ် ဦးရေမှာ နိုင်ငံအကြီး အငယ် လိုက်၍ အနည်းအများ ရှိသည်။ ထိုသူတို့သည် နိုင်ငံသားများ၏ ကိုယ်စား အားလုံး လိုက်နာကြဘို့ စည်းကမ်းများကို သတ်မှတ်ကြရသည်။ သူတို့က နိုင်ငံသားတို့ ကိုယ်စား သတ်မှတ်ပေးသော စည်းကမ်းများကို ဥပဒေဟု ခေါ်သည်။ ပြည်သူ့ ကိုယ်စားလှယ်တို့ ပြုလုပ်လိုက်သော ဥပဒေကို အားလုံးက လိုက်နာကြရသည်။ အဘယ်ကြောင့် လိုက်နာကြရသနည်းဟူမူ မိမိတို့ကိုယ်စားလှယ်က ပြုလုပ်သော ဥပဒေသည် မိမိတို့ကိုယ်တိုင် ပြုလုပ်သော ဥပဒေပင် ဖြစ်သောကြောင့်တည်း။

## ဥပဒေ အရမ်း မလုပ်နိုင်။

ပြည်သူ့ ကိုယ်စားလှယ်တို့၏ အဓိကအလုပ်မှာ ဥပဒေပြုခြင်း ဖြစ်သဖြင့် သူတို့အဖွဲ့ကို ယေဘုယျအားဖြင့် ဥပဒေပြု အဖွဲ့ဟု ခေါ်သည်။ ဥပဒေပြု အဖွဲ့သည် ဥပဒေကို အရမ်းမလုပ်နိုင်၊ နိုင်ငံတည် ဥပဒေတွင် သတ်မှတ်ပေးထားသော စည်းကမ်းချက်များ အတိုင်းသာ လုပ်နိုင်သည်။ ဥပမာ နိုင်ငံတည် ဥပဒေတွင် မည်သူကိုမျှ အရမ်းမသတ်ရဟု ပါရှိနေသဖြင့် နိုင်ငံသားတို့၏ အသက်ကို အရမ်းသတ်ချင် သတ်နိုင်



သည်ဆိုသော ဥပဒေမျိုးမလုပ်နိုင်။ ထိုနည်းတူပင် နိုင်ငံတည်ဥပဒေတွင် မည်သူကိုမျှ အရမ်း ဖမ်းဆီးချုပ်နှောင်ခြင်း မပြုရဟု ပါရှိသဖြင့် ဖမ်းဆီး ချုပ်နှောင်ချင်သူကို အရမ်းဖမ်းဆီး ချုပ်နှောင်မည်ဆိုသော ဥပဒေမျိုးလည်း မလုပ်နိုင်၊ ထိုမှတပါး နိုင်ငံတည် ဥပဒေတွင် သတ်မှတ်ထားသည့် လူတို့၏ ပိုင်ရေးပိုင်ခွင့်များကို ထိခိုက် ချိုးဖေါက်သည့် ဥပဒေမျိုးများကိုလည်း မလုပ်နိုင်။ နိုင်ငံတည် ဥပဒေက လွတ်လပ်စွာ ပြောဆိုခွင့် ပေးထားသဖြင့် ထိုလွတ်လပ်စွာ ပြောဆိုခွင့်ကို ပိတ်ပင်သော ဥပဒေမျိုးလည်း မလုပ်နိုင်။ အချုပ်တွင် နိုင်ငံသား အားလုံးက နိုင်ငံတည် ဥပဒေတွင် အတည့်အလင်း သတ်မှတ်၍ ပေးထားသော ပိုင်ရေး ပိုင်ခွင့်များကို ထိခိုက်စေမည့် ဥပဒေ မှန်လျှင် ဘာမျှမလုပ် ပိုင်နိုင်။ ဥပဒေပြု အဖွဲ့၏ အာဏာမှာ နိုင်ငံသားတို့က နိုင်ငံတည် ဥပဒေအရ သတ်မှတ် ပေးထားသည်ထက် မပိုနိုင်။

## အုပ်ချုပ်မှု ပြည်စေခံ ရွေးခြင်း။

ဥပဒေပြုမည့် ကိုယ်စားလှယ်များကို ရွေးပြီးနောက် နိုင်ငံကို ကိုယ်ထိလက်ရောက် စောင့်ထိန်းဘို့ (ဝါ) အုပ်ချုပ်ဘို့ ပြည်စေခံများကို ခန့် ရသည်။ အချို့ ဒီမိုကရေစီ နိုင်ငံတွင် နိုင်ငံကို စောင့်ထိန်းဘို့အတွက် သမ္မတခေါ် ပြည်စေခံချုပ် တယောက်နှင့် လက်ထောက် ပြည်စေခံချုပ် တယောက်ကို နိုင်ငံသားတို့က တိုက်ရိုက် မဲပေးပြီး ခန့်ထားသည်။ အချို့ ဒီမိုကရေစီ နိုင်ငံတွင် ပြည်သူ့ ကိုယ်စားလှယ် (ဥပဒေပြု) အဖွဲ့ဝင်များအား သူတို့ဟာ သူတို့ ကြိုက်ရာ ပြည်စေခံချုပ်နှင့် အဘော်တစုကို ခန့်နိုင်ဘို့ အာဏာကို မူလ ရွေးကောက်စဉ် ကတည်းက လွှဲအပ်ပေးထားသည်။

## တိုင်းသူ ပြည်သားတို့ကသာ အာဏာကိုပိုင်သည်။

မည်သို့ပင် ပြည်စေခံချုပ်ကို ရွေးကောက်သည်ဖြစ်စေ၊ အချုပ်အချာ အာဏာကို ပိုင်သူများမှာ သူလိုကိုယ်လို နိုင်ငံသူ နိုင်ငံသားများသာ ဖြစ်သည်။ ပြည်စေခံချုပ်နှင့်တကွ ပြည်စေခံအဖွဲ့ ([illegible]) ဝန်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအဖွဲ့သည် အာဏာရှင်များမဟုတ်။ နိုင်ငံသူ နိုင်ငံသားတို့၏ အစေခံများသာဖြစ်သည်။ ဒီမိုကရေစီ မဟုတ်သော နိုင်ငံ (ဝါ) ဒီမိုကရေစီ မစစ်သော နိုင်ငံများတွင် ပြည်စေခံတို့က မိမိကိုယ်ကို မိမိတို့ အာဏာရှင်များကဲ့သို့ သဘော ထားတတ်ကြသည်။ နိုင်ငံသူ နိုင်ငံသားတို့ကလည်း မသိ နားမလည်ခြင်းကြောင့် ပြည်စေခံတို့ကိုပင် အာဏာရှင်များ၊ မင်းများဟု ထင်နေတတ်ကြသည်။ ထို့ကြောင့် နိုင်ငံတခုခုတွင် ဒီမိုကရေစီရှိသည် မရှိသည်ကို သိလိုလျှင် နိုင်ငံစောင့်ထိန်းမှုအဖွဲ့ (ဝါ) အစိုးရအဖွဲ့ (ဝါ) ဝန်ကြီးများအဖွဲ့သည် ပြည်စေခံ ကျင့်-ကျင့်မကျင့်ကို ကြည့်ရသည်။

## ပြည်စေခံသည် ရန်သူမျိုး ငါးပါး၌ မပါ။

အချုပ်တွင် ဒီမိုကရေစီ ဝါဒအရဆိုလျှင် အစိုးရ (ဝါ) နိုင်ငံစောင့်ထိန်းမှု အဖွဲ့သည် နိုင်ငံသူ နိုင်ငံသားတို့၏ အစေခံအဖွဲ့ (ဝါ) ပြည်စေခံအဖွဲ့သာ ဖြစ်ပြီးလျှင် နိုင်ငံသူနိုင်ငံသားတို့သည် သာလျှင် နိုင်ငံ၏ သခင်များ ဖြစ်ကြသည်။ ဤကား တိတိ ကျကျ မှန်ကန်သော စကားပေတည်း။

ဒီမိုကရေစီ နိုင်ငံက ပြည်စေခံချုပ်ကို သမ္မတ ဟုခေါ်သည်။ အမိပ္ပါယ်မှာ ကမ္ဘာဦးသူတို့ မဲဖြင့်တင်မြှောက်ကြသော (ဝါ) သမုတ်ကြသော (ဝါ) သမုတ်ကြသော သဘောပင်ဖြစ်သည်။ သမ္မတကို အင်္ဂလိပ်လို 'ပြီစီဒင်' ဟု ခေါ်သည်။ အဓိပ္ပါယ်မှာ ဥက္ကဋ္ဌ ဖြစ်သည်။ အသင်း ဥက္ကဋ္ဌ နှင့် အဓိပ္ပါယ်ရော-စကားလုံးရော အတူတူပင် ဖြစ်သည်။

ဒီမိုကရေစီ နိုင်ငံက သမ္မတတို့သည် မိမိတို့ကိုယ်ကို မိမိတို့၊ ရှင်ဘုရင်ကဲ့သို့ အာဏာရှင်ကဲ့သို့ မမှတ်ကြ။ ပြည်စေခံချုပ်ဟူ၍သာ ဟုတ်မှန်သည့်အတိုင်း မှတ်ကြသည်၊ ဒီမိုကရေစီ နိုင်ငံက သမ္မတများသည် သူတို့ကိုယ်သူတို့ ပြည်စေခံဟု မှတ်ယူရသည်ကို အင်မတိ အင်မတန် ဂုဏ်ယူကြသည်၊ ပြည်စေခံ လုပ်ရသည့် အရသာကိုလည်း၊ များစွာ



နှစ်ခြိုက်ကြသည်။ ထို့ကြောင့် သူတို့ကို နိုင်ငံသူ နိုင်ငံသားတို့က ရန်သူမျိုးငါးပါး အပါအဝင်ဟု မမှတ်ကြဘဲ ချစ်ခင်ကြည်ညိုကြသည်။

## ရွေးကောက်ပွဲသည် အရေးကြီးဆုံး အလုပ်။

ဒီမိုကရေစီ နိုင်ငံများတွင် နိုင်ငံသူ နိုင်ငံသားတို့သည် မိမိတို့၏ လူ့ဘဝ လူ့ဇာတိ လူ့အဖြစ်ကို မိမိတို့ အသက်ပမာ တန်ဘိုးထားကြ မြတ်နိုးကြသည်။ ထိုနည်းတူ မိမိတို့အာဏာကို လွှဲပေးပွဲဖြစ်သော သမ္မတရွေးပွဲ ပြည်သူ့ကိုယ်စားလှယ် ရွေးပွဲများကိုလည်း အရေးအကြီးဆုံး အလုပ်ဖြစ်သည်ဟု ယူဆကြသည်။ မိမိတို့၏ မဲကိုလည်း မိမိတို့ ပေးလိုသူကိုသာ လွတ်လပ်စွာ ပေး၍ အဂတိခလေးပါး လိုက်စား၍ မဲပေးခြင်းကို မိမိတို့ ဘဝကို မိမိတို့ ရောင်းစားသော အလုပ်ကဲ့သို့ စက်ဆုတ်ရွံရှာကြသည်။

## လောကငရဲ။

ဒီမိုကရေစီမရှိသော အာဏာရှင် နိုင်ငံများတွင်မူကား နိုင်ငံသူ နိုင်ငံသားတို့မှာ လူဖြစ်ရသည့် ဂုဏ်ကိုလည်းမရ၊ မိမိတို့ မဲပေးလိုသူကိုလည်း လွတ်လပ်စွာ မဲပေးခွင့်မရှိ အာဏာရှင် တယောက်၊ သို့မဟုတ် အာဏာရှင်တစုက နဖါးကြိုးတပ်၍၊ တံပျာနှင့်ရိုက်၍ ခိုင်းရာကိုသာ မလုပ်ချင် လုပ်ချင်နှင့် လုပ်ရှာကြရသည်။ ထို့ကြောင့် အာဏာရှင် နိုင်ငံတွင် လူဖြစ်ရသူများမှာ လူဖြစ်ကျိုးမနပ်ကြ။ လူ့အဖြစ်နှင့် ငရဲသို့ ကျနေရသည်နှင့် တူသည်။ ထို့ကြောင့် ဒီမိုကရေစီ မရှိသော အာဏာရှင် နိုင်ငံသည် လောကငရဲပင် ဖြစ်သည်။

## မေတ္တာနှင့် ဆက်ဆံရမည်။

ဒီမိုကရေစီက ပဌမဆုံး ပြပေးသော လမ်းမှာ လူများသည် အချင်းချင်း ဆက်ဆံကြသည့်အခါတွင် မေတ္တာနှင့် ဆက်ဆံကြဘို့ ဖြစ်သည်။ ဇလက်ကာယမှုကို အားမပေး။ တကယ်ဆိုတော့လည်း ဒီမိုကရေစီ သဘောအရ လူဖြစ်ရကျိုးနပ်အောင် လူတို့၏ ပိုင်ရေး ပိုင်ခွင့် များကို

www.burmeseclassic.com

www.burmeseclassic.com



အတည့်အလင်း နိုင်ငံတည် ဥပဒေဖြင့် သတ်မှတ်ပေးပြီးသည့်အချိန်ကစ၍ လူများသည် အချင်းချင်း ဆက်ဆံကြရာတွင်၊ ဗလက်ကာယပြုဘို့ မလိုတော့။ နိုင်ငံသူ နိုင်ငံသား အချင်းချင်း ဆက်ဆံကြသည့် နေရာမှာရော၊ နိုင်ငံသူ နိုင်ငံသားများနှင့် ပြည်စေခံများ ဆက်ဆံကြသည့် နေရာမှာရော မေတ္တာနှင့် ဆက်ဆံလျှင် ပြီးနိုင်သည်။

ဒီမိုကရေစီ နိုင်ငံများတွင် ပြည်စေခံ အဖွဲ့ခေါ် အစိုးရကလည်း နိုင်ငံသူ နိုင်ငံသားများကို တရားလက်လွတ် မလုပ်နိုင်။ နိုင်ငံသူနိုင်ငံသားများက မိမိတို့အာဏာ လွှဲပေးထားသည့် ပြည်စေခံ အဖွဲ့ကို ပြောင်းလွှဲချင်လျှင် တော်လှန်ခြင်း၊ ပုန်ကန်ခြင်းစသော ဗလက်ကာယမှုများ မလုပ်ဘဲနှင့် အေးချမ်းငြိမ်သက်စွာ ပြောင်းလွှဲနိုင်သည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် မေတ္တာနှင့်လုပ်လျှင် အကုန်ပြီးနိုင်သည်။ မည်သည့်ကိစ္စတွင်မဆို မေတ္တာနှင့် လုပ်၍ ပြီးနိုင်အောင်လည်း ဒီမိုကရေစီက စီစဉ်ပေးထားသည်။ ဥပမာ ရွေးကောက်ပွဲလုပ်ခြင်းကို ကြည့်လျှင် သိနိုင်သည်။

## အာဏာ အမြဲမပေး။

အာဏာသည် လူကို ဖျက်ဆီးတတ်သည်။ အာဏာသေးလျှင်နည်းနည်းဖျက်ဆီးတတ်၍၊ အာဏာကြီးလျှင် အများကြီး ဖျက်ဆီးတတ်သည်။ ထို့ကြောင့် ဒီမိုကရေစီက မည်သူကိုမျှ အာဏာအမြဲ ပေး၍ မထား။ ဒီမိုကရေစီနိုင်ငံများတွင်၊ နိုင်ငံအုပ်ချုပ်ဘို့ အာဏာကို ဘယ်လောက်ပင် တော်သည့် ကောင်းသည့် လူကိုမဆို၊ ရာသက်ပန်ပေး၍ မထား။ ကာလ အပိုင်းအခြားနှင့်သာ တနှ်တန်သည်၊ ၂ နှစ် တန်သည်၊ ၃ နှစ်တန်သည်၊ ၄ နှစ်တန်သည်၊ အချိန်ပိုင်းခြား၍ ပေးထားသည်၊ ထိုသို့ပိုင်းခြားပေးထားသည့် အချိန်ကုန်လျှင် ထိုအာဏာ သက်တမ်း ကုန်၍သွားသည်။

ရွေးကောက်ပွဲဆိုသည်မှာ အာဏာလွှဲပွဲပင်ဖြစ်သည်။ ရွေးကောက်ပွဲများကို တချို့ ဒီမိုကရေစီ နိုင်ငံများတွင် ၂ နှစ်တခါ ပြုလုပ်ကြ၍၊ တ-



ချို့ဒီမိုကရေစီနိုင်ငံများတွင် ၄ နှစ်တခါသော်၎င်း၊ ၅ နှစ်တခါသော်၎င်း ပြုလုပ်ကြရသည်။

## ပုန်ကန်ဘို့ မလို။

ရွေးကောက်ပွဲသည် အာဏာလွှဲပွဲဖြစ်သည့်အတွက် နိုင်ငံသူနိုင်ငံသားတို့ အဘို့တွင် ရွေးကောက်ပွဲသည် သေရေး ရှင်ရေးကဲ့သို့ အရေးကြီးသည်။ ဒီမိုကရေစီ နိုင်ငံသားများသည် မိမိတို့ သဘောမကျသော ပြည်စေခံများကို ရွေးကောက်ပွဲကာလ အပိုင်းအခြား စေ့တိုင်း စေ့တိုင်း မဲပေး၍ ပြောင်းလွှဲပစ်နိုင်သဖြင့် အာဏာ အလွဲသုံးစားလုပ်နေသော ပြည်စေခံများကို ဖြုတ်ချ ဖယ်ရှားရန်အတွက် တော်လှန်ပုန်ကန်ဘို့မလိုတော့။

## အစိုးရမကောင်း ပြည်သူ့ခေါင်း။

ဒီမိုကရေစီ နိုင်ငံတွင် နိုင်ငံသူနိုင်ငံသားတို့၏ မဲသည် အချက်အချာဖြစ်သဖြင့် နိုင်ငံသူနိုင်ငံသားတို့ သဘောမကျ ကြသောသူများသည် ပြည်စေခံခေါ် အစိုးရ အဖြစ်ကို မရနိုင်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတွင် အစိုးရ မကောင်းလျှင် မဲရှင်ဖြစ်ကြသည့် နိုင်ငံသူနိုင်ငံသားများကိုပင် အပြစ်တင်ရသည်။ ဒီမိုကရေစီနိုင်ငံတွင် အစိုးရမကောင်းလျှင် မဲရှင်ခေါင်း ဟုဆိုနိုင်သည်၊ မဲရှင်တို့သည် ပေါ့လျော့ကြ၍ သော်၎င်း နားမလည်ကြ၍ သော်၎င်း၊ ယုတ်မာသော သူတို့ကို မဲပေး၍ အစိုးရဖြစ်စေခဲ့လျှင် မဲရှင်တို့သည် မိမိတို့ ကိုယ်ကို မိမိတို့အပြစ်တင်ကြရန်သာရှိသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် မဲရှင်တို့ မပေါ့လျော့ကြဘို့ တတ်သိနားလည်ကြဘို့ အရေးကြီးသည်။

ထို့ပြင် ဒီမိုကရေစီ နိုင်ငံများတွင် မိမိတို့အာဏာ သက်တမ်းစေ့မသော အစိုးရသည် နောက်ထပ် မဲရှင်တို့က မိမိတို့ကို မဲဖြင့်မတင်မြှောက်ခဲ့သော် အတင်းအဓမ္မ ဆက်၍ အစိုးရလုပ် မနေနိုင်တော့။ အာဏာကို စွန့်လွှတ်ပေးရမြဲ ဓမ္မတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒီမိုကရေစီ ဆုံးရှုံးလျှင် သူပုန် ထတတ်သည်။

ဒီမိုကရေစီ နိုင်ငံများတွင် မဲရှင်တို့က အချိန်ကာလ အပိုင်းအခြားနှင့် နိုင်ငံအုပ်ချုပ်တို့ လူများကို အသစ် အသစ် မဲပေး၍ တင်နိုင်ခွင့်ရှိသဖြင့် ရာသက်ပန် အာဏာရှင်၊ ရိုးရာ အာဏာရှင်များ မပေါ်နိုင်။ ဒီမိုကရေစီ နိုင်ငံတွင် ရွေးကောက်ပွဲ၌ မဲရှုံးသော အစိုးရက အတင်းအဓမ္မ ဆက်ပြီး အစိုးရလုပ်နေ၍မရ။ အကယ်၍ ထိုသို့ မဲရှုံးပါလျက်နှင့် ထိုအစိုးရက အဓမ္မဆက်၍ နေမည်ဆိုလျှင်၊ ထိုအစိုးရသည် နိုင်ငံတည်ဥပဒေ ကို ဖေါက်ဖျက်သော အစိုးရဖြစ်သဖြင့် နိုင်ငံတည် ဥပဒေပါ ကတိက ဝတ် များ ပျက်သွား သဖြင့် မူလ အာဏာပိုင်ရှင်များဖြစ်သော နိုင်ငံသူနိုင်ငံသားတို့က ထိုသို့စည်းကမ်းဖေါက်သောအစိုးရကို လက်နက်စွဲကိုင်၍ ပုန်ကန်နိုင်သည်။ သို့ရာတွင် ဒီမိုကရေစီ နိုင်ငံများ၏ သမိုင်းတွင် မဲရှုံးသော အစိုးရက အရှက်မရှိဘဲနှင့် ဇွတ်ဆက်၍ အစိုးရ လုပ်နေသည့် ထုံးမရှိ။ သို့ရာတွင် တခါတရံ အစိုးရ အာဏာကို အလွဲသုံးစားလုပ်၍ မဲရှုံးလျက် ဇွတ်ဆက်ပြီး အစိုးရ လုပ်လိုသူများလည်း ပေါ်တတ်သည်ကို သတိပြုအပ်သည်။

## ဒီမိုကရေစီ ဆုံးလျှင် လူ့ဘဝ ဆုံးမည်။

ထိုကဲ့သို့သော ဗလက်ကာယ သမားမျိုး ပေါ်၍ သူတို့အရေးသာသွားလျှင် ဒီမိုကရေစီ နိုင်ငံပျက်ကာ၊ အာဏာရှင် နိုင်ငံအဖြစ်သို့ ရောက်၍ သွားတတ်သည်။ ထိုကဲ့သို့ ဖြစ်နိုင်တတ်ခြင်းကို မဲရှင်များ သတိပြုသင့်သည်။ ထို့ကြောင့် မေတ္တာ ရှေ့ထား၍ အလုပ် လုပ်သော ဒီမိုကရေစီဝါဒကို နှစ်သက် မြတ်နိုးကြသူတို့သည် ဘယ်အခါမျှ ပေါ့ပေါ့ မနေထိုက်။ အဘယ်ကြောင့် ဆိုသော် ဒီမိုကရေစီ ဆုံးရှုံး ခြင်းသည် မိမိတို့၏ လူ့ဘဝ ဆုံးရှုံးခြင်းပင် ဖြစ်သောကြောင့် ဖြစ်သည်။

## သန့်ရှင်းသော ရွေးကောက်ပွဲ။

ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အသက်ဖြစ်သဖြင့် ဒီမိုကရေစီ နိုင်ငံများတွင် ရွေးကောက်ပွဲကို သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင်၊ တရားမျှတ နိုင်သမျှ တရားမျှတအောင် စီစဉ်၍ပေးရသည်။ ရွေးကောက်ပွဲ လုပ်ရာတွင် မဲများကို လက်နက်အင်အားဖြင့် ချောက်လှန့်၍လည်း ရအောင်မလုပ်ရ။ တန်စိုးလက်ဆောင် ပေး၍လည်း ရအောင်မလုပ်ရ။ ထို့ပြင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဘယ်သူကမျှ သံသယမရှိရအောင်လည်း စီစဉ်၍ပေးရသည်။ နောက်ဆုံးတွင် မဲရှုံးသောသူများကပင် မိမိတို့ မဲရှုံးရခြင်းမှာ ရွေးကောက်ပွဲ ပြုလုပ်ပုံ မတရား၍ ရှုံးရခြင်းမဟုတ်ဘဲ။ မိမိတို့အား မဲပေးလိုသည့် လူနည်း၍သာ ရှုံးရခြင်းဖြစ်သည်ဟု သဘောပေါက်လာအောင် ရွေးကောက်ပွဲကို သန့်ရှင်းစွာ ပြုလုပ်၍ ပေးရသည်။ ထိုသို့မပြုလုပ်ဘဲ တဘက် စီးနင်း ပြုလုပ်ပါလျှင် မဲရှုံးသူတို့က မခံမရပ်နိုင် ဖြစ်ပြီး လက်နက်စွဲကိုင်၍ ပုန်ကန်တတ်သည်။ ဤအချက်ကို ဒီမိုကရေစီ လိုလားသူတိုင်း လေးနက်စွာ နှလုံးမူထိုက်သည်။ ရွေးကောက်ပွဲ ကျင်းပပုံနှင့် ပတ်သက်၍ အပြစ်အနာဘာမျှပြောစရာ မရှိသောအခါ မဲရှုံးသူတို့က ငါတို့ရှုံးရခြင်းသည် ငါတို့ကိုမဲပေးသူ နည်း၍သာ ရှုံးရခြင်းဖြစ်သည်ဟု ကိုယ့်ဟာကိုယ် ဖြေနိုင်ကြသည်။



## လွတ်လပ်စွာ ပြောဆိုခွင့်။

ထို့ပြင် ရွေးကောက်ပွဲ ကျင်းပသောအခါ မဲပေးမည့်သူများအား မိမိတို့မကြိုက်သော အရွေးခံပုဂ္ဂိုလ်မျိုးကို လွတ်လပ်စွာ ပြစ်တင်ပြောဆိုခွင့်ပေးရသည်။ ထိုနည်း အတူပင် မိမိတို့ ကြိုက်သော အရွေးခံပုဂ္ဂိုလ်ကိုလည်း လွတ်လပ်စွာ ထောက်ခံပြောဆိုခွင့် ပေးရသည်၊ မဲပေးသည့် အခါတွင်လည်း မိမိတို့ ပေးချင်သူကို လွတ်လပ်စွာ ပေးနိုင်ခွင့်ရှိစေရသည်။ မိမိတို့မပေးလိုသူကို ပေးရမည်ဟု မည်သူမျှ အမိန့်မပေးနိုင်စေရ။ မဲပေးသည့်အခါတွင် ဘယ်သူ့မှလည်းမထောက်၊ ဘယ်သူကိုမှလည်း မကြောက်ရဘဲ၊ လွတ်လပ်စွာ မဲပေးနိုင်ရန်အတွက် မဲပေးရာတွင် ဘယ်သူ့ကို မဲပေးသည်ဟု မသိနိုင်စေရန် မဲပေးသည့် နေရာကိုလည်း လုံခြုံစွာ ကာရံ၍ ပေးရသည်။ သို့မှသာ မဲပေးသူတို့သည် မိမိ



www.burmeseclassic.com

www.burmeseclassic.com



တို့မဲပေးလိုသူကို ဘယ်သူ့ကိုမျှ မငဲ့ မကွက်ရဘဲ၊ မကြောက်ရ မလန့်ရဘဲနှင့် မဲပေးခွင့်ရနိုင်လိမ့်မည်။

## ချောက်လှန့်၍ မဲမတောင်းရ။

မဲပေးရာတွင် အလုပ်ရှင်တဦးက မိမိလုပ်သားများအားဘယ်သူ့ကို မဲပေးလျှင်ပေး၊ မပေးလျှင် နင်တို့ကို အလုပ်ဖြုတ်ပစ်မည် စသဖြင့် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ မခြိမ်းဝါးနိုင်။ အာဏာလက်ရှိ လူများကလည်း မိမိတို့ လက်အောက်က လူများကိုနင်တို့ဟာ ဘယ်သူ့ကို မဲပေးရမည်၊ ဘယ်သူ့ကို မဲမပေးရဘူးဟု အတင်း အကြပ် အမိန့်မပေးနိုင်။သို့ရာတွင် မည်သူကမဆို မိမိတို့ ကြိုက်နှစ်သက်ရာလူတို မဲပေးကြပါဟု မေတ္တာရပ် နိုင်ခွင့် ရှိသည်။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံအုပ်ချုပ်ဘို့ လူများကို ရွေးကောက်ရန်အတွက် ကာလအပိုင်းအခြားနှင့် သတ်မှတ်၍ ရွေးကောက်ပွဲပြုလုပ်ပေးခြင်းသည် ပုန်ကန်ထကြွဘို့ မလိုအောင် စီစဉ်ပေးချက်ဖြစ်သဖြင့် ချမ်းငြိမ်းသက်ခြင်းကို အလိုရှိသူတိုင်း မြတ်နိုးအပ်သော အလုပ်ဖြစ်သည်။

ဒီမိုကရေစီ နိုင်ငံများတွင် မိမိတို့ မဲပေးချင်သည့် လူကို မည်သူမဆို မဲပေးနိုင်ခွင့်ရှိသည့် နည်းတူ မိမိတို့ကိုယ်တိုင်လည်း သတ်မှတ်ထားသော စည်းကမ်းများနှင့်ညီလျှင် အရွေးခံ ပုဂ္ဂိုလ်အဖြစ်နှင့်ဝင်၍ အရွေးခံနိုင်ခွင့် ရှိသည်။

## အာဏာရှင် နိုင်ငံတွင် မဲပေးခွင့် မရှိ။

အာဏာရှင် နိုင်ငံများတွင် လွတ်လပ်စွာ မဲပေးနိုင်ခွင့်သည်းမရှိ။ လွတ်လပ်စွာ ရွေးကောက်ပွဲ၌ ဝင်ရောက် အရွေးခံခွင့် လည်းမရှိ။ အာဏာရှင် နိုင်ငံများတွင် ရွေးကောက်ပွဲ အစစ်ပင် မရှိဘဲ ဟန်ပြရွေးကောက်ပွဲမျိုးသာ ရှိသည်။ ထိုဟန်ပြ ရွေးကောက်ပွဲတွင် မဲရှင်တို့မှာ မိမိတို့ မဲပေးချင်သူကို မဲပေးနိုင်ခွင့် မရှိ၊ အာဏာရှင် တယောက်–



သို့မဟုတ် အာဏာရှင် တစုက မဲအပေးခိုင်းသူကိုသာ ပေးရသည်။ မိမိတို့ကိုယ်တိုင် အရွေးခံ ပုဂ္ဂိုလ်အဖြစ်နှင့် ဝင်ရောက် အရွေးခံခွင့် လည်းမရှိ 'အထက်အမိန့်ရသူ' သာ အရွေးခံခွင့် ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီ မရှိသော နိုင်ငံတွင် လူဖြစ်ရသူများမှာ လူဖြစ်ကျိုးမနပ်ဘဲ လူ့ဘဝ ဆုံးနေကြရရှာသူ များသာဖြစ်သည်။

## မေ့လျော့နေ၍ မဖြစ်။

ဒီမိုကရေစီဆိုသည်မှာ လူ၏ဘဝကို ရိုသေလေးစားသော ဝါဒဖြစ်ကြောင်းကို ဆိုခဲ့ပြီ။ ထိုကြောင့် ခပ်သိမ်းသော သူတို့အဘို့တွင် ဒီမိုကရေစီထက် ကောင်းသော ဝါဒမရှိနိုင်။ လူတို့သည် မိမိတို့ ဘဝ၏ အဘိုးထိုက်တန်ပုံကို မေ့လျော့၍ နေတတ်ကြသဖြင့် လောကတွင် လူ၏ဘဝထက် မြတ်သောအရာ မရှိကြောင်းကို အမြဲတမ်း သတိပေး၍ နေဘို့လိုသည်။

## ဆင်းရဲသူကို ချမ်းသာအောင် လုပ်ပေးဘို့ လိုသည်။

လူတို့သည် မိမိတို့ ဘဝ၏ တန်ဘိုးရှိပုံကို အမြဲတမ်း သတိရ၍နေကြလျှင် လောကတွင် ဒီမိုကရေစီသည် ကြီးပွား ထွန်းကား၍ နေမည်သာဖြစ်သည်။ လောကတွင် ချမ်းသာသူထက် ဆင်းရဲသူက အရေအတွက် များသဖြင့် ဒီမိုကရေစီ ဝါဒသည် ဆင်းရဲသူများအား ချမ်းသာအောင် လုပ်၍ ပေးနိုင်ပါမည်လော ဟူသော မေးခွန်းကို မေးလိုကြပေလိမ့်မည်။၎င်းမေးခွန်းသည် ဆီလျော်သော မေးခွန်းပင် ဖြစ်သည်။ မည်သည့်ဝါဒသည် မည်မျှလောက်ပင် ကောင်းသည် ဆိုစေကာမူ ဆင်းရဲသူများကို ဆင်းရဲခြင်းမှ ကင်းလွတ်အောင် အထောက်အပံ့ မပြုနိုင်သော ဝါဒဆိုလျှင် ထိုဝါဒကို မည်သူမျှ ကြိုက်လိမ့်မည် မဟုတ်။

ဒီမိုကရေစီ ဝါဒသည် အသက်ရှိသော အရာမဟုတ်သဖြင့် ဒီမိုကရေစီ ဝါဒက ဆင်းရဲသူများအား ဆင်းရဲခြင်းမှ လွတ်ကင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိလက်ရောက် ဆောင်ရွက်၍ ပေးနိုင် လိမ့်မည် မဟုတ်ကြောင်းကိုလည်း အထက်တွင် ဆိုခဲ့ပြီ။ သို့ရာတွင် တရားကို စောင့်ရှောက်သူအား တရားကပြန်၍စောင့်ရှောက်သည် ဆိုသကဲ့သို့ ဒီမိုကရေစီ ဝါဒကို လိုက်နာ သူတို့ကိုလည်း ဒီမိုကရေစီ ဝါဒက ဆင်းရဲခြင်းမှ လွတ်ကင်းအောင် ပို့ဆောင် ပေးမည်မှာလည်း အမှန်ပင်ဖြစ်သည်။

---

## အခန်း (၄)

# လမ်း (၇) သွယ်။

ဒီမိုကရေစီသည် ဆင်းရဲသူ အပေါင်းအား ဆင်းရဲခြင်းမှ လွတ်ကင်းအောင် လမ်းပြပေးနိုင်သော ဝါဒ အမှန်ပင် ဖြစ်သည်ဆိုလျှင် ဒီမိုကရေစီ၏ လမ်းများကား အဘယ်နည်းဟု မေးထိုက်သည်၊ အကြမ်းအားဖြင့် ဒီမိုကရေစီတွင် ခုနစ်သွယ်သော လမ်းများရှိသည်၊ ထိုခုနစ်သွယ်သော လမ်းတို့ကား။

၁ လူတိုင်း လူတိုင်းကို လေးစားခြင်းလမ်း။
၂ လူတိုင်း အခွင့်အရေး တူညီခြင်းလမ်း။
၃ လူတို့ ပိုင်ရေး ပိုင်ခွင့်များလမ်း။
၄ လွတ်လပ်မှု ရှိခြင်းလမ်း။
၅ အများသဘောကျ အုပ်ချုပ်ခြင်းလမ်း။
၆ နေ့ာင်ရေး မြော်လင့်ချက် ရှိခြင်းလမ်း။
၇ လူတို့အချင်းချင်း အမှီသဟဲ ပြုရခြင်း လမ်းတို့တည်း။



## ၁။ လူတိုင်း လူတိုင်းကို လေးစားခြင်းလမ်း။

### လူ့ဘဝကို လေးစားရမည်။

ဒီမိုကရေစီ ဝါဒက လူ့ဘဝကို ရသူမှန်လျှင် ယောက်ျား-မိန်းမ-ကလေး-လူကြီး-အယုတ် အသတ် အမြတ်မရွေး ရိုသေလေးစားရမည်ဟု ဆိုသည်။

ထို့ကြောင့် လူ့ဘဝကို လေးစားခြင်းသည် ဒီမိုကရေစီ၏ ရေသောက် မြစ်ကြီးဖြစ်သည်။ လူ့ဘဝကို ရသူမှန်လျှင် ဖြူသည် မည်းသည်၊ ဟိုဘာသာ ယူသည်၊ သည်ဘာသာ ယူသည်၊ ကြီးသည် ငယ်သည်၊ ဆင်းရဲသည် ချမ်းသာသည်၊ ပညာတတ်သည် ပညာမဲ့သည်၊ ဟိုအလုပ် လုပ်သည်၊ သည်အလုပ် လုပ်သည်ဟု ဒီမိုကရေစီက မျက်နှာ မလိုက်။ ဒီမိုကရေစီ အဘို့တွင် ပကတိသော လူ့ဘဝ သည်ပင် အမြတ်ဆုံးဖြစ်သည်။ လောကတွင် အဘိုးမတန် အသုံးမကျသော လူဟူ၍ မရှိ၊ လူတိုင်း လူတိုင်းသည် ရိုသေအပ် မြတ်နိုးအပ်သူချည်း ဖြစ်သည်။ လူ့ဘဝ ရသူမှန်သမျှသည် မိမိတို့ ကိုယ်ကိုလည်း မိမိတို့ ရိုသေ လေစားအပ်သည်။ သူတပါးကိုလည်း မိမိတို့ ကိုယ်၏နည်းတူ ရိုသေ လေးစားအပ်သည်။ လူ အချင်းချင်း ရိုသေ လေးစားမှု မရှိလျှင် ဒီမိုကရေစီ မရှိနိုင်။ လူတို့သည် ရှေးဦးစွာ မိမိတို့ကိုယ်ကို မိမိတို့ ရိုသေလေးစားကြရမည်။ သို့မှသာ မိမိတို့အား သူတပါးက လေးစားလိမ့်မည်။ ကိုယ့်ကိုယ်ကိုမှ ရိုသေ လေးစားရမှန်း မသိသူအား အခြား မည်သူကမျှ ရိုသေ လေးစားလိမ့်မည် မဟုတ်။ ထို့ပြင် မိမိကိုယ်တိုင်ကို သူတပါးက ရိုသေ လာစားစေလိုလျှင် မိမိကိုယ်တိုင်ကလည်း အခြားသူများကို ရိုသေ လေးစားရလိမ့်မည်။ ဘုတ်ကို ကျီးက ရိုသေမှသာ ကျီးကို ဘုတ်ကရိုသေလိမ့်မည်။ ဒီမိုကရေစီက လူတိုင်း လူတိုင်းကို လူဖြစ်သည့်အတွက် ရိုသေ လေးစားရမည်ဆိုသည်။ ထို့ကြောင့် ဒီမိုကရေစီက ပြောသည့်အတိုင်း လိုက်နာကြလျှင် လူ့ဘဝသည် ရိုသေလေးစားအပ်သော အဖြစ်သို့ ရောက်၍လာလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## အာဏာရှင် ဝါဒက လူကို မလေးစား။

ဒီမိုကရေစီ မဟုတ်သော ဝါဒများကမူ လူတိုင်း လူတိုင်းကို ရိုသေ လေးစားအပ်သည်ဟု သဘောမထားကြ။ ထိုထို ဒီမိုကရေစီ မဟုတ်သော ဝါဒတို့တွင် အနည်းငယ်သော လူတစုကိုသာ ဦးစားပေး၍ ရိုသေ လေးစားကြရသည်။ ထိုလူတစု အထဲ၌ ထူးခြားသော အရည် အချင်းရှိသူ တဦးနှစ်ဦးလည်း ရှိချင် ရှိပေမည်။ သို့ရာတွင် ထိုလူတစုမှာ အများအားဖြင့် မျိုးရိုးဇာတိအလိုက်၊ ပစ္စည်း ဥစ္စာအလိုက်၊ တန်ခိုး အာဏာအလိုက် ထိပ်တန်းသို့ ရောက်နေကြသူများသာ ဖြစ်သည်။ အာဏာရှင် တယောက်-သို့မဟုတ် အာဏာရှင် တစုသည် ထိုလို လူစားမျိုးထဲက ဖြစ်သည်။ ဒီမိုကရေစီ မဟုတ်သော ဝါဒတွင် အနည်းငယ်သော လူတစုကသာ ချုတ်ချယ်လွှမ်းမိုး၍ နေပြီးလျှင်၊ များမြောင်လှစွာသော လူ့ဘဝ ရနေကြသူတို့မှာ လူစာရင်း မပေါက်ကြဘဲ တိမ်မြုပ် သိမ်ငယ်၍ နေကြရသည်။ လူအနည်းငယ် ကောင်းစားဘို့အတွက် လူအများ စာရင်းပျောက်၍ နေရခြင်းကို ဒီမိုကရေစီက လက်မခံ။ ဒီမိုကရေစီက လူမှန်လျှင် ကြီးပွါးဖွံ့ဖြိုးခွင့် မျိုးစေ့ ပါလာသည်ဟု အယူရှိသည်။ ဒီမိုကရေစီသည် လူ့ဘဝကို တန်ဘိုးဖြတ်ရာ၌ မျိုးရိုး ဇာတိကိုလည်းမလိုက်၊ ပစ္စည်းဂုဏ် ဓနဂုဏ်ကိုလည်းမလိုက်။ အတတ်ဂုဏ်၊ ပညာဂုဏ်ကိုလည်း မလိုက်။ အခါ အခွင့်အလိုက် တန်ခိုး အာဏာ ရရှိနေသူတို့၏ မျက်နှာကိုလည်း မလိုက်။

## ငါနှင့် ငါသာ နှိုင်းစရာ။

ထို့ကြောင့် ငါသည် မျိုးရိုးဇာတိ ကောင်းသဖြင့် ငါသာမြတ်သည်၊ အခြားသူများသည် ငါလောက် မမြတ်၊ ငါသည်သူဌေး သူကြွယ်ဖြစ်၍ ငါသာမြတ်သည်။ အခြားသူများသည် ငါလောက်မမြတ်။ ငါသည် တန်ခိုးအာဏာ ရှိနေသူဖြစ်၍ ငါသာ မြတ်သည်။ ငါမှတပါး အခြားသော သူတို့သည် ငါလောက်မမြတ်။ ငါသည် ပညာတတ်၍



ငါသာမြတ်သည်၊ ငါနှင့်ငါသာ နှိုင်းစရာဖြစ်သည်၊ ငါမှတပါး အခြား အခြားသော သူများသည် ငါလောက်မမြတ်ဟု အထင်ရောက်၍ နေကြသူတို့သည် ဒီမိုကရေစီကို သဘောကျ ကြလိမ့်မည်မဟုတ်။ စင်စစ်သော် တယ်ဟုတ်သည့် ငါပါလားဟု အထင်ရောက်ကာ ဘဝင်မလေပင့် နေသူမျိုးကိုလည်း ဒီမိုကရေစီက ဘသောမကျ။ဒီမိုကရေစီ သဘောအရဆွင် လူမှန်သမျှ၌ ကြီးပွါးဖွံ့ဖြိုးရန် ဗီဇမျိုးစေ့ ပါလာသဖြင့် လူမှန်သမျှကို ကြီးပွါးဖွံ့ဖြိုးလာအောင် အားပေးအပ်,ထောက်ပံ့အပ်,ကူညီအပ် သည်သာဖြစ်သည်။

## အခွင့် အရေးတူ။

ဒီမိုကရေစီက ဤသို့ လူ၏ဘဝကို ရိုသေ လေးစားသော အယူရှိသဖြင့် ဒီမိုကရေစီ နိုင်ငံများသည် ဒီမိုကရေစီ မဟုတ်သော နိုင်ငံများထက် တိုးတက် ကြီးပွါးလျက်ရှိသည်။ ဒီမိုကရေစီ နိုင်ငံများတွင် လူတိုင်း လူတိုင်း တူမျှသော အခွင့်အရေးကို ရကြသဖြင့် မိမိတို့ လူ့ဗီဇရှိသလောက် တိုးတက် ကြီးပွါးနိုင်ခွင့် ရကြသည်။ ဒီမိုကရေစီ နိုင်ငံများတွင် ဆင်းရဲသဖြင့် ပညာသင်ကြားခွင့်မရ ဆိုသော အဖြစ်မျိုး မရှိရလေအောင် ဒီမိုကရေစီက စီစဉ်၍ ပေးမြဲဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် ဆင်းရဲနွမ်းပါးသော ကလေးလူငယ်များပင် သူများနည်းတူ ကြီးပွါး ချမ်းသာခြင်းကို ရောက်နိုင် ကြသည်။

## လူတိုင်း ပညာသင်နိုင်ခွင့်

ဒီမိုကရေစီသည် ချမ်းသာခြင်း၊ ဂုဏ်ပကာသန ရှိခြင်းစသော ပြင်ပအကြောင်းများကို အမိက မထားဘဲ ပကတိသော လူ့ဘဝကိုသာ တန်ဘိုး ထားသဖြင့် ဒီမိုကရေစီ နိုင်ငံများတွင် ပညာကို အခမဲ့သင်ကြားနိုင်ခွင့် ရအောင် စီမံပေးခြင်းသည် အလှူပေးသော သဘောမျိုး မဟုတ်။လူတို့၏ အကျိုးငှါ ငွေပင် ငွေရင်းမြှုပ်၍ပေးခြင်း သဘောမျိုးသာဖြစ်သည်။ ဒီမိုကရေစီသည် လူတို့အား ပညာ သင်ကြားပေးခြင်း၌

www.burmeseclassic.com

www.burmeseclassic.com



မွေ့လျော်၏။ အဘယ်ကြောင့်ဆိုသော် ပညာသင်ကြား ပေးခြင်းသည် လူ့ဘဝကို တန်ဘိုးရှိသည်ထက် ရှိအောင် မြေတောင်မြှောက်ပေးခြင်း ဖြစ်သောကြောင့် တည်း။

အချုပ်တွင် လူ့ဘဝကို ရှိသေ လေးစားရ ခြင်းသည် ဒီမိုကရေစီ ဝါဒ၏ အသက်ဝိညာဉ်ပင် ဖြစ်သည်။

## တကိုယ်ကောင်း အလိုမရှိ။

ဒီမိုကရေစီသည် လူ့ဘဝကို ရှိသေ လေးစားသည့်နည်းတူ၊ လူတိုင်း လူတိုင်းတွင် ဆောင်ရွက်အပ်သော တာဝန် ဝတ္တရားများ ရှိသည်ဟုလည်း အယူရှိသည်။ လူသည် ထူးမြတ်သော ဘဝကို ရရှိသူဖြစ်၍၊ တကိုယ်ကောင်း တယောက်ကောင်း မကြံအပ်။ မိမိနှင့်တကွ အများအကျိုး ရှိမည့် အလုပ်များကိုသာ ကြံအပ် လုပ်အပ်သည်။ တကိုယ်ကောင်း တယောက်ကောင်းစိတ်ကို ဒီမိုကရေစီက အားမပေး။ ထို့ကြောင့် ဒီမိုကရေစီ လိုလားသူတို့သည် မိမိတို့မှတပါး၊ အခြားသူတို့ တိုးတက် ကြီးပွါးမှုကိုလည်း ကူညီ အားပေးကြရသည်။ ငါတယောက် ကောင်းစားလျှင်ပြီးရော၊ ကျန်သည့် လူတွေ ဘယ်လိုနေနေ ဟု သဘောထားခြင်းသည် ဒီမိုကရေစီ သဘောမဟုတ်။

ဒီမိုကရေစီသည် တယောက်ကောင်း တစုကောင်းကျိုးကို မကြည့်၊ အားလုံး ကောင်းကျိုးကို ကြည့်သည်။ ဒီမိုကရေစီ သမားတို့သည် အားလုံး ကောင်းစားမှသာ၊ မိမိတို့လည်း ကောင်းစားနိုင်မည်ဟု ယူကြသည်။

## လုံခြုံမှု

ဒီမိုကရေစီ နိုင်ငံတွင် လူတို့မှာ လုံခြုံစိတ်ရှိသည်။ မိမိတို့အသက် လုံခြုံမှုအတွက်လည်း မစိုးရိမ်ရ။ အိုးအိမ် လုံခြုံမှုအတွက်လည်း မစိုးရိမ်ရ။ မိမိအား ညဉ့်နက် သန်းခေါင်အချိန်တွင် ပုလိပ်က အကြောင်း မပြဘဲ တိတ်တိတ်လာ၍ ဖမ်းသွားလိမ့်မည်ဟူ၍လည်း မပူရ။ လူတ



ယောက်အား တိတ်တိတ် ဖမ်းပြီးနောက် လူမသိ သူမသိ အပြစ် ပေးခြင်းမျိုးလည်းမရှိ။ ဒီမိုကရေစီ နိုင်ငံတွင် အဆိုပါ မဖွယ် မရာသော အမှုမျိုးမရှိ။ အကယ်၍ လူ တဦးတယောက်အား မှုပြစ်ကျူးလွန်၍ ဖမ်းဆီးသည့် တိုင်အောင် လူသိ ရှင်ကြား ဖမ်း၍ လူသိ ရှင်ကြား ရုံးပြင်တင်၍ စစ်ဆေးရသည်။ ဖမ်းချင်သလိုဖမ်း စစ်ချင်သလိုစစ် အပြစ်ပေးချင်သလို ပေးခြင်းသည် ဒီမိုကရေစီ သဘောမဟုတ်။ ဒီမိုကရေစီ နိုင်ငံတွင် ဘယ်သူ့ကိုမျှ အရမ်း ဖမ်းဆီး ချုပ်နှောင်နိုင်ခြင်း မရှိ၊ အကြောင်းမပြဘဲ အကြာအရှည် ချုပ်နှောင် ထားနိုင်ခြင်းလည်း မရှိ။

## အလုပ်ပြုတ်မှာ မကြောက်ရခြင်း။

ဒီမိုကရေစီ နိုင်ငံတွင် လူတယောက်၏ အလုပ်ကို လုံလောက်သော အကြောင်းမရှိဘဲနှင့် အလုပ်ရှင်ကသော်၎င်း၊ အစိုးရကသော်၎င်း၊ အရမ်းဖြုတ်၍ မပစ်နိုင်။ လူတယောက်၏ အလုပ်ကို သူ၏ ကိုယ်ပိုင်ပစ္စည်းဟု သဘောထားသည်။

## အားမဲ့သူကို စောင့်ရှောက်မှု။

ဒီမိုကရေစီ နိုင်ငံများတွင် အလုပ်လက်မဲ့ ဖြစ်နေသူ၊ အသက်မွေးမှု မလုံလောက် သူများကို အကူအညီ အစောင့်အရှောက် ပေးသည်။ အလုပ်လက်မဲ့ ဖြစ်နေသူများ၏ အကျိုးငှါ အလုပ်များကို ဖန်တီး၍ ပေးရာတွင်လည်း လျောက်ပတ်သော အလုပ်မျိုးကိုသာ ဖန်တီး၍ ပေးရသည်။ လူတိုင်း လူတိုင်း အလုပ်ကိုယ်စီ ရှိကြစေရန်နှင့် လူတိုင်း လူတိုင်း မိမိတို့ တာဝန်ဝတ္တရားကို ထမ်းဆောင် နိုင်ကြစေရန် စီစဉ်ပေးမှုမှာ ဒီမိုကရေစီ သဘောပင်ဖြစ်သည်။

## ပစ္စည်းမဲ့ကို မနှိပ်စက်ရ။

ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူပြည်သားတို့၌ ပစ္စည်း ပိုင်ဆိုင်ခွင့်ရှိသည်။ သို့ရာတွင် တခါတရံ ပစ္စည်း ပိုင်ရှင်အချို့သည် ပစ္စည်း ပိုင်ဆိုင်ခြင်းကို အကြောင်းပြု၍ ပစ္စည်းချို့တဲ့ သူတို့အား နစ်နာအောင်ပြုတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသို့ပြုခြင်းကို ဒီမိုကရေစီက ခွင့်မပြု။ ဒီမိုကရေစီ နိုင်ငံများတွင် အလုပ်ရှင်တို့က အလုပ်သမားများအား မတရား အခကြေးငွေလျော့၍ပေးခြင်း မပြုနိုင်။ အလုပ်ခွင်ကိုလည်း အလုပ်သမားများအားအန္တရာယ် မဖြစ်နိုင်အောင် စီစဉ်ပေးရသည်။လူ့ဘဝ၏ စီးပွါးပိုင်ရေး ပိုင်ခွင့်တို့သည် ပစ္စည်း ပိုင်ဆိုင်ခွင့်ထက် အရေးကြီးသည်။ ပစ္စည်း ပိုင်ဆိုင်ခွင့်ကို ရသဖြင့် ထိုပိုင်ဆိုင်ခွင့်ဖြင့် အလုပ်သမားများအား အကျိုးပျက်စီး နစ်နာအောင် မလုပ်နိုင်။

## နစ်နာအောင် မလုပ်ရ။

ပစ္စည်းရှိလျှင် ချမ်းချမ်း သာသာ နေနိုင်သဖြင့် မည်သူမဆို ပစ္စည်းရှိချင်ကြမည်မှာ ဓမ္မတာ ဖြစ်သည်။ ထိုသို့ပစ္စည်း ပိုင်ဆိုင်ခွင့် ရှိရန် ဒီမိုကရေစီက သဘောတူသော်လည်း တပါးသူတို့၏ ပိုင်ရေး ပိုင်ခွင့်ကို ထိုပစ္စည်း ပိုင်ဆိုင်ခွင့်ဖြင့် နစ်နာအောင် လုပ်ခြင်းကိုကား ဒီမိုကရေစီက သဘောမတူ။ ပစ္စည်း ပိုင်သူများသည် ဩဇာကြီးသဖြင့် ပစ္စည်းမဲ့သူများအား မိမိတို့ ပစ္စည်းအားနှင့် မတရား ပြုလုပ်သည့် အခါများတွင် ဒီမိုကရေစီ သဘောအရ ဥပဒေပြုလုပ်၍ တားမြစ်ပေးရသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် ပစ္စည်းကို ပိုင်ဆိုင်ခွင့် ရှိသော်လည်း ထိုပိုင်ဆိုင်ခွင့်ကို အကြောင်းပြု၍ အများနစ်နာအောင် အလွဲသုံးစားလုပ်နိုင်ခွင့် မရှိ။

## အကြမ်း မဖက်ရခြင်း။

ဒီမိုကရေစီ နိုင်ငံတွင် အကြမ်းဖက်မှုကို အားမပေး၊ တိုင်းသူပြည်သား အချင်းချင်းသာလျှင် အကြမ်း မဖက်ရသည်မဟုတ်။ အစိုးရကလည်း တိုင်းသူပြည်သားတို့ အပေါ်တွင် အကြမ်းမဖက်ရ။ ဤတွင် မှုပြစ်ကျူးလွန်သူတို့ကို ဖမ်းဆီး ချုပ်နှောင် ရခြင်းမျိုး မဆိုလိုသည်ကို သတိမူရာသည်။ ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားများ မနှစ်



ခက်ခဲသော အလုပ်မျိုးကို အစိုးရက အတင်းလုပ်ရမည်ဟု ခိုင်းပိုင်ခွင့်မရှိ။ ဒီမိုကရေစီတွင် ဇီကုတ် နုတ်ပြည်တင်သော အလုပ်မျိုး မရှိ။ ဥပဒေများမှာလည်း တိုင်းသူ ပြည်သားတို့က မိမိတို့ ကိုယ်စားလှယ်များကို လွှတ်၍ ပြုလုပ်၍ထားသော ဥပဒေများသာ ဖြစ်သဖြင့် ထိုဥပဒေများကို လိုက်နာအောင် အတင်းအကြပ် လုပ်ဘို့မလို။ စစ်မက်စသော အရေးများ ပေါ်ပေါက်သည့် အခါတွင် အတင်းအကြပ် ပြုလုပ်သော ဥပဒေမျိုးကို အသုံး ပြုရတတ်သည်။ သို့ရာတွင် ထိုဥပဒေမျိုးကို စစ်မက်အရေး အေးချမ်း သွားသည်နှင့် တပြိုင်နက် ရုတ်သိမ်း၍ ပစ်ရမြဲဖြစ်သည်။

## အာဏာကို အရမ်းမသုံး။

ဒီမိုကရေစီ နိုင်ငံတွင် နေ့စဉ် ဆောင်ရွက်ဘွယ်ရှိသည့် အမှုများကို အာဏာဖြင့် အတင်းအကြပ် ဆောင်ရွက်စေခြင်းမပြုဘဲ အကျိုးအကြောင်းပြ၍ ဆောင်ရွက်ချင်လာအောင် ဖျောင်းဖျခြင်းဖြင့် ပြီးမြောက်စေသည်။ အကြမ်းအာဏာပြမှုသည် ရေရှည်ကောင်းသော အလုပ်မျိုးမဟုတ်။ ကောင်းသောအလုပ်ကိုပင်၊ အတင်းအကြပ် အလုပ်ခိုင်းသောနည်းကို ဒီမိုကရေစီက သဘောမကျ။ ထို့ကြောင့် ဒီမိုကရေစီက လူများကို အကျိုးသင့် အကြောင်းသင့် ဆင်ခြင်သုံးသပ် တတ်အောင် သင်ကြားပေးဘို့ အားပေးသည်။ ဒီမိုကရေစီ နိုင်ငံတွင် အကြောင်းကိစ္စ တခုခုပေါ်လာလျှင် ထိုအကြောင်း ကိစ္စကိုလုပ်လျှင် ဘယ်လိုအကျိုးရှိသည့်အကြောင်းကို သဘောပေါက်လာအောင် လူအများအား အကျယ်တဝင့် အကြိမ်ကြိမ်အခါခါ ပြောပြရသည်။ အာဏာကို ကြောက်၍လုပ်ရသော အလုပ်သည် မိမိတို့ အလိုအလျောက် လုပ်ထိုက်သည်ဟု သဘောပေါက်၍ လုပ်သောအလုပ်လောက် မကောင်း။

ဒီမိုကရေစီသည် 'စေ' တလုံးကို သုံးသော 'အာဏာပြ' ဝါဒ မဟုတ်။ နားချခြင်း ဖျောင်းဖျခြင်းကို အားကိုးသော 'မေတ္တာရပ်' ဝါဒ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com




## ၂။ လူတိုင်း အခွင့်အရေး တူမျှခြင်းလမ်း။

ဒီမိုကရေစီ နိုင်ငံတွင် အသက်ရှင်နေမှု၊ လွတ်လပ်စွာ နေရမှု၊ ချမ်းသာ သုခ ရှာဖွေမှု စသော ပိုင်ရေးပိုင်ခွင့်များသည် လူတို့၏ ဇာတိပါ ပိုင်ရေး ပိုင်ခွင့်များဖြစ်သည်။ ထိုပိုင်ရေးပိုင်ခွင့်တို့ကို မည်သူကမျှ ဖျက်ဆီးရုတ်သိမ်း၍ မပစ်နိုင်။ ဤပိုင်ရေးပိုင်ခွင့်များသည် လူမှန်သမျှ ညီတူညီမျှ ပိုင်ကြသော အရေးအခွင့်များ ဖြစ်သည်၊ အာဏာရှင် နိုင်ငံများတွင်မူကား၊ အာဏာရှင်တို့က ထိုအရေးအခွင့်များကို အသိအမှတ်မပြု။

ဒီမိုကရေစီက လူတိုင်းလူတိုင်းတွင် တူညီသော အခွင့်အရေးရှိသည်ဟု ယူဆသော်လည်း၊ လူတို့သည် ရုပ်အမျိုးမျိုး အရွယ်အမျိုးမျိုး အသွေးအရောင် အမျိုးမျိုး ရှိသည့်နည်းတူ အသိဉာဏ်လည်း အမျိုးမျိုး ရှိသည်ကို ဒီမိုကရေစီက အသိအမှတ်ပြုသည်။ သို့ရာတွင် အသိဉာဏ် ရှိသူများမှသာ အသက်ရှင်နေခွင့် လွတ်လပ်စွာ နေနိုင်ခွင့် ချမ်းသာသုခ ရှာနိုင်ခွင့် ရှိပေမည်၊ အသိဉာဏ်မရှိသော သူတို့အား ထိုအခွင့်အရေးများ မရှိစေရဟု ဒီမိုကရေစီကမဆို။ ထိုသို့ မဆိုရုံမျှမကဘဲ လူမှန်လျှင် ခြွင်းချက်မရှိ ထိုအခွင့်အရေးများ ညီညီမျှမျှ ရရှိစေရမည်ဟုသာဆိုသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် လူမှန်သမျှ အဘိုးတန်သည်။ အထူးသဖြင့် ဒီမိုကရေစီသည် ဆင်းရဲနွမ်းပါးသူ၊ မျက်နှာမရှိသူ ၊ဂုဏ်ပကာသန မရှိသူတို့ကို ဂရုစိုက်၍ စောင့်ရှောက်ကာကွယ်ပေးသည်။ ဒီမိုကရေစီအဘို့တွင် လူ့ဘဝ-လူ့အဖြစ်သာလျှင် အရေးကြီးသည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ဂုဏ်ရှိခြင်း၊ ဂုဏ်မဲ့ခြင်း၊ ပညာတတ်ခြင်း မတတ်ခြင်းသည် အဓိကမဟုတ်။ မျက်နှာကြီးရာ ဟင်းဖတ်ပါခြင်းကို ဒီမိုကရေစီက မကြိုက်။ ထို့ကြောင့် ဒီမိုကရေစီသည် ဆင်းရဲသူ ဆင်းရဲသားတို့၏ ကိုးကွယ်ဆည်းကပ်ရာကြီး ဖြစ်သည်။

ဒီမိုကရေစီသည် လူတန်းစား ခွဲခြားခြင်းကို မကြိုက်။ သူဌေးမျိုး သူကြွယ်မျိုး မင်းမျိုး အမတ်မျိုး လူဖြူမျိုး လူမည်းမျိုး ခွဲခြားခြင်းသည်





ဒီမိုကရေစီတွင် နိုင်ငံရေးအဖွဲ့များ လွတ်လပ်စွာ တည်ထောင်ခွင့်ရှိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူတိုင်း လူတိုင်း ညီမျှသော အခွင့်အရေး ရှိရမည်ဆိုသော ဒီမိုကရေစီ သဘောသဘာဝနှင့် ဆန့်ကျင်သည်။ ဒီမိုကရေစီ သဘောအရတွင် လူတမျိုးက တမျိုးထက်ရင်း၊ လူတန်းစားတမျိုးက လူတန်းစားတမျိုး ထက်ရင်း အခွင့်အရေး သာထိုက်သည်ဟု မရှိ။

BURMESE CLASSIC .com

## လူတယောက် တမဲဘဲ။

ဒီမိုကရေစီ နိုင်ငံတွင် လူတိုင်းလူတိုင်း တမဲစီ ပေးနိုင်ခွင့်ရှိသည်။ ဆင်းရဲသူလည်း တမဲပေးနိုင်ခွင့်ရှိသည်။ ချမ်းသာသူလည်း တမဲပေး နိုင်ခွင့်ရှိသည်။ ဘယ်လိုလူမျိုးမှ တမဲထက်ပို၍ ပေးနိုင်ခွင့်မရှိ။ သူဌေး လည်းတမဲ၊ ဆင်းရဲသားလည်းတမဲ။ ဂုဏ်ရှိလည်းတမဲ၊ ဂုဏ်မဲ့လည်း တမဲ၊ ပညာရှိလည်းတမဲ၊ ပညာမဲ့လည်းတမဲ၊ သမ္မတလည်းတမဲ၊ တံ မြက်လှည်းသမားလည်း တမဲဖြစ်သည်။ ဤကား ဒီမိုကရေစီ၏ ညီမျှ သော အခွင့်အရေးဖြစ်သည်။ မဲပေးရာတွင်လည်း ကိုယ့်သဘောနှင့် ကိုယ်ပေးချင်သူကိုသာ လွတ်လွတ်လပ်လပ် ပေးနိုင်ခွင့်ရှိသည်။ ကိုယ် မဲမပေးချင်သောသူကို ပေးရမည်ဟု မည်သူကမျှ အတင်းအကြပ် မ လုပ်နိုင်။ မဲပေးရာတွင် မည်သူ့ကို မဲပေးသည်ဟု မသိနိုင်စေရန် လုံခြုံ စွာကာရံ၍ထားသော အခန်းတွင်း၌ ပေးရသည်။ သို့မှသာ လွတ်လပ် စွာပေးနိုင်မည်။

အာဏာရှင် နိုင်ငံများတွင်မူကား ကိုယ်မဲပေးချင်သူကို လွတ်လပ် စွာ မဲပေးနိုင်ခွင့်မရှိ။ စင်စစ်ဆိုသော် လွတ်လပ်စွာ မဲပေးနိုင်သော ရွေးကောက်ပွဲမျိုးပင်မရှိ။ အကယ်၍ ဟန်ဆောင် ရွေးကောက်ပွဲများ ကျင်းပပြန်လျှင်လည်း အာဏာရှင်တို့ ကြိုက်သောသူကိုသာ မဲပေး နိုင်သည်။

ဒီမိုကရေစီနိုင်ငံတွင် မိမိကသာ မဲပေးနိုင်သည်မဟုတ်။ ရွေး ကောက်ပွဲ၌ မိမိကိုယ်တိုင်ဝင်၍ အရွေးခံခွင့်လည်း ရသည်။



## အာဏာလွှဲပွဲ။

ရွေးကောက်ပွဲဆိုသည်မှာ မိမိတို့အာဏာကို လွှဲပေးပွဲဖြစ်သဖြင့် ဒီမို ကရေစီ နိုင်ငံများတွင် လူတိုင်း လူတိုင်း စိတ်ဝင်စားကြသည်။ ဒီမိုက ရေစီ အဘို့တွင် မဲပေးပွဲထက် အရေးကြီးသော အလုပ်မရှိ။ ဤအလုပ် ကို ဒီမိုကရေစီ နိုင်ငံသားတိုင်း လေးစားကြသည်။ မဲပေးရခြင်း မရှိ လျှင် ဒီမိုကရေစီမရှိနိုင်။ မဲပေးခြင်း အလုပ်သည် လူ့ဘဝကို တန်ဘိုး ရှိကြောင်း ပြသောအလုပ်ဖြစ်၍ ဒီမိုကရေစီ နိုင်ငံသားတို့ ဂုဏ်ယူ ကြသော အလုပ်ဖြစ်သည်။

လွတ်လပ်စွာ မဲပေးနိုင်ခွင့် မရှိသော နိုင်ငံဟာ ဒီမိုကရေစီမဟုတ် ဘူး။ အကျဉ်းထောင်။

## ၃။ လူတို့ ပိုင်ရေး ပိုင်ခွင့်များလမ်း။

## ဒီမိုကရေစီ အသက်။

အသက်ရှင်နေခွင့်၊ လွတ်လပ်စွာနေရခွင့်၊ လွတ်လပ်စွာ ချမ်းသာ သုခရှာဖွေနိုင်ခွင့်၊ ပစ္စည်း ပိုင်ဆိုင်ခွင့် စသည်တို့သည် လူတို့၏ ပဋိ သန္ဓေပါ ပိုင်ရေးပိုင်ခွင့်များ ဖြစ်သဖြင့်၊ ဒီမိုကရေစီ၏ အသက်ဖြစ် သည်။ ဤပိုင်ရေး ပိုင်ခွင့်များကို အညင်းမပွားနိုင်စေရန် နိုင်ငံတည် ဥပဒေတွင် တိတိကျကျ ရေးမှတ်၍ ထားရသည်။ နိုင်ငံတည် ဥပဒေ ပါ ပိုင်ရေးပိုင်ခွင့်များကို မည်သူကမျှ လက်ဖျားနှင့် မတို့နိုင်။ ရုံးများ ၏ အလုပ်မှာ ဤပိုင်ရေးပိုင်ခွင့်များကို စောင့်ရှောက် ကာကွယ်ပေး ရန် ဖြစ်သည်။

## တရားလက်လွတ် မလုပ်နိုင်။

ဒီမိုကရေစီတွင် တရားလက်လွတ် မည်သူ၏အသက်ကိုမျှ မည်သူ က သတ်ပိုင်ခွင့်မရှိ။ မည်သူ၏ လွတ်လပ်စွာ နေခွင့်ကိုမျှ မည်သူက ချုပ်ချယ်ခွင့်မရှိ။ မည်သူ၏ ချမ်းသာသုခ ရှာမှီးခွင့်ကိုမျှ မည်သူက နှောက်ယှက်ပိတ်ပင်နိုင်ခွင့်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



မည်သူ၏ ပစ္စည်းပိုင်ခွင့်ကိုမျှ မည်သူက ကျူးကျော် ဖောက်ဖျက်ခွင့်မရှိ။

## အာဏာရှင်ဟာ တရားမရှိ။

အာဏာရှင်နိုင်ငံတွင်ကား ဤကဲ့သို့မဟုတ်။ အာဏာရှင် တယောက်က သို့မဟုတ်၊ တစုက သဘောမကျသောသူမှန်လျှင် မည်သူကိုမဆို သတ်ပစ်နိုင်ခွင့်ရှိသည်။ လွတ်လပ်စွာ နေခွင့်ကိုလည်း ချုတ်ချယ်ခွင့်ရှိသည်။ ချမ်းသာသုခ ရှာမှီးခွင့်ကိုလည်း၊ နှောက်ယှက် ပိတ်ပင်ခွင့်ရှိသည်။ ပစ္စည်းပိုင်ခွင့်ကိုလည်း၊ ကျူးကျော် ဖောက်ဖျက်ခွင့်ရှိသည်။

ဒီမိုကရေစီတွင် လူသတ်မှုကျူးလွန်သူကိုပင် အရမ်းသတ်၍မပစ်။ ဥပဒေနှင့်အညီ၊ တရားမျှတစွာ စစ်ဆေး၍ မှုပြစ်ထင်ရှားမှသာ ထောင်ဒဏ်၊ သို့မဟုတ် သေဒဏ်ကိုပေးသည်။

ဒီမိုကရေစီတွင် မည်သည့်အလုပ်ကိုပင် လုပ်လုပ်၊ ဥပဒေနှင့်အညီသာ လုပ်ရမည်။ ထင်သလို စည်းမဲ့ကမ်းမဲ့ အရမ်းမလုပ်ရ။

BURMESE CLASSIC .com

## ဥပဒေ တမျိုးတည်း။

ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေတမျိုးတည်းသာ ရှိသည်။ ဆင်းရဲသူအတွက် ဥပဒေတမျိုး၊ ချမ်းသာသူအတွက် ဥပဒေတမျိုး ဂုဏ်ရှိသူအတွက် ဥပဒေတမျိုး၊ ဂုဏ်မဲ့သူအတွက် ဥပဒေတမျိုး၊ အာဏာလက်ကိုင်ရှိသူအတွက် ဥပဒေတမျိုး၊ အာဏာလက်မဲ့ ဖြစ်နေသူအတွက် ဥပဒေတမျိုး မရှိ။ ဒီမိုကရေစီက ကျောကသား ရင်ကသားဟု မခွဲခြား။

## ဥပဒေကို ဘယ်သူမှ မကျူးလွန်နိုင်။

ဒီမိုကရေစီတွင် ဥပဒေက တားမြစ်ထားသော အမှုကို ဘယ်သူမျှ မပြုနိုင်။ လူသတ်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ အိုးအိမ်ဖျက်ဆီးခြင်း စသည်တို့ကို ဥပဒေက တားမြစ်ထားသည်။ ထိုအမှုမျိုးကို မည်သူမျှ မလုပ်နိုင်။ ဆင်းရဲသူလည်း မလုပ်နိုင်၊ ချမ်းသာသူလည်း မလုပ်နိုင်၊ ဂုဏ်ရှိသူလည်း



မလုပ်နိုင်၊ ဂုဏ်မဲ့သူလည်းမလုပ်နိုင်၊ အာဏာလက်ကိုင် ရှိသူလည်းမလုပ်နိုင်၊ အာဏာလက်မဲ့ ဖြစ်နေသူလည်း မလုပ်နိုင်။ ဒီမိုကရေစီမဟုတ်သော နိုင်ငံများတွင်မူကား အာဏာလက်ကိုင် ရှိနေသူတို့က ထင်ရာကို လုပ်နိုင်သည်။ လူကို အရမ်း သတ်ချင်လည်း သတ်နိုင်သည်။ မုဒိန်း ကျင့်ချင်လည်း ကျင့်နိုင်သည်။ ဗိုင်နက် ကျူးလွန်ချင်လည်း ကျူးလွန်နိုင်သည်။ ပစ္စည်းကို သိမ်းယူချင်လည်း သိမ်းယူနိုင်သည်။ အာဏာရှင် နိုင်ငံတွင် လူမိုက်များ ထွန်းကားသည်။ ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေသာလျှင် အချုပ်အချာ ဖြစ်သည်။

## လုပ်သားကို အခလျော့မပေးရ။

ဒီမိုကရေစီနိုင်ငံတွင်၊ လူကို ကာယကံမြောက် သတ်ခြင်းကိုသာ တားမြစ်သည်မဟုတ်၊ လူတို့အား ကျန်းမာခြင်းနှင့် မညီညွတ်သော အခြေအနေမျိုး၌ နေစေခြင်းကိုပင်၊ လူသတ်မှုကဲ့သို့ စက်ဆုတ်သည်။ လူတယောက် ယောက်အား၊ သူရထိုက်သော အခကြေးငွေအောက် ယုတ်လျော့၍ ပေးခြင်းကိုလည်း၊ ဒီမိုကရေစီက ခိုးမှုကဲ့သို့သဘောထားသည်။ လူများစုက လူနည်းစုကို နှိပ်စက် ညှဉ်းပန်းခြင်းကိုလည်း ဒီမိုကရေစီက မနှစ်မြို့။ မည်သည့်ကိစ္စတွင်မဆို၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းကိုသာ ဒီမိုကရေစီက အလိုရှိသည်။ အချုပ်တွင် ဒီမိုကရေစီက 'ဘယ်အလုပ်ကိုမျှ အရမ်းမလုပ်ပါနှင့်' ဟု ဆိုသည်။

ဒီမိုကရေစီသည် တကယ်တရားမျှတသော၊ မေတ္တာဝါဒကြီးပင်တည်း။

## ဒီမိုကရေစီတွင် လျှို့ဝှက်ခြင်း မရှိ။

ဒီမိုကရေစီသည် တိုင်းပြည်အုပ်ချုပ်သည့်အလုပ်တွင် နိုင်ငံလုံခြုံရေးကိစ္စမှတပါး အခြားကိစ္စများတွင် လျှို့ဝှက်ခြင်းမရှိ။ တိုင်းသူပြည်သားတို့သည် မိမိတို့သိလိုသော အကြောင်းများကို သိနိုင်ခွင့်ရှိသည်။ ဥပဒေပြုလုပ်ရာတွင်လည်း လျှို့ဝှက်ခြင်းမရှိ။ လူသိ ရှင်ကြား ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီတွင် လွတ်လပ်စွာ ဆွေးနွေးနိုင်ခွင့်၊အကြံပေး နိုင်ခွင့်ရှိသည်။ ဝေဘန်မှုကို ဟန့်တားပိတ်ပင်ခြင်းမရှိ၊ ဥပဒေပြုဘို့ ဆွေးနွေးခြင်းကိုလည်း လူတိုင်းနားထောင်နိုင်ခွင့် ရှိသည်။ ဥပဒေပြုရာတွင်လည်း အများပြည်သူတို့ ကြည့်လိုသည့် အခါတွင် ကြည့်နိုင်စေရန်၊ မှတ်တမ်းတင်ထားသည်။ အရေးကြီးသော ဆွေးနွေးချက်များကို သတင်းစာမှ၎င်း၊ အသံလွှင့်ရုံမှ၎င်း၊ အများပြည်သူတို့ သိနိုင်စေရန် ကြေညာ၍ပေးသည်။ ရုံးများတွင် တရားစီရင်သည့် အခါတွင်လည်း လျှို့ဝှက်၍ မစီရင်။ လူသိရှင်ကြား စီရင်သည်။ အမှု စစ်ဆေး စီရင်ချက်တို့ကိုလည်း၊ မှတ်တမ်းတင်ထားသည်။ ထိုမှတ်တမ်းကို မည်သူမဆို ကြည့်ရှုနိုင်ခွင့်ရှိသည်။ ဥပဒေကို သိလိုလျှင်၊ ဥပဒေစာအုပ်ကို ဘတ်ကြည့်ခြင်းဖြင့်၎င်း၊ ဥပဒေဆိုင်ရာ ပြည်စေခံများထံတွင်၎င်း၊ မေးမြန်းကြည့်နိုင်သည်။

## အာဏာရှင်နိုင်ငံတွင် အရမ်းချည်းဘဲ။

အာဏာရှင် နိုင်ငံများတွင်ကား၊ ထိုကဲ့သို့မဟုတ်။ အာဏာရှင်တို့သည် ဝေဘန်ခြင်းကိုမကြိုက်။ ဥပဒေများ လုပ်လျှင်လည်း၊ တိုင်းသူပြည်သားတို့ကို အသိမပေးဘဲ အမိန့်ထုတ်၍ ဗျူးစားကြီးလုပ်တတ်သည်။ တိုင်းပြည် ပြုပြင်ပြောင်းလွဲမှု သမားများကိုလည်း၊ အာဏာရှင်တို့က အလိုမရှိ။တိုင်းသူ ပြည်သားတို့ကိုလည်း၊အကာလ ညအခါတွင်လာ၍ တိတ်တိတ်ကလေး ဖမ်းဆီးတတ်သည်။ ဖမ်းဆီးပြီးနောက်လည်း၊ ဘာကြောင့် ဖမ်းဆီးသည်။ ဘယ်မှာ ချုပ်နှောင်ထားသည်။ ဘယ်တော့ အမှုစစ်ဆေးမည်ဟု သားမယား မိဘဆွေမျိုးတို့သိခွင့်မရ။ အမှုစစ်ပြန်လျှင်လည်း လူမသိသူမသိ၊ တိတ်တိတ်စစ်၍၊ အပြစ်ပေးလျှင်လည်း ထင်သလို တိတ်တိတ် အပြစ်ပေးတတ်သည်။ အာဏာရှင်နိုင်ငံတွင်၊သတင်းစာ ဆရာတို့မှာ၊ မိမိတို့ထင်မြင်ချက် ရရှိသည့်အတိုင်း ရေးသားဖေါ်ပြခွင့်မရ။ အာဏာရှင်၏ အမိန့်အတိုင်းသာ ရေးသားဖေါ်ပြရသည်။ အသံလွှင့် သမားများလည်း ထိုအတိုင်းပင်ဖြစ်သည်။ အာဏာရှင်တို့သည် တိုင်းသူ ပြည်သားများ အသိဉာဏ် ရှိလာမှာကို ကြောက်သည်။



## အကြားအမြင် များမှု။

ဒီမိုကရေစီကမူ တိုင်းသူ ပြည်သားများအား၊ သူတို့ လိုချင်သော အကြောင်း သတင်းများကိုသာ ပေးသည်မဟုတ် တိုင်းသူ ပြည်သားတို့အား အကြားအမြင်နှင့် ပြည့်စုံစေရန်လည်းအလိုရှိသည်။ထို့ကြောင့် ဒီမိုကရေစီက အကြောင်း သတင်းများကို လွယ်လွယ်နှင့်ရအောင် စီစဉ်ပေးသည်။ အဘယ်ကြောင့် ထိုကဲ့သို့ စီစဉ်ပေးရသနည်း။ အခြားကြောင့်မဟုတ်။ တိုင်းသူ ပြည်သားတို့သည်, တိုင်းပြည်ကို ပိုင်ဆိုင်သော ရှင်ဘုရင် (မင်း) များ ဖြစ်ကြသောကြောင့်တည်း။ တိုင်းသူပြည်သားတို့မှာ၊မင်းများ ဖြစ်ကြသည့်အတိုင်း၊တိုင်းပြည်၏ အကြောင်းကို ကောင်းစွာ သိကြဘို့လိုသည်။ သို့ သိရမှလည်း၊ တိုင်းပြည်နှင့် ပတ်သက်သော ကိစ္စတို့ကို မှန်ကန်စွာ ဆုံးဖြတ် နိုင်ကြမည် ဖြစ်သည်။ မသိ နားမလည်သော တိုင်းသူ ပြည်သားတို့သည် မိမိတို့၏ ကိုယ်စားလှယ် (အမတ်) များကို ရွေးကောက် တင်မြှောက်ကြရာတွင်၊ လူကောင်း သူကောင်းကို၊ ရွေးကောက် တင်မြှောက်တတ်ကြ လိမ့်မည်မဟုတ်။

ထို့ကြောင့် ဒီမိုကရေစီ၏ အဓိက အလုပ်ကြီးမှာ၊ တိုင်းသူ ပြည်သားတို့အား၊ ဗဟုသုတ အကြားအမြင် များနိုင်သမျှ များအောင် စီပေးဘို့ဖြစ်သည်။အာဏာရှင်ဝါဒသည် အာဏာရှင် တဦးတည်း၊ သို့မဟုတ် အာဏာရှင် တစုတည်းက၊လက်ဝါးကြီး အုပ်လိုသော ဝါဒဖြစ်သဖြင့်၊တိုင်းသူ ပြည်သားတို့ အသိဉာဏ် ရှိလာမှာကို ကြောက်သည်။ အသိဉာဏ် မရှိသူတို့ကို နဖါးထိုးရခြင်းသည် လွယ်သည် မဟုတ်လော။

## ဒီမိုကရေစီဟာ နဖါးထိုး ဝါဒမဟုတ်။

ဒီမိုကရေစီသည် လူနှင့် လူချင်း နဖါးထိုးလိုသော ဝါဒမဟုတ်သဖြင့်၊ လူတို့ကို အသိဉာဏ် ပေးရမှာမကြောက်။ လောကတွင် တိုင်းသူ ပြည်သားတို့အား အသိဉာဏ် မပေးသော ဒီမိုကရေစီဟူ၍ မရှိ။အ

www.burmeseclassic.com

ကယ်၍ ရှိခဲ့သည်ဟုဆိုအံ့။ ထိုဒီမိုကရေစီသည် အတုအယောင် ဒီမိုက ရေစီသာဖြစ်ရမည်။ လောကတွင် မှောင်သော အလင်းမရှိနိုင် သကဲ့သို့ တိုင်းသူ ပြည်သားတို့အား၊အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံအောင် လုပ်မပေးသော ဒီမိုကရေစီဟု မရှိ။လူတို့ မိုက်မဲ တွေဝေနေသော နေ ရာတွင်၊ ဒီမိုကရေစီ မပေါ်နိုင်။ ဒီမိုကရေစီ ပေါ်နေသော နေရာ၌ လည်း၊ လူတို့ မိုက်မဲတွေဝေ၍ မနေနိုင်။ ရေမရသော သစ်ပင်သည် အမှန်ပင် သေရမည် ဖြစ်သကဲ့သို့ အသိဉာဏ် ရမှုမရှိသော တိုင်းပြည် တွင် ဒီမိုကရေစီ မရှိနိုင်။

ထို့ကြောင့် ဒီမိုကရေစီ ရှိနိုင်ဘို့နှင့် ရှိပြီးနောက် ဆက်လက်တည်မြဲ နေနိုင်ဘို့အတွက် သတင်း ဖြန့်ဝေမှုသည် အရေး အကြီးဆုံးဖြစ်သည်။ ဤအချက်ကို ဒီမိုကရေစီ လိုလားသူတို့ အထူး သတိပြုအပ်သည်။ သတင်းအမှန် ဖြန့်ဝေမှုနှင့် တဖက်သတ် ဝါဒဖြန့်မှုတို့ ခြားနားသည် ကိုလည်း ခွဲခြား၍သိအောင် ကြိုးစားကြရသည်။

အဘယ်ကြောင့် သတင်းမှန် ဖြန့်ဝေမှုသည်၊ ဒီမိုကရေစီအဘို့အ ရေး အကြီးဆုံး ဖြစ်ရသနည်း။ အခြားကြောင့်မဟုတ်၊ ဒီမိုကရေစီ တွင်၊ တိုင်းသူ ပြည်သားတို့သည် ရှင်ဘုရင်များ ဖြစ်ကြသဖြင့် တိုင်း သူ ပြည်သားတို့က အမှန်အကန်ကို သိကြရမှသာ၊မိမိတို့၏ ကိုယ်စား လှယ် (အမတ်) များကို ရွေးကောက် တင်မြှောက်ရာဘွင်၊လူကောင်း သူကောင်းများကို ရွေးကောက် တင်မြှောက်နိုင်ကြမည် ဖြစ်သော ကြောင့်တည်း။

## လူယုတ်ကို မရွေးမိဘို့ အရေးကြီးခြင်း။

ဒီမိုကရေစီတွင်၊ တိုင်းသူပြည်သား ရှင်ဘုရင်များက၊မိမိတို့၏ကိုယ် စားလှယ်ကောင်းနှင့် ကိုယ်စားလှယ်ယုတ်ကို၊ ခွဲခြား၍ သိတတ်ဘို့လို သည်။ ထိုသို့ ခွဲခြား၍ သိတတ်နိုင်ရန်အတွက်၊ သတင်း အမှန်အကန် ကို ရဘို့လိုသည်။သတင်း အမှန်အကန်ကို မရသော တိုင်းသူပြည်သား တို့သည် ကိုယ်စားလှယ်များ ရွေးရာတွင် အမှားမှား အယွင်းယွင်း



မြဲမည်သာတည်။ ကိုယ်စားလှယ်ယုတ်ကို၊ ရွေး၍ တင်မိခဲ့လျှင်၊ ဒီမို ကရေစီ ပျက်တတ်သည်။ ကိုယ်စားလှယ်ယုတ်တို့သည် မိမိတို့ လက် ထဲတွင် အာဏာ ရလာသည်နှင့် တပြိုင်နက်၊အာဏာကို အလွဲသုံးစား ပြုလုပ်ကြလျှင်၊အာဏာရှင် လုပ်တတ်ကြသည်။ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားတို့မှာ၊ သတင်း အမှန်အကန်ကိုရအောင် ရှာ၍ ရသောအခါ ထိုသတင်းကို ကောင်းစွာ သုံးတတ်ဘို့ တာ ဝန်ရှိသည်။

## ပေါ့ပေါ့နေလို့ မဖြစ်ဘူး။

ဒီမိုကရစီဘွင်၊ 'အာဏာရှင် စံနစ်မှာကဲ့သို့၊ တိုင်းသူ ပြည်သားတို့ ပေါ့ပေါ့ဆဆနေ၍မရ။ ဒီမိုကရေစီ လိုလားသူတို့သည် သတင်းစာများ ကိုလည်း၊ ဂရုစိုက်၍ ဘတ်ကြရသည်။တတ်သိ နားလည်သူတို့နှင့်လည်း ဆွေးနွေး တိုင်ပင်၍နေကြရသည်။ထို့နောက် စဉ်းစားဉာဏ်ကို အသုံးပြု ၍ ဆုံးဖြတ်တတ်အောင် လေ့လာကြရသည်။ မိမိ လေ့လာဆည်းပူး၍ ရလာသော အသိဉာဏ်ကိုလည်း သူတပါးအား တဆင့် ဖြန့်ဖြူးဝေငှ ရသည်။ ထိုမှတပါး၊တပါးသူတို့ကိုလည်း မှန်ကန်စွာ ဆုံးဖြတ်နိုင်ရန်၊ နည်းပေး လမ်းပြ လုပ်ကြရသည်။ သို့မဟုတ်ဘဲ ပေါ့ပေါ့ဆဆ နေခဲ့ပါ လျှင်၊ အာဏာရှင်ကို လက်ရပ်၍ ဖိတ်ခေါ် နေသည်နှင့်သာ တူ၍ နေ လိမ့်မည် ဖြစ်သည်ကို သတိပြုကြရာသည်။

## လက်တွင်း တဆုပ်ခန့် လူစုရန်။

တိုင်းသူ ပြည်သားတို့သည်၊ မိမိတို့စားမှု၊ နေမှု အစရှိသည်တို့နှင့် ပတ်သက်သည့် ပြဿနာများကို၊ မိမိတို့ အားလုံး စုပေါင်းတိုင်ပင်၍ မဆောင်ရွက်ကြလျှင်၊ လက်တွင်း တဆုပ်ခန့်သော လူတစုက မိမိတို့ အတွက် သူတို့သဘောနှင့် သူတို့ ချယ်လှယ်သွားကြလိမ့်မည်။ ထိုအ ခါတွင် ဒီမိုကရေစီ၊ ခန္ဓာစဲ၍ သွားလိမ့်မည်။

www.burmeseclassic.com



လမ်းမရှောက်ဘဲ အရှည်အကြာ နေသူသည် အကြောဆိုင်း၍ အိပ်ရာထဲတွင် တခါတည်းလဲ၍ နေတတ်သည်၊ လက်မောင်းကြွက်သား ခြေသလုံး ကြွက်သားတို့သည် အမြဲတမ်း အသုံးပြု၍ နေမှသာလျှင်၊ အင်အား တောင့်တင်း၍ နေနိုင်သည်။ ထိုနည်းတူစွာပင် ဒီမိုကရေစီသည်လည်း၊ တိုင်းသူ ပြည်သားတို့က အမြဲဂရုစိုက်၍ ဆွေးနွေး သုံးသပ်နေမှသာ၊ ခိုင်မြဲကြီးပွါးနိုင်သည်။

## လွတ်လပ်စွာ ရေးသားခွင့်။

ဒီမိုကရေစီ နိုင်ငံတွင် သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများသည် များစွာ လွတ်လပ်ခွင့် ရကြသည်။ သတင်းစာများ၊ ဂျာနယ်များ မဂ္ဂဇင်းများသာမဟုတ်၊ ဇာတ်သဘင်များ၊ အသံလွှင့်ရုံများ၊ ရုပ်ရှင်ပြဇာတ်များလည်း များစွာ လွတ်လပ်ခွင့် ရကြသည်။ သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများနှင့် သဘင်လောက တခုလုံးအား၊ဟုတ်တာမှန်တာများကို ပြောကြရန် ဒီမိုကရေစီက အားပေးသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင်၊ သတင်းစာလောကနှင့် သဘင်လောကသည် မိမိတို့ ယုံကြည်ချက် ရှိသည့်အတိုင်း လွတ်လပ်စွာ ပြောဆိုခွင့် ရကြသည်။ သတင်းစာ လောကအား မည်သည့် အကြောင်းကိုသာ ရေးသားဝေဘန်၍ မည်သည့်အကြောင်းကို မရေးသား မဝေဘန်ရဟု ဒီမိုကရေစီက ပိတ်ပင် ဟန့်တားခြင်းမပြု။ သွယ်ဝိုက်၍လည်း မပြု။ ဦးတိုက်လည်းမပြု။ ဒီမိုကရေစီသည် အမှန်ရေးခြင်း အမှန်ဝေဘန်ခြင်းကို မကြောက်၊ မကြောက်ရုံသာမက အထူးပင် နှစ်သက်မြတ်နိုးသည်။

သို့ရာတွင် စစ်ဖြစ်နေသည့် အတောအတွင်းတွင်မူ၊ ရန်သူတို့ သိသွားလျှင် မိမိတို့တွင် အကျိုးယုတ် စေနိုင်သည့် အချက်များကိုကား၊ သတင်းစာ လောကနှင့် သဘင်လောကတို့က၊ စစ်မဖြစ်သည့် ရိုးရိုးအခါများမှာကဲ့သို့ ဖေါ်ပြခွင့်မရ။ သို့ ဖေါ်ပြခွင့် မရခြင်းမှာလည်း၊ စစ်ဖြစ်နေသည့် အချိန်အတွင်းသာ ဖြစ်သည်။



ဒီမိုကရေစီ နိုင်ငံက သတင်းစာ တို့သည် တိုင်းသူ ပြည်သားတို့က မလျောက်ပတ်ဟု ယူဆသော အကြောင်းများကို ရေးသား ဖေါ်ပြခြင်းမှ မိမိတို့ အလိုအလျောက် အမြဲ ရှောင်ကြဉ်ကြသည်။ သဘင်လောက ကလည်း ဤသို့ပင် ရှောင်ကြဉ်ကြသည်။

## လွတ်လပ်စွာ ဝေဘန်ခွင့်။

ဤသို့လျှင်တိုင်းသူ ပြည်သားတို့က၊ မလျောက်ပတ်ဟု ယူဆသော အကြောင်းများကို ဖေါ်ပြခြင်းမှ သတင်းစာများသည် အမြဲတမ်းရှောင်ရှားကြသော်လည်း၊ အစိုးရ (ပြည်စေခံ အဖွဲ့) ၏ ပြုမူချက်များနှင့် ပတ်သက်၍မူကား မိမိတို့ မည်ကဲ့သို့ ထင်မြင်ချက်ရသည်ကို၊အမြဲရေးသား ဖေါ်ပြကြသည်၊ ဒီမိုကရေစီ နိုင်ငံတွင် အစိုးရ အရာရှိ (ပြည်ဝန်ထမ်း) တဦး တယောက်ကို ဝေဘန်သဖြင့်၊ သတင်းစာ အယ်ဒီတာတို့ ထောင်ချခံရသည်မရှိ။ ထိုမှတပါး ဘာသာရေး တရားဟောပုဂ္ဂိုလ်များကလည်း၊အစိုးရ (ပြည်စေခံအဖွဲ့) ကို၊လွတ်လပ်စွာ ဝေဘန်နိုင်ကြသည်သာ ဖြစ်သည်။ အမေရိကန်လို ဒီမိုကရေစီ နိုင်ငံတွင် အသံလွှင့်ဌာနမှ နေ၍ လွတ်လပ်စွာ ဝေဘန်နိုင်ခွင့် ရကြသည်။ အကယ်၍ အမေရိကန် လူမျိုး တဦး တယောက်သည် အမေရိကန် သမ္မတနှင့် သဘောချင်း မတိုက်ဆိုင်လျှင်၊ ထိုသူအား ထိုသို့ သမ္မတနှင့် သဘောချင်း မတိုက်ဆိုင်သည် ဟူသော အကြောင်းဖြင့်၊ အသံလွှင့်ဌာနမှ ပြောဆိုခြင်း မပြုရဟု ပိတ်ပင်နိုင်ခွင့်မရှိ။ ထို့ပြင် ပုံနှိပ်တိုက်များကိုလည်း၊ဘယ်လို စာမျိုးကိုသာ ပုံနှိပ်၍ ဘယ်လိုစာမျိုးကို ပုံမနှိပ်ရဟု အစိုးရ (ပြည်စေခံအဖွဲ့) က တားမြစ်ပိတ်ပင် နိုင်ခွင့်မရှိ။

## အမှန်များကို သိရန်။

ဒီမိုကရေစီ နိုင်ငံတွင်၊ အဘယ်ကြောင့် ဤကဲ့သို့ လွတ်လပ်စွာ ပြောဆို ရေးသားခွင့် ရှိပါသနည်း။ အခြားကြောင့်မဟုတ်၊ တိုင်းသူ ပြည်သားတို့မှာ၊ မှန်ကန်သောသတင်း မှန်ကန်သော အချက်အလက်

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်သော အကြောင်း ခြင်းတများကို သိဘို့ လိုအပ်သောကြောင့်တည်း။ မှန်ကန်သော အချက်အလက်များကို မသိရလျှင်၊ တိုင်းသူပြည်သားတို့သည် မှန်ကန်အောင် ဆုံးဖြတ် နိုင်ကြလိမ့်မည်မဟုတ်။ ဥပမာ ရွေးကောက်ပွဲတွင် မည်သူ့ကို ရွေးကောက် တင်မြှောက်ရမည်ဟု၊ မှန်ကန်စွာ မဆုံးဖြတ်နိုင်လျှင်၊ တိုင်းသူပြည်သားတို့မှာ ကိုယ်ကျိုး နဲကြမည်သာ ဖြစ်၏။ ဒီမိုကရေစီတွင် အစိုးရ (ပြည်စေခံအဖွဲ့) က တိုင်းသူ ပြည်သားတို့ကို မပိုင်ဘဲ၊ တိုင်းသူ ပြည်သားတို့ကသာ အစိုးရ (ပြည်စေခံအဖွဲ့) ကို ပိုင်သောကြောင့်၊တိုင်းသူ ပြည်သားတို့မှာ၊ သူဘို့ သိလိုသော အကြောင်းမှန်များကို သိပိုင်ခွင့် ရှိကြသည်။

## လွတ်လပ်စွာ ပြောဆိုခွင့် မကြိုက်သူ။

အာဏာရှင် တို့သည် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်ကို စက်ဆုတ် ရွံရှာကြသည်။ ထိုနည်း တူစွာပင် တိုင်းရှင် ပြည်ရှင် ဖြစ်သော တိုင်းသူပြည်သားများကို အသိမပေး၊မတိုင်ပင် မနှီးနှောဘဲ သူဘို့ဟာ သူတို့ ကြိတ်၍ လုပ်ချင်သော နိုင်ငံရေး သမားများနှင့် ဩဇာ ကြီးမားသော ဆရာကြီးများ သည်လည်း လွတ်လပ်စွာ ပြောဆိုခွင့် လွတ်လပ်စွာ ရေးသားခွင့်တို့ကို မနှစ်မြို့ကြ။

အာဏာရှင် တို့သည် ဝေဘန်ခြင်းကို မကြိုက်။ သူတို့ကို ဝေဘန်လျှင် ဆွေ့ဆွေ့ခုန် နာကြသည်။ ဝေဘန်ခြင်းကို အာဏာရှင်တို့က သစ္စာဖေါက်ခြင်းဟု ခေါ်ကြပြီးလျှင်၊ ဝေဘန်မှု အရပ်ရပ်ကို တားမြစ်ပိတ်ပင်ကြသည်။ မိမိတို့ကို ဝေဘန် သူတို့အား အာဏာရှင်တို့က ထောင်ဒဏ် သေဒဏ်ဖြင့် ဆုချကြသည်။ အာဏာရှင်တို့သည် သတင်းစာ၊ဂျာနယ်၊မဂ္ဂဇင်းနှင့် အသံလွှင့် ဌာနများကို မဟုတ်မမှန်သော ဝါဒ ဖြန့်ဌာနများ အဖြစ်ဖြင့်သာ အသုံးပြုကြသည်။

## လွတ်လပ်စွာ ပြောခွင့်ကို အလွဲမသုံးစားရ။

လွတ်လပ်စွာ ပြောဆိုပိုင်ခွင့် လွတ်လပ်စွာ ရေးသားပိုင်ခွင့်သည် ပကတိအားဖြင့် ကောင်းသော်လည်း၊ တခါတရံ တိုင်းသူ ပြည်သား



တို့က ထိုပိုင်ခွင့်ကို မတော်မလျော် အသုံး ပြုတတ်သည်ကိုလည်း သတိပြုအပ်သည်။ ထိုသို့ မတော်မလျော် အသုံးပြုခြင်းသည် ဒီမိုကရေစီ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သည်။ ဥပမာ သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းတို့မှ၊ မဟုတ်မမှန်သော အကြောင်းများကို ရေးသား ဖေါ်ပြခြင်းသည်၊ လွတ်လပ်စွာ ပြောဆို ရေးသားပိုင်ခွင့်ကို အလွဲသုံးစား ပြုလုပ်ခြင်းဖြစ်သည်။ထိုနည်းတူစွာပင် အပြစ်မရှိသော အစိုးရ (ပြည်စေခံ) အဖွဲ့ဝင် တဦးတယောက်အား မဟုတ် မတရား စွပ်စွဲ ရေးသားခြင်းသည်လည်း၊ လွတ်လပ်စွာ ပြောဆို ရေးသားခွင့်ကို အလွဲသုံးစား ပြုလုပ်ခြင်းဖြစ်သည်။ ကောင်းသော ဥပဒေကို မတော် မတရား ပြောဆို ရေးသားခြင်းလည်း၊ လွတ်လပ်စွာ ပြောဆို ရေးသားခွင့်ကို အလွဲသုံးစား လုပ်ခြင်းဖြစ်သည်။သတင်းစာမှ၊မဟုတ်မမှန်သည့် အကြောင်းကို ရေး၍ ကိုယ်ကျိုးရှာခြင်းလည်း၊ လွတ်လပ်စွာ ပြောဆို ရေးသားခွင့်ကို အလွဲသုံးစား လုပ်ခြင်းပင် ဖြစ်သည်။

## ဒီမိုကရေစီ၏ ထွက်သက် ဝင်သက်။

ထိုကဲ့သို့ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ကို အလွဲသုံးစားပြုလုပ်ကြသောအခါ အမိကာရ ဒီမိုကရေစီ သမားကြီးများအစစ်ပင်လျှင်၊ ဒီမိုကရေစီကို စိတ်ပျက် လာကြပြီးလျှင်၊ လွတ်လပ်စွာပြောဆို ရေးသားခွင့်ကို၊ လျှော့၍ ပစ်လိုသောစိတ်များ ပေါ်ပေါက်လာတတ်သည်။

သို့သော်၊ ဒီမိုကရေစီကို အလိုရှိလျှင်၊ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ကို ပိတ်ပင်ပစ်၍မဖြစ်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်သည်၊ ဒီမိုကရေစီ၏ ထွက်သက် ဝင်သက်ပင်ဖြစ်သောကြောင့်တည်း။

## လွတ်လပ်စွာ ပြောခွင့်ကို ပိတ်ပစ်၍မဖြစ်။

ဒီမိုကရေစီ၏ သဘောအရမှာ၊ သူ့ဘက် ကိုယ့်ဘက် လွတ်လပ်စွာ ပြောဆိုခွင့် ပေးရမည်သာ ဖြစ်သည်။ သို့မှသာ တိုင်းသူ ပြည်သား

www.burmeseclassic.com

www.burmeseclassic.com



တို့သည် နှစ်ဘက်စကားကို ကြားနာရ၍ မှန်ကန်စွာ ဆုံးဖြတ်နိုင်ကြလိမ့်မည်။ တိုင်းသူ ပြည်သား တို့သည် အကြောင်း အစုံ အလင်ကို သိရလျှင် မှန်ကန်စွာ ဆုံးဖြတ်ကြလိမ့်မည်ဟု၊ ဒီမိုကရေစီက ယုံကြည်သည်။ တခါတရံ တိုင်းသူပြည်သားတို့သည် မှန်ကန်စွာ မဆုံးဖြတ်နိုင်ဘဲ မှားတတ်သည့် အခါမျိုးများ ရှိသည်ကိုလည်း ဒီမိုကရေစီက သိသည်။ သို့ရာတွင် လွတ်လပ်စွာပြောဆို ရေးသားခွင့်ကို တခါတည်း ပိတ်၍ ပစ်လိုက်ပါက တိုင်းသူပြည်သားတို့သည် ဘာကိုမျှ သိနိုင်ခွင့် ရကြတော့မည် မဟုတ်သဖြင့်၊ မှားသည်ထက် ပို၍မှားကုန်ကြမည်သာ ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ကို ချုတ်ချယ်ပိတ်ပင်မည်ဆိုလျှင်၊ ဒီမိုကရေစီက သဘောတူနိုင်လိမ့်မည် မဟုတ်။ လွတ်လပ်စွာ ပြောဆိုရေသားခွင့်ကို အလွဲသုံးစားလုပ်၍၊ လှည့်ဖြားမည်ဆိုလျှင်၊ အချို့သူများကို၊ ခဏတဖြုတ်၊ အချို့သူများကို အမြဲအစဉ် လှည့်ဖြား၍ ရနိုင်မည်ဖြစ်သော်လည်း၊ တိုင်းသူပြည်သား အကုန်လုံးကို အမြဲအစဉ် လှည့်ဖြား၍ ရနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတွင် လွတ်လပ်စွာ ပြောဆိုခွင့်ကို အလွဲသုံးစား ပြုလုပ်သူတို့ အစဉ်ထွန်းကား နေနိုင်လိမ့်မည်ဟု ပူပန် ကြောင့်ကြရန်မရှိ၊ မဟုတ်တာ လုပ်သူတို့သည် ဒီမိုကရေစီ၏ ဝေဘန်ခြင်းဒဏ်ကို အရှည်အကြာ ခံနိုင်လိမ့်မည်မဟုတ်။ အနေးနှင့် အမြန် ဗျူးပေါ်သလို ပေါ်ရမည်သာ ဖြစ်သည်။ ထိုအပြင် ဝေဘန်ခြင်းကို မခံနိုင်သော အရာမှန်သမျှသည်၊ ပြုပြင် ပြောင်းလဲ ပစ်လိုက်သော အရာများသာ ဖြစ်သည်ဟုလည်း ဒီမိုကရေစီက ယုံကြည်သည်။

## လွတ်လပ်စွာ သတင်းဖြန့်ဝေခွင့်။

လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်သည် တိုင်းသူ ပြည်သားတို့အဘို့၊ တာဝန်ကြီးလေးသော အရာဖြစ်၏။ ထို့ကြောင့် တိုင်းသူပြည်သားတို့သည် သတင်းစာ များကို ဖတ်ရာတွင်လည်း၊ အမှတ်တမဲ့ မဖတ်ကြဘဲ စဉ်းစဉ်းစားစား ဖတ်ကြ၍၊ အသံလွှင့်ခြင်းကို နားထောင်ရာ



တွင်လည်း သတိထား၍ နားထောင်အပ်သည်။ သို့မှသာ မှန်သည့်အရာနှင့် မမှန်သည်အရာကိုဎင်း၊ အရေးကြီးသည့်အရာနှင့် အရေးမကြီးသည့် အရာကိုဎင်း၊ ခွဲခြား၍သိနိုင်လိမ့်မည်။ အချို့သူတို့သည် အမှန်တဝက် မမှန်တဝက်ရော၍၊ ပြောဆို ရေးသားတတ်ကြသဖြင့် ကြားရ ဖတ်ရသူတို့က အမှားအမှန်ကို ခွဲခြား၍ သိနိုင်ဘို့ မလွယ်လှ။ သို့ဖြစ်ရာ တိုင်းသူ ပြည်သား တို့သည် မိမိတို့လိုရာကို ဆွဲ၍ တွေးတတ်သော အလေ့ကို ရှောင်ရှား၍၊ ဟုတ်တိုင်း မှန်ရာရောက်အောင် သမာသမတ် စိတ်ထားဖြင့် မိမိတို့ကိုယ်တိုင်လည်း ဆင်ခြင်စဉ်းစား၍ သူတပါးကိုလည်း မိမိတို့ကဲ့သို့ ဆင်ခြင်စဉ်းစားအောင် တိုက်တွန်းနှိုးဆော်ထိုက်သည်။ ဒီမိုကရေစီအဘို့တွင်၊ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်သည်၊ အလွန်အလွန် အရေးကြီးလှသဖြင့် ထိုအခွင့်ကို အလွဲသုံးစား လုပ်သူတို့က လုပ်ကြသည် တိုင်အောင်ပင်၊ ထိုအခွင့် ပျောက်ပျက် မသွားရလေအောင် တိုင်းသူပြည်သားတို့က ဂရုစိုက်၍ ကာကွယ် စောင့်ရှောက် ပေးကြရမည်သာဖြစ်သည်။

## အသရေပျက်အောင် ပြောခွင့်မရှိခြင်း။

ဒီမိုကရေစီ နိုင်ငံတွင်၊ အများပြည်သူတို့နှင့် ဆိုင်သော ကိစ္စများတွင်၊ မည်သူမဆို၊ မိမိတို့ ထင်မြင် သဘောရရှိသလို၊ ထုတ်ဖေါ်ပြောဆိုခွင့်ရှိသည်။ ဤအခွင့်သည် လွတ်လပ်စွာ သတင်းဖြန့်ဝေခွင့်ထက်ပင် အရေးကြီးသေးသည်။ ဤအခွင့်သည် တိုင်းသူပြည်သားတို့ကို အားတက်စေ၍ အကြားအမြင်နှင့် ပြည့်စုံပြီးလျှင် အုပ်ချုပ်မှု (အစိုးရ) ကိုလည်း ခိုင်မြဲစေနိုင်သည်။

ထို့ကြောင့် တိုင်းသူ ပြည်သားတို့သည် အခြားအခြားသော အကြောင်းကိစ္စများနှင့် ပတ်သက်၍လည်း မိမိတို့ ထင်မြင် သဘောရှိသလို၊ ထုတ်ဖေါ်ပြောဆိုသင့်သည်။ ထိုသို့ထုတ်ဖေါ် ပြောဆိုရာတွင် တမင်သက်သက် လူတဖက်သားအား အရှက်တကွဲ အကျိုးနဲဖြစ်အောင် မပြောမိဘို့ သတိပြုအပ်သည်။ အများအကျိုးနှင့် မစပ်ယှဉ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



လူတဦးတယောက်အား မလိုမုန်းထား၍ ချိုးဖဲ့ ပြောဆိုခြင်းသည် အသရေ ဖျက်မှုဖြစ်သည်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို အသုံးပြုကြရာတွင်၊ အသရေဖျက်မှု မဖြစ်အောင်လည်း ဆင်ခြင်ကြရသည်။ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် လွတ်လပ်စွာ ဆဲဆိုခွင့်၊ လွတ်လပ်စွာ အသရေ ဖျက်ခွင့်တို့မှာ တခြားစီ ဖြစ်သည်ကိုလည်း သတိမူကြရာသည်။ လူတဖက်သားကို အကြောင်းမဲ့ အရှက်တကွဲ အကျိုးနဲ ဖြစ်အောင် ရှုတ်ချပြောဆိုခြင်းကို ဒီမိုကရေစီက အလိုမရှိ။ ဒီမိုကရေစီ ဝါဒကို ကောင်းစွာ သဘောပေါက်သူတို့သည် အသရေဖျက်မှု ဥပဒေကို မကြောက်ရသည်တိုင်အောင်၊ သူတပါးအား အကြောင်းမဲ့ အရှက်တကွဲ အကျိုးနဲ ဖြစ်စေမည့် စကားကို ဆိုကြလိမ့်မည်မဟုတ်။ သူတပါးကို နစ်နာ ပျက်စီးအောင် လုပ်၍ ကိုယ်ကျိုး ရှာသူတို့ကို ဒီမိုကရေစီက အလိုမရှိ။ သို့ရာတွင် အများအကျိုးရှိရာ ရှိကြောင်းအတွက် မငဲ့မကွက် ပြောဆိုရေးသားခြင်းကိုကား၊ ဒီမိုကရေစီက အလွန့်အလွန်ပင် နှစ်သက်သည်။

## သူများကိုလည်း လွတ်လပ်စွာ ပြောခွင့် ပေးရမည်။

မည်သူမဆို၊ ကိုယ့်စိတ်ထဲတွင် ရှိသည့်အရာများကို လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆို လိုကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုခွင့်ကို၊ ပေါ့ပေါ့ကလေး မယူဆကြရာ။ ဒီမိုကရေစီသမား အစစ်တို့သည်၊မိမိတို့ ပြောချင်သောအကြောင်းကို လွတ်လပ်စွာ ပြောဆိုခွင့် ရလိုကြသည့်နည်းတူ အခြားသူများကိုလည်း၊ သူတို့ပြောချင်သော အကြောင်းများကို ကိုယ်နှင့်ထပ်တူ လွတ်လပ်စွာ ပြောဆိုခွင့် ပေးလိုကြသည်။ ဒီမိုကရေစီသမား အစစ်တို့သည် မိမိတို့ မကြိုက်သော စကားကို ပြောသူကိုပင် လွတ်လပ်စွာ ပြောဆိုခွင့်ပေးကြသည်။ တရံရောအခါ ပြင်သစ်ပညာရှိကြီး ဗေါ်လ်တဲယားသည် အခြားပညာရှိတဦးနှင့် သဘောအယူအဆ ကွဲလွဲခဲ့သည်။ဗေါ်လ်တဲယားက ဖူသည်ထင်သော အရာကို အခြားပညာရှိက မဲသည်ဟု ထင်



သည်။ ထိုအခါ ဗေါ်လ်တဲယားက၊ "သူပြောသည့် စကားကို တလုံးမျှ ငါသဘောမကျဘူး၊ သဟာပေမင့် သူရဲ့လွတ်လပ်စွာ ပြောဆိုခွင့်ကိုတော့ ငါက အသက်နှင့် လဲ၍ကာကွယ်မည်" ဟု ပြောဘူးသည်။ အဲသည်လို ကိုယ်မကြိုက်သည့် စကားကိုပင် သူတပါးအား လွတ်လပ်စွာ ပြောဆိုခွင့် ပြုခြင်းမျိုးမှသာ၊ ဒီမိုကရေစီ အစစ်ဖြစ်သည်။ ဒီမိုကရေစီသမားအစစ်တို့သည်၊ ကိုယ့်အဖို့ကိုသာ လွတ်လပ်စွာ ပြောဆိုခွင့်ကို အလိုရှိကြသည်မဟုတ်။ကိုယ်နှင့် သဘော အယူအဆ မတူသူတို့အား လွတ်လပ်စွာ ပြောဆိုခွင့်ပေးရဘို့အတွက်လည်း တွန့်တိုခြင်းမရှိကြ။

## မှန်ပါ့ဘုရား ဝါဒ။

သို့ရာတွင် အာဏာရှင် နိုင်ငံများတွင်မူကား၊ ထိုကဲ့သို့ မဟုတ်။ အာဏာရှင် တို့သည် သူတို့သဘောမကျသည့် စကားကို ဘယ်သူ့မျှ ပြောဆိုခွင့်မပြု။ အာဏာရှင်နိုင်ငံတွင် လူဖြစ်ရသူတို့မှာ လူဖြစ်ကျိုးမနပ်။ အာဏာရှင်၏ အလိုတော်ကိုသာ ကြည့်၍ အာဏာရှင်က ဖြူသည်ဆိုလျှင် မဲမှန်းသိလျက်နှင့် သူတို့ကလိုက်၍ ဖြူကြရသည်။ အာဏာရှင်နိုင်ငံတွင်၊ တိုင်းသူပြည်သားတို့၏ သဘောဟူ၍မရှိ၊ အာဏာရှင်၏ သဘောသာရှိသည်။ အာဏာရှင် နိုင်ငံများတွင် ဗေါင်းတော်ညိမ့် စိတ်တော်သိ အလိုတော်ရိများသာ တွင်ကျယ်နိုင်သည်။ အာဏာရှင် နိုင်ငံ၌ လူဖြစ်ရသူများမှာ အသက်မထွက်ခင်က သေ၍နေကြသူများသာ ဖြစ်သည်။

## အကြံဉာဏ် ဖလှယ်ခွင့်။

ဒီမိုကရေစီနိုင်ငံတွင် အာဏာရှင်လည်းမရှိ၊ မင်းလည်းမရှိ။ လူတိုင်းလူတိုင်းမှာ တူမျှသော ပိုင်ရေး ပိုင်ခွင့်ရှိကြသူချည်းဖြစ်သည်။ ထို့ကြောင့် တဦးနှင့်တဦး အကြံဉာဏ် နှီးနှောဖလှယ်နိုင်ဘို့ အရေးကြီးသည်၊ လွတ်လပ်စွာ ပြောဆိုခွင့် မရှိလျှင် အကြံဉာဏ် နှီးနှောဖလှယ်၍မဖြစ်နိုင်၊ ဒီမိုကရေစီ နိုင်ငံတွင် ကိုယ့်အကြံဉာဏ်ကို သူများကိုပေးဘို့လည်း လိုသည်။ သူများကလည်း ကိုယ့်ကိုအကြံဉာဏ်ပေးဘို့ လိုသည်။ လွတ်

www.burmeseclassic.com

www.burmeseclassic.com




လပ်စွာ ပြောဆိုခွင့်မရှိလျှင် တဦးနှင့် တဦး အကြံဉာဏ် ဖလှယ်၍မဖြစ်နိုင်။ဒီမိုကရေစီ နိုင်ငံတွင် လွတ်လပ်စွာ ပြောဆိုခွင့် ရှိသဖြင့် ကိုယ်မှားနေလျှင်လည်း သူများက ပြင်ပေး နိုင်ခွင့်ရှိသည်။ သူများ မှားနေလျှင်လည်း ကိုယ်က ပြင်ပေးနိုင်ခွင့် ရှိသည်။လူတို့သည် ဘုရားများ မဟုတ်ကြသဖြင့် လောကတွင် မမှားသောလူဟူ၍မရှိ။ရောမခေါင်းဆောင်ကြီးများ ရောမပညာရှိ ကြီးများပင် မှားနိုင်သည်။ပညာရှိသော်လည်းသတိဖြစ်ခဲ့သည်ဆို မဟုတ်လော။ ထို့ကြောင့် လူ့သဘာဝကို အမှီပြု၍ဖြစ်ပေါ်လာသော အမှားကို ပြင်နိုင်ဘို့နည်းမှာ လွတ်လပ်စွာ အကြံဉာဏ် နှီးနှောဖလှယ်ခွင့် ပြုခြင်းပင် ဖြစ်သည်။ လွတ်လပ်စွာ အကြံဉာဏ် နှီးနှောဖလှယ်နိုင်ဘို့ ဘာလိုသနည်း၊ လွတ်လပ်စွာပြောဆိုနိုင်ခွင့်လိုသည်။ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်သည် ဒီမိုကရေစီ၏ မဟာဘုတ်တရားကြီး တခုဖြစ်သည်ကို ကြိမ်ဖန်များစွာ နှလုံးသွင်းကြရာသတည်း။

## ကစ္ဆတ်ကင်းလျှောက် မပြောရ။

လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ပတ်သက်၍၊ ဆောင်ရွက်ရန် လိုအပ်သည့် ဝတ္တရား နှစ်ပါးရှိသည်။ ပထမ ဝတ္တရားမှာ ထိုအခွင့် အရေးကို အသုံးမပြုဘဲ မနေဘို့ဖြစ်သည်။ ဥပမာ မိမိတို့ ရပ်ရွာတွင် ခေတ်မှီစာသင်ကျောင်း ကောင်းကောင်း တခုဖွင့်ပေးဘို့ လိုအပ်သည်ဟု သဘောရလျှင်၊ ထိုသို့ မိမိတို့ သဘောရသည့် အတိုင်း၊ အခြားသူများကိုလည်း သဘောပေါက်အောင် လွတ်လပ်စွာ ပြောပြကြရမည်။ သို့မှသာ ထိုကျောင်း ဖြစ်ပေါ်လာဘို့ စခမ်းသို့ ရောက်နိုင်လိမ့်မည်။ သို့ရာတွင် လွတ်လပ်စွာ ပြောဆိုခွင့်ကို အသုံးပြုရာတွင်၊ သတိထား၍ သုံးစွဲအပ်သည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်စွာ ပြောဆိုခွင့်သည် တောင်စဉ်ရေမရ ကစ္ဆတ်ကင်းလျှောက် ပြောဘို့ မဟုတ်သောကြောင့်တည်း။ လွတ်လပ်စွာ ပြောဆိုခွင့်ကို အသုံး ပြုကြရာတွင် မိမိတို့ ပြောလိုသော စကားကို ဆင်ခြင် စဉ်းစားပြီးမှသာ ပြောအပ်သည်။ ကျောင်းဆောက်ဘို့ ပြဿနာ ပေါ်လာသည်ဆိုလျှင်၊ ထိုပြဿနာကို






အာဏာရှင် နိုင်ငံဟာ အကျဉ်းထောင်ဘဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဦးစွာ လေ့လာအပ်သည်။ ထိုပြဿနာနှင့် စပ်လျဉ်းသော အကြောင်းအချက်များကို ရှာဖွေ စုဆောင်းအပ်သည်။ ထိုနောက် ရပ်ရွာ တခုလုံးရှိ လူအားလုံး၏ အကျိုးကို ရည်ရွယ်၍ လုပ်အပ်သည်။ ထိုသို့ အဖက်ဖက်ကွင် လိုလေသေး မရှိအောင် စဉ်းစားပြီး နောက်မှသာ လွတ်လပ်စွာ ပြောဆိုခွင့်ကို သုံးအပ်သည်။

## သူများ ပြောဒါကိုလည်း နားထောင်ပါ။

ဒုတိယ ဝတ္တရားမှာ အခြားသူများကို မိမိတို့နည်းတူ လွတ်လပ်စွာ ပြောဆိုခွင့် ပေးဘို့ဖြစ်သည်။ အခြားသူတို့မှာ မိမိတို့နှင့် သဘော အယူအဆ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသူများပင် ဖြစ်စေကာမူ ထိုသူတို့ကိုလည်း သူတို့သဘောရသလို လွတ်လပ်စွာ ပြောဘို့ ခွင့်ပြု ရမည်ဖြစ်သည်။

မိမိတို့နှင့် အယူအဆ မတူသူတို့ ပြောဆိုသည်ကို လေးစားစွာ နားထောင်ခြင်းသည် လွတ်လပ်စွာ ပြောဆိုခွင့်၏ အစဖြစ်သည်။ သူတပါးကို လွတ်လပ်စွာ ပြောခွင့်မပေးဘဲ ကိုယ်ကသာ လွတ်လပ်စွာ ပြောလိုသူတို့သည်၊ ဒီမိုကရေစီ သမားများမဟုတ်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို မြတ်နိုးသူတို့သည် သူတပါးက မိမိတို့ မနှစ်သက်သော အကြောင်းကို ပြောသည် ဖြစ်စေကာမူ ထိုသို့ သူတို့ အခွင့်အရေးအရ လွတ်လပ်စွာ ပြောဆိုကြသည်ကို ယဉ်ကျေး သိမ်မွေ့စွာ သည်းခံ၍ နားထောင် တတ်ရမည်ဖြစ်သည်။ ကိုယ်ကတော့ ပြောချင်သလို ပြောမည်၊ သူများကိုတော့ ဘာမျှ ပြောခွင့်မပြုဟု ဆိုသူတို့သည် ဒီမိုကရေစီကိုဖျက်ဆီးမည့် သူများသာတည်း၊ ထို့ပြင် အခြားသူအား လွတ်လပ်စွာပြောဆိုခွင့် ပေးရမည် ဆိုခြင်းသည် ထိုသူတို့ ပြောသမျှကို ယုံကြည်ရမည်ဟု ဆိုလိုခြင်း မဟုတ်သည့်ပြင် ထိုသူတို့ ပြောခြင်းကို မှားသည်ဟု ထင်လျှင်လည်း မိမိတို့က ဘာမျှ ပြန်မပြောဘဲ နှုတ်ပိတ် နေကြရမည်ဟု ဆိုလိုခြင်း မဟုတ်သည်ကိုလည်း သတိပြုရာသည်။ လွတ်လပ်စွာ ပြောဆိုခွင့် ဆိုသည်မှာ မိမိတို့ စိတ်ထဲက ရိုးရိုး ဖြောင့်ဖြောင့် ထင်



မြင်ချက် ရသလို လွတ်လပ်စွာ ထုတ်ဖေါ် ပြောဆိုနိုင်ဘို့ အခွင့် သက်သက်သာ ဖြစ်သည်။

## အမှန်နှင့် အမှား။

မိမိဘို့က မှန်သည် ထင်သည့် အရာလည်း မှားချင်မှားနိုင်သည်။ ထိုနည်းတူစွာပင် အခြားသူတို့က မှန်သည်ဟု ထင်နေသော အရာလည်း မှားချင် မှားနိုင်သည်။ လွတ်လပ်စွာ ပြောဆိုခွင့်၏ ရည်ရွယ်ချက်မှာ မိမိတို့က မှန်သည်ဟု ထင်နေသော အရာများသည် အကယ်၍ မှား၍ နေခဲ့သော် ထိုသို့ မှားနေခြင်းကို အခြားသူတို့က ဖေါ်ပြ ပြောဆိုနိုင်၍ အခြားသူတို့က မှန်သည်ဟု ထင်နေသော အရာများသည် အကယ်၍ မှားနေခဲ့လျှင်လည်း၊ မိမိတို့က မှား၍နေသည့် အကြောင်းကို ဖေါ်ပြ ပြောဆိုနိုင်ရန် အတွက်ဖြစ်သည်။ လွတ်လပ်စွာ ပြောဆိုခွင့်သည် အမှန်ကိုသာ လွတ်လပ်စွာ ပြောဆိုခွင့်မဟုတ်။ စင်စစ်သော်ကား ဘုရားဉာဏ် မရသူတို့သည် ဘယ်ဒင်းမှန်သည် ဘယ်ဒင်း မမှန်ဘူးဟု တဆစ်ချ ပြောနိုင်မျိုးမဟုတ်၊ ထို့ကြောင့် လွတ်လပ်စွာ ပြောဆိုခွင့်၏ ရည်ရွယ်ချက်မှာ မှန်သော အရာများ ပေါ်ပေါက်လာနိုင်စေရန် အတွက် လွတ်လပ်စွာ ဆွေးနွေး နှီးနှောရန်သာ ဖြစ်သည်။ လွတ်လပ်စွာ ဆွေးနွေးနှီးနှောခွင့် ရသောအခါ ဘယ်အရာသည်မှား၍ ဘယ်အရာသည် မှန်ကြောင်း ပေါ်၍ လာစမြဲတည်း။

လွတ်လပ်စွာ ပြောဆိုခွင့် မရှိလျှင် အကြံဉာဏ် နှီးနှောဖလှယ်ခွင့် မရသဖြင့် အမှန်ကို ရောက်လမ်းမရှိ။ လွတ်လပ်စွာ ပြောဆိုခွင့်သည် အမှန်ကို ရောက်ရန် ဒီမိုကရေစီ၏ လမ်းမကြီးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် ထိုလွတ်လပ်စွာ ပြောဆိုခွင့် လမ်းမကြီးကို အများပြည်သူတို့ ဥဒဟို အသုံးပြုနိုင်ရန် အမြဲဖွင့်၍ ထားသည်။

## အာဏာရှင်က လွတ်လပ်စွာ ပြောခြင်း အလိုမရှိ။

အာဏာရှင် နိုင်ငံတို့တွင်မူကား လွတ်လပ်စွာ ပြောဆိုခွင့်သည် အာဏာရှင်တို့အဘို့ သီးသန့်ထားသော မင်းဘဏ္ဍာသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းသူ ပြည်သားတို့အနက် မည်သူမျှ သုံးနိုင်ခွင့်မရှိ။ ဤနည်းဖြင့် လွတ်လပ်စွာ ပြောဆိုခွင့်ရှိခြင်း မရှိခြင်းမှာ ဒီမိုကရေစီ နိုင်ငံနှင့် အာဏာရှင် နိုင်ငံတို့ ခြားနားချက် ဖြစ်သည်ကို သိကြရာသည်။ အာဏာရှင် နိုင်ငံတွင် အာဏာရှင်၏ အမိန့်သည်သာလျှင် အချုပ်အချာ ဖြစ်သည်။ သူ့ အမိန့်ကို ဘယ်သူမျှ မလိုက်နာဘဲ မနေနိုင်။ အာဏာရှင်၏ အမိန့်ကိုမည်သူကမျှ ကောင်းသည် ဆိုးသည် မေးခွန်း ထုတ်နိုင်ခွင့်မရှိ။ တိုင်းသူ ပြည်သားတို့မှာ မိမိတို့ ကြိုက်သည်ဖြစ်စေ၊မကြိုက်သည်ဖြစ်စေ အာဏာရှင်က လုပ်ဆိုဒါကို လုပ်ရ၍ မလုပ်နှင့် ဆိုဒါကို မလုပ်ဘဲနေရသည်။ တိုင်းသူ ပြည်သားတို့က အာဏာရှင် လုပ်သမျှကို ဘယ်လိုမျှ မဝေဘန်ဝံ့ကြ၊အာဏာရှင်သည် ဆင်ခြေပေးခြင်း အကြောင်းပြခြင်းတို့ကို လက်မခံ။ ဤနည်းဖြင့် အာဏာရှင် နိုင်ငံတွင် တိုင်းသူ ပြည်သားတို့ ကောင်းရာ ကောင်းကြောင်းအတွက်၊ မည်သူမျှ အကြံဉာဏ် ပေးခွင့်မရှိ။ ထိုသို့ အကြံဉာဏ် ပေးခွင့်မရှိသဖြင့် အာဏာရှင် နိုင်ငံတွင် ပြုပြင်ပြောင်းလွဲမှု မရှိနိုင်။အကယ်၍ တိုင်းသူ ပြည်သားတို့က အာဏာရှင် ပြုလုပ်သည်တို့ကို မတော်တဆ အကြောင်း အကျိုးပြ၍ ဝေဘန်မိခဲ့သည်ဆိုသော်၊ထို တိုင်းသူ ပြည်သားတို့မှာ အချုပ်ခန်း၊သို့မဟုတ်၊ ချွေးတပ်သို့ အပို့ ခံကြရမည်သာ ဖြစ်သည်။

## မတူသော စံနစ် ၂ ခု။

ဤအချက်တွင် အာဏာရှင် စံနစ်နှင့် ဒီမိုကရေစီတို့သည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကြသည်။ အာဏာရှင်စံနစ်က ဝေဘန်မှုကို ပိတ်ပင်၍ ဒီမိုကရေစီက ဝေဘန်မှုကို အားပေးသည်။ ကမ္ဘာပေါ်တွင် ရာနှုန်းပြည့် စံချိန်မှီသော ဒီမိုကရေစီဟု မရှိသေး။ ဒီမိုကရေစီ နိုင်ငံတို့တွင် အနည်းနှင့် အများ ချွတ်ယွင်းချက် ရှိကြသည်။ သို့ရာတွင် ထိုချွတ်ယွင်းချက်များမှာ၊ ဒီမိုကရေစီ၏ ချွတ်ယွင်းချက်များ မဟုတ်ဘဲ တိုင်းသူ ပြည်သားတို့ နားမလည်မှု၊ ပေါ့လျော့မှုများသာ ဖြစ်သည်။ ဤသို့လျှင် ဒီမိုကရေစီ နိုင်ငံများတွင်၊ ချွတ်ယွင်းချက် ရှိတန်သလောက်



ရှိကြသည်မှာ မှန်သော်လည်း၊ ထိုချွတ်ယွင်းချက်များမှာ အရေးမကြီးသော အာဂန္တုက ချွတ်ယွင်းချက်များသာ ဖြစ်သည်။ဒီမိုကရေစီ၏ အခြေခံ သဘောတရားတို့သည်ကား ဘယ်အခါမျှ ချွတ်ယွင်းဖေါက်ပြန်ခြင်းမရှိ။ ဒီမိုကရေစီ၏ သဘောတရားတို့သည် ပေါ်ဦးကပင် ကောင်းသကဲ့သို့ ယနေ့လည်း ကောင်းသည်။ နောင်ကိုလည်း ဆက်လက်၍ ကောင်းမည်သာ ဖြစ်သည်။ထို့ကြောင့် လောကတွင် ဒီမိုကရေစီ ထွန်းကားနေသမျှ ကာလပတ်လုံး မတရားမှု မမျှတမှု များသည် ခေါင်းလျှို၍ နေကြရမည်သာ ဖြစ်သည်။

## ဒီမိုကရေစီသည် မဖေါက်ပြန်။

ဒီမိုကရေစီသည် လှေနံ့ ဒါးထစ် ဝါဒမဟုတ်။မည်သည့် ပတ်ဝန်းကျင် အခြေအနေ၌ပင် ဖြစ်စေ ပစ်တိုင်းထောင်ဖြစ်သည်။လှည်းခေတ် လှေခေတ်က ဒီမိုကရေစီနှင့် မီးရထားခေတ် မီးသင်္ဘောခေတ် မော်တော်ကားခေတ် လေယဉ်ပျံခေတ်က ဒီမိုကရေစီသည် နှေးခြင်း မြန်ခြင်း သက်တောင့်သက်သာ မဖြစ်ခြင်း ဖြစ်ခြင်း၌ ခြားနားခြင်း အနည်းငယ် ရှိသည်မှာ မှန်သော်သည်း၊ လိုရင်းဖြစ်သော လူ့ဘဝကို ရှိသေလေးစားရမည်၊ တရားမျှတစွာ ကျင့်ကြံရမည် စသော အချက်များတွင် ခြားနားခြင်းမရှိ။ ရှေးခေတ်က ဒီမိုကရေစီတွင်လည်း တိုင်းသူ ပြည်သားတို့သည် ရှင်ဘုရင်များဖြစ်သည်။ ယခုခေတ် ဒီမိုကရေစီတွင်လည်း တိုင်းသူ ပြည်သားတို့ပင်လျှင်၊ ရှင်ဘုရင်များ ဖြစ်သည်။ ဤအချက်တွင် ဒီမိုကရေစီသည် မဖေါက်ပြန်နိုင်။ ဖေါက်ပြန်သည် ဆိုလျှင်လည်း ဒီမိုကရေစီ မဟုတ်နိုင်တော့ပြီ။ ထို့ကြောင့် ခေတ်ဘယ်လိုပင် ပြောင်းပြောင်း ပတ်ဝန်းကျင် အခြေအနေ ဘယ်လိုပင် ပြောင်းပြောင်း ဒီမိုကရေစီ၏ သဘောကား မပြောင်းနိုင်။ဘယ်လောက် အင်းကြီးသောမင်း၊ ဘယ်လောက် မိုက်အား ကောင်းသော အာဏာရှင်သည်မျှ ဒီမိုကရေစီ၏ သဘောကို ဖေါက်ပြန်အောင် မလုပ်နိုင်။ ဒီမိုကရေစီကို ဆန့်ကျင်ဘက် ပြုသူများလည်း နှစ်ရက်နှင့် တမွန်းတည်း

www.burmeseclassic.com



ထက် ပို၍ မကောင်းစားနိုင်။သေခြင်းဆိုးနှင့် သေရခြင်းကား အာဏာ ရှင်တို့၏ မွေတာတည်း။

## နစ်နာချက် ပြောနိုင်ခွင့်။

ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားတို့မှာ မိမိတို့၏ နစ်နာ ချက်များကို အမြဲထုတ်ဖေါ်၍ ပြောနိုင်သည်။ ဤ အခွင့်အရေးကို နိုင်ငံ တည် ဥပဒေ၌ အတည့်အလင်း သတ်မှတ်၍ ပေးထားရသည်။ ဒီမို ကရေစီသည် ဝေဘန်မှုကို မတားဆီး မပိတ်ပင်ရုံမျှ မက၊လိုလို ချင်ချင် ပင် အားပေးသည်။

ထို့ကြောင့် ဒီမိုကရေစီသည် ချစ်စရာ ကောင်းလှဘိတောင်း။ ဒီမို ကရေစီက အမှားကို သိရမှသာ အမှန်ကို သိနိုင်မည်ဟု ယုံကြည်သ ဖြင့် ဝေဘန်မှုကို အထူးအားပေးသည်။အနာကိုသိလျှင် ဆေးရှိရမည် ဟု ဆိုသည်မဟုတ်လော။ ထို့ကြောင့် ဒီမိုကရေစီသမားတို့သည် ဝေ ဘန်မှုကို ပြုကြရာတွင် အကျိုးအကြောင်းကို နာပျော်ဖွယ် ဖေါ်ပြကြ ရသည်။ မကောင်းဘူး ကောင်းသည်ဟု တုံးတိကြီး ပြောရုံနှင့်မပြီး။ မကောင်းလျှင် ဘာလို့ မကောင်းဘူး။ ကောင်းလျှင် ဘာလို့ကောင်း သည်ကို လူအများ နားဝင်လောက်အောင် ပြောကြရသည်။

## မဲ လက်နက်။

ဒီမိုကရေစီ နိုင်ငံတွင် မည်သူမဆို အများကောင်းရာ ကောင်း ကြောင်းအတွက် အကြံဉာဏ် ပေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် ပေးသမျှ အကြံဉာဏ်တိုင်းသည် ကောင်းသော အကြံဉာဏ်ချည်း ဖြစ်လိမ့်မည် ဟု မဆိုနိုင်သဖြင့် ပေးသမျှ အကြံဉာဏ်ဘိုင်းကို လက်ခံရမည်ဟု လည်း မည်သူကမျှ မဆိုနိုင်ဖြစ်သည်။ အစိုးရ (ပြည်စေခံအဖွဲ့) ဝင်တို့ သည် ဘုရားဉာဏ် ရသူများမဟုတ်ဘဲ သူလိုကိုယ်လို ရိုးရိုးသူများပင် ဖြစ်သဖြင့် တခါတရံ ကောင်းသော အကြံဉာဏ်များကိုပင် လက်ခံရ ကောင်းမှန်း သိချင်မှ သိပေမည်။ ထိုအခါမျိုးတွင် အကြံဉာဏ်ပေးသူ တို့က အချက်မထွက်သင့်။ မိမိတို့ အကြံကို ထပ်၍ထပ်၍သာ ပေးသင့်



သည်။သို့နှင့်မျှ အစိုးရ (ပြည်စေခံအဖွဲ့) က ခေါင်းရှောင်၍ တစောက် ကန်းဇွတ်လုပ်နေမည်ဆိုလျှင် ထိုအစိုးရ (ပြည်စေခံအဖွဲ့) ကို ယင်တ သောက်မျှ သွေးပေါက်မယိုစေဘဲ မိမိတို့ပိုင်သော အနုမြူ (မဲ) လက် နက်ဖြင့် ယဉ်ယဉ်ကလေးနှင့် ဖြုတ်ချနိုင်သည်။ အကယ်၍ တိုင်းသူပြည် သားတို့အသိက ဉာဏ်ကင်းမဲ့၍ မိမိတို့ မဲလက်နက်ကို သုံးရကောင်း မှန်းမသိသဖြင့် မိမိတို့ မကြိုက် မနှစ်သက်သော လူတစုသည် အစိုးရ (ပြည်စေခံ) အဖြစ် သို့မဟုတ်၊ အာဏာ လက်ကိုင်ရှိသူအဖြစ်၌ ဆက် လက်တည်မြဲ နေမည်ဆိုလျှင် ထိုအစိုးရ (ပြည်စေခံအဖွဲ့) ကို ဘာမျှ အပြစ်ပြောဘို့မရှိ။ ကိုယ့်ရောင်ကိုယ်ဆွဲပြီး ကိုယ့်ကိုယ်သာ ကိုယ် သောင်းဘို့ရှိသည်။ အဘယ်ကြောင့် ဆိုသော် ဒီမိုကရေစီတွင် အစိုးရ (ပြည်စေခံအဖွဲ့) မကောင်းလျှင် မဲရှင်ခေါင်းဖြစ်သောကြောင့်တည်း။ ထို့ပြင် မဲရှင်ဖြစ်သော တိုင်းသူပြည်သားတို့က မိမိတို့သဘောမကျ သော အစိုးရ (ပြည်စေခံအဖွဲ့) ကို ဖြုတ်ချနိုင်ဘို့အတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို အခါကာလ အားလျော်စွာပြု လုပ်ပေးရမည်ဟု နိုင်ငံတည် ဥပဒေတွင် အသင်အချား သတ်မှတ် ပေးထားခြင်းသည်လည်း ဒီမိုကရေစီ၏ ချစ်စရာကောင်းသော ဂုဏ် တပါးပေတည်း။

## ဒီမိုကရေစီနိုင်ငံတွင် ပုန်ကန်ဘို့မလို။

ဤနည်းဖြင့် ဒီမိုကရေစီ နိုင်ငံတို့တွင် တိုင်းသူပြည်သားတို့မကြိုက် သော အစိုးရ (ပြည်စေခံအဖွဲ့) နှင့် တိုင်းသူပြည်သားတို့ မကြိုက် သော စည်းကမ်း ဥပဒေများကို မဲဖြင့်အေးချမ်းစွာဖြုတ်ချ ပြောင်းလွဲ နိုင်ခွင့် ရှိနေသဖြင့် ဒီမိုကရေစီနိုင်ငံများတွင် လက်နက်ဆွဲကိုင်၍ ပုန်ကန် ထကြွဘို့ မလိုဖြစ်သည်။

## အခြေခံ ဥပဒေကို လေ့လာအပ်သည်။

သို့ရာတွင် ဒီမိုကရေစီနိုင်ငံများတွင် ပြုပြင်ပြောင်းလဲမှုများကို ပြု လုပ်ကြရာတွင် ကန့်သတ်ထားချက် တခုရှိသည်ကို သတိပြုရာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကန့်သတ်ထားချက်ကား အခြားမဟုတ်။ နိုင်ငံတည် ဥပဒေပါ လူ တို့၏ ပိုင်ရေးပိုင်ခွင့်များနှင့် ဆန့်ကျင်၍ မည်သည့် စည်းကမ်း ဥပဒေ ကိုမျှ မလုပ်ရခြင်းဖြစ်သည်။ ဥပမာ နိုင်ငံတည်ဥပဒေတွင် လူတို့အား အသက်ရှင်နေခွင့် ရှိစေရမည်၊ လူတို့အား လွတ်လပ်စွာ နေထိုင်ခွင့်ရှိ စေရမည်၊ လွတ်လပ်စွာ ပြောဆိုခွင့်ရှိစေရမည်၊ လွတ်လပ်စွာ ချမ်းသာ သုခ ရှာမှီးနိုင်ခွင့်ရှိစေရမည်၊ ကိုယ်ပိုင်ပစ္စည်း ပိုင်နိုင်ခွင့်ရှိစေရမည်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ခွင့် ရှိစေရမည် အစရှိသော စည်း ကမ်းချက်များပါလေရာ၊ ထိုစည်းကမ်းချက်များနှင့် ဆန့်ကျင်သော ဥပ ဒေကို မည်သူကမျှ လုပ်ခွင့်မရှိ။ တနည်းဆိုသော် နိုင်ငံတည် ဥပဒေ စည်းဝိုင်းအတွင်း၌သာ စည်းကမ်း ဥပဒေများကို ပြုလုပ်နိုင်ခွင့်ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီ လိုလားသူတို့သည် အခြေခံ စည်းမျဉ်း အုပ် ချုပ်ပုံ ဥပဒေခေါ် နိုင်ငံတည် ဥပဒေကို ကောင်းစွာ လေ့လာအပ် ကြသည်။

## လူ့ဘဝကို တန်ဘိုးယုတ်အောင် မလုပ်နိုင်။

ထို့ပြင် ဒီမိုကရေစီက အစိုးရ (ပြည်စေခံအဖွဲ့) ကို လက်နက်အင် အားဖြင့် တော်လှန် ပုန်ကန်ဘို့ မလိုအောင် လုပ်ပေးထားသဖြင့် မည် သူမျှ လက်နက်ကိုင်၍ တော်လှန်ပုန်ကန်ခွင့်မရှိ။ အခိုက်အတန့် အစိုးရ (ပြည်စေခံ) ဖြစ်၍ အာဏာ ရရှိနေကြသူတို့ကလည်း တော်လှန် ပုန် ကန်လိုကြသော အကြမ်းသမားတို့ ဆင်ခြေပေး၍ ကောင်းလေအောင် အာဏာကို အလွဲသုံးစား မပြုလုပ်ကြဘို့ အထူးဆင်ခြင်အပ်သည်။

အချုပ်တွင် ဒီမိုကရေစီက ဥပဒေနည်းဖြင့် ပြုပြင်ပြောင်းလွဲခွင့်များ ပေးထားသည်မှာ မှန်သော်လည်း ဒီမိုကရေစီ၏ သဘောရင်းနှင့် ဆန့် ကျင်သော ပြုပြင်ပြောင်းလွဲခြင်းမျိုး၊ တနည်းဆိုသော် အာဏာရှင် တည်ထောင်ဘို့ ပြုပြင်ပြောင်းလွဲခြင်းမျိုး များကိုမူကား ခွင့်မပြု။ ထို့ ကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် ပြုပြင်ပြောင်းလွဲခြင်း မှန်သမျှတို့ကို လူ့ဘဝကို တန်ဘိုးထားရမည် ဆိုသော် ဒီမိုကရေစီ၏ သဘောတရား နှင့် အညီသာ ပြုလုပ်နိုင်ခွင့် ရှိသည်ကို သိကြရာသည်။



ဒီမိုကရေစီ နိုင်ငံသားတို့မှာ မကောင်းသော အရာများကိုသာ ပြစ်တင် ပြောဆိုခွင့်ရှိသည်မဟုတ်။ ကောင်းရာ ကောင်းကြောင်းကို လည်း အကြံဥာဏ် ပေးနိုင်ခွင့်ရှိသည်။ ထိုမျှသာ မကသေး၊ ထိုသို့အ ကြံဥာဏ်ပေးဘို့ အလုပ်မှာ မိမိတို့ ရှောင်လွှဲ၍ မနေကောင်းသော ဝတ္တရားကြီးပင် ဖြစ်သည်။

## လွတ်လပ်စွာ အသင်းဖွဲ့ခွင့်နှင့် စုဝေးခွင့်။

ဒီမိုကရေစီ နိုင်ငံတို့တွင် တိုင်းသူပြည်သားတို့မှာ အများပြည်သူ တို့၏ အကျိုးငှါ လက်နက် ကိုင်ဆောင်ခြင်းမပြုဘဲ အသင်းအပင်း ဖွဲ့ စည်း တည်ထောင် နိုင်ခွင့်ရှိသည်။ အာဏာရှင် နိုင်ငံတို့တွင်မူကား၊ အာဏာရှင်တို့က ခွင့်ပြုထားသော အသင်းတသင်းကလွဲ၍ မည်သူမျှ အသင်းတည်ထောင် ဖွဲ့စည်းခွင့်မရှိ။ ဒီမိုကရေစီက နိုင်ငံရေးအသင်း အ မျိုးမျိုး ဖွဲ့စည်းတည်ထောင်ခြင်းကို အလိုရှိသည်။ ဖွဲ့စည်းတည်ထောင် ပြီး အသင်းများကိုမကြိုက်သေးလျှင် နောက်ထပ် အသင်း (ပါတီ) သစ် တခုခုကို အချိန်အခါမရွေး ဖွဲ့စည်း တည်ထောင်ခွင့်ပင် ရှိသေးသည်။ အသင်းအပင်း ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဒီမိုကရေစီ နိုင်ငံတို့တွင် တားမြစ် ပိတ်ပင်ချက်တခုသာရှိသည်။ ထိုတားမြစ် ပိတ်ပင်ချက်မှာ အခြားမဟုတ်၊ လျှို့ဝှက်သော အသင်းများ မဖွဲ့စည်း မတည်ထောင် ခြင်းဖြစ်ရသည်။ ဒီမိုကရေစီ နိုင်ငံများတွင် အသင်း (ပါတီ) များကို လူသိ ရှင်ကြား အတည့်အလင်း တည်ထောင် ဖွဲ့စည်းရသည်။

## လျှို့ဝှက်သောအသင်း တည်ထောင်ဘို့ မလိုခြင်း။

စင်စစ်ဆိုသော် ဒီမိုကရေစီ နိုင်ငံများတွင် ဘယ်သူက ဘယ်သူ့ကို မတရား လုပ်လိမ့်မည်ဟု ကြောက်၍ မနေရသဖြင့် နိုင်ငံရေး အသင်း အပင်းများကို လျှို့ဝှက်ပြီး တည်ထောင်ဘို့မလို။ ဒီမိုကရေစီ နိုင်ငံများ တွင် ရာဇာပဓေန မဟုတ်ဘဲ တိုင်းသူပြည်သားတို့၏ အလိုဆန္ဒသည် သာလျှင် အချုပ်အချာဖြစ်သဖြင့် အခိုက်အတန့် အာဏာ လက်ကိုင်ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေသော အစိုးရ (ပြည်စေခံအဖွဲ့) ကို လူတိုင်း လူတိုင်းက မိမိတို့ ထင်မြင်ချက်ရသလို ဝေဘန်နိုင်ခွင့် ရှိသည်။

ထို့ပြင် ဒီမိုကရေစီ နိုင်ငံတို့တွင် အာဏာလက်ရှိ ဖြစ်နေသော အစိုးရ (ပြည်စေခံအဖွဲ့) ကို ဖြုတ်ချရန်ပင် လက်နက်ကိုင်၍ တော်လှန်ပုန်ကန်ဘို့ မလိုသည့်အဘွက်လည်း လျှို့ဝှက်သောအသင်းများ တည်ထောင်ဘို့မလို။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံများတွင် မိမိတို့ ရည်ရွယ်ချက်ကို အဘည့်အလင်းပြော၍ အသင်းများကို ဥပဒေစည်းဝိုင်းအတွင်း၌ လွတ်လွတ်လပ်လပ် တည်ထောင်နိုင်ခွင့်ရှိသည်။ ဤသို့ ဒီမိုကရေစီက အခွင့်အရေး ပေးထားပါလျက်နှင့် ဥပဒေစည်းဝိုင်း အပြင်ဘက်သို့ ထွက်၍ လက်နက်ကိုင်ကာ တော်လှန်ဘို့ လျှို့ဝှက်သော အသင်းများ တည်ထောင်ကြမည်ဆိုပါလျှင် ဒီမိုကရေစီ၏ အပြစ်မဟုတ်ဘဲ၊ တည်ထောင်သူတို့၏ အပြစ်သာဖြစ်လိမ့်မည်။

## အကြမ်းမှုကို ဒီမိုကရေစီက အားမပေး။

အသင်းများကို ဤသို့ လွတ်လပ်စွာ တည်ထောင် ဖွဲ့စည်းနိုင်ခွင့်ရှိခြင်းသည် အရေးကြီးသော အခွင့်အရေးဖြစ်သည်။ ဤအခွင့်အရေးဖြင့် တိုင်းသူပြည်သားတို့သည် အစိုးရ (ပြည်စေခံအဖွဲ့) ကို အုပ်ထိန်းနိုင်ရုံမျှမကဘဲ မိမိတို့ သဘောမကျသော အသင်း (ပါတီ) က အစိုးရ (ပြည်စေခံအဖွဲ့) လုပ်နေခြင်းကို ဖြုတ်ချပြီးနောက် အခြားအသင်း (ပါတီ) တခုခုသို့၊ အုပ်ချုပ်ရေး အာဏာကို လွှဲပြောင်း ပေးအပ်ပြီးလျှင် အစိုးရ (ပြည်စေခံအဖွဲ့) အလုပ်ခိုင်းနိုင်သေးသည်၊

အာဏာရှင် နိုင်ငံတို့တွင်မူကား၊ အသင်း (ပါတီ) များကို လွတ်လပ်စွာ ဖွဲ့စည်း တည်ထောင်နိုင်ခွင့် မရှိသဖြင့် အာဏာရှင်တို့ကို ဖြုတ်ချလိုလျှင် အခြားနည်းမရှိဘဲ လျှို့ဝှက်သော အသင်းများ တည်ထောင်ဖွဲ့စည်း၍၊ လက်နက်ကိုင်ကာ တော်လှန်ပုန်ကန်ဘို့ နည်းကိုသာ သုံးဘို့ရှိသည်၊



သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံများတွင် လျှို့ဝှက်သော အသင်းများကို မတည်ထောင် မဖွဲ့စည်းရခြင်းမှာ တကြောင်းအားဖြင့်ဆိုသော် ထိုအသင်းမျိုး တည်ထောင်ဘို့ မလိုခြင်းကြောင့် ဖြစ်သည်။ တကြောင်းအားဖြင့်လည်း လက်နက်အင်အားဖြင့် အကြမ်းဖက်ခြင်းကို အားမပေးလို တားမြစ်ပိတ်ပင်လိုခြင်းကြောင့် ဖြစ်သည်။

## မျက်နှာ မလိုက်ရခြင်း။

ဒီမိုကရေစီ နိုင်ငံများတွင် လျှို့ဝှက်သော အသင်းများကို တည်ထောင်ခွင့် မပြုခြင်းမှာ သာမန် တိုင်းသူပြည်သားတို့ကိုသာ ခွင့်မပြုခြင်း မဟုတ်ဘဲ၊ ချွင်းချက်မရှိ မည်သူ့ကိုမျှ ခွင့်မပြုခြင်းသာဖြစ်သည်။ ထိုသို့ ခွင့်မပြုသည့်အထဲတွင် အခိုက်အတန့် အာဏာလက်ကိုင် ရရှိနေသော အစိုးရ (ပြည်စေခံအဖွဲ့) လည်းပါသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် လျှို့ဝှက်သော အသင်းများကို မတည်ထောင်ရဟု တားမြစ်ပိတ်ပင်ခြင်းမှာ ဘယ်သူ့ဘက်မှ မျက်နှာမလိုက်ဘဲ အားလုံးကုန်သော တိုင်းသူပြည်သားတို့၏ အကျိုးအဘွက် ဖြစ်သဖြင့် တရားမျှတသည်သာ ဖြစ်သည်။

## အသင်းဖွဲ့ခြင်းကို မနှောက်ယှက်ရခြင်း။

ဒီမိုကရေစီ နိုင်ငံများတွင် နိုင်ငံရေး အသင်းများမှတပါး အများပြည်သူတို့၏ အကျိုးကို မထိခိုက်သည့် အခြားအသင်း အပင်းမျိုးကိုလည်း လွတ်လပ်စွာ တည်ထောင် ဖွဲ့စည်းခွင့်ရှိသည်။ ဥပမာဆိုသော် ပညာရေး အသင်းများ၊ ကုသိုလ်ရေး အသင်းများ၊ အလုပ်သမား အသင်းများ စသည်တို့ကဲ့သို့ဖြစ်သည်။ ဤနည်းဖြင့် ဒီမိုကရေစီ နိုင်ငံများတွင်အသင်းမျိုးစုံရှိသည်။ အချို့အသင်းများမှာ ကြီးကျယ်ထင်ရှား၍ အချို့အသင်းများမှာ အသင်းဟု ခေါ်ရရုံသာရှိသည်။ ထိုအသင်းများကို ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အစိုးရ (ပြည်စေခံအဖွဲ့) က မည်သို့ကဲ့သို့မျှ ဝင်ရောက် စွက်ဖက် နှောက်ယှက်နိုင်ခွင့်မရှိ။ ထိုကဲ့သို့ နှောက်

www.burmeseclassic.com

www.burmeseclassic.com



ယှက်နိုင်ခွင့် မရှိရုံမျှမက ဘေးမှနေ၍ ကာကွယ် စောင့်ရှောက်၍ပင်ပေးရသည်။ ဤတွင် လွတ်လပ်စွာ အသင်းဖွဲ့စည်းခွင့် ရှိခြင်းဆိုသည်မှာ အသင်းအပင်း ဖွဲ့စည်း၍ အများအကျိုးကို နစ်နာအောင် လုပ်နိုင်ခွင့်ရှိခြင်း မဟုတ်သည်ကိုလည်း သတိပြုရသည်။ အများအကျိုးကို နစ်နာအောင်လုပ်ဘို့ အသင်းမျိုး ဖွဲ့စည်းတည်ထောင်လျှင် ထိုအသင်းမျိုးကို အများပြည်သူတို့၏ အကျိုးကို ကာကွယ် စောင့်ရှောက်ပေးရန် အလို့ငှါ အစိုးရ (ပြည်စေခံအဖွဲ့) က တားမြစ် ပိတ်ပင်ပေးရသည်။

## တမိန့် တသင်း နိုင်ငံ။

အာဏာရှင် နိုင်ငံတို့တွင် တိုင်းသူပြည်သားတို့မှာ အသင်းအပင်းတည်ထောင်ဖွဲ့စည်းနိုင်ခွင့် မရှိသဖြင့် အာဏာရှင်တို့၏ အမိန့်အရ တည်ထောင်ရသော တခုတည်းသော အသင်း၌သာ ဝင်လိုသည်ဖြစ်စေ၊ မဝင်လိုသည်ဖြစ်စေ ဝင်ကြရသည်။အာဏာရှင်နိုင်ငံတို့တွင် နိုင်ငံရေးအသင်း ဆို၍လည်း အာဏာရှင်၏ အမိန့်တော်ရ တသင်းသာရှိသည်။အလုပ်သမား အသင်းဆိုရာ၌လည်း အာဏာရှင်၏အမိန့်တော်အရ တသင်းသာရှိသည်။ အာဏာရှင် နိုင်ငံသည် တိုင်းသူပြည်သားတို့၏ အလိုကျ နိုင်ငံမဟုတ်၊ တမိန့်တသင်း နိုင်ငံ သာဖြစ်သည်။ အာဏာရှင်နိုင်ငံသည် နိုင်ငံဟုသာ ခေါ်ရသော်လည်း အကျဉ်းထောင်ကြီးနှင့် ဘာမျှ ခြားနားခြင်းမရှိ။

## အာဏာရှင်က လူများ ညီညွတ်ခြင်းကို အလိုမရှိ။

လွတ်လပ်စွာ အသင်း အပင်း ဖွဲ့စည်းနိုင်ခွင့် ရှိခြင်း မရှိခြင်းတွင် ဒီမိုကရေစီ နိုင်ငံနှင့် အာဏာရှင် နိုင်ငံတို့သည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကြသည်။ဒီမိုကရေစီက လူများကို စည်းလုံးညီညွတ် စေချင်သည်။ အချင်းချင်း သိုက်သိုက်ဝန်းဝန်း ဆက်ဆံစေချင်သည်။ အာဏာရှင်



စံနစ်ကမူ လူများကို တယောက်နှင့်တယောက် တဖောင်းစေးနှင့် မျက်ချေး ဖြစ်စေလိုသည်။ လူအချင်းချင်း စည်းလုံး ညီညွတ်ခြင်း မရှိလျှင် အာဏာရှင်တို့ စားပေါက် ချောင်သည်။ ထို့ကြောင့် အာဏာရှင်တို့အလုပ်မှာ တိုင်းသူ ပြည်သားတို့ မစည်းလုံးအောင် လုပ်ပေးဘို့နှင့် စည်းလုံးရာ စည်းလုံးကြောင်းကို ဖယ်ရှားနိုင်သမျှ ဖယ်ရှားပစ်ရန်ဖြစ်သည်။

## အာဏာရှင်အဖို့၊ သူ တည်မြဲရေးသာ အရေးကြီးသည်။

ဒီမိုကရေစီ နိုင်ငံများကို တည်ထောင် ထားခြင်းမှာ နိုင်ငံသူ နိုင်ငံသားတို့၏ အကျိုးကို ရှေ့ရှု၍ တည်ထောင် ထားခြင်းသာ ဖြစ်ရကား၊ ဒီမိုကရေစီ၏ ဝတ္တရားမှာ နိုင်ငံသူ နိုင်ငံသားတို့ အချင်းချင်း စည်းလုံးညီညွတ်ရာ ညီညွတ်ကြောင်းကို အားပေးရမည်သာ ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားတို့ စည်းလုံး ညီညွတ်လျှင် ဒီမိုကရေစီက ဝမ်းသာသည်။ သို့ရာတွင် အာဏာရှင် နိုင်ငံတို့ ဖြစ်ပေါ်လာခြင်းမှာ ဒီမိုကရေစီကို သစ္စာဖေါက်ပြီးမှ၊ တနည်းဆိုသော် နိုင်ငံသူ နိုင်ငံသားတို့ကို သစ္စာဖေါက်ပြီးမှ ဖြစ်ပေါ်လာခြင်း ဖြစ်သဖြင့်၊ အာဏာရှင်တို့သည် နိုင်ငံသူ နိုင်ငံသားတို့ စည်းလုံး ညီညွတ်မှာကို ကြောက်ကြသည်။ နွားကွဲမှသာ ကျားကိုက်နိုင်သကဲ့သို့ နိုင်ငံသူ နိုင်ငံသားတို့ တဦးနှင့် တဦး အစေးကပ်နိုင်ခွင့် မရမှသာ အာဏာရှင်တို့ တည်မြဲနိုင်သည်။ ထို့ကြောင့် အာဏာရှင်တို့သည် နိုင်ငံသူ နိုင်ငံသားတို့ လွတ်လပ်စွာ အချင်းချင်း တွေ့ဆုံနှီးနှောနိုင်စေမည့် အသင်းအပင်း ဖွဲ့စည်းခြင်းကို ပိတ်ပင် တားမြစ်ပြီးလျှင် နိုင်ငံသူ နိုင်ငံသားတို့အား ကွဲချားနွားများကို တသီတန်းကြီး နဖါးကြိုး ထိုးထားသည်နှင့်တူသော အာဏာရှင်၏ အမိန့်အရ တည်ထောင်ထားသည့် တခုတည်းသော အသားထဲသို့သာ အတင်းသွတ်သွင်း၍ ထားသည်။ အာဏာရှင်နိုင်ငံများရှိ တခုတည်းသော အမိန့်တော်ရ အသင်းတွင် အသင်းသား ဖြစ်ကြသူတို့မှာ ဘာတခု

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာ ပြောဆိုခွင့် မရဘဲ အာဏာရှင် ပေးသမျှ အမိန့်ကိုသာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ နှုတ်ပိတ် မျက်စေ့မှိတ်၍ လိုက်နာကြရသည်။ အာဏာရှင် နိုင်ငံက လူများမှာ မိမိတို့၏ လူ့ဘဝကို မေ့လျော့ ပစ်ကြပြီးနောက် အာဏာရှင်တို့ ခိုင်းစေသမျှကို၊ အပတ်တိရစ္ဆာန်များကဲ့သို့ ကုန်း၍လုပ်ဘို့ တနည်းနှင့်၊ နောက်ဆုံး မခံနိုင်လွန်းသည့် တနေ့တွင် အသက်ကို စွန့်၍ တော်လှန် ပုန်ကန်ကြဘို့တနည်း၊ ပေါင်း နှစ်နည်းသာ ရှိသည်။


## ဒီမိုကရေစီ ကောင်းအောင် အသင်းထောင်။

ဒီမိုကရေစီ နိုင်ငံများတွင်မူကား အာဏာရှင် နိုင်ငံများမှာကဲ့သို့ တိုင်းသူ ပြည်သားတို့ကို နဖါးထိုးမည့် အာဏာရှင်များ မရှိသဖြင့် လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်ဘို့ လုံးလုံးမလို။ အခိုက်အတန့် အုပ်ချုပ်မှု အာဏာကို ကိုင်နေသော အစိုးရ (ပြည်စေခံအဖွဲ့) ကိုလည်း လက်နက်ဆို၍ အပ်တချောင်းမျှ မစွဲကိုင်ဘဲနှင့်၊ မဲဖြင့် ယဉ်ကျေးစွာ ဖြုတ်ချနိုင်သဖြင့် တိုင်းသူ ပြည်သားတို့ အသင်းအပင်း ဖွဲ့စည်း တည်ထောင် ကြခြင်းကို ဒီမိုကရေစီက မကြောက်။ ထိုသို့ မကြောက်ရုံမျှမက တိုင်းသူ ပြည်သားတို့သည် အသင်းအပင်းများ တည်ထောင်၍ လွတ်လပ်စွာ ဆွေးနွေးတိုင်ပင်ကာ နေကြမှသာ ဒီမိုကရေစီ ကြီးပွါးနိုင်မည် ဖြစ်သဖြင့်၊ အသင်းအပင်း ဖွဲ့စည်း တည်ထောင်ကြအောင်ပင် အားပေးသည်။

## လူနှင့် အဖေါ်။

လူတို့မည်သည် အဖေါ်ရှိမှ နေနိုင်သော သတ္တဝါ ဖြစ်သဖြင့်၊ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်း တည်ထောင်ခွင့်ကို ပိတ်ပင် တားမြစ်ခြင်းသည် လူ့ဘဝကို တန်ဘိုးလျော့အောင် လုပ်ခြင်း တမျိုးပင် ဖြစ်ရကား၊ ထိုသို့ ပိတ်ပင်ခြင်းကို ဒီမိုကရေစီ မကြိုက်။ ဒီမိုကရေစီက တိုင်းသူ ပြည်သားတို့ အားယုတ်ခြင်းကို အလိုမရှိ။ အားရှိခြင်းကိုသာ





ဒီမိုကရေစီ နိုင်ငံတွင် ပြည်သူတို့ လွတ်လပ်စွာ စည်းဝေးခွင့် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အလိုရှိသည်။ အကွဲကွဲ အပြဲပြဲ ဖြစ်နေကြသော တိုင်းသူ ပြည်သား
တို့သည်၊အဘယ်မှာ အားရှိနိုင်မည်နည်း။ မိမိတို့၏ အခွင့် အရေးများ
ကိုလည်း၊ စုပေါင်း၍ ဆောင်ရွက်မှ ရနိုင်မည် မဟုတ်လော။ သို့ ဖြစ်
ရာ မိမိတို့ ရရှိသင့်သော အခွင့်အရေးများ လက်လွှတ် နေရသော သူ
များသည် ကောင်းသော နိုင်ငံသူ နိုင်ငံသား ဖြစ်လိမ့်မည် မဟုတ်၊
ဒီမိုကရေစီက လူတိုင်း လူတိုင်းကို ကောင်းသော နိုင်ငံသူ နိုင်ငံသား
ဖြစ်စေလိုသည်။ လူတိုင်းလူတိုင်း ကောင်းသော နိုင်ငံသူ နိုင်ငံသား
များ ဖြစ်စေရန်အတွက် စည်းစည်း လုံးလုံး သိုက်သိုက် ဝန်းဝန်း နေ
နိုင်ဘို့ လိုသည်။လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်း တည်ထောင်ခွင့်
မရှိလျှင် စည်းစည်း လုံးလုံး သိုက်သိုက် ဝန်းဝန်း နေနိုင်ဘို့ အခြေအ
နေကို ရလိမ့်မည်မဟုတ်။ ထို့ကြောင့်ပင် ဒီမိုကရေစီက လွတ်လပ်စွာ
အသင်းအပင်း ဖွဲ့စည်း တည်ထောင်နိုင်ခွင့်ကို အလိုရှိခြင်းဖြစ်သည်၊

## လွတ်လပ်စွာ စည်းဝေးနိုင်ခွင့်။

ဒီမိုကရေစီ နိုင်ငံတို့တွင် တိုင်းသူ ပြည်သားတို့မှာ ချမ်းသာ စုရုံး
နိုင်ခွင့် ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် တိုင်းသူ ပြည်
သားတို့က အများ၏ အကျိုးကို ဆောင်ရွက်ရန် ပြုလုပ်ကြသော အ
စည်းအဝေးများကို ပုလိပ် (ရဲ) ကလာ၍ ဖျက်ဆီး ပစ်ခြင်းမရှိ။ သူ
လျှိုလုပ်ခြင်း လျှို့ဝှက်စွာ စုံစမ်းခြင်းလည်းမရှိ။ ထိုသို့ မရှိရုံမျှမက အ
စည်းအဝေးများကို လာ၍ စောင့်ရှောက် ကာကွယ် ပေးပါဟုဆိုလျှင်
လာ၍ပင် စောင့်ရှောက် ကာကွယ် ပေးသေးသည်။

ဒီမိုကရေစီ နိုင်ငံများတွင် လူအများ လိုက်နာ ကျင့်သုံးနေသော
သဘောတရားများ ကျင့်စဉ်များနှင့် ဆန့်ကျင်ဘက် ပြုသူတို့သည်ပင်
အစည်းအဝေး ပြုလုပ်နိုင်ခွင့် ရှိသည်၊ တခါတရံ အာဏာရှင်ဝါဒ သ
မားများကပင် ဒီမိုကရေစီ၏ ကာကွယ် စောင့်ရှောက်ပေးမှုကို ခံယူ
ပြီးလျှင်၊ဒီမိုကရေစီ အခွင့်အရေးများကို အလွဲသုံးစား ပြုလုပ်သည်ကို
တွေ့ရသည်။



ပြုပြင် ပြောင်းလဲမှု အလိုရှိသူများနှင့် လက်ရှိ အခြေအနေကို မ
ကျေနပ် သူများသည် ဒီမိုကရေစီ နိုင်ငံများ၌သာ အစည်းအဝေး ပြု
လုပ်ခွင့် ရှိကြသည်။ အာဏာရှင် နိုင်ငံများကမူ အဆိုပါ လူများကို
အချင်းချင်း တွေ့ဆုံ နှီးနှောခွင့် မပေးရဲကြ။ ဒီမိုကရေစီ နိုင်ငံများကမူ
ကိုယ့်တရားကို ကိုယ်ယုံသဖြင့် မည်သူ့ကိုမဆို စည်းဝေးခွင့်ပြုရဲသည်။
အဘယ့်ကြောင့် ဆိုသော်၊လူတို့သည် ရေရှည်ကျလျှင် ကောင်းသော
သဘော တရားများကိုသာ၊ ခံယူ လိုက်နာ ကြလိမ့်မည် ဖြစ်သည်ကို
ဒီမိုကရေစီက ယုံကြည်သောကြောင့် ဖြစ်သည်၊နောက်ဆုံး တနေ့တွင်
ဒီမိုကရေစီ သဘော တရားအောက် ယုတ်ညံ့သော တပါးသော
နိုင်ငံရေး သဘော တရားများကို၊ တိုင်းသူ ပြည်သားတို့က လက်ခံ
ကျင့်သုံး ကြလိမ့်မည် မဟုတ်သည်ကိုလည်း၊ ဒီမိုကရေစီက သိသည်။

## အခွင့်အရေးနှင့် ဝတ္တရား။

ဒီမိုကရေစီ နိုင်ငံတွင်၊ အခွင့် အရေးများသည် ဝတ္တရားများနှင့်
တွဲ၍လာသည်။ မိမိ၏ အကျိုးနှင့်ဘက္ကအများ၏ အကျိုးငှါ ပူးပေါင်း
ဆောင်ရွက်ရန် အလုပ်မှာ လူတိုင်း လူဘိုင်း၏ ဝတ္တရားဖြစ်သည်။ လူ
တယောက် အင်အားသည် မကြီး၊ လူအများ စုပေါင်းသည့် အင်
အားမှ ကြီးသည်။ထို့ကြောင့် လူတို့သည် မိမိတို့နှင့် အလိုဆန္ဒ တူသူ
အချင်းချင်း စုပေါင်း၍ မိမိတို့ အလိုဆန္ဒ ရှိသည့်အတိုင်း ပြီးမြောက်
အောင် ဆောင်ရွက်ရမည် ဖြစ်သည်။ဤနည်းဖြင့် ဒီမိုကရေစီ သဘော
ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဗိုမို တွင်ကျယ်စေနိုင်သည်။ ဒီမိုက
ရေစီ သဘောတွင် အများ အကျိုး ရှိစေမည့် အလုပ်များကို တိုင်တိုင်
ပင်ပင် လုပ်ရမည် ဖြစ်သဖြင့် လွတ်လပ်စွာ စည်းဝေးခွင့် ရှိမှသာ ဖြစ်
နိုင်သည်။

အာဏာရှင် နိုင်ငံ များတွင်မူကား အာဏာရှင်တို့က ဘယ်သူ့ကို
မှ မတိုင်ပင်၊ သူတို့ လုပ်ချင်ရာကို လုပ်သည်။ ထို့ကြောင့် အာဏာရှင်
နိုင်ငံများတွင် လွတ်လပ်စွာ စည်းဝေးခွင့် မရှိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အချင်းချင်း လေးစားမှု။

ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားတို့မှာ မိမိတို့ ကြိုက်နှစ်သက်သော ကိစ္စကို မိမိတို့နှင့် သဘောတူညီသော သူတို့နှင့် စုပေါင်းရှက်ဆောင်ရန် ဝတ္တရား ရှိသည်သာ မဟုတ်၊အခြား သူများကိုလည်း သူတို့ ကြိုက်နှစ်သက်သောကိစ္စများကို လွတ်လပ်စွာ စုပေါင်း ဆောင်ရွက်နိုင်ခွင့်ပေးဘို့ ဝတ္တရားလည်းရှိသည်။ ဥပမာ တစုသော သူတို့က အင်္ဂလိပ်စာကို မသင် မနေရသော ပညာရပ်တခု ဖြစ်စေလို၍ အခြားတစုသော သူတို့က အင်္ဂလိပ်စာကို မသင်ချင်လျှင် နေနိုင်၍ သင်ချင်သူမှသာ သင်ရသော ပညာရပ်တခု ဖြစ်စေလိုသည်ဆိုအံ့။ထိုအခါ ပထမလူစုက သူတို့နှင့် သဘောတူသောလူစုကို ဘိတ်ကြား၍ လွတ်လပ်စွာစည်းဝေးနိုင်ခွင့် ရှိသလိုပင် ဒုတိယလူစုကလည်း သူတို့နှင့် အလိုဆန္ဒတူသောလူများကို စုဆောင်း၍ လွတ်လပ်စွာ စည်းဝေးခွင့်ရှိသည်သာဖြစ်သည်။

ပထမ လူစုက သူတို့ အလိုဆန္ဒနှင့် ဆန့်ကျင်သော ဒုတိယ လူစု၏ လွတ်လပ်စွာ စည်းဝေးပိုင်ခွင့် ရှိခြင်းကို လေးစားရမည် ဖြစ်သည်။ထိုနည်းတူစွာပင် ဒုတိယ လူစုကလည်း ပထမ လူစု၏ လွတ်လပ်စွာစည်းဝေးပိုင်ခွင့် ရှိသည်ကို လေးစား ကြရမည်သာ ဖြစ်သည်။ ဒီမိုကရေစီတွင် အသီးအသီး လွတ်လပ်စွာ စည်းဝေးပိုင်ခွင့် ရှိခြင်းကို လေးစားရန်မှာ လူတိုင်းလူတိုင်း၏ ဝတ္တရား ဖြစ်သည်။

## ကိုယ်လုပ်ကိုင်သော အလုပ်ကို လုပ်ပိုင်ခွင့်။

ဒီမိုကရေစီတွင်၊မည်သူမဆို ကိုယ်သဘောကျသော အလုပ်ကို လုပ်ပိုင်ခွင့် ရှိသည်၊ ထိုသို့ လုပ်ရာတွင်၊ အများ၏ အကျိုးကို မထိခိုက် မနစ်နာစေရန်သာ သတိထားဘို့ လိုသည်။ ဒီမိုကရေစီတွင်၊ အဖေကနွားကျောင်းသား လုပ်လာခဲ့သဖြင့် သားလည်း နွားကျောင်းသားပင် လုပ်ရမည်ဟု မည်သူကမျှ အမိန့်မပေးနိုင်။မည်သူမဆို အရည်အချင်းနှင့် ပြည့်စုံလျှင် ကိုယ်လုပ်ချင်သော အလုပ်ကို ပြောင်း၍ လုပ်နိုင်



သည်။ လယ်သမားသားက စက်ဆရာ လုပ်ချင်လည်း လုပ်နိုင်သည်။ ကျမ်းပြု ဆရာသားက ဘိနပ်ချုပ် သမား လုပ်ချင်လည်း လုပ်နိုင်သည်။ တံမြက်လှည်း သမားသားက ရှေ့နေလုပ်ချင်လည်း လုပ်နိုင်သည်။ အဘေက လယ်သမား လုပ်ခဲ့သဖြင့်၊ သားစဉ် မြေးဆက် လယ်သမားချည်း လုပ်နေရမည်ဟု မည်သူကမျှ အမိန့်မပေးနိုင်။ သို့ရာတွင် ဒီမိုကရေစီ နိုင်ငံများတွင် ကိုယ်လုပ်ချင်သော အလုပ်ကို လုပ်နိုင်ခွင့် ရှိခြင်းနှင့် ပတ်သက်၍၊နိုင်ငံ၌ အရေးတစုံ ကြုံသည့်အခါတွင် ကန့်သတ်ချက်ရှိသည်။ ဥပမာ မိမိ နိုင်ငံသည် အခြား နိုင်ငံတခုနှင့် စစ်ဖြစ်နေသောအခါမျိုးတွင်၊ ကိုယ်လုပ်ချင်သော အလုပ်ကို လုပ်နိုင်ခွင့်ကို တိုင်းသူပြည်သားတို့က လျှော့၍ ပေးရပြီးလျှင် နိုင်ငံအတွက် လိုအပ်သော အလုပ်ကို လုပ်ကြရသည်၊ ဥပမာ ကိုယ်က လယ်သမား လုပ်ချင်သော်လည်း လက်နက် လုပ်ရုံ၌ လူလိုနေလျှင်၊လက်နက် လုပ်ရုံသို့ ပြောင်း၍ လုပ်ရသည်။

ထိုကဲ့သို့သော အရေးပေါ် အခါမျိုးကို ချွင်းချက်ထား၍၊ဒီမိုကရေစီ နိုင်ငံများတွင်၊ တိုင်းသူ ပြည်သားတို့မှာ ကိုယ်သဘောကျသော အလုပ်ကို လုပ်နိုင်ခွင့် ရှိသည်။

## ကြိုက်ရာအလုပ် လုပ်နိုင်ခွင့်။

ဒီမိုကရေစီ နိုင်ငံများတွင်၊ တခါတရံ လူတို့သည်၊မိမိတို့ အရည်အချင်းနှင့် မညီသော အလုပ်ကို လုပ်တတ်ကြသည်။ ဥပမာ စကားကိုမျှလေးလုံးကွဲအောင် မပြော တတ်သူတို့က၊ ရှေ့နေအလုပ် လုပ်ခြင်းမျိုးဖြစ်သည်။ ထိုသူမျိုးသည် ရှေ့နေအလုပ်၌ ထမြောက် အောင်မြင်လိမ့်မည် မဟုတ်ချေ။ သို့ရာတွင် ထိုသူမျိုးအား၊ ရှေ့နေအလုပ်ကို မလုပ်ရဘူးဟု၊မည်သူကမျှ မပိတ်ပင်နိုင်။ အလွန်ဆုံး ထိုသူမျိုးအား၊ လျှာကိုများစွာ အသုံးမပြုရသော အလုပ်မျိုးကို လုပ်ဘို့ ကောင်းကြောင်းနှင့်သာ ဖျောင်းဖျ၍ ပြောပြနိုင်သည်။သို့နှင့်မှ ထိုသူမျိုးက “ငါတို့ ကြိုက်သဟာ ငါတို့ လုပ်မည်၊ သင်တို့နှင့် ဘာဆိုင်သလဲ”ဟု ဆိုလျှင် နောက်ထပ် မည်သူကမျှ ထပ်၍ ပြောခွင့်မရှိတော့။ အကယ်၍ ထိုသူမျိုးအား



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လုပ်ချင်ရာကို မလုပ်ရဘူးဟု တားမြစ် လိုက်လျှင် လွတ်လပ်ခြင်း ရှိတော့မည်မဟုတ်။ ဒီမိုကရေစီ နိုင်ငံများတွင် လူတို့သည် လွတ်လပ်ခြင်းကို နှစ်သက် မြတ်နိုးကြသည်၊ လွတ်လပ်ခြင်းကို ရရှိ၍ ကိုယ်လုပ်ချင်သော အလုပ်မျိုးကို လုပ်ရလျှင် ငတ်တလှည့် ပြတ်တလှည့် အလုပ်မျိုးကိုပင် ခံမင် နှစ်သက် တတ်ကြသည်။

## အမိန့်ပေးခြင်းထက် အကြံဉာဏ် ပေးခြင်းက ကောင်းသည်။

လူတို့သည် ဘယ်အလုပ်ကို မလုပ်ရဘူး၊ ဘယ်အလုပ်ကို လုပ်ရမည်ဟု အမိန့်ပေးခြင်းကို မကြိုက်ကြသော်လည်း၊ ဘယ်အလုပ်ကို လုပ်လျှင် ဘယ်လို အကျိုးယုတ်၍ ဘယ်အလုပ်ကို လုပ်လျှင် ဘယ်လို အကျိုး ရှိလိမ့်မည်ဟု၊ အကျိုးသင့် အကြောင်းသင့် အကြံဉာဏ် ပေးခြင်းကိုမူကား နှစ်သက်ကြသည်၊ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် လူများအား မိမိတို့ စရိုက်နှင့် လျော်သော အလုပ်များကို လုပ်နိုင်ကြစေရန်အတွက် စာသင်ကျောင်းများနှင့် အသင်းဖွဲ့များက အကြံဉာဏ် ပေးကြသည်။

ထိုအကြံဉာဏ်များကို ယူချင် လျှင်ယူ၍၊ မယူချင်လျှင် နေနိုင်သည်။ ဒီမိုကရေစီက အမိန့်ပေးခြင်းထက် အကြံဉာဏ် ပေးရခြင်းကို နှစ်သက်သည်။

လူတိုင်း ကိုယ့်ဟာကိုယ် လုပ်ချင်သော အလုပ်ကို လွတ်လပ်စွာ လုပ်ပိုင်ခွင့် ရှိခြင်းသည်၊ တာဝန်ရှိသော အလုပ်ဖြစ်၏။ ကိုယ်လုပ်ချင်သော အလုပ်ကိုလုပ်၍ အကျိုးရှိလျှင်၊ ကိုယ်ပင် အချီးမွမ်းခံရ၍ အကျိုးမရှိလျှင်လည်း၊ ကိုယ်ပင် အပြစ်တင်ခံရသည်။

## ဖူးပေါက်ပိုင်းနှင့်၊ လေးထောင့် ဖူးဆို့။

ဒီမိုကရေစီက၊ လူတို့အား လုပ်ရကျိုး နပ်သော အလုပ်များကို သေသပ်စွာ လုပ်စေလိုသည်။ သို့မှသာ ဒီမိုကရေစီ နိုင်ငံတို့သည် နေနေချင်စရာကောင်းသော ဌာနဖြစ်နိုင်မည်၊ ထို့ကြောင့် ဒီမိုကရစီ နိုင်ငံ



သားတို့တွင်၊ မိမိတို့ ကိုယ်တိုင် အကျိုးနှင့်တကွ အများအကျိုးရှိသော အလုပ်များကို ရွေးချယ်၍ လုပ်ကြဘို့ တာဝန်ရှိသည်။ တနည်းအားဖြင့်လည်း မိမိတို့နိုင်သော အလုပ်ကို လုပ်ကြဘို့မှာ ဒီမိုကရေစီ နိုင်ငံသားဘို့၏ တာဝန်ဖြစ်သည်။ သူများယောင်၍ ယောင်ရပါသည်၊ အမောင် တောင်မှန်း မြောက်မှန်းမသိသော အလုပ်မျိုးကို ဒီမိုကရေစီက မကြိုက်။ ဥပမာဆိုလျှင် အသံမရသူမျိုးက နှုတ်မှု ပညာဖြင့် အသက်မွေးမည်ဆိုလျှင်၊ ဒီမိုကရေစီအဘို့ အကျိုးမရှိနိုင်။ အပေါက်ပိုင်းကို လေးထောင့် အဆို့နှင့် ပိတ်လျှင် အဘယ်မှာ လုံနိုင်ပါအံ့နည်း။ လူတို့မှာ ပုံစံသွင်းထားသော သက်မဲ့ အရာများကဲ့သို့ မဟုတ်ဘဲ၊ တယောက်နှင့် တယောက် အရည်အချင်းခြင်း စရိုက်ခြင်း မတူသဖြင့် လူတို့အား မိမိတို့ အရည်အချင်း မိမိတို့ စရိုက်နှင့် တော်သော အလုပ်မျိုးကိုသာ ဒီမိုကရေစီက လုပ်စေလိုသည်။ ထိုသို့ မိမိတို့ အရည်အချင်း မိမိတို့ စရိုက်နှင့်တော်သော အလုပ်ကို လုပ်နိုင်ကြစေရန် အတွက်လည်း ဒီမိုကရေစီက ကူညီ အားပေးသည်။

## ဝါသနာနှင့် လိုက်သောအလုပ်။

အဘယ့်ကြောင့် ဒီမိုကရေစီက၊ လူတို့အား သူ့စရိုက်နှင့်သူ၊ တော်သော အလုပ်ကို လုပ်စေ လိုပါသနည်း။ အခြားကြောင့်မဟုတ်၊ စက်လုပ်ဘို့ ဝါသနာပါသူ တဦးကို လယ်လုပ်ရမည်ဟု အတင်းအကြပ်ခိုင်းလျှင် အခိုင်းခံရသူသာ အကျိုးမရှိနိုင်မည် မဟုတ်သည့်ပြင်၊ စက်လုပ်သည့်ဘက်တွင် သူ့ဉာဏ်စွမ်း ဉာဏ်စကို မှီ၍ပေါ်လာမည့် လူအများ အကျိုး ခံစားရမှုများလည်း ရှိနိုင်တော့မည် မဟုတ်သောကြောင့်တည်း။ ဖို့မော်တော်ကားကို လုပ်သော ဟင်နရီဖို့ကို သူ့အဘက လယ်လုပ် စေချင်သည်။ ဟင်နရီဖို့က လယ်မလုပ်ချင်၊ စက်လုပ်ဘို့သာ ဝါသနာပါသည်။ ဟင်နရီဖို့မှာ သူ့ဝါသနာနှင့် လိုက်သော စက်လုပ်ခွင့်ကို ရသဖြင့် သူကိုယ်တိုင်လည်း ကျိကျိတက် ချမ်းသာသော မော်တော်ကား သူဋ္ဌေးကြီးဖြစ်၍လာသည်။ သူလုပ်သော ဖို့ မော်တော်ကားများကို အကြောင်းပြု၍လည်း တကမ္ဘာလုံးအကျိုးခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အလုပ်တွင် စိတ်ပင်မှု မရှိခြင်း။

ထို့ကြောင့် ဒီမိုကရေစီက လူတို့အား သူတို့ဝါသနာနှင့် ကိုက်ညီသော အလုပ်များကို လုပ်နိုင်ခွင့် ရစေရန်အတွက် အထူးပင်အားပေးသည်။ သို့အားပေးရာတွင် ဇိကုတ်၍ နတ်ပြည်တင်သော နည်းမျိုးကို အသုံးမပြု။ အကျိုးအကြောင်း ပြသ၍ ဖျောင်းဖျသော နည်းကိုသာ အသုံးပြုသည်။ အကယ်၍ ဒီမိုကရေစီ၏ ဖျောင်းဖျချက်ကို မနာယူဘဲ၊ တဦး တယောက်သော သူက သူ့စရိုက်နှင့် တော်သည်ဖြစ်စေ မတော်သည်ဖြစ်စေ သူလုပ်ချင်သော အလုပ်ကိုသာ လုပ်မည်ဆိုလျှင်လည်း ဒီမိုကရေစီက ထိုသူ၏ ကိုယ်လုပ်ချင်သော အလုပ်ကို လုပ်ပိုင်ခွင့်ကို အဓမ္မ ပိတ်ပင်လိမ့်မည်မဟုတ်၊ ဒီမိုကရေစီသည် ထိုသူမျိုးအတွက် စိတ်မကောင်းရုံမျှတပါး၊ ဘာမျှ မတတ်နိုင်။

## လူတွေကောင်းမှ ဒီမိုကရေစီ ကောင်းနိုင်သည်။

ဒီမိုကရေစီ ဆိုသည်မှာ တနည်းအားဖြင့် တိုင်းသူပြည်သား အကုန်လုံးကို စုပေါင်း၍ ခေါ်သော အမည်တမျိုးပင် ဖြစ်သဖြင့်၊ တိုင်းသူပြည်သားများ ကောင်းကြမှသာ ဒီမိုကရေစီလည်း ကောင်းနိုင်မည်ဖြစ်သည်။ အကယ်၍ တိုင်းသူပြည်သားတို့သည် သူနိုးသူခိုး ငါနိုးငါခိုး ဖြစ်နေကြလျှင်၊ ဒီမိုကရေစီလည်း သူခိုး ဒီမိုကရေစီသာ ဖြစ်နိုင်လိမ့်မည်။ ထို့ကြောင့် ဒီမိုကရေစီသည် တိုင်းသူပြည်သားတို့ ကောင်းသလောက်သာ ကောင်းနိုင်၍ တိုင်းသူပြည်သားတို့ အားရှိသလောက်သာ အားရှိနိုင်လိမ့်မည်ကိုလည်း သိကြရာသည်။

## လွတ်လပ်စွာ စီးပွားရှာမှု။

ထို့ပြင် ဒီမိုကရေစီသည်၊ တိုင်းသူပြည်သားတို့ကို ယုံကြည် အားထားသော ဝါဒဖြစ်သဖြင့် တိုင်းသူပြည်သားတို့ကို လွတ်လပ်စွာ ကြံစည် လုပ်ကိုင်ကြစေလိုသည်။ စီးပွားရှာဖွေမှုတွင်လည်း တိုင်းသူပြည်သားတို့၏ စွမ်းရည်သတ္တိကို ယုံကြည်သဖြင့် ဒီမိုကရေစီက ဝင်ရောက်



စွက်ဖက်ခြင်းမပြု။ အများအကျိုးကို ထိခိုက်ပျက်စီးစေခြင်း မရှိသမျှ ကာလပတ်လုံး၊ ဒီမိုကရေစီက စီးပွား ရှာဖွေမှုများတွင် ဝင်ရောက် တားမြစ်ပိတ်ပင်ခြင်း မပြု။

## စည်းကမ်း လုပ်ပေးရခြင်း။

သို့ရာတွင် တိုင်းသူ ပြည်သားထဲတွင် စိတ်ကောင်းရှိသူ ချည်းသာရှိသည်မဟုတ်ဘဲ၊ စိတ်ယုတ် စိတ်ဆိုး ရှိသူများလည်း ရှိသဖြင့် ဒီမိုကရေစီက အကြောင်းအား လျော်စွာ စီးပွားရှာဖွေမှုတွင်ဝင်၍ စည်းကမ်းလုပ်ပေးရသည်။ ဥပမာ စိတ်ကောင်းမရှိသော အလုပ်ရှင်တို့က၊ အလုပ်သမားများကို အခကြေးငွေ လုံလောက်စွာ မပေးသည့် အခါမျိုးတွင် အလုပ်သမားများအား အလုပ်ရှင်က မည်ရွေ့ မည်မျှအောက် ယုတ်၍ မပေးရဟု ဒီမိုကရေစီက ဝင်ရောက်၍ ဥပဒေလုပ်ပေးသည်။ ဒီမိုကရေစီသည် အလုပ်ရှင်နှင့် အလုပ်သမား၊ ရောင်းသူနှင့် ဝယ်သူတို့ စပ်ကြားမှ သမာသမတ် ကျအောင် အမြဲစောင့်ရှောက်၍ပေးသည်။ မည်သူ့ဘက်ကိုမျှ ဒီမိုကရေစီက မျက်နှာမလိုက်။ တဖက်ဖက်ကို မျက်နှာလိုက်လျှင်၊ အဘယ်မှာ ဒီမိုကရေစီ မည်ပါမည်နည်း။ ဒီမိုကရေစီ၏ ရည်ရွယ်ချက်မှာ ခပ်သိမ်းသော တိုင်းသူပြည်သားတို့၏ အကျိုးကို ကာကွယ် စောင့်ရှောက်ပေးဘို့ ဖြစ်သည်။ ထို့ကြောင့်လည်း ဒီမိုကရေစီ နိုင်ငံများတွင် တိုင်းသူပြည်သားတို့မှာ မိမိတို့ နှစ်သက်ရာ အလုပ်ကို လွတ်လပ်စွာ လုပ်နိုင်ခြင်းဖြစ်သည်။

## တာဝန်သိမှု။

သို့ရာတွင် ဒီမိုကရေစီ နိုင်ငံများတွင် လွတ်လပ်စွာ အလုပ် လုပ်ကိုင်ခွင့်ရှိလိုသူတို့သည် တာဝန်ကိုလည်း သိကြရသည်။ လောကတွင် တာဝန်မရှိသော လွတ်လပ်ခွင့်ဟုမရှိ။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံ၌ လွတ်လပ်သော လူအဖြစ်နှင့် နေလိုသူတို့သည် တရား စောင့်ကြရမည်ဖြစ်သည်။ ရောင်းသူကလည်း ဝယ်သူကို မတရား မလုပ်ချင်ရ။ ဝယ်သူကလည်း၊ ရောင်းသူကိုလည်း မတရားမလုပ်ချင်ရ၊ အလုပ်ရှင်က အလုပ်သမား

www.burmeseclassic.com



ကိုလည်း မတရားမလုပ်ချင်ရ၊ အလုပ်သမားကအလုပ်ရှင်ကိုလည်း မတ ရားမလုပ်ချင်ရ။ တဦးကိုတဦး မတရားမလုပ်ကြသမျှ ကာလပတ်လုံး ဒီမို ကရေစီက ဥပဒေဖြင့် ဝင်ရောက် စွက်ဖက်လိမ့်မည်မဟုတ်။ ထို့ကြောင့် မိမိတို့အရေးကိစ္စများတွင် ဒီမိုကရေစီက ဥပဒေဖြင့် ဝင်ရောက်စွက်ဖက် ခြင်းမပြုစေလိုသူတို့သည် တရားစောင့်ကြရမည် ဖြစ်သည်။

အချုပ်တွင် တိုင်းသူပြည်သားတို့သည် အချင်းချင်း တရားမပျက် ကြသမျှ ကာလပတ်လုံး ဒီမိုကရေစီက ဥပဒေဖြင့် ဝင်ရောက် စွက် ဖက်ခြင်း ပြုလိမ့်မည် မဟုတ်သည်ကို သိကြရာသည်။

## ပစ္စည်းပိုင်ဆိုင် ခံစားခွင့်။

ဒီမိုကရေစီ နိုင်ငံများတွင် တိုင်းသူပြည်သားတို့မှာ ပုဂ္ဂလိက ပစ္စည်း ပိုင်နိုင်ခွင့်ရှိ၍၊ ထိုပစ္စည်းမှ ဖြစ်ပေါ်လာသော အကျိုးကိုလည်း ခံစား နိုင်ခွင့်ရှိသည်။ ပစ္စည်းဆိုရာတွင် မိမိတို့ ကိုယ်တိုင်ရှာ၍ ရသောပစ္စည်း နှင့် မိဘ သို့မဟုတ် အခြားသူတို့ထံမှ ရရှိသော ပစ္စည်းလည်း ပါသည် ကို သတိပြုအပ်သည်။

ထို့ပြင် ဒီမိုကရေစီ နိုင်ငံများတွင် တိုင်းသူပြည်သားတို့မှာ ပစ္စည်း ပိုင်ဆိုင်ခွင့် ရှိသည့်နည်းတူ မိမိတို့ ပိုင်ဆိုင်သော ပစ္စည်းမှ တိုင်းပြည် အုပ်ချုပ်မှုအတွက် ကုန်ကျသော စရိတ်ကို ကာမိစေရန် အခွန်ပေးဆို လည်း တာဝန်ရှိသည်။ ဤတာဝန်ကို မည်သူမျှ ရှောင်လွှဲ၍ မနေ ထိုက်။ အခွန်မည်ရွေ့မည်မျှ ကောက်ရမည်ကို တိုင်းသူပြည်သားတို့က မဲဖြင့် တင်မြှောက်ထားသည့် ကိုယ်စားလှယ် (အမတ်)များက ဆုံး ဖြတ်ကြသည်။

## အခွန် ကောက်ပုံ။

ဒီမိုကရေစီ နိုင်ငံများတွင် အခွန်ကောက်ရာတွင် အများအားဖြင့် လိုက်နာ ကျင့်သုံးနေသော သဘောတရားနှစ်ခုရှိ၏။ ထိုနှစ်ခုမှာ (၁) ဆင်းရဲနွမ်းပါးသူများကို လျော့၍ အခွန်ကောက်ခြင်းနှင့် ချမ်းသာ ကြွယ်ဝသူတို့ကို ချမ်းသာကြွယ်ဝသလောက်၊ ဆင့်ကဲ ဆင့်ကဲ ပို၍အ



ခွန်ကောက်ခြင်း (၂) မိမိတို့ ကိုယ်ထိလက်ရောက် လုပ်ကိုင်၍ရသော ဝင်ငွေပေါ်တွင် အခွန်လျော့၍ ကောက်ခြင်းနှင့် ကိုယ်တိုင် အပင်ပမ်း ခံ၍ မလုပ်ရဘဲနှင့် ငွေပင်ငွေရင်း မြှုပ်ရာမှ ရသော ဝင်ငွေ သို့မဟုတ် အမွေရသော ဝင်ငွေများကို အခွန်တိုး၍ ကောက်ခြင်းတို့ဖြစ်သည်။

(၁) အချက် သဘောတရားမှာ ရှေးက မြန်မာပြည်တွင် ဆိုကြ နိမ့်မြင့် အခွန်ကောက်ခြင်းနှင့် ဆင်သည်။

(၂) အချက်သဘောတရားအရ အမွေရသော ဝင်ငွေများအပေါ် တွင် ကောက်သော အခွန်နှုန်းမှာ အလွန်ပင် များသည်။ ထိုကဲ့သို့ ကောက်ခြင်းမှာ အလုပ်မလုပ်ဘဲနှင့် "အချောင်" ဝင်ငွေရသော သ ဘောကို အားမပေးရန်အတွက် ဖြစ်သည်။ တနည်းအားဖြင့် လူတ ဦးတယောက်၏ လုံ့လဝီရိယဖြင့် ရှာကြံရရှိသော ပစ္စည်းများကို အ လုပ်မလုပ်ဘဲနှင့် ထိုင်စားနေသူတို့ မပေါ်ပေါက်စေနိုင်ရန် အတွက် ဖြစ်သည်။ ဥပမာ ဦးဖြူသည် သူ့အစွမ်းအစ သူ့လုပ်ရည်ကိုင်ရည် သူ့ ဉာဏ် သူ့ဝီရိယနှင့် စုဆောင်းရရှိသော ပစ္စည်းများကို သူ့သားသူ့ မြေးများက အလကားအလုပ် မလုပ်ဘဲနှင့် ထိုင်၍မစားကောင်းဟု ဆို လိုသည်။ တနည်းအားဖြင့်လည်း ဦးဖြူပစ္စည်း ရှာဖွေ၍ရနိုင်ခြင်းမှာ တိုင်းပြည်၏ ကျေးဇူးကြောင့်ဖြစ်သည်ဟု ဆိုလိုသည်။

ထို့ကြောင့် ဦးဖြူ၏ပစ္စည်းကို တိုင်းပြည်ကလည်း အမွေဆိုင်သည် ဟု ဆိုလိုသည်။ တနည်းအားဖြင့် တိုင်းပြည်မရှိလျှင် ဦးဖြူသည် ဘယ် လောက်ပင် အကြံဉာဏ် ကောင်းသည် ဘယ်လောက်ပင် ဝီရိယ ကောင်းသည်ဖြစ်စေ၊ ပစ္စည်းရှာဖွေနိုင်မည်မဟုတ်။ တိုင်းပြည်သည် ဦးဖြူ၏ စီးပွားဘက် (ပါတနား) ဖြစ်သည်။ ထို့ကြောင့် ဦးဖြူ သေ သွားသောအခါ ဦးဖြူပစ္စည်းကို သားသမီးစသော သူ့အမွေစားများက သာ ရထိုက်သည်မဟုတ်ဘဲ၊ သူနှင့် စီးပွားဘက်ဖြစ်သော တိုင်းပြည် ကလည်း ရထိုက်သည်ဟု ဆိုခြင်းဖြစ်သည်။ (ဤတွင် ကုဋေ ကုဋာ ဘိုးထိုက်တန်သော အမွေပစ္စည်းမျိုးကိုသာ ဆိုလို၍၊ တန်ဘိုး[illegible]များ သော အမွေပစ္စည်းမျိုးကို ဆိုလိုသည် မဟုတ်သည်ကို သိရသည်။)

www.burmeseclassic.com

www.burmeseclassic.com



## ပစ္စည်းကိုသူတပါး မနစ်နာအောင် သုံးရခြင်း။

ဒီမိုကရေစီသည် ပစ္စည်းနှင့် ပတ်သက်လာလျှင် ဆင်းရဲသား၏ ပစ္စည်းဖြစ်စေ၊ လူချမ်းသာ၏ ပစ္စည်းဖြစ်စေ၊ အထက်ပါ သဘောတရား နှစ်ပါးဖြင့်သာ ချိန်၍ဆုံးဖြတ်သည်။ ဒီမိုကရေစီက နိုင်ငံရေးဝါဒ မတူခြင်း၊ အမျိုးအနွယ်မတူခြင်း၊ ဘာသာရေးဝါဒ မတူခြင်း၊စသော အကြောင်းမျိုးဖြင့် မည်သူ့ပစ္စည်းကိုမျှ သိမ်းယူခြင်းမပြု။ မည်သူမဆို မိမိပိုင်ပစ္စည်းကို သုံးချင်သလို သုံးစွဲပိုင်ခွင့်ရှိသည်။ လိမ္မာစွာ သုံးစွဲချင်လည်း သုံးစွဲခွင့်ရှိသည်။ မိုက်မဲစွာ ဖြုန်းတီးလိုလျှင်လည်း ဖြုန်းတီးခွင့်ရှိသည်။ ထိုသို့ သုံးစွဲးဖြုန်းတီးခြင်းသည် လူအများ၏ အကျိုးကို မထိခိုက်သမျှ ကာလပတ်လုံး ဒီမိုကရေစီက တားမြစ် ပိတ်ပင်လိမ့်မည် မဟုတ်။

ဒီမိုကရေစီ နိုင်ငံများတွင် တိုင်းသူပြည်သားတို့မှာ လွတ်လပ်စွာ စီးပွားရှာခွင့်ရ၍၊ ရှာဖွေရရှိသော ပစ္စည်းကိုလည်း ဒီမိုကရေစီက စောင့်ရှောက် ကာကွယ်၍ ပေးသည်။ ထိုပြင် ရှာဖွေရရှိသော ပစ္စည်း ကို လွတ်လပ်စွာ သုံးစွဲနိုင်ဘို့လည်း ဒီမိုကရေစီက ကာကွယ်၍ ပေး သည်။ ထိုကြောင့် တိုင်းသူပြည်သားတို့ အပေါ်တွင် ဒီမိုကရေစီ၏ ကျေးဇူးရှိသည်။ ထိုကြောင့် ဒီမိုကရေစီ နိုင်ငံက တိုင်းသူပြည်သားတို့ သည် မိမိတို့ပစ္စည်းကို သုံးစွဲရာ၌ မိမိတို့ကိုယ်တိုင်နှင့်တကွ၊ လူဦးရေ အများဆုံး အကျိုးရှိအောင်ဆင်ခြင်၍ သုံးစွဲအပ်သည်။ မိမိတို့ ကိုယ် တိုင်နှင့်တကွ အခြားသူများနစ်နာပျက်စီးအောင် မသုံးစွဲသင့်။တတ်နိုင် လျှင် မိမိတို့ အိုမင်းလာ၍ အလုပ်မလုပ်နိုင်သည့် အခါတွင် မိမိတို့ဝန် တာ သူတပါးအပေါ်သို့ မကျစေရန်အလို့ငှါ အိုစာမင်းစာအတွက် စုဆောင်းနိုင်သလောက် စုဆောင်းထားသင့်သည်။

## အခွန်ပေးကျိုး နပ်ခြင်း။

ဒီမိုကရေစီ နိုင်ငံများတွင် မိမိတို့ ပေးဆောင်သင့်သော အခွန်ကို ပေးဆောင်ရန်မှာ တိုင်းသူပြည်သားတို့၏ တာဝန်ဖြစ်သည်။ အခွန်

www.burmeseclassic.com



ပေးဆောင်ရခြင်းမှာ ဆင်းရဲသူလည်း ဆင်းရဲသူအလိုက်၊ ချမ်းသာသူ လည်း ချမ်းသာသူအလိုက် ဝန်လေးသော အလုပ်ဖြစ်သည်။ သို့ရာတွင် ဒီမိုကရေစီနိုင်ငံများတွင် အခွန်ကို တိုင်းသူပြည်သားတို့က တင်မြှောက် ထားသော ကိုယ်စားလှယ်များက ကြည့်၍ စည်းကြပ်သဖြင့် တိုင်းသူ ပြည်သားတို့က ကျေနပ်စွာ ပေးကြသည်။ ဒီမိုကရေစီ နိုင်ငံများတွင် အခွန်ပေးရကျိုးနပ်သည်။ အဘယ်ကြောင့်ဆိုသော် ရရှိသော အခွန်ကို လူတဦး တယောက်၏ ကောင်းကျိုး၊ သို့မဟုတ် လူတစု၏ကောင်းကျိုး အတွက် အသုံးမပြုဘဲ၊ တိုင်းသူပြည်သားအားလုံး ကောင်းမွန် လုံခြုံ စွာ နေနိုင်စေရန် အတွက်သာ အသုံးပြုခြင်းကြောင့်တည်း။ ဒီမိုကရေစီ နိုင်ငံများတွင် အခွန်စည်းကြပ်သူများကို တိုင်းသူပြည်သားတို့က အမြဲ ကြီးကိုင်ထားသဖြင့် အခွန်ကို မတရား စည်းကြပ်လိမ့်မည်ဟု စိုးရိမ်ပူ ပန်ဘို့မရှိ။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံများတွင် မိမိတို့ပေးဆောင် ရန် ကျသင့်သော အခွန်ကို မပေးဆောင်သူများအား သူခိုး ထားပြများ ကဲ့သို့ မှတ်ယူကြသည်။

## ဥပဒေ တမျိုးတည်း ရှိခြင်း။

ဒီမိုကရေစီ နိုင်ငံတွင် ဆင်းရဲသူအတွက် ဥပဒေတမျိုး၊ ချမ်းသာသူ အတွက် ဥပဒေတမျိုး၊ ဂုဏ်မဲ့သူအတွက် ဥပဒေတမျိုး၊ ဂုဏ်ရှိသူအ တွက် ဥပဒေတမျိုး၊ဩဇာမရှိသူအတွက် ဥပဒေတမျိုး၊ ဩဇာရှိသူအ တွက် ဥပဒေတမျိုး၊ အာဏာလက်ကိုင် မရှိသူအတွက် ဥပဒေ တမျိုး၊ အာဏာလက်ကိုင်ရှိသူအတွက် ဥပဒေတမျိုးမရှိ။ တခုတည်းသော ဥပ ဒေကိုသာ ဆင်းရဲ ချမ်းသာ ဂုဏ်မဲ့ ဂုဏ်ရှိ ဩဇာမဲ့ ဩဇာရှိ အာဏာမဲ့ အာဏာရှိ မရွေး အကုန် လိုက်နာကြရသည်။ သာမန် လူများလည်း ဥပဒေကို မကျူးလွန်နိုင်။ အခိုက်အတန့် အာဏာ ရနေသော သူများ လည်း ဥပဒေကို မကျူးလွန်နိုင်။ ဥပဒေကို ကျူးလွန်ကြသူ မှန်လျှင် ထိုက်လျောက်သော အပြစ်ဒဏ်ကို ခံရကြမှာချည်း ဖြစ်သည်။

မည်သည့်နိုင်ငံတွင်မဆို မဟုတ် မတရားလုပ်သူ အနည်းနှင့် အများ ရှိကြမြဲဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီက၊ မဟုတ်မ တရားလုပ်သူ

www.burmeseclassic.com






## ဥပဒေ မတတ်လျှင်၊ တရားသူကြီး မလုပ်ရ။

ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေကို ကျွမ်းကျင် သူများကိုသာ တရားသူကြီး ခန့်သည်။ ဥပဒေကို ကျွမ်းကျင်သူ မဟုတ်က မည်မျှလောက်ပင် "အဆက်အသွယ်"ကောင်းသူ ဖြစ်စေကာမူ၊ တရားသူကြီး မဖြစ်နိုင်။ အာဏာရှင် နိုင်ငံ၌မူကား ဥပဒေကို နကန်းတလုံးမျှ နားမလည်သူပင် ဖြစ်စေကာမူ၊ အာဏာရှင် အလိုတော်ရှိသူဖြစ်က တရားသူကြီး ဖြစ်နိုင်သည်။ ဒီမိုကရေစီ နိုင်ငံက တရားသူကြီးတို့၏ တာဝန်မှာ အမှုကို တရား စီရင်ခြင်း စည်းမျဉ်း ဥပဒေနှင့်အညီ၊ တော်တည့် ဖြောင့်မှန်စွာ စစ်ဆေး စီရင်ဘို့ဖြစ်သည်။ အာဏာရှင် နိုင်ငံက တရားသူကြီးများ အဘို့တွင်မူ တရားခြင်း၊ မတရားခြင်းဟူသောသဘောမျိုးမရှိ။ အာဏာရှင်၏ အလိုတော်ကျ၊ လက်မနှုံ့ ကြီးလေးသော အပြစ် ပေးရခြင်းသာ ရှိသည်။ အဘယ်ကြောင့်ဆိုသော် အာဏာရှင် နိုင်ငံသည် ဒီမိုကရေစီ နိုင်ငံကဲ့သို့ ဓမ္မစက် နိုင်ငံမဟုတ်ဘဲ၊ အာဏာစက် နိုင်ငံ ဖြစ်သောကြောင့်တည်း။

လူတို့၏ လွတ်လပ်ခြင်းကို အာဏာရှင်က ဖျက်သည်။ ဒီမိုကရေစီက စောင့်ရှောက်သည်။ ပြစ်မှု ကျူးလွန်ကြောင်း စစ်ဆေး၍ ထင်ရှားသောသူကို ထိုက်လျောက်သော အပြစ်ဒဏ် ပေးခြင်းမှတပါး၊ ဒီမိုကရေစီသည် ဘယ်သူ့ကိုမျှ ရန်မလုပ်။ ရုံးက မှုပြစ် ထင်ရှားသည်ဟု စီရင်ချက် ချလိုက်သည့် သူကိုပင်၊ ဒီမိုကရေစီက ဆက်လက်၍ စောင့်ရှောက် သေးသည်။ ထိုသူမှာ မိမိအမှုကို ပြန်၍ စစ်ဆေးရန် တောင်းနိုင်ခွင့်၊ သို့မဟုတ် အယူခံနိုင်ခွင့် ရှိသည်။ ကျဉ်းကျဉ်း ဆိုရသော် ဒီမိုကရေစီက မည်သူမျှ မတရား အပြစ်ဒဏ် ပေးခြင်း မခံရအောင် အစွမ်းကုန် စောင့် ရှောက်၍ ပေးသည်။

### မနှိပ်စက်ရ။

ဒီမိုကရေစီနိုင်ငံတွင် မှုပြစ်တခုခုနှင့် စပ်လျဉ်း၍၊ အဖမ်းအဆီး ခံရသူကို အချုပ်ခန်းထဲ၌ ပုလိပ် (ရဲ) ကဒင်း၊ ထောင်ထဲ၌ ထောင်မှူး



www.burmeseclassic.com

www.burmeseclassic.com



ပါးကွက်တို့ကဒင်း၊မတရားနှိပ်စက် ညှဉ်းပန်းလိမ့်မည်ဟု ပူပန်စိုးရိမ်ဘို့ မရှိ။မတရားနှိပ်စက် ညှဉ်းပန်းခြင်းသည် ဒီမိုကရေစီ၏အလုပ်မဟုတ်။

အာဏာရှင် နိုင်ငံတွင်မူကား လူတို့၏ လွတ်လပ်ခွင့်ကို တန်ဘိုးမထားသဖြင့်၊ဘယ်လိုပင် အေးချမ်း ညိမ်ဝပ်စွာ နေသူပင် ဖြစ်လင့်ကစား 'ငါ့များ ဘယ်တော့ လာဖမ်းမလဲ' ဟု တထိတ်ထိတ်နှင့် နေရသည်။ အာဏာရှင် နိုင်ငံ၌ အာဏာရှင် အလိုတော်မကျ၍ အဖမ်းခံရ သူတို့မှာ သေလေသလား ရှင်လေသလားဟုပင် မိဘ ဆွေမျိုးတို့က မသိနိုင်။အာဏာရှင်တို့သည် အာဏာစက် သမားများပြီပြီ မိမိတို့ သဘောတော် မကျသော သူများကို ဖမ်းချင်သလိုဖမ်း၍ ချုပ်နှောင်ချင်သလောက် အချိန် အကန့်အသတ်မရှိ ချုပ်နှောင်၍ ထားသည်။အာဏာရှင် နိုင်ငံက တရားသူကြီး ဆိုသူများမှာ ဥပဒေ ကျွမ်းကျင်၍ ဖြစ်သူများမဟုတ်၊အာဏာရှင် အမိန့်တော် ပေးသမျှကို မတွန့်မဆုတ် လုပ်ကြသူ မိုက်ဖက်တော် မိုက်ဖက်သားများသာ ဖြစ်သည်။ အာဏာရှင်တို့မည်သည်၊လူမိုက် ခေါင်းကြီးများ ဖြစ်သဖြင့် အာဏာရှင် နိုင်ငံများတွင် လူဆိုး လူမိုက်များသာ ထွန်းကားနိုင်သည်။

## တရားသူကြီး ကျင့်ဝတ်။

ဒီမိုကရေစီ နိုင်ငံတွင် တရားသူကြီးတို့မှာ တရား စစ်ဆေး စီရင်ထုံးများနှင့်အညီ မိမိတို့ မှန်ကန်သည်ဟု ထင်မြင်ချက်ရသလို လွတ်လပ်စွာ တရားစီရင်နိုင်သည်။ အခိုက်အတန့် အာဏာ ရနေသူတို့ကလည်း မည်သည့်အမှုကို မည်ကဲ့သို့ စီရင်ရမည်၊ မည်သူ့ကို အပြစ်ပေး၍ မည်သူ့ကို လွှတ်ပစ်ရမည်ဟု ဝင်ရောက် စွက်ဖက်နိုင်ခွင့် အမိန့်ပေးနိုင်ခွင့်မရှိ။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် တရားသူကြီးတို့မှာ တရားစစ်ဆေး စီရင်ထုံးနှင့်အညီ၊တရား စီရင်နေကြသမျှ ကာလပတ်လုံး မည်သူ့ကိုမျှ ကြောက်၍ မနေရ။ အကယ်၍ တရားသူကြီး တဦးတယောက်သည် ဥပဒေကို ကျူးလွန် ခဲ့သည်ရှိသော်၊ ထိုတရားသူကြီးမှာ ခပ်သိမ်းသော ဥပဒေ ကျူးလွန်သူတို့ သွားရာလမ်းကိုသာ သွားရမည် ဖြစ်သည်။



## ဥပဒေသာ ပဓာန။

အာဏာရှင် နိုင်ငံတွင်မူကား တရားသူကြီး လုပ်သူတို့မှာ တရားစီရင်ဘို့ထက် အာဏာရှင် သဘောတော်ကျသော အလုပ်ကိုသာ ရှာ၍ လုပ်ကြရသည်။ အာဏာရှင်သည် သေသောက်ကြူး ဖြစ်ခဲ့လျှင်၊ တရားသူကြီး လုပ်သူတို့ကလည်း တရားစီရင်မှုကို ရပ်ဆိုင်း၍ သေခွက်ကိုကိုင်၍ သေသောက်ခြင်း၏ အကျိုး အာနိသင်ကို ဖွဲ့ဆို သီကုံးကြရသည်။ဒီမိုကရေစီ နိုင်ငံတွင် တရားကို ဖြောင့်မှန်စွာ စီရင်သည့်အတွက် အပြစ်ဒဏ် အခပေးခံရသော တရားသူကြီး မည်သည်မရှိ။အာဏာကို လက်ကိုင်ထား၍ သုံးစွဲခွင့် ရသူတို့အနက် အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သည့် သမ္မတ၏ အမိန့်ကိုပင် ဥပဒေနှင့် မညီလျှင် တရားသူကြီးတို့က ပယ်ဖျက်ပစ်နိုင်သည်။ဒီမိုကရေစီ နိုင်ငံများတွင် ထိုကဲ့သို့ သမ္မတ၏ ဥပဒေနှင့် မညီသော အမိန့်များကို တရားသူကြီးတို့က ပယ်ဖျက်ပစ်ဘူးသော ထုံးအများရှိသည်။ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေသည်သာလျှင် အဓိက၊ ဥပဒေသည်သာလျှင် အချုပ်အချာ၊ ဥပဒေသာ ပဓာန ဖြစ်သည်။ထို့ကြောင့်သာ တရားသူကြီးတို့သည် ဥပဒေနှင့်အညီ၊ ဘယ်သူ့ကိုမျှ မကြောက်ရ၊ မငဲ့ရ၊ အားမနာရဘဲနှင့် လွတ်လပ်စွာ တရားစီရင် နိုင်ခြင်းဖြစ်သည်။ အာဏာရှင် နိုင်ငံတွင် တရားသူကြီးအမည် ခံရသူတို့အဖို့တွင် တရားကို ဖြောင့်မတ်စွာ စီရင်ခြင်းထက် "မှန်ပါ့ဘုရား" လိုက်တတ်ဘို့ အရေးကြီးသည်။ဒီမိုကရေစီ မျက်စေ့နှင့်ကြည့်လျှင် အာဏာရှင် နိုင်ငံက တရားသူကြီး ဆိုသူများမှာ လူဖြစ်ရှုံး နေရသော လူ့ပေါက်ပန်းကြီးများ ဖြစ်သဖြင့် သနားစရာ ကောင်းလှသည်။

## ဥပဒေကို ရိုသေရမည်။

ဒီမိုကရေစီသည် တိုင်းသူ ပြည်သားတို့၏ သဘောတူချက်အရ သတ်မှတ်ထားသော ဥပဒေဖြင့် တိုင်းသူ ပြည်သားတို့၏ အခွင့်အရေးများကို စောင့်ရှောက် ပေးသဖြင့်၊ တိုင်းသူ ပြည်သားတို့ကလည်း ဒီမိုကရေစီကို ပြန်၍ စောင့်ရှောက်ဘို့ တာဝန်ရှိသည်။ ဒီမိုကရေစီနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဥပဒေ ဆိုသည်မှာ၊ တိုင်းသူ ပြည်သားတို့ သဘောတူ ပြုလုပ်ထား သော စည်းကမ်းများသာ ဖြစ်သဖြင့်၊ ဥပဒေကို ရှိသေဘို့ လေးစားဘို့ လိုက်နာဘို့ တာဝန်မှာ တိုင်းသူ ပြည်သားတို့ လိုလိုချင်ချင် ပြုလုပ် အပ်သော ဝတ္တရားပင် ဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေကို မရို သေသူသည် ကိုယ့်ကိုယ်ကိုယ် မရိုသေသူ ဖြစ်သည်။ ဥပဒေကို ဖျက် သူသည် ကိုယ့်ကိုယ်ကိုယ် ဖျက်သူဖြစ်သည်။ ထို့ကြောင့် ဥပဒေကို မ ညသူကမျှ မဖျက်ကောင်း။ ရောမ ခေါင်းဆောင်ကြီး တို့ကလည်း မ ဖျက်ကောင်း။ မထင်ရှားသော နောက်လိုက် ငယ်သားတို့ကလည်း မ ဖျက်ကောင်း။ တရားသူကြီးကို လာဘ်ထိုးသူသည် ဒီမိုကရေစီကို ဖျက် သူဖြစ်သည်။ လာဘ်စားသော တရားသူကြီးလည်း ဒီမိုကရေစီကို ဖျက် သူပင်တည်း။

## တရားကို ရုံးက စီရင်ပါစေ။

ဒီမိုကရေစီ နိုင်ငံတွင် တခါတရံ တိုင်းသူ ပြည်သားတို့သည် တ ရားသူကြီးတို့ လုပ်ရမည့် အလုပ်ကို လု၍ လုပ်တတ်ကြသည်။ ထိုသို့ မ လုပ်အပ်။ ဥပဒေကို ကျူးလွန်သူကို အပြစ်ဒဏ် ပေးဘို့ အလုပ်မှာ တ ရားသူကြီးတို့၏ အလုပ်သာ ဖြစ်သည်။ ဥပမာ သူခိုး ဒါးပြကို တိုင်း သူ ပြည်သားတို့က အပြစ်ဒဏ် ပေးသော သဘောဖြင့် ကိုယ်တိုင်ဖမ်း ဆီး၍ ရိုက်နှက်သတ်ဖြတ် လုပ်မည်ဆိုလျှင် တိုင်းသူ ပြည်သားတို့က တရားသူကြီးတို့၏ အလုပ်ကို လု၍ လုပ်ခြင်း ဖြစ်သောကြောင့်၊ ဥပဒေ နှင့် ညီလိမ့်မည် မဟုတ်။ ဥပဒေနှင့် မညီသည့်ဟာကို လုပ်လျှင် ဒီမိုက ရေစီ ပျက်တတ်သည်။ ထို့ကြောင့် သူခိုး ဒါးပြကိုမိလျှင် တိုင်းသူ ပြည်သားတို့က မိမိတို့ကိုယ်တိုင် တရား မစီရင်ကြဘဲ သက်ဆိုင်ရာ တာဝန်ရှိသူတို့ ထံမှတဆင့် ထိုက်သင့်သည့် အပြစ်ဒဏ် ပေးနိုင်ရန်အ တွက် ရုံးသို့ ပို့အပ်သည်။ သို့မှသာ ရုံး ထားရကျိုး နပ်မည်လည်း ဖြစ် သည်။

လောကတွင် လူတို့ မည်သည်မှာ မည်သူမျှ ချွတ်ခြော်ပြစ်ကင်း မ ဖြစ်နိုင်ကြသဖြင့် တရားသူကြီး များထဲတွင်လည်း စုံပြူးများ ရှိမည်



သာ ဖြစ်သည်။ သို့ရာတွင် ဒီမိုကရေစီ နိုင်ငံတွင်၊ မကောင်းသော တ ရားသူကြီးများကို ဥပဒေဖြင့် ဖြုတ်ပစ်နိုင်သဖြင့်၊ မကောင်းသော တ ရားသူကြီး များအတွက် များစွာ စိုးရိမ်ကြောင့်ကြ ဖြစ်ဘို့ မရှိ။ ထို့ပြင် ဒီမိုကရေစီ နိုင်ငံတွင် ဆင့်ကဲဆင့်ကဲ အယူခံဝင်နိုင်ခွင့် ရှိသဖြင့်လည်း၊ မကောင်းသော တရားသူကြီးတို့သည်၊ ပေါက်လွှတ်ပဲစား မလုပ်ဝံ့ကြ။

အချုပ်တွင်၊ ဒီမိုကရေစီ နိုင်ငံ၌ တိုင်းသူ ပြည်သားတို့၏ အလိုဆန္ဒ သည် သာလျှင်၊ အချုပ်အချာ ဖြစ်သဖြင့်၊ တိုင်းသူ ပြည်သားတို့က တ ရားသူကြီးတို့ တရား စီရင်ခြင်းကို အမြဲ စောင့်ကြပ်၍ ကြည့်နေကြမည် ဆိုလျှင် မကောင်းသော တရားသူကြီးတို့ ရမ်းကားဝံ့ကြမည် မဟုတ် သည်ကိုလည်း သိကြရာသည်။

## ကိုယ့်အခွင့်အရေး ကိုယ်မသုံးလျှင် ဒီမိုကရေစီ့ အပြစ်မဟုတ်။

ဒီမိုကရေစီ၏ တရားစီရင်မှု စံနစ်တွင် ချွတ်ယွင်းချက် ရှိသလောက် ရှိသည်။ သို့ရာတွင် ထိုချွတ်ယွင်းချက်များကို အများပြည်သူတို့၏ အ လိုဆန္ဒအရ ပြုပြင် ပြောင်းလွဲ နိုင်ခွင့်ရှိသဖြင့်၊ ထိုချွတ်ယွင်းချက်များကို တိုင်းသူ ပြည်သားတို့က မပြုပြင်ဘဲ ဆက်လက် ထားရှိနေပါလျှင်၊ ထို ချွတ်ယွင်းချက်များအတွက် ဒီမိုကရေစီကို အပြစ် မတင်ကြဘဲ၊ တိုင်း သူ ပြည်သားတို့သည် မိမိတို့ ကိုယ်ကိုသာ မိမိတို့ အပြစ်တင်ကြရာ သည်။

ကမ္ဘာပေါ်တွင် ဒီမိုကရေစီ နိုင်ငံက တိုင်းသူ ပြည်သားများထက် အခွင့်အရေး သာသူမရှိ။ ထို့ကြောင့်သာလျှင် ဒီမိုကရေစီ နိုင်ငံသားတို့ က ဒီမိုကရေစီကို ချစ်မြတ်နိုးကြခြင်း ဖြစ်သည်။ ကျန်းမာခြင်း၏ အ ဘိုး ထိုက်တန်ပုံကို မကျန်းမမာ ဖြစ်သည့် အခါကျမှ သိနိုင်သည့်နည်း တူ၊ ဒီမိုကရေစီ၏ အဘိုး အနဂ္ဃ ထိုက်တန်ပုံကိုလည်း ဒီမိုကရေစီ ကျ ဆုံးသည့် အခါကျမှသာ သိနိုင်သည်။ ထို့ကြောင့်သာလျှင် ဒီမိုကရေစီ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသားတို့က မိမိဘို့ ဒီမိုကရေစီကို အသက်နှင့်လဲ၍ ကာကွယ်လို ကြခြင်းလည်း ဖြစ်သည်။

## ဒီမိုကရေစီ၌ နှိပ်စက်ညှဉ်းပမ်းမှု မရှိခြင်း။

ဒီမိုကရေစီနိုင်ငံတွင် တိုင်းသူပြည်သားတို့သည် အစိုးရ (ပြည်စေခံအဖွဲ့) ၏ ညှဉ်းပမ်းနှိပ်စက်ခြင်းမှ ကင်းလွတ်ကြသည်။ အာဏာရှင်တို့သည် သူတို့နာမည်နှင့် အလိုက်ပင် အာဏာကြီးကြသည်။ ဒီမိုကရေစီနိုင်ငံတွင် တိုင်းသူပြည်သားတို့က အစိုးရ (ပြည်စေခံအဖွဲ့) အား မိမိတို့တိုင်းသူပြည်သားများ အကျိုးအတွက် တိုင်းပြည်ကို အုပ်ချုပ် ဖြစ်နိုင်ရုံလောက် အာဏာကိုသာ ပေးထားသဖြင့်၊ အစိုးရ (ပြည်စေခံအဖွဲ့) က တိုင်းသူပြည်သားတို့အား မညှဉ်းပမ်း မနှိပ်စက်နိုင်။ ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေကို မကျူးလွန်သမျှကာလပတ်လုံး အစိုးရ (ပြည်စေခံအဖွဲ့) က မဖမ်းဆီး မချုပ်နှောင်နိုင်။ အစိုးရ (ပြည်စေခံအဖွဲ့) သည်လည်း အာဏာရှင်များ မဟုတ်။ တိုင်းပြည်ကို စောင့်ထိန်း ရသူများသာ ဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံက အစိုးရ (ပြည်စေခံအဖွဲ့) ကို ပြည်စောင့်ခွေးကြီးများနှင့် နှိုင်းယှဉ်နိုင်သည်။ ဒီမိုကရေစီ နိုင်ငံက အစိုးရ (ပြည်စေခံအဖွဲ့) သည် သူတို့ မုန်းထားသူများကိုပင် အရမ်း မဖမ်းမဆီးနိုင်။ ထိုသို့ အရမ်း မဖမ်းဆီးနိုင်လျှင် အစိုးရ (ပြည်စေခံအဖွဲ့) ကို အဘယ်သူက ရွံရှာ မုန်းတီး ကြအံ့နည်း။ စင်စစ်သော်ကား ဒီမိုကရေစီ နိုင်ငံတွင် အစိုးရ (ပြည်စေခံအဖွဲ့) ကို ဥပဒေ ကျူးလွန် လိုသူတို့မှ တပါးအဘယ်သူကမျှ မမုန်းကြ၊ မရွံကြ၊ ရန်သူချီး ငါးပါးထဲ အပါအဝင်ဟုလည်း သဘောမထားကြ။ ထားဘို့လည်းမလို ဖြစ်သည်။

## လွတ်လပ်စွာ ကိုးကွယ်ခွင့်။

ထို့ပြင် ဒီမိုကရေစီ နိုင်ငံ၌ ဘာသာ အယူဝါဒနှင့် ပတ်သက်၍လည်း ဘယ်ဘာသာ ဘယ်အယူ ဝါဒကိုသာ ယူရမည်။ ဘယ်ဘာသာ ဘယ်အယူဝါဒကို မယူရဟူ၍ အစိုးရ (ပြည်စေခံအဖွဲ့) က အမိန့် မပေးနိုင်။ တိုင်းသူ ပြည်သားတို့သည် သူတို့ယူချင်သော ဘာသာ



အယူဝါဒကို ယူနိုင်သည်။ ဘယ်ဘာသာ ဘယ်အယူဝါဒမှ မယူချင်လျှင်လည်း နေနိုင်သည်။ ဘာသာ အယူဝါဒသည် တိုင်းသူ ပြည်သားတို့၏ အတွင်း စိတ်သန္တာန်နှင့် ဆိုင်သော အလုပ်ဟုသာ ဒီမိုကရေစီက ယူဆသည်။ ဒီမိုကရေစီ အဘို့တွင် အတွင်းစိတ် သန္တာန်၏ အလုပ်ဖြစ်သော ဘာသာ အယူဝါဒရေးတွင်၊ စွက်ဖက် နှောက်ယှက်ခြင်းထက် မနှစ်မြို့ဘွယ် ကောင်းသော အလုပ်မရှိ။

ကမ္ဘာပေါ်တွင် ဘာသာ အမျိုးမျိုးရှိရာ၊ လူတို့မှာ မိမိတို့ ကြိုက်နှစ်သက်ရာ ဘာသာကို ယုံကြည် နိုင်ခွင့်ရှိသည်။ တဘာသာမှ တဘာသာသို့ ပြောင်း၍ ယုံကြည်ချင်လျှင်လည်း ယုံကြည်နိုင်ခွင့် ရှိသည်။

ဒီမိုကရေစီ နိုင်ငံတွင် တဘာသာဝင်က တဘာသာဝင်ကို နှိပ်စက်ညှဉ်းပမ်းနိုင်ခွင့်မရှိ။ ဘာသာတို့ မည်သည် နူးညံ့ သိမ်မွေ့သော တရားဖြစ်သော်လည်း၊ အချို့ ဘာသာဝင်တို့သည် မိမိတို့နှင့်တဘာသာတည်းပင် ဖြစ်သော်လည်း ဂိုဏ်းကွဲကာမျှနှင့် ထောင်သောင်းများစွာ ကုန်သော သူတို့ကို ညှဉ်းပမ်း နှိပ်စက်ခဲ့ဘူး သတ်ဖြတ် ခဲ့ဘူးသည်။ ဘာသာရေးနှင့် ပတ်သက်၍ ညှဉ်းပမ်း နှိပ်စက်ခြင်းကို ဒီမိုကရေစီက ခွင့်မပြု။ ဒီမိုကရေစီ နိုင်ငံတွင် 'မင်းဘာသာ' မရှိ။ ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သား အားလုံးထံမှ ကောက်ခံရရှိသော အခွန်ငွေဖြင့် ဘယ်ဘာသာမျှ မထောက်ပံ့။ ဒီမိုကရေစီက ဘာသာကို မနှောက်ယှက်။ ဘာသာရေးနှင့် ပတ်သက်သော မြေယာ အဆောက်အဦများနှင့် တကျွ ရသေ့ရဟန်း စသည်တို့ကိုလည်း အခွန်မကောက်။

အချို့ ဒီမိုကရေစီ မဟုတ်သော နိုင်ငံများတွင် အာဏာရှင်တို့က ဘာသာတခုခုကို 'အစိုးရ ဘာသာ' ဟု သတ်မှတ်ထားပြီးလျှင် ထိုဘာသာကို တိုင်းသူ ပြည်သားတို့ ထံမှ ကောက်ခံရရှိသော အခွန်နှင့် ထောက်ပံ့သည်။ ဤနည်းဖြင့် ထိုဘာသာကို မယုံကြည် သူတို့ကလည်း ထိုဘာသာအတွက် အခွန်ပေးကြရသည်။ ဒီမိုကရေစီ နိုင်ငံတွင် ဘယ်ဘာသာ အတွက်မျှ အခွန်ငွေကိုမသုံး။ ထိုသို့ မသုံးခြင်းမှာ တိုင်းသူ ပြည်သားတို့သည် တဘာသာတည်းကို ယုံကြည်ကြသည် မဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာအမျိုးမျိုးကို ယုံကြည်ကြသဖြင့် တခုသော ဘာသာအတွက်။ ထူးခြား၍ မျက်နှာ မလိုက်ချင် ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် တ ခုသော ဘာသာကို သက်ဝင်ယုံကြည်သူတို့၏ ဦးရေမှာ အခြားအခြား သော ဘာသာဝင်တို့၏ ဦးရေသက် အဆမတန် များပြား၍ နေသော အခါ ဒီမိုကရေစီက များပြားသော ဘာသာဝင်တို့၏ အကျိုးကို လျောက်ပတ်စွာ စောင့်ရှောက်၍ ပေးရသည်။

## ဘာသာဖျက် နိုင်ငံအချို့။

အချို့ အာဏာရှင် နိုင်ငံတို့တွင် ဘာသာမှန်သမျှကို အကုန်ဖျက် ဆီး၍ ပစ်သည်။ အချို့အာဏာရှင် နိုင်ငံများကမူ ဘာသာကို သရော် ပြောင်လှောင်ကြသည်။ ဤနည်းဖြင့် ဘာသာကို သက်ဝင် ယုံကြည်သူ တို့မှာ များစွာ စိတ်နှလုံး မချမ်းမသာ ဖြင့်ကြရသည်။

ဒီမိုကရေစီ နိုင်ငံတွင်၊ အဘယ်ကြောင့် မည်သူ့ကိုမဆို ကိုယ်ကိုး ကွယ်ချင်သည့် ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့် ပေးရသ နည်း ဟူမူ၊ အခြားကြောင့် မဟုတ်။ ဘာသာတို့ မည်သည်မှာ ယုံကြည် ခြင်းကို အခြေထားသဖြင့် မိမိ သက်ဝင်ယုံကြည်သော ဘာသာသည် ၎င်း၊ မိမိ သက်ဝင်ယုံကြည်သော ဂိုဏ်းဂဏ၏ အယူအဆသည် ၎င်း၊ ထိုသက်ဝင် ယုံကြည် သူတို့ အဖို့တွင် ကောင်းသည်ချည်း ဖြစ်သော ကြောင့်တည်း။ ထို့ကြောင့် ဒီမိုကရေစီက လူဘို့၏ သက်ဝင် ယုံကြည် မှုတွင် ဝင်ရောက်၍ အာဏာစက် မသုံးခြင်းလည်း ဖြစ်သည်။

မိမိတို့ကြိုက်သည့် ဘာသာကို လွတ်လပ်စွာ ယုံကြည်ခွင့်ကို အလို ရှိသူတို့ ဆောင်ရွက်ရန် တာဝန် ဝတ္တရားမှာ မိမိတို့တွင် မိမိတို့ ယုံ ကြည်ချင်ရာ ဘာသာကို ယုံကြည်ခွင့် ရှိသည့်နည်းတူ၊ အခြားသူများ သည်လည်း သူတို့ယုံကြည်ချင်သော ဘာသာကို သက်ဝင် ယုံကြည် ခွင့် ရှိသည်ဟု အသိအမှတ် ပြုရခြင်း ဖြစ်သည်၊ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံသားတို့သည် မိမိတို့ ယုံချင်သည့် ဘာသာကို ယုံကြည်ပိုင်ခွင့်ကို မြတ်နိုးစွာ စောင့်ရှောက် ကြသကဲ့သို့ သူတပါးတို့တွင် ယုံကြည်ချင်



ရာ ဘာသာကိုယုံကြည်ခွင့် ရှိသည်ကိုလည်း မြတ်နိုးစွာ စောင့်ရှောက် အပ်သည်။ သို့ရာတွင် ဘာသာကို လွတ်လပ်စွာ ယုံကြည်နိုင်ခွင့် ရှိခြင်း ကို ဖန်းပြီးလျှင် ဒီမိုကရေစီကို ဖျက်ဆီးဘို့၊ သို့မဟုတ် အာဏာရှင် စံနစ်တမျိုးမျိုး တည်ထောင်ဘို့အတွက် ဤအခွင့်ကို အလွဲသုံးစား မပြု လုပ်ရသည်ကိုလည်း သတိပြုရမည်။

ဒီမိုကရေစီ နိုင်ငံတွင် ဘာသာ အယူဝါဒအရေးနှင့် ပတ်သက်၍ သာမဟုတ်၊ နိုင်ငံရေး အယူဝါဒနှင့် ပတ်သက်၍လည်း၊ အစိုးရ (ပြည် စေခံအဖွဲ့) က ဝင်ရောက် စွက်ဘက်ခြင်းမပြု။ တိုင်းသူ ပြည်သားတို့ သည် မည်သူမဆို ကိုယ်ကြိုက်သည့် နိုင်ငံရေး အယူဝါဒကို ယူနိုင် သည်။ သို့ရာတွင် လက်နက်ကိုင်၍ တော်လှန်ရမည်ဆိုသော ဝါဒမျိုး နှင့် အာဏာရှင် တည်ထောင်ရေး ဝါဒမျိုးကိုမူ ဒီမိုကရေစီက အခွင့် မပြု။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီက လက်နက်ကိုင် နိုင်ငံရေး နှင့် အာဏာရှင်စံနစ်ကို အလိုမရှိသောကြောင့်တည်း။

## ဘဝင်မြင့်ခြင်း အလိုမရှိ။

ဒီမိုကရေစီသည် အာဏာ လက်ကိုင် ရှိနေသူတို့က ဥပဒေကို ကျူးလွန်ကာ အာဏာကို အလွဲသုံးစား ပြုလုပ်၍ တိုင်းသူပြည်သား တို့ကို နှိပ်စက်ညှဉ်းပမ်းခြင်းကိုသာ ခွင့်မပြုသည်မဟုတ်၊ တိုင်းသူပြည် သားအချင်းချင်း နှိပ်စက်ညှဉ်းပမ်းခြင်းကိုလည်း ခွင့်မပြု။ တိုင်းသူပြည် သားထဲတွင် ဘဝင်မြင့်၍ နေသူများရှိသည်။ အချို့သူတို့က ပညာတတ် သည်ဟူသော ဂုဏ်နှင့် ဘဝင်မြင့်နေကြသည်။ အချို့က ဥစ္စာရှိသည် ဟူသော ဂုဏ်နှင့် ဘဝင်မြင့်နေကြသည်။ အချို့က ဘာသာဂုဏ် ရောက်၍၊ ဘဝင်မြင့်နေကြသည်။ အချို့က လူမျိုးဂုဏ်မောက်၍ ဘ ဝင်မြင့်နေကြသည်။ အချို့က အမိုက်ဂုဏ်ကိုးကာ ဘဝင်မြင့်နေကြ သည်။ အချို့က အသုတ်မာ ဂုဏ်ယစ်ကာ ဘဝင်မြင့်နေကြသည်။ အ ချို့ ဘဝင်မြင့်နေသူတို့က အခြား တိုင်းသူပြည်သားတို့ကို ဆက်ဆံ ပေါင်းသင်း ကောင်းသည်ဟု မယူဆကြ။ အချို့ဘဝင်မြင့်နေသူသည်

www.burmeseclassic.com

www.burmeseclassic.com



အခြားသူတို့၏ ပဋိသန္ဓေပါ ပိုင်ရေးပိုင်ခွင့်များကိုပင် ပိတ်ပင်၍၊ မိမိတို့သာလျှင် ထူးခြားသော အခွင့်အရေးများကို ခံစားလိုကြသည်။ ထိုသူမျိုးတို့သည် ဒီမိုကရေစီ၏ ရန်သူများသာတည်း။ လူလူချင်း မတူဘူး မတန်ဘူးဟု သဘောထားခြင်းသည်၊ ဒီမိုကရေစီ သဘောနှင့် ဆန့်ကျင်သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတွင် မျက်နှာကြီးများ၏ သားသမီးများသာ ထားနိုင်သည်ဆိုသော ပညာသင်ကျောင်းများ မဖွင့်နိုင်။ ထိုနည်းတူစွာပင် ဘယ်လို လူစားမျိုးကိုမှ ရောင်းမည်ဆိုသော ဆိုင်မျိုးလည်း မဖွင့်နိုင်။

ဒီမိုကရေစီ အခွင့်အရေးကို ခံစားလိုကြသူတို့သည်၊ လူအချင်းချင်း ညှဥ်းပမ်းနှိပ်စက်မှု အပါအဝင်ဖြစ်သော အလုပ်မျိုးကို မလုပ်မိကြစေရန် ဆင်ခြင်အပ်သည်။ ထိုမျှမကသေး အနှိပ်စက် အညှဥ်းပမ်း ခံနေရသူများကိုပင်၊ စောင့်ရှောက် ကာကွယ်ပေးကြရမည် ဖြစ်သည်။ ဒီမိုကရေစီက လူအားလုံးသည် တမိဝမ်းတွင်း အူတုံဆင်းဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် ဒီမိုကရေစီက လူအချင်းချင်း ညှဥ်းပမ်းနှိပ်စက်ခြင်း၊ သွေးခွဲခြင်း စသည်တို့ကို မကြိုက်။

## လွတ်လပ်စွာ ရွှေ့ပြောင်း နေထိုင်နိုင်ခွင့်။

ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူပြည်သားတို့မှာ မည်သူထံကမှ အမိန့်မခံဘဲနှင့်၊ ကိုယ်နေချင်သည့် မြို့ရွာတွင် ကိုယ်နေချင်သမျှ ကာလပတ်လုံး နေနိုင်ခွင့်ရှိသည်။ မိမိတို့ ဘယ်မြို့ဘယ်ရွာကို ဘာကြောင့်သွားမည်ဟု ဘယ်သူ့ကိုမျှ တိုင်ကြားနေဘို့မလို။ ဤကဲ့သို့ တိုင်းသူပြည်သားတို့ လွတ်လပ်စွာ ရွှေ့ပြောင်းနေနိုင်ခွင့် ရှိခြင်းသည်၊ တိုင်းသူပြည်သားတို့အား၊ အကြားအမြင်နှင့် ပို၍ပြည့်စုံစေသော အကြောင်းဖြစ်၍၊ ဒီမိုကရေစီက သဘောကျသည်။ ဤသို့ လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်ခွင့်ရှိသဖြင့် ဒီမိုကရေစီ နိုင်ငံသားတို့မှာ မိမိတို့ နိုင်ငံသား အချင်းချင်း တယောက်အကြောင်းကို တယောက်ပို၍ သိကြပြီးလျှင် ပို၍စိတ်ဝမ်းညီညွတ်ကြသည်။ တိုင်းသူပြည်သားတို့သည် အကုန်လုံး တယောက်



နှင့်တယောက် ရင်းရင်းချာချာ သိကျွမ်းနေကြမည်ဆိုလျှင် ဒီမိုကရေစီက ပို၍ပင် ဝမ်းသာဦးမည်ဖြစ်သည်။

အာဏာရှင် နိုင်ငံတို့တွင်မူကား၊ တိုင်းသူပြည်သားများသည် တမြို့မှတမြို့ တရွာမှ တရွာသို့ ရွှေ့ပြောင်း သွားလာလိုလျှင် လူဆိုး သူဆိုးများပမာ အာဏာရှင်တို့ထံမှ အမိန့်ခံပြီးမှသာ သွားလာနိုင်သည်။

## ၄။ ။လွတ်လပ်မှု ရှိခြင်း လမ်း။

## လွတ်လပ်၍ ဒီမိုကရေစီ ခေါ်သည်။

လွတ်လပ်ရေး သို့မဟုတ် လွတ်လပ်ခြင်းဆိုသော စကားနှင့် ဒီမိုကရေစီဆိုသော စကားလုံးနှစ်ခုကို အများအားဖြင့် ယှဥ်တွဲ၍ သုံးစွဲကြသည်။ ဒီမိုကရေစီက ချုပ်ချယ်ခြင်း၊ ဘိနှိပ်ခြင်း၊ နှောင်ဖွဲ့ခြင်းတို့ကို မကြိုက်သဖြင့် ဒီမိုကရေစီဟုဆိုလျှင်၊ လွတ်လပ်ခြင်းဆိုသော အဓိပ္ပါယ်လည်း၊ အလိုအလျောက်ပါသည်။ လောကတွင် မလွတ်လပ်သော ဒီမိုကရေစီဟုမရှိ။ လွတ်လပ်၍သာ ဒီမိုကရေစီဟု ခေါ်ခြင်းဖြစ်သည်။ ဒီမိုကရေစီမို့လည်း လွတ်လပ်သည်။ လွတ်လပ်ခြင်းမရှိလျှင် ဒီမိုကရေစီမရှိဟုလည်း ဆိုနိုင်သည်။ ထိုနည်းတူစွာပင် ဒီမိုကရေစီမရှိလျှင် လွတ်လပ်ခြင်းမရှိဟုလည်း ဆိုနိုင်သည်။

လွတ်လပ်ခြင်းဆိုသည်မှာ၊ အဓမ္မအုပ်စိုးမှုမှ လွတ်လပ်ခြင်း၊ နှိပ်စက်ညှဥ်းပမ်းမှုမှ လွတ်လပ်ခြင်းဖြစ်သည်။ အာဏာရှင် နိုင်ငံတို့တွင် လွတ်လပ်ခြင်းမရှိ။ ထို့ကြောင့် အာဏာရှင် နိုင်ငံတွင် ဒီမိုကရေစီမရှိ။ ဒီမိုကရေစီဆိုသည်မှာ အဓမ္မအုပ်စိုးမှု၊ ညှဥ်းပမ်းနှိပ်စက်မှုမှ လွတ်လပ်ခြင်း ဖြစ်ခြင်းကြောင့် ကောင်းသည်။ သို့ရာတွင် လွတ်လပ်ခြင်း၏ အဓိပ္ပါယ်မှာ ထိုမျှတွင် မရပ်သေးသည်ကိုလည်း သိကြရာသည်။ သို့ဖြစ်ရာ လူတို့သည် မည်သည့်အကျိုးကို ခံစားလိုကြ၍ လွတ်လပ်ခြင်းကို အလိုရှိကြသနည်း ဟူသော မေးခွန်းကို မေးအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လွတ်လပ်ခြင်း တာဝန်နှင့် အရသာ။

တစ် အချက်တွင် လူတို့သည် သူတပါးက မိမိတို့ကို အုပ်စိုးခြင်းကို အလိုမရှိဘဲ မိမိတို့ကိုယ်ကို မိမိတို့သာ အုပ်စိုးလိုကြသည်။ ထို့ကြောင့်လည်း လွတ်လပ်ခြင်းကို အလိုရှိကြခြင်းဖြစ်သည်။ ဤကား လူ့ဘဝ၏ ဓမ္မတာပေတည်း။ လူ့ဘဝကို ရနေကြသူတို့အနက် လူစိတ်ပျောက်၍ နေကြသူ အနည်းငယ်မှတပါး ကျန်သောသူတို့သည် မိမိတို့အား နဖါးကြိုးတပ်ခြင်း၊ ထမ်းပိုးတပ်ခြင်းကို အလိုမရှိကြ။ မိမိတို့ကိုယ်ကို မိမိတို့သာ အုပ်စိုးလိုကြသည်။ ထိုသို့ အုပ်စိုးရခြင်း၏ တာဝန်ကိုလည်း ခံလိုကြသည်။ မိမိတို့ကိုယ်ကို မိမိတို့အုပ်စိုးရခြင်း၏ အကျိုးနှင့် မိမိတို့ကိုယ်ကို မိမိတို့အုပ်စိုးရခြင်း၏ တာဝန်ကို အာဏာရှင် နိုင်ငံတို့တွင် မခံစား မရရှိနိုင်။ ဒီမိုကရေစီ နိုင်ငံ၌သာ ခံစားရရှိနိုင်သည်။ ထို့ကြောင့် လူတို့သည် လွတ်လပ်ခြင်းရနိုင်ရာ ဒီမိုကရေစီကို အလိုရှိကြခြင်း ဖြစ်သည်။

## ဥပဒေနှင့် လိုက်နာမှု။

လူတို့သည် အမြဲတမ်း "စေတလုံး"ကို ပခုံးထမ်း၍ မနေလိုကြ။ ဤသည်လည်း လူတို့၏ ဓမ္မတာပင်တည်း။ ဒီမိုကရေစီနိုင်ငံတွင် 'စေတလုံး' ထုတ်နေမည့်သူမရှိ။ လူတို့မည်သည် မိမိတို့ အချင်းချင်း တိုင်ပင်ညှိနှိုင်း၍သာ လုပ်သင့်ရာကို သဘောတူ ကြည်ဖြူစွာ လုပ်လိုကြသည်။ ဒီမိုကရေစီတွင် ဤသို့ လုပ်နိုင်သည်။ ဒီမိုကရေစီနိုင်ငံတွင် မည်သူမဆို ဥပဒေကို လိုက်နာကြရသည်။ သို့ရာတွင် ထိုဥပဒေမှာ အာဏာရှင်က အမိန့်နှင့် ထုတ်ပြန်ထားသော ဥပဒေမဟုတ်ဘဲ၊ မိမိတို့ကိုယ်တိုင် ပြုလုပ်ထားသော အများသဘောတူ စည်းမျဉ်းသာဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတွင် တိုင်းသူပြည်သားတို့က လိုလိုချင်ချင် ဥပဒေကို လိုက်နာလိုကြခြင်းဖြစ်သည်။ တခါတရံ ဥပဒေကို မိမိတို့ ကိုယ်တိုင် မလုပ်နိုင်လျှင် မိမိတို့၏ ကိုယ်စား တပါးသူတို့ကိုလွှဲ၍ အလုပ်ခိုင်းနိုင်သည်။ ဥပဒေကို မိမိတို့ကိုယ်တိုင် လုပ်သည်ဖြစ်စေ၊ မိမိတို့



ကိုယ်စားလှယ်ကိုလွှဲ၍ အလုပ်ခိုင်းသည်ဖြစ်စေ၊ ထိုဥပဒေမှာ မိမိတို့ အလိုဆန္ဒအတိုင်း လုပ်သော ဥပဒေ၊ မိမိတို့ကိုယ်ပိုင် ဥပဒေသာဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေ လုပ်ရာတွင် လူတိုင်း လူတိုင်းကို ပါဝင်ဆွေးနွေးခွင့် ပြုရခြင်းဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေကို အာဏာရှင်က မလုပ်ဘဲ တိုင်းသူပြည်သားတို့ ကိုယ်တိုင်က လုပ်ကြသဖြင့် မကောင်းသော ဥပဒေဟု ရှိနိုင်ဘို့ခက်သည်။ အဘယ်သူသည် မိမိကိုယ်ကို မိမိထိခိုက် နစ်နာစေမည့် ဥပဒေကို လုပ်လိမ့်အံ့နည်း။ ဒီမိုကရေစီနိုင်ငံတွင် အကယ်၍ လုပ်ပြီးသား ဥပဒေတခုသည် ခေတ်မမှီတော့၍ လူအများ၏ အကျိုးကို ထိခိုက် နစ်နာနေစေမည်ဆိုလျှင် ထိုဥပဒေကို တိုင်းသူပြည်သားတို့က မဆိုင်းမတွ ဖျက်သိမ်း၍ ပစ်နိုင်သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတွင် မကောင်းသော ဥပဒေ မရှိဟု ဆိုနိုင်သည်။ တနည်းအားဖြင့်၊ ဒီမိုကရေစီနိုင်ငံက ဥပဒေမှာ တိုင်းသူပြည်သားတို့၏ အလိုဆန္ဒကို အများကျင့်သုံးနိုင်ရန်အတွက် အက္ခရာတင်ထားသော ကိုယ်ကျင့်တရားစုသာ ဖြစ်သည်။ အာဏာရှင် နိုင်ငံမှာကဲ့သို့ တပါးသူ၏ အမိန့်ပေးချက်မဟုတ်။

## ဒီမိုကရေစီသည် တာဝန်ကြီးသည်။

ဒီမိုကရေစီနိုင်ငံတွင် ဥပဒေကို တိုင်းသူပြည်သားတို့၏ အလိုကျ သာလျှင် လုပ်သဖြင့် တိုင်းသူပြည်သားတို့က မိမိတို့၏အလို… အမြဲ ထုတ်ဖော်ပြောဆိုကြဘို့ တာဝန်ရှိသည်။ တိုင်းသူပြည်သားတို့သည် မိမိတို့စောင့်ထိန်းဘို့ ဥပဒေကို မိမိတို့ ကိုယ်တိုင်လုပ်ကြရသဖြင့် ရွှင်လန်းဝမ်းမြောက်ကြသည်။ ထို့ကြောင့်လည်း တိုင်းသူပြည်သားတို့က လွတ်လပ်ခြင်းကို အလိုရှိကြခြင်းဖြစ်သည်။ သို့ရာတွင် လွတ်လပ်ခြင်းသည် အင်မတိ အင်မတန် တာဝန်ကြီးသော အလုပ်ဖြစ်သည်။ လွတ်လပ်ခြင်းကို အလိုရှိသူတို့သည် ပေါ့ပေါ့ဆဆ မနေပိုင်ကြ။ မိမိတို့ အစွမ်းရှိသလောက် ဆင်ခြင်စဉ်းစားကာ နေကြရသည်။ ဥပဒေတခုခုကို လုပ်တော့မည်ဆိုလျှင် ထိုဥပဒေနှင့် ပတ်သက်၍ အကျိုးအပြစ်… ကုန်စင်

www.burmeseclassic.com

www.burmeseclassic.com



အောင် စဉ်းစားရမည်သာ ဖြစ်သည်။ ထိုသို့ စဉ်းစားနိုင်ရန် အတွက် အကြောင်းသတင်းများ ရှာမှီးဘို့လိုသည်။ ရရှိသော အကြောင်းသတင်းများကိုလည်း၊ ဆင်ခြင်သုံးသပ်ဘို့ လိုသည်။ ထိုမှတပါး ရွေးကောက်ပွဲတွင် လူတော်လူကောင်းကို မဲပေး၍ ရွေးတတ်အောင် လေ့လာဘို့လည်းလိုသည်။

## အလျင်စလို မလုပ်သင့်။

အာဏာရှင်နိုင်ငံတွင် အာဏာရှင်က တခုခုလုပ်ချင်လျှင် လွယ်သည်။ ဘယ်သူ့ကိုမျှ တိုင်ပင်နှီးနှောဘို့မလို။ သို့ရာတွင် ဒီမိုကရေစီနိုင်ငံမှာကား ထိုကဲ့သို့မဟုတ်၊ မည်သည့်ကိစ္စကိုမဆို တိုင်းသူပြည်သားတို့ အချင်းချင်း တိုင်ပင်ပြီးမှသာ လုပ်နိုင်သဖြင့် ကိစ္စတခုခုကို မြန်မြန်ထက်ထက် လုပ်ချင်၍မဖြစ်။ စင်စစ်သော်ကား၊ ကိစ္စတခုသည် မြန်မြန်ပြီးတိုင်းလည်း ကောင်းသည် မဟုတ်သဖြင့် ဒီမိုကရေစီက မည်သည့်ကိစ္စတွင်မျှ အလျင်စလို မရှိ။ ဒီမိုကရေစီက တနေ့တလံ ပုဂံဘယ်ရွှေ့မလဲဆိုသော စံနစ်ကို ကြိုက်သည်။ ထို့ကြောင့် ဒီမိုကရေစီက မည်သည့်ကိစ္စကိုမဆို တိုင်းသူ ပြည်သားတို့အား အသိပေး၍ တိုင်းသူ ပြည်သားတို့နှင့် တိုင်ပင်ပြီးမှသာ လုပ်သည်။ ထိုသို့ လျောက်ပတ်စွာ အချိန်ယူ၍ တိုင်ပင် နှီးနှောလုပ်ခြင်းသည် မှားနိုင်ခဲသည်ဟုလည်း ဒီမိုကရေစီက ယုံကြည်သည်။

## အခက်အခဲ တခု။

ဒီမိုကရေစီတွင် အခက်အခဲ တခုရှိသည်။ ထိုအခက်အခဲကား အခြားမဟုတ်၊ ဆုံးဖြတ်ဘို့ ပြဿနာတရပ် ပေါ်လာသည့်အခါ တိုင်းသူ ပြည်သားတို့ အထဲတွင် ထိုပြဿနာတွင် စိတ်ဝင်စားသူ နည်းပါးတတ်ခြင်းဖြစ်သည်။ တိုင်းသူ ပြည်သားတို့သည် မိမိတို့ အဆုံးအဖြတ်ပေးရမည့် ပြဿနာတွင် စိတ်ဝင်စားခြင်း မရှိသော အချိန်သည် ဒီမိုကရေစီအဘို့ နတ်ဝတ် တန်ဆာများညှိုး၍ လက်ကတီးကြားက ချွေးယိုသော အချိန်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုင်းသူ ပြည်သား



တို့က မိမိတို့ ပြုလုပ်ရမည့် အလုပ်ကို ပြုလုပ်ချင်စိတ် မရှိသောအခါ အလစ်ချောင်း၍နေသော လူတစုက တိုင်းသူ ပြည်သားတို့ လုပ်ရမည့် အလုပ်ကို သူတို့သဘောနှင့် သူတို့ ဝင်၍လုပ်ပြီး အာဏာရှင် အဖြစ်ကို ခံယူ သွားတတ် သောကြောင့်တည်း။ အာဏာရှင်တို့ ဖြစ်ပေါ်လာပုံ သမိုင်းကိုကြည့်လျှင် ဤအတိုင်းချည်း တွေ့ရသည်။ ထို့ကြောင့် အာဏာရှင်တို့၏ နဖါးထိုးခြင်း ညှဉ်းပမ်း နှိပ်စက်ခြင်းကို မခံလိုကြသော ဒီမိုကရေစီ သမားတို့သည် တိုင်းသူ ပြည်သား လူအများအား မိမိတို့ ပြုဘွယ်ရှိသော ကိစ္စများကို ကြေပြွန်စွာ ပြုကြစေရန်အတွက် အမြဲသတိပေး နှိုးဆော်၍ နေသင့်ကြသည်။ တနည်းအားဖြင့် ဒီမိုကရေစီ သမားတို့သည် ဘယ်အခါမှ ခါးတောင်းကြိုက်ကို မဖြုတ်ရဟု ဆိုလိုသည်။ တနည်းအားဖြင့် ဒီမိုကရေစီဟာ ပေါ့လို့ မရဘူးဟု ဆိုလိုသည်။ လောက လူတို့၏ အတွေ့ အကြုံအရ ပြောရမည်ဆိုလျှင် တိုင်းသူ ပြည်သားတို့၊ မိမိတို့ အချင်းချင်း အလည့်လည့် တိုင်ပင် နှီးနှော၍လုပ်သော ဒီမိုကရေစီ စံနစ်သည်သာ အကောင်းဆုံးဖြစ်သည်ကို တွေ့ရသည်။

## ကိုယ်မတတ်လျှင် ပညာသည်ကို ခိုင်းနိုင်သည်။

တိုင်းသူ ပြည်သား တိုင်းသည်၊ ပညာရှိချည်း မဟုတ်ကြသဖြင့် အချို့ ခက်ခဲသော ပြဿနာများ ပေါ်လာလျှင် တိုင်းသူ ပြည်သားတို့နှင့် လွှဲသားလျှင် ဖြစ်နိုင်ပါ့ မလားဟု အချို့က မေးကြသည်။ ဤသို့ မေးခြင်းသည် မရိုး။ တိုင်းသူ ပြည်သား တိုင်းသည် ပညာရှိချည်း မဟုတ်ဟု ဆိုခြင်းမှာ မှန်သည်။ သို့ရာတွင် ပညာသည်များ လုပ်ရမည့် ကိစ္စပေါ်လာလျှင် တိုင်းသူ ပြည်သားတို့က ပညာသည်များကို မိမိတို့ ကိုယ်စား တာဝန်လွှဲ၍ အလုပ် ခိုင်းနိုင်သည်။ ဥပမာ မြစ်ကူး တံတားကြီးတခု ဆောက်လိုလျှင် တံတားဆောက် ပုဂ္ဂိုလ် တဦးကို ငှါး၍ အဆောက် ခိုင်းနိုင်သည်။ တံတား ဆောက်တတ်ခြင်းနှင့် တံတားဆောက်ဘို့ မဆောက်ဘို့ ဆုံးဖြတ်ပိုင်ခြင်းမှာ တခြားစီ ဖြစ်သည်။ တိုင်းသူ ပြည်သားတို့က တံတား ဆောက်ထိုက်သည် မဆောက်ထိုက်သည်ကို ဆုံး

www.burmeseclassic.com

www.burmeseclassic.com




ဖြုတ် ပိုင်ခွင့်ရှိသည်။ သို့ရာတွင် သူတို့ကိုယ်တိုင် တံတားကို မဆောက်တတ်။ တံတားဆောက် ပါရဂူကသာ တံတားကို ဆောက်တတ်သည်။ သို့ရာတွင် သူ့တွင် ဆောက်ဘို့ မဆောက်ဘို့ကို ဆုံးဖြတ် ပိုင်ခွင့်မရှိ။ ဥပမာ တမျိုးဆိုသော် ကိုယ်ကိုယ်တိုင် ဥပဒေ နားမလည်သော်လည်း ရှေ့နေ တယောက်ယောက်ကို ငှါး၍ တရားစွဲနိုင်သကဲ့သို့ ဖြစ်သည်။ ဒီမိုကရေစီတွင် တိုင်းသူ ပြည်သားတို့မှာ အမှုရှင်နှင့် တူသည်။ ပါရဂူတို့သည် ရှေ့နေနှင့် တူသည်။ ရှေ့နေသည် အမှုရှင် ညွှန်ကြားချက်ကို ယူ၍ အမှုသည် အကျိုးရှိရာရှိကြောင်းကို ဆောင်ရွက်ရသည့် နည်းတူ ပါရဂူတို့သည်း တိုင်းရှင် ပြည်ရှင်ဖြစ်သော တိုင်းသူ ပြည်သားတို့၏ ညွှန်ကြားချက်အရ ရွက်ဆောင် ရမည်ဖြစ်သည်။ ဤသည်လည်း တိုင်းသူ ပြည်သားတို့အဘို့ လွတ်လပ်ခြင်း၏ အကျိုး တမျိုးပေတည်း။

## မုဆိုး စိုင်သင်။

မည်သည့် အလုပ်မဆို ကိုယ်တိုင် မလုပ်ရဘဲနှင့် နားမလည်နိုင်။ တိုင်းပြည်ကို စီမံ အုပ်ချုပ်သည့် ကိစ္စတွင်လည်း တိုင်းသူ ပြည်သားတို့ ကိုယ်တိုင် ပါဝင်ရွက်ဆောင် နိုင်ကြရမှသာ နားလည် နိုင်လိမ့်မည်။ ထို့ကြောင့် ဒီမိုကရေစီက တိုင်းပြည် အုပ်ချုပ်သည့် ကိစ္စ အရပ်ရပ်တွင် တိုင်းသူ ပြည်သားများကို ပါဝင်စေချင်ခြင်း ဖြစ်သည်။ ရေကူး တတ်လိုလျှင် ရေထဲသို့ ဆင်း၍ ကူးရလိမ့်မည်။ သူများ ကူးသည်ကို ကုန်းပေါ်က နေကြည့်ရုံနှင့် မတတ်နိုင်။ ရေကူး သင်သည့် သူသည် အစတွင် နစ်ချင်နစ် မွန်းချင် မွန်းလိမ့်မည်။ နစ်မှာ မွန်းမှာကို ကြောက်၍ ရေထဲသို့ ဆင်း၍မကူးလျှင် အသက်တရာ ရှည်အောင် နေရသော်လည်း ရေကူး တတ်လိမ့်မည်မဟုတ်။ ထို့ပြင် အခုရေထဲဆင်း အခု ရေကူးတတ်ချင်၍ လည်း ဖြစ်လိမ့်မည် မဟုတ်။ မိမိတို့ အကျိုးစီးပွါးနှင့် သက်ဆိုင်သော အလုပ်ကိစ္စများကို တိုင်းသူ ပြည်သားတို့က ကိုယ်တိုင်စ၍ လုပ်ကြသည့် အခါ၊ အစတွင် အမှားများကို လုပ်မိကြ မည်သာ ဖြစ်သည်။ ထိုသို့အမှားကို လုပ်မိခွင့် ရခြင်းသည် ကောင်းသည်။ အဘယ်ကြောင့်ဆိုသော်



## ပြည်သူ့အခွင့်အရေးများ




ဒီမိုကရေစီ နိုင်ငံတွင်၊ ဤလွတ်လပ်ခွင့် မျိုးများရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှားကို လုပ်မိခွင့် မရဘဲနှင့် အမှန်ကို လုပ်တတ်လိမ့်မည် မဟုတ်သောကြောင့်တည်း။ မုဆိုးကို စိုင်သင်သည်ဟု ဆိုသည်လည်း မဟုတ်လော။ စိုင်သည် အင်မတန် ပါးနပ်သော သတ္တဝါဖြစ်သည်။ မုဆိုးသည် စိုင်ပါးနပ်သမျှ အချက်တွေကို တဖြည်းဖြည်း သိလာသောအခါ၊ နောက်ဆုံးတွင် စိုင်သည် မပါးနပ် နိုင်တော့ဘဲ မုဆိုး၏လက်ချက်ဖြင့် ဟင်းလျာအဖြစ်သို့ ရောက်ရစမြဲ ဖြစ်သည်။

## ကိုယ်တိုင် လုပ်ခွင့်။

ဤနည်းဖြင့် ဒီမိုကရေစီ နိုင်ငံတွင်၊ တိုင်းသူပြည်သားတို့က မိမိတို့ အကြောင်း ကိစ္စတို့ကို သူတပါးနှင့် လွှဲမထားဘဲ၊ ကိုယ်ထိလက်ရောက် ဝင်၍ ရွက်ဆောင်ကြသောအခါ "တစက် ကျများ ပြည့်သောလားသို့" တတ်သိနားလည်လာကြ စမြဲဖြစ်၏။ တတ်သိနားလည်နိုင်ဘို့ အတွက် ကိုယ်တိုင် လုပ်ကိုင်နိုင်ခွင့် ရဘို့လိုသည်။ ဒီမိုကရေစီက တိုင်းသူပြည်သားတို့အား ကိုယ်တိုင် လုပ်ကိုင်ခွင့် ပေးသည်။

အာဏာရှင် နိုင်ငံတွင် တိုင်းသူပြည်သားတို့မှာ ဘာတခုမျှ ကိုယ်တိုင် ဝင်ရောက် လုပ်ကိုင်ခွင့်မရ။ ထို့ကြောင့် အာဏာရှင် နိုင်ငံက လူများသည် ဘယ်တော့မျှ လူမွေး လူတောင် မပေါက်နိုင်ကြ။ သို့ရာတွင် ဒီမိုကရေစီနိုင်ငံက တိုင်းသူ ပြည်သားများမှာမူ၊ အများအကျိုးနှင့် ပတ်သက်သော အလုပ်တို့တွင် ကိုယ်တိုင်ဝင်ရောက် ဆောင်ရွက်ခွင့် ရကြသဖြင့်၊ အမြဲတိုးတက်လျက်ရှိကြသည်။ တိုင်းသူပြည်သားတို့ တိုးတက်လေလေ, ဒီမိုကရေစီက ကြိုက်လေလေဖြစ်သည်။

## အာဏာရှင်စံနစ်က လူတွေကို အထင်သေးသည်။

အာဏာရှင်တို့က "လူတွေဟာ အလကား အကောင်တွေ၊ သူတို့ကိုယ် သူတို့ မအုပ်ချုပ်တတ်ဘူး။ ဒါကြောင့် လူအများကို အာဏာရှင် တယောက်ကောင်း နှစ်ယောက်ကောင်းက၊ အုပ်ချုပ်ပေးထိုက်



သည်"ဟု ယူဆကြသည်။ အာဏာရှင် တို့ကမူ ကြိမ်တံပြာနှင့် ရိုက်နှက်၍ မအုပ်ချုပ်လျှင် လူတွေဟာ တိရစ္ဆာန်တွေလို ဖြစ်ကုန်လိမ့်မည်ဟုလည်း အာဏာရှင်တို့က ယူဆကြသည်။ သို့ရာတွင် ဒီမိုကရေစီကမူ၊ အာဏာရှင်တို့လို မယူဆ။ လူတွေဟာ သူ့ဘို့ဟာသူတို့ အုပ်ချုပ်နိုင်သည်။ သူ့ဘို့ဟာ သူတို့ အုပ်ချုပ်ခြင်းဟာ အခြားသူ တယောက်က၊ သို့မဟုတ် အခြားသူတစုက အုပ်ချုပ်ပေးခြင်းထက် ကောင်းသည်ဟု ယူဆသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံဘွင် ခေါင်းဆောင်များသည် ဘေးမှနေ၍ အကျိုးအကြောင်းကို ရှင်းလင်းပြောပြကာ အကြံပေးသူများ အဖြစ်နှင့်သာ နေကြပြီးလျှင်၊ ဆုံးဖြတ်စရာရှိလျှင် တိုင်းသူပြည်သားတို့ ကိုယ်ဘိုင်ကို အဆုံးဖြတ်ခိုင်းကြသည်။ ခေါင်းဆောင်တို့က တိုင်းသူပြည်သားတို့အတွက် ဆုံးဖြတ်၍မပေး။ ဒီမိုကရေစီနိုင်ငံတွင် ဘယ်ခေါင်းဆောင်ကမျှ ငါဆုံးဖြတ်တာကို လိုက်နာကြရမည်ဟု အမိန့်မပေးနိုင်။ အကျိုးကတော့ သည်လိုရှိပါသည်၊ အကြောင်းကတော့ သည်လိုရှိပါသည်ဟုသာ အကျိုး အကြောင်းပြ၍ ပြောနိုင်သည်။

သို့လျှင် ဒီမိုကရေစီနိုင်ငံတွင် ဆုံးဖြတ်စရာရှိလျှင် တိုင်းသူပြည်သားတို့ ကိုယ်ဘိုင်က ဆုံးဖြတ်ကြသဖြင့် မှားလျှင်လည်း သူ့ဘို့တာဝန်၊ မှန်လျှင်လည်း သူ့ဘို့တာဝန်သာ ဖြစ်သည်။ တခါတရံ တိုင်းသူပြည်သားတို့သည် ဆုံးဖြတ်စရာ ကိစ္စတခုခုကို လေးလေး နက်နက်နှင့် မစဉ်းစားဘဲ ဆုံးဖြတ်ကြသဖြင့် မှားတတ်သည်။ ထိုအခါမျိုးတွင် မှားသောဒဏ်ကို အခြားသူများ မခံရဘဲ သူ့ဘို့ပင်ခံကြရသည်။ သို့ရာတွင် ကိုယ်လုပ်သည့် အလုပ်အတွက် ကိုယ်ခံရခြင်း ဖြစ်သဖြင့် ကျေနပ်ကြသည်။ ဒီမိုကရေစီ နိုင်ငံတွင် အမြဲ ပြုပြင် ပြောင်းလဲနိုင်ခွင့် ရှိသဖြင့်၊ တခါတရံ တိုင်းသူပြည်သားဘို့က အမှားကို ဆုံးဖြတ်မိသည့် တိုင်အောင်ပင် မဘောင်းတာလှ။ အဘယ်ကြောင့်ဆိုသော် သူတို့အမှားကို မှားမှန်းသိသည်နှင့် တပြိုင်နက် ပြန်၍ ပြင်နိုင်ကြသောကြောင့် ဖြစ်သည်။ တိုင်းသူပြည်သားတို့ဘွင် အမှားကို လုပ်နိုင်ခွင့် ရှိခြင်းနှင့် မှားမှန်းသိသောအခါ ပြုပြင်နိုင်ခွင့် ရှိခြင်းသည် ဒီမိုကရေစီ၏ သဘောဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အမှားလုပ်နိုင်ခွင့် ရှိဘို့လိုသည်။

အာဏာရှင် နိုင်ငံတွင်မူကား တိုင်းသူ ပြည်သားတို့သည်၊မိမိတို့၏ အရေးကိစ္စကို ဘာမျှဝင်စွက် ပြောဆိုပိုင်ခွင့် လုပ်ကိုင်ဆောင်ရွက် ပိုင်ခွင့်မရှိ။ အာဏာရှင်က ထင်သလို လုပ်ခြင်းကိုသာ ခံကြရသည်။ သို့ဖြစ်ရာ အာဏာရှင်လုပ်သော အလုပ်များသည် အကန်းဘက်က စွပ်မိ၍ တိုင်းသူ ပြည်သားတို့၏ အကျိုးနှင့် တိုက်ဆိုင်၍နေသော် တော်သေးသည်။ ထိုသို့ မဟုတ်ဘဲ အာဏာရှင်လုပ်သော အလုပ်သည် မှား၍ တိုင်းသူ ပြည်သားတို့ နစ်နာဘို့ ဖြစ်နေလျှင် ထိုအမှားကို ပြုပြင်နိုင်သော နည်းမရှိ။ ဒီမိုကရေစီ နိုင်ငံတွင်မူကား တိုင်းသူ ပြည်သားတို့မှာ အစစသော အရေး ကိစ္စတို့ကို လုပ်ပိုင်ခွင့် ရှိသဖြင့် မှားနိုင်ခွင့်လည်း ရှိသည်။ မှားနေရာမှ အမှန်သို့ ပြန်၍ရောက်အောင် လုပ်နိုင်ခွင့်လည်း ရှိသည်။ အာဏာရှင် နိုင်ငံတွင် အာဏာရှင် မှားလျှင် ပြင်နိုင်ခွင့် မရှိသဖြင့် 'ပျက်လျှင်အစဉ်' တခုတည်းသာ ရှိသည်။ ဒီမိုကရေစီတွင် တိုင်းသူ ပြည်သားတို့ကပြန်၍ ပြင်နိုင်ခွင့် ရှိသဖြင့် 'ပျက်လျှင်အစဉ်၊ပြင်လျှင်ကော' ဖြစ်နိုင်သည်။

## သည်းခံဘို့ လိုသည်။

သို့ရာတွင် ဒီမိုကရေစီ နိုင်ငံတွင် သည်းခံစိတ် ရှိဘို့လိုသည်။ ပုဏ္ဏားသား လိုချင်သောနည်းကို ဒီမိုကရေစီက မကြိုက်။ မည်သည့် နိုင်ငံတွင်မဆို အများ ပြည်သူတို့၏ ကိစ္စကို သာမန် တိုင်းသူ ပြည်သားတို့ထက် ပို၍ နားလည်သော သူများ ရှိတတ်သည်။ တခါတရံ ထိုသူမျိုးတို့က အများ ပြည်သူတို့နှင့် စပ်လျဉ်းသော ကိစ္စများကို တိုင်းသူ ပြည်သားတို့ နားလည်လာအောင် သည်းခံ၍ ပြောပြချင်စိတ်မရှိဘဲ၊ မိမိတို့ သဘောနှင့် မိမိတို့သာ လုပ်ချင်ရာ စည်းမျဉ်း ဥပဒေများကို လုပ်တတ်သည်။ ဤသို့ လုပ်တတ်ခြင်းသည် ဒီမိုကရေစီကို ပျက်စီး စေနိုင်သော အကြောင်းဖြစ်သည်။ ဒီမိုကရေစီ၏ သဘောမှာ အများ ပြည်သူတို့



အကျိုးရှိမည့် အလုပ်ပင် ဖြစ်စေကာမူ၊ အများ ပြည်သူတို့ကို မတိုင်ပင်ဘဲနှင့် ထူး၍ တတ်သိ နားလည်သူ တစုက သူတို့သဘောနှင့် သူတို့ လုပ်ခြင်းမျိုးကို မကြိုက်။ အဘယ့်ကြောင့်ဆိုသော် ကောင်းသော စည်းမျဉ်းဥပဒေကို လုပ်သည်ပင် ဖြစ်စေ၊တိုင်းသူ ပြည်သားတို့က ထိုစည်းမျဉ်း ဥပဒေကို လိုက်နာကြရကောင်းမှန်း မသိလျှင်၊ ထိုစည်းမျဉ်း ဥပဒေမှာ စာအုပ်ထဲတွင် အမြဲ ကိန်းဝပ်နေမည့် ဥပဒေသာ ဖြစ်သောကြောင့်တည်း။

## တိုင်ပင်ပြီးမှ လုပ်ပါ။

ထို့ပြင် တိုင်းသူ ပြည်သား ကာယကံရှင်တို့ လိုက်နာကြရမည့် ဥပဒေကို လိုပ်ပတ်လည်အောင် ပြောပြခြင်း၊ တိုင်ပင်နှီးနှောခြင်း မပြုဘဲနှင့်၊ တတ်သိနားလည်သည် ဆိုသူ တစုက ဇိကုတ် နတ်ပြည်တင် သဘောမျိုးနှင့် လုပ်ခြင်းမျိုးသည်၊ အာဏာရှင် ဆန်သော အလုပ် ဖြစ်သဖြင့်လည်း၊ ထိုသို့ လုပ်ခြင်းမျိုးကို ဒီမိုကရေစီက လက်မခံ။ အချုပ်တွင် ဒီမိုကရေစီက တိုင်းသူ ပြည်သားတို့ကို မတိုင်ပင် မနှီးနှောဘဲ၊တိုင်းသူ ပြည်သားတို့၏ သဘော တူညီချက်မရဘဲ၊အလွန့်အလွန် ကောင်းမြတ်သင့်လျော်သော အလုပ်ပင် ဖြစ်လင့်စေကာမူ၊ မလုပ်ကောင်းဟု ဆိုသည်။ ဒီမိုကရေစီ သဘောအရတွင် တိုင်းသူ ပြည်သားတို့ ကျေနပ်မှုသည် အရေး အကြီးဆုံး ဖြစ်သည်။ ဤအချက်ကို ပညာပင် ရှိသော်လည်း သည်းခံစိတ် မရှိသော၊တနည်းဆိုသော် စိတ်တိုသော၊တနည်းဆိုသော် သတိဖြစ်ခဲသော ပညာရှိတို့ သတိမူသင့်သည်။

## စွပ်၍ မလုပ်သင့်။

တခါတရံ ပညာရှိ ဆိုသူတို့သည် မသိ နားမလည်သော သူများ၊ ဝါ-အများပြည်သူတို့ အရေးတွင် စိတ်ဝင်စားရကောင်းမှန်းမသိသော သူများ၊ဝါ-မိမိတို့၏ ပိုင်ရေး ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများကို နားမလည်သော သူများကို အထင်အမြင်သေးကာ လင်လျှုပြုထားပြီး လုပ်

No. 8.

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လုပ်ချင်သော အလုပ်ကို တိုင်းသူ ပြည်သားတို့နှင့် မတိုင်ပင်ဘဲ
စွပ်၍ လုပ်တတ်ကြသည်။ထိုသို့ လုပ်တတ် ခြင်းသည်လည်း ဒီမိုကရေစီ
သဘောနှင့် ဆန့်ကျင်သည်။ထိုကြောင့် ဒီမိုကရေစီကို အလိုရှိသူတို့ အ
ဘို့တွင်၊ အများ ပြည်သူဘို့နှင့် စပ်ဆိုင်သည့် ကိစ္စမှန်သမျှကို စိတ်ရှည်
ရှည်ထား၍ တိုင်းသူ ပြည်သားတို့နှင့် တိုင်ပင်နှီးနှော၍ လုပ်သော
နည်းမှတပါး အခြားနည်း မရှိ။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် နား
လည်သူ ပညာတတ်သူဘို့က မသိ နားမလည်သေးသော တိုင်းသူ ပြည်
သားများ အပေါ်တွင်၊ အသင်အမြင် မသေးကြရ၊ မထီမဲ့မြင် မပြုကြရ။
ထိုမျှမကသေး၊ မသိ နားမလည် သေးသူတို့အား၊မိမိတို့ ပိုင်ရေး ပိုင်ခွင့်
နှင့် တာဝန် ဝတ္တရားကို သဘော ပေါက်၍သာအောင်၊စိတ်ရှည် လက်
ရှည် ကူညီ ရှင်းပင်းပေးဘို့ အလုပ်မှာလည်း နားလည်သူ ပညာရှိသူ
တို့၏ အဓိက တာဝန်ဖြစ်သည်။ သို့မှသာ ဒီမိုကရေစီ သဘောသည်
ထွန်းကား၍ အားလုံး ချမ်းသာစွာ နေကြရမည် ဖြစ်သည်။

## ဥပမာ ပြရလျှင်။

အကွင်းတခုသာ ဆက်၍ဘားသော သံကြိုးကြီးတွင်၊ အကွင်းတ
ရာကခိုင်၍ အကွင်းကိုးရာက မခိုင်လျှင် ထိုသံကြိုးကြီးသည် အချည်းနှီး
ဖြစ်မည်သာတည်း။ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် ခိုင်သောအကွင်း
တရာနှင့်တူသော ပညာရှိတို့က၊ ကျန်သောအကွင်း ကိုးရာ နှင့်တူသော
တိုင်းသူ ပြည်သားတို့ မသိ နားမလည်ကြလျှင်၊မိမိဘို့ဟာ မိမိတို့ ပညာ
ရှိနေရကျိုး မနပ်နိုင်မည့် အဖြစ်ကိုလည်း သိကြဘို့ လိုသည်။ ထိုသို့ မ
သိကြပါမူ ဒီမိုကရေစီ ကြီးပွါး ဖွံ့ဖြိုးရန် ကြိုးပမ်းမှုတို့သည်၊သဲရေကျ
သာ ဖြစ်မည်ကို ဒီမိုကရေစီ သမားတို့ အထူးသတိ ပြုအပ်သည်။ ထို
ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် မိမိတို့ကိုယ်ကို မိမိတို့ ပညာ တတ်သူ
များ ဖြစ်သည်ဟု ဝန်ခံကြသူတို့၏ တာဝန်မှာ၊မိမိတို့နှင့် တလှေထည်း
စီး တခရီးထည်းသွား ဖြစ်ကြသည့်၊ နားမလည်သေးသော တိုင်းသူ
ပြည်သားတို့အား လူတို့ ပိုင်ရေး ပိုင်ခွင့်နှင့် လူတို့ တာဝန် ဝတ္တရားများ



ကို နားလည်လာအောင်၊ မိမိတို့၏ ပညာအလင်းရောင်ကို အမြဲတစေ
ခွဲဝေပေးကြဘို့ ဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲဟု သာမန်အားဖြင့်
ခေါ်ကြသည့် အာဏာလွှဲပွဲ၊ သို့မဟုတ်၊ကိုယ်စားလှယ်လွှဲပွဲ၊ သို့မဟုတ်
ပြည်စေခံ (အစိုးရ) ရွေးပွဲများ ပြုလုပ်သည့် အခါတွင်၊ မဲမပေးသင့်
သည့်သူကို မဲမပေးဘဲ၊မဲပေးသင့် သူကိုသာ မဲပေးတတ်အောင် သင်ပြ
ပေးဘို့ ဖြစ်သည်။

## ကျားသေကို အသက်မသွင်းအပ်။

ဒီမိုကရေစီနိုင်ငံတွင် မဲမပေးသင့်သူကို ယောင်မှား၍ မဲပေးခြင်း
သည်၊ ကျားသေကို အသက် သွင်းသည်နှင့်တူသည်။ သဒ္ဓိဝ လုလင်
သည် တက္ကသိုလ်ပြည်မှ အသက်သေနေသော သတ္တဝါများကို အ
သက် သွင်းပေးတတ်သော အတတ်ကို သင်၍ ပြန်လာရာ၊ လမ်းခရီး
တွင် ကျားသေတကောင်ကို တွေ့သတတ်။ ထိုအခါ သဒ္ဓိဝ လုလင်
သည် ကျား၊သေကောင်အား အသက် သွင်းပေး၍ တော်မည် မတော်
မည်ကို မစဉ်းစား တတ်သဖြင့်၊ ထိုကျားသေကောင်ကို သူတတ်သော
ပညာဖြင့် အသက်သွင်း၍ ပေးလိုက်သည်။ ကျားသေကောင်သည် အ
သက် ပြန်ရှင်လာသည်နှင့် တပြိုင်နက်၊ သူ့ကိုအသက် သွင်းပေးလိုက်
သူ၊ သူ့ကျေးဇူးရှင် သဒ္ဓိဝ လုလင်ကို၊ကျွတ်ကျွတ်ပါအောင် ဝါး၍ စား
လိုက်သည်။ ဒီမိုကရေစီတွင် မဲမပေးသင့်သူကို မဲပေး၍ အာဏာအပ်
လိုက်ခြင်းသည်၊ ကျားသေကောင်ကို အသက် သွင်းပေးသကဲ့သို့ပင်
ကြောက်မက်ဘွယ် ကောင်းသည်။ ထို့ကြောင့် ဒီမိုကရေစီ သမားတို့
သည်၊ မိမိတို့ ကိုယ်တိုင်သာ မဲပေးသင့်သူကို မဲပေးတတ်ဘို့ လေ့လာ
ကြရမည် မဟုတ်ဘဲ၊ အခြား တိုင်းသူ ပြည်သားတို့ကိုလည်း မဲပေး မ
မှားကြရအောင်၊ အစွမ်းကုန် ကူညီစောင့်ရှောက် ပေးကြရမည် ဖြစ်
သည်။ အဘယ်ကြောင့်ဆိုသော် မဲပေးမှား၍ ခံစရာရှိလျှင် သူများ မခံ
ရဘဲ မိမိတို့သာ ခံကြရမည် ဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## မဲမပေးဘဲ မနေအပ်။

ဒီမိုကရေစီ နိုင်ငံတွင် မဲပေးခြင်းသည် အရေးအကြီးဆုံး အလုပ်ဖြစ်သဖြင့် မဲပေးခွင့် ရသူ မှန်သမျှသည်၊မိမိတို့ ပေးပိုင်သော မဲတမဲကို “ငါ့မဲ တမဲတည်းနှင့် မထူးပါဘူး”ဟု မအောက်မေ့ထိုက်၊တခါတရံ မိမိ၏ မဲတမဲသည်ပင် ကောင်းသူကိုရဘို့ အဆုံးအဖြတ် ပေးနိုင်မည့် မဲဖြစ်တတ်သည်ကို သတိပြုရာသည်။ ထို့ပြင် ဒီမိုကရေစီ နိုင်ငံတွင် ဘယ်သူမဆို တမဲသာ ပေးနိုင်သဖြင့်၊ မိမိ မဲတမဲကို တန်ဘိုးမရှိဘူးဟု မထင်အပ်။ ထို့ပြင် မဲပေးခြင်းသည် မိမိကိုယ်ကို မိမိ လူဖြစ်ပါသည်ဟု ထုတ်ဖေါ် ကြေညာခြင်း ဖြစ်သဖြင့် မဲမပေးဘဲ မနေအပ်။ အကယ်၍ မဲရှင်တဦးသည်၊ မဲပေးဘို့ တာဝန်ကို ရှောင်လွှဲနေသည် ဆိုပါမူ၊ ထိုသူသည် မိမိကိုယ်ကို မိမိ လူဖြစ်ပါသည်ဟု ဝန်ခံရမှာ ကြောက်သောသူနှင့်သာ တူလိမ့်မည်။ လူမှန်လျှင် အဘယ်သူသည် လူဖြစ်ပါသည်ဟု ဝန်ခံရန် ဦးလေးအံ့နည်း။ ထို့ပြင် မဲပေးချိန်၊ သို့မဟုတ် ရွေးကောက်ပွဲ လုပ်ချိန်သည်၊ တိုင်းသူ ပြည်သား အသီးသီးက မိမိတို့ကိုယ်ကို မိမိတို့ လူဖြစ်ကြောင်း တန်းစီ၍ပြသော အချိန်နှင့်လည်း တူသည်၊ ထို့ပြင် မဲပေးခြင်းသည် မဲရှင်က မိမိသည် လူဖြစ်သည်၊လူဖြစ်သည့်အတွက် ရှင်ဘုရင်ဖြစ်သည်၊ရှင်ဘုရင် ဖြစ်သည့်အတွက် အချုပ်အချာ အာဏာကို ပိုင်သည်။ ထိုအာဏာ အနက်မှ တစိပ်တဒေသကို အရွေးခံသူ တဦးအား လွှဲပေးတော့မည်ဟု လူသိရှင်ကြား ကြေငြာခြင်းလည်း ဖြစ်သဖြင့်၊ မဲပေးခြင်းအလုပ်သည် လူ့ဘဝ လူ့ဇာတိ လူအဖြစ်ကို အလေးပြုခြင်းလည်း မည်၏။တိုတို ပြောရလျှင် ဒီမိုကရေစီ နိုင်ငံသားတို့ အဘို့တွင်၊ မဲပေးရသော အလုပ်ထက် မျက်နှာရှိသော အလုပ်၊ ဂုဏ်ယူစရာ ကောင်းသောအလုပ် ၊ရွှင်လန်း ဝမ်းမြောက်ဖွယ်ရာ ကောင်းသောအလုပ် မရှိဖြစ်သည်။

## ပညာရှိတို့ တာဝန်။

တခါတရံ ဒီမိုကရေစီ နိုင်ငံတွင် မဲရှင် တိုင်းသူ ပြည်သားတို့၏ မသိ နားမလည်မှုကြောင့်၊မဲမပေးထိုက်သူ များကို မဲပေး မိကြဘူးသော



ထုံးများလည်း ရှိသည်။ သို့ရာတွင် ဒီမိုကရေစီ နိုင်ငံတွင် မဲပေးပွဲများကို သုံးနှစ်တကြိမ် လေးနှစ်တကြိမ် စသဖြင့် ကျင်းပပေးရခြင်းကြောင့်၊ မဲမပေးထိုက်သောသူကို မှား၍ မဲပေးမိသည့်အတွက် အစဉ်သဖြင့် နစ်နာပျက်စီးခြင်း မဖြစ်နိုင်။ တကြိမ် မဲပေးမှားသွားလျှင် နောက်တကြိမ် မဲပေးပွဲတွင် ပြန်၍ ပြုပြင်နိုင်သည်။ ထိုသို့ပြန်၍ ပြုပြင်နိုင်ရန်အတွက် ပညာရှိဟု ဝန်ခံကြသူတို့က တိုင်းသူ ပြည်သားများအား မဲပေးထိုက်သူကိုသာ မဲပေးကြရန် တဖွဖွ နည်းလမ်းညွှန်ပြ ပေးသင့်သည်။ ဒီမိုကရေစီ နိုင်ငံတွင် ပညာရှိဟု ဝန်ခံကြသူတို့၏ တာဝန်မှာ၊ ရိုးရိုး ရပ်သူရွာသားတို့၏ တာဝန်ထက် ကြီးသည်။ ထိုကြောင့် ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူပြည်သား မကောင်းလျှင် ပညာရှိခေါင်းဟု ဆိုနိုင်သည်။ထို့ပြင် တကိုယ်ကောင်း တစုကောင်းကြံသော ပညာရှိများသည်၊ ဒီမိုကရေစီ အဘို့တွင် အချည်းနှီးသာတည်း။

ထို့ပြင် ဆီဒပေးမှ ဆေးရသည် ဆိုသည့်အတိုင်း၊ဒီမိုကရေစီကိုလည်း မိမိတို့ ကိုယ်တိုင်က ဒီမိုကရေစီနှင့် တန်အောင် လုပ်ကြမှသာ ရနိုင်သည်။ ထို့ကြောင့် ဒီမိုကရေစီကို မြတ်နိုးကြ သူတို့သည်၊ လွတ်လပ်ခြင်းကို ခုံမင်ကြသည့်နည်းတူ မိမိတို့ ပြုလုပ်ဘွယ်ရှိသော တာဝန် ဝတ္တရားများကိုလည်း၊ စိတ်အား ထက်သန်စွာ ပြုလုပ်ကြရမည် ဖြစ်သည်။ တနည်းအားဖြင့် ဒီမိုကရေစီကို လိုချင်လျှင် တာဝန် မကြောက်ရဟု ဆိုလိုသည်။

## လူနည်းစု အခွင့်အရေး။

ဒီမိုကရေစီ နိုင်ငံတွင် မည်သည့် ကိစ္စတွင်မဆို အများသဘော ဖြစ်သည်။တနည်းအားဖြင့် မဲများသည့်ဘက်က သဘော ကျသည့်အတိုင်း အလုပ် လုပ်ရသည်။ သို့ရာတွင် အများ သဘောဆိုသည်မှာ မတရား သဘော၊ ထား(ဒါး) သဘော မဟုတ်သည်ကိုလည်း သတိမူအပ်သည်။ ဒီမိုကရေစီ ဘွင် လူများစုက လူနည်းစုကို အနိုင် ကျင့်နိုင်ခွင့် မရှိ။

ထို့ကြောင့် ဒီမိုကရေစီက မည်မျှလောက်ပင် ဦးရေနည်းသော လူနည်းစုကိုမဆို၊ မတရားအလုပ် မခံရအောင် စောင့်ရှောက် ကာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်၍ပေးသည်။ ဤနည်းဖြင့် လူနည်းစုမှာ တိုင်းသူပြည်သား အားလုံး၏ အကျိုးငှါ သတ်မှတ်၍ ထားသော ဥပဒေကို မကျူးလွန်သမျှ ကာလပတ်လုံး၊ သို့မဟုတ် တိုင်းသူပြည်သားများ၏ အကျိုးကို ထိခိုက်နစ်နာအောင် မလုပ်သမျှ ကာလပတ်လုံး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ လွတ်လပ်စွာ နေနိုင်ခွင့်ရှိသည်။ ဒီမိုကရေစီက တဖက်စီးနင်း နှိပ်စက်ညှဉ်းပန်းခြင်းမပြု။ အဘယ်ကြောင့် ဒီမိုကရေစီက လူနည်းစုကိုပင် စောင့်ရှောက် ကာကွယ်၍ ပေးပါသနည်း၊ အခြားကြောင့်မဟုတ်။ တစ်အချက်တွင် ဒီမိုကရေစီက လူတိုင်း လူတိုင်း၌ ဘယ်သူကမျှ လုယူဖျက်သိမ်းပစ်ခြင်း မပြုကောင်းသော ပိုင်ရေးပိုင်ခွင့်များ ရှိသည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။ လူတိုင်းလူတိုင်း ဆိုသည့်အထဲတွင် လူနည်းစုလည်း ပါသဖြင့် အဘယ်သူသည်လျှင် မြတ်သော လူ့ဘဝကို ရနေသည့် လူနည်းစု၏ဇာတိပါ ပိုင်ရေးပိုင်ခွင့်များကို မရှိမသေ မလေးမခန့် ပြုဝံ့ပါမည်နည်း။ ထို့ကြောင့်လည်း ဒီမိုကရေစီက လူနည်းစု၏ ပိုင်ရေးပိုင်ခွင့်များကို လေးစားရခြင်း ဖြစ်သည်။ ထို့ပြင် ဒုတိယအချက်၌ လူနည်းစုရှိခြင်းသည်၊ ဒီမိုကရေစီ၏ အင်အားပျက်ရာ ပျက်ကြောင်း မဟုတ်သည့်ပြင်၊ အင်အားပို၍ပင် ရှိရာရှိကြောင်း ဖြစ်သည်ကိုလည်း ဒီမိုကရေစီက သိသောကြောင့် ဖြစ်သည်။

## ဝေဘန်ခြင်းကို အာဏာရှင်က မကြိုက်။

သို့ရာတွင် အာဏာရှင်တို့ကမူကား လူနည်းစု ရှိခြင်းကို မကြိုက်။ အဘယ်ကြောင့်ဆိုသော် လူနည်းစုသည် ပြုပြင် ပြောင်းလဲမှုများကို အလိုရှိတတ်ကြသောကြောင့်တည်း။ ပြုပြင်ပြောင်းလဲမှုကို အလိုရှိသူတို့သည်၊ လက်ရှိ အခြေအနေများကို ဝေဘန်တတ်ကြသည်။ အာဏာရှင်တို့မည်သည် ဝေဘန်ခြင်းဆိုသည့် အသံကိုပင် ကြားချင်ကြသူများမဟုတ်။

ကမ္ဘာကြီးတခုလုံးသည် တည်မြဲ ခိုင်မာ၍ နေသည်မဟုတ်ဘဲ၊ အစဉ်အမြဲ ပြောင်းလဲလျက်သာ ရှိသည်။ ပြောင်းလဲခြင်းသည် ကမ္ဘာ၏



ဓမ္မတာဖြစ်သည်။ ယနေ့ကောင်းသည်ဟု ယူဆနေသော အရာကိုလည်း မနက်ဖြန်ကျလျှင် မကောင်းဘူးဟု ယူဆချင် ယူဆတတ်သည်။ ယနေ့ မကောင်းဘူးဟု ယူဆနေသော အရာကိုလည်း မနက်ဖြန်ကောင်းသည်ဟု ယူဆချင် ယူဆတတ်သည်။ ထို့ကြောင့် လောကတွင် ပြောင်းလဲခြင်း ဓမ္မတာ တရားကို နှလုံးသွင်း၍ အများအကျိုးကို မြော်ကိုးကာ ဝေဘန်ပေးဘို့ လိုသည်။ ဝေဘန် ပေးတတ်သူတို့မှာ ရာလိုက်ထောင်လိုက် ပေါ်ပေါက်လာတတ်သည် မဟုတ်ဘဲ၊ တဦးချင်း တယောက်ချင်းသာ ပေါ်လာတတ်သည်။ ဒီမိုကရေစီသည် ဤသဘောကို သိသဖြင့် လူနည်းစု၏ ထင်မြင်ယူဆချက်ကို ရိုသေလေးစားသည်။ ပြုပြင် ပြောင်းလဲမှု ဖြစ်ပေါ်လာသည့်အတွက်၊ ဒီမိုကရေစီတွင် ဆုံးရှုံးနစ်နာဘို့မရှိ။ ထို့ကြောင့် ဒီမိုကရေစီက ပြုပြင်ပြောင်းလဲမှုကို မကြောက်။

## လူ့စွာကို နှိပ်ကွပ်ခြင်း။

သို့ရာတွင် အာဏာရှင် နိုင်ငံတွင်မူကား အာဏာရှင်တို့က သူတို့အာဏာရရှိနေသော အခြေအနေ မပြောင်းလဲဘဲ ဆက်လက်တည်မြဲနေမှသာ သူတို့ ဆက်၍ အုပ်စားနေနိုင်မည် ဖြစ်သဖြင့်၊ အာဏာရှင်တို့သည် ပြုပြင်ပြောင်းလဲမှု ဆိုသော အသံကိုကြားရလျှင် ဖျားချင်သလိုဖြစ်လာသည်။ ထို့ကြောင့် ဝေဘန်တတ်သော၊ သို့မဟုတ် "စကားများသော" လူနည်းစုပေါ်လာလျှင် အာဏာရှင်တို့က တွေ့ရာ သင်းချိုင်း၊ထား(ဒါး)မဆိုင်းချင်ကြ။ ဤတွင် ပြင်သစ် အာဏာရှင်တဦးက သူ့သားကို အာဏာရှင် လမ်းစဉ် သင်ပေးဘူးပုံကို ဆင်ခြင်အပ်သည်။ ပြင်သစ်အာဏာရှင်သည် သူ့သားအား အာဏာရှင် ကျင့်ဝတ်ကို သင်ပေးလိုသဖြင့်၊ သူ့သားကို ဘိန်းဥယျာဉ်သို့ ခေါ်သွားပြီးလျှင်၊ အားလုံးသော ဘိန်းပင်များအနက်၊ တပင်ထီးထီး အပေါ်သို့ မြင့်မောက်၍ ပေါက်နေသော ဘိန်းပင် တပင်ကို ကပ်ကျေးဖြင့်ညှပ်ကာ ဖြတ်၍ပြလိုက်သည်။ ဆိုလိုသည့် အဓိပ္ပါယ်မှာ တိုင်းပြည်တွင် 'လူ့စွာ' သို့မဟုတ် ဝေဘန်သူ တဦးတယောက် ပေါ်လာလျှင်၊ နှိပ်ကွပ်ပစ်မည်ဟု ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အမြဲ မကောင်းကြံတတ်သူ။

ဤအချက်တွင် အာဏာရှင် စံနစ်နှင့် ဒီမိုကရေစီစံနစ်မှာ အရှေ့နှင့် အနောက်ကဲ့သို့ ဆန့်ကျင်သည်။ ဒီမိုကရေစီနိုင်ငံတွင် ဥပမာအားဖြင့်၊ လူတယောက်နှင့် တတိုင်းပြည်လုံးနှင့် သဘောကွဲသည်ပင် ဖြစ်စေကာမူ၊ ထိုတယောက်သောသူအား လူများစုက နှိပ်ကွပ်ပိုင်ခွင့် နှိပ်စက်ညှဉ်းပန်းပိုင်ခွင့်မရှိ။ အဘယ်ကြောင့် ဆိုသော်၊ ထိုသူမှာ အယူအဆ ထင်မြင်ချက်တွင် တယောက်ထီးထီး ဖြစ်နေခြင်းအတွက်၊ သူ၏ လူ့ဘဝ တန်ဘိုး ဆုတ်ယုတ် ပျက်စီးသွားခြင်း မရှိသောကြောင့် ဖြစ်သည်။ ထို့ပြင် ဒီမိုကရေစီသည် ဘယ်သူ့အပေါ်ကိုမျှ မတရားမလုပ်ဘဲ မေတ္တာကို အမြဲခြုံ၍ နေသဖြင့်၊ အမြဲလုံ၍ နေသောကြောင့် စိုးရိမ်ပူပန်ခြင်းမှ ကင်းသည်။ အာဏာရှင်တို့မှာ မူလကပင် အာဏာကို မတရားလု၍ အုပ်စိုးနေသူများ ဖြစ်သဖြင့်၊ ငါ့အာဏာကို ဘယ်သူက ပြန်လုမလဲ၊ ငါ့ကို ဘယ်သူ သတ်မလဲဟု၊ အမြဲတစေ တထိတ်ထိတ် တလန့်လန့်နှင့် နေရသည်။ အာဏာရှင်တို့သည် မိမိတို့ အာဏာရှင်အဖြစ်၌ တည်မြဲနေစိမ့်သောငှါ တိုင်းသူပြည်သားတို့ကို အမြဲသတ်ဖြတ် နှိပ်စက်၍ နေရမြဲဖြစ်သည်။ မိမိတို့က နိုင်အောင် မသတ်ဖြတ် မညှင်းဆဲနိုင်သည်နှင့် တပြိုင်နက် အာဏာရှင်တို့မှာ ပျက်စီးရစမြဲ ဖြစ်သဖြင့်၊ အာဏာရှင်တို့သည် နေ့စဉ်နှင့် အမျှ မကောင်းကြံဘို့ မကောင်းလုပ်ဘို့သာ စိတ်ကူး၍ နေကြရသည်။

ထို့ကြောင့်သာ အာဏာရှင်တို့သည် ဝေဘန်သူ၊ ပြုပြင်ပြောင်းလဲမှုအလိုရှိသူတို့ကို အမြဲ မျက်မုန်းကျိုး၍ နေခြင်းဖြစ်သည်။ ထို့ပြင် ယနေ့လူနည်းစုသည် မနက်ဖြန် လူများစု ဖြစ်လာတတ်သည်ကိုလည်း သိသဖြင့်၊ အာဏာရှင်တို့က လူနည်းစုကို ကြောက်ခြင်းဖြစ်သည်။

## ဝေဘန်သူ လိုခြင်း။

ဒီမိုကရေစီကမူ မိမိလည်း တိုင်းသူပြည်သား တိုင်းသူပြည်သားသည်း မိမိဖြစ်သဖြင့်၊ ဒီမိုကရေစီက တိုင်းသူပြည်သားတို့ကို ကြောက်



ဘို့မလို။ ဝေဘန်သူ၊ 'စွာသူ'၊ ထင်မြင်ချက် တမျိုးရှိသူ၊ လူနည်းစုဖြစ်သူတို့သည် ဒီမိုကရေစီကို ရန်မလုပ်နိုင်။ ပို၍ အင်အား ပြည့်တင်းအောင်သာ လုပ်နိုင်သည်။

ထို့ကြောင့် ဒီမိုကရေစီက ဝေဘန်သူ ထင်မြင်ချက်တမျိုးရှိသူ လူနည်းစုအစရှိသည်တို့ကို ရန်သူဟုသဘောမထားဘဲ၊ မိတ်ဆွေကောင်းဟုသာ သဘောထားသည်။

ထို့ပြင် ရာနှုန်းပြည့်အောင် မကောင်းသော ဤကမ္ဘာကြီးတွင် မိမိလည်း ရာနှုန်းပြည့် ကောင်းပြီဟု မဆိုနိုင်သည်ကိုလည်း၊ ဒီမိုကရေစီကသိသည်။ ထို့ကြောင့် မိမိတိုးတက်ရာ တိုးတက်ကြောင်း အကြံပေးချက်နှင့် ဝေဘန်ချက်ပေးသော လူနည်းစုကိုလည်း ဒီမိုကရေစီက သဘောကျသည်။ လူနည်းစုကလည်း ကျေးဇူး တုန့်ပြန်သောအားဖြင့် ဒီမိုကရေစီကို ကြည့်ညို၍ အများကောင်းရာ ကောင်းကြောင်းအတွက် အမြဲအကြံပေးသည်။ ဤနည်းဖြင့် ဒီမိုကရေစီ နိုင်ငံတွင် လူနည်းစုသည် ဥပဒေစည်းဝိုင်းအတွင်း မှနေ၍ ရှက်ဆောင်ခြင်းဖြင့် လူများစု အဖြစ်သို့ ရောက်လာနိုင်သည်။ ထို့ကြောင့် ဒီမိုကရေစီ သမားတို့သည် သည်းခံစိတ်ကိုမွေး၍ လူနည်းစု၏ ထင်မြင်ယူဆချက်၊ ဝေဘန်ပိုင်းခြားချက်တို့ကို သဘောကြီးကြီးထား၍ နားထောင်အပ်သည်။ သို့မှသာ ဒီမိုကရေစီ ကြီးပွားနိုင်မည်ဖြစ်သည်။

## ဥပဒေပြင်ဘက် မထွက်ရခြင်း။

သို့ရာတွင် တခါတရံ စိတ်ကောင်းမရှိသော လူနည်းစုများ ပေါ်လာပြီးလျှင် ဒီမိုကရေစီကို အမြစ်ကတူး၍ ပစ်ဘို့လုပ်တတ်ကြသည်။ ထိုကဲ့သို့သော လူနည်းစုမှာ မိမိတို့မူလက လူ့အဖြစ်နှင့် ကတိကဝတ်ပြုထားကြသော သဘောတူချက် (နိုင်ငံတည် ဥပဒေ) ကို ဖေါက်ဖျက်သော သူများဖြစ်သဖြင့်၊ ထိုသူမျိုးအား ကာကွယ် စောင့်ရှောက်ရန် ဒီမိုကရေစီ၌ တာဝန်မရှိ။ ထိုမျှပင်မက ထိုသူမျိုးကို ပထမ ဖြင့် နှုန်းသို့ရောက်အောင် ပြောပြပြီးနောက်၊ သို့ပြောပြ၍ မရသေးသော်ခါ နိုင်နင်းစွာ နှိပ်ကွပ်ဘို့မှာ ဒီမိုကရေစီ၏ တာဝန်ပင်ဖြစ်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီ နိုင်ငံတွင် လူနည်းစုရော လူများစုပါ ဥပဒေ စည်းဝိုင်းပြင်ဘက်သို့ မထွက်ကြရန် အရေးကြီးသည်။ ထို့ပြင် ဒီမိုကရေစီ နိုင်ငံတွင် ဥပဒေစည်းဝိုင်း ဆိုသည်မှာလည်း၊ ပြင်ပ တစိမ်း တရံစံက အာဏာ စက်နှင့်လာ၍ အတင်း အမွှေ ရေးပေးထားသည့် စည်းဝိုင်းမဟုတ်ဘဲ၊ တိုင်းသူပြည်သားတို့က မိမိတို့ သဘောအရ မိမိတို့ဘာသာ မိမိတို့ ရေးသားထားသော စည်းဝိုင်းသာဖြစ်သဖြင့်၊ တိုင်းသူပြည်သားတို့ သည်၊ ဥပဒေစည်းဝိုင်း အတွင်း၌ ကျက်စားကြရခြင်း၌ မွေ့လျော်ကြပြီးလျှင် ဥပဒေစည်းဝိုင်း အပြင်ထွက်၍ မိုက်ရွမ်း ပြကြသူတို့ကို မစင်ဘင်ပုတ်ကဲ့သို့ စက်ဆုပ် ရွံရှာကြသည်။

## ၅။ ဒီမိုကရေစီ အုပ်ချုပ်နည်း လမ်း။

### အာဏာကို တိုင်းသူပြည်သားတို့က ပိုင်ခြင်း။

ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူပြည်သားတို့ သည်သာလျှင်၊ အာဏာပိုင်ရှင်များ ဖြစ်သဖြင့် တိုင်းပြည်ကို တာဝန်ခံ၍ အုပ်ချုပ်ရသော အစိုးရခေါ် ပြည်စေခံအဖွဲ့သည် တိုင်းပြည်ကို အုပ်ချုပ်နိုင်ရန် အတွက် လိုအပ်သလောက်မျှသော အာဏာကိုသာ တိုင်းသူပြည်သားတို့ထံမှ ခံယူရသည်။ တိုင်းသူပြည်သားတို့က မိမိတို့ပိုင်သည့် အချုပ်အချာ အာဏာကို တိုင်းပြည်အုပ်ချုပ်ရန် တာဝန်ရှိသူတို့အား အကုန်လုံး အပြီးအပိုင် ပေးအပ်လိုက်သည် မဟုတ်သောကြောင့်၊ အစိုးရခေါ် ပြည်စေခံအဖွဲ့၌ အကန့်အသတ် မရှိသော အာဏာမရှိ။ ထို့ကြောင့် အစိုးရခေါ် ပြည်စေခံ အဖွဲ့ဝင်တို့သည်၊ တဦးချင်း တယောက်ချင်း အနေနှင့် သော်၎င်း၊ အဖွဲ့အနေနှင့်၎င်း၊ ဥပဒေစည်းဝိုင်း အပြင်ဘက်သို့ ထွက်၍ ထင်ရာကို ပေါက်လွှတ်ပဲစား မလုပ်နိုင်။ မည်သည့် ဒီမိုကရေစီ နိုင်ငံတွင်မဆို ဤအချက်ကို အုပ်ချုပ်ပုံ အခြေခံ စည်းမျဉ်းခေါ် နိုင်ငံတည် ဥပဒေတွင် အထင်အရှား ရေးထားသည်။ စင်စစ်သော်ကား၊ ဥပဒေကို ကျူးလွန်သော အစိုးရခေါ် ပြည်စေခံ အဖွဲ့နှင့် ဥပဒေကို



ကျူးလွန်သော သာမန်သူခိုး ဓားပြတို့သည် ဘာမျှမထူး။ ဥပဒေကို ကျူးလွန်သူမှန်လျှင်၊ လူဆိုးသူဆိုးချည်း ဖြစ်သည်။

အာဏာရှင် နိုင်ငံတွင်မူကား အာဏာရှင်က အမြဲတမ်း ထင်ရာကို လုပ်နေသဖြင့် အုပ်ချုပ်သူက မတရားလုပ်ကောင်းသည် ဟူ၍၎င်း၊ အုပ်ချုပ်သူလုပ်သမျှ အကုန်လုံးတရားသည် ဟူ၍၎င်း၊ အထင်ရောက်နေ တတ်ကြသည်။ ဤသို့ အထင်းရောက်၍ နေခြင်းကို ဒီမိုကရေစီက လက်မခံ။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီနိုင်ငံတွင် မည်သူမျှ ဥပဒေ စည်းဝိုင်း ပြင်ဘက်ထွက်၍ ဗရမ်းဗတာ လုပ်နိုင်ခွင့် မရှိသောကြောင့် ဖြစ်သည်။

### အစိုးရအသက် မဲရှင်လက်တွင် ရှိသည်။

အာဏာရှင် နိုင်ငံတွင် အာဏာရှင်သည် တိုင်းသူပြည်သားတို့၏ အလိုဆန္ဒကို ဂရုမစိုက်ဘဲ နေနိုင်သော်လည်း ဒီမိုကရေစီ နိုင်ငံက တိုင်းပြည်အုပ်ချုပ်ဘို့ အာဏာကို ခံယူရရှိထားသည့် အစိုးရခေါ် ပြည်စေခံအဖွဲ့မှာ တိုင်းသူပြည်သားတို့ ဆုံးဖြတ်သည်ကိုသာ လိုက်နာ ကြရသည်၊ ရွေးကောက်ပွဲ ဆိုသည်မှာလည်း တိုင်းသူပြည်သားတို့က လက်ရှိ အုပ်ချုပ်နေသူများကို မကြိုက်ဘူး ကြိုက်သည် ဆုံးဖြတ်သော ပွဲပင်ဖြစ်သည်။

ရွေးကောက်ပွဲတွင် မဲရှုံး၍သွားသော အစိုးရခေါ် ပြည်စေခံတို့မှာ ဘုရားကူ ကူ၍ပင် မရတော့ဘဲ၊ မီးစာကုန် ဆီးခမ်းဖြစ်ကာ ခန္ဓာစဲ ရစမြဲ ဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံတွင် အစိုးရခေါ် ပြည်စေခံအဖွဲ့၏ အသက်မှာ တိုင်းသူ ပြည်သား မဲရှင်တို့၏ လက်ထဲတွင် အမြဲရှိသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် အစိုးရခေါ် ပြည်စေခံအဖွဲ့သည် ဘဝင်မြင့်ခြင်း၊ သွေးနထင်ရောက်ခြင်း၊ ခြေဖျားထောက်ခြင်း မရှိဘဲ တိုင်းသူ ပြည်သားတို့၏ ကျေနပ်မှုကို ခံယူရန်သာ အမြဲကြိုးပမ်း ကြရသည်။ ပြန်အလှန် အားဖြင့်လည်း တိုင်းသူ ပြည်သားတို့က မိမိတို့ ခိုင်းစေသည့် တာဝန်ကို ရိုသေ ကြေပွန်စွာ ထမ်းဆောင်ကြသော အုပ်ချုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



တာဝန် ရှိသူများကို တတ်နိုင်သမျှ ကိုယ်ဘိရင်ဘိ ကူညီစောင့်ရှောက်ကြရသည်။ ဒီမိုကရေစီသည် တိုင်းသူ ပြည်သားတို့ နိုးကြား ထကြွရှိသလောက်သာ ကောင်းနိုင်မည် ဖြစ်သဖြင့် တိုင်းသူ ပြည်သားတို့မှာ ဥစ္စာရှင်လို ဥစ္စာရှင် ခံရမည် ဆိုသည့်အတိုင်း အထူးပင် နိုးကြားထကြွ ရှိကြဘို့လိုသည်။

## အစိုးရကို ဖြုတ်ချနိုင်သည်။

ဒီမိုကရေစီ နိုင်ငံတွင် အစိုးရခေါ် ပြည်စေခံ အဖွဲ့နှင့်တကွ ဥပဒေပြု အမတ်ခေါ် တိုင်းပြည်၏ ကိုယ်စားလှယ် များအား သူတို့ ထင်သလို အရမ်းမလုပ်နိုင်ရန် ထိန်းထားသော အချက်များရှိသည်။ သူတို့ကို အချိန်ကာလ အပိုင်းအခြားနှင့်သာ ရွေးကောက် တင်မြှောက်ထားသဖြင့်၊ သူတို့အလုပ် ကောင်းကောင်း မလုပ်လျှင် နောက်တကြိမ် ရွေးကောက်ပွဲတွင် သူတို့ကို ဖြုတ်ချနိုင်သည်။ ဤအချက်ကို လေးစားသောအားဖြင့် တိုင်းပြည်၏ ကိုယ်စားလှယ် (အမတ်) လုပ်လိုသူတို့သည်၊ တိုင်းသူ ပြည်သားတို့ အပေါ်တွင် အကောက်မကြံဝံ့ကြ။ အချို့သော ဒီမိုကရေစီ နိုင်ငံများတွင် တိုင်းသူ ပြည်သားတို့ မကြိုက်သော ကိုယ်စားလှယ်များကို ရွေးကောက်ပွဲ သက်တမ်း မစေ့မီပင် ဖြုတ်ချနိုင်သည်။ ထိုသို့ ဖြုတ်ချနိုင်ခွင့်ကို 'ရီကော' (ပြန်ခေါ်နိုင်ခွင့်) ဟု ခေါ်သည်။ ထို့ပြင် ကိစ္စတခုခုနှင့် ပတ်သက်၍ တိုင်းသူ ပြည်သားတို့က မိမိတို့ ကိုယ်စားလှယ် (အမတ်) များအား မည်ကဲ့သို့လုပ်ရမည်။ မည်ကဲ့သို့ မလုပ်ရဘူးဟု အစည်းအဝေး ဆုံးဖြတ်ချက် ဖြင့်သော်၎င်း မဲဆန္ဒပေး၍သော်၎င်း၊ ညွှန်ကြားနိုင်သည်။

## တိုင်းပြည့် အစေခံများ။

အချို့ ဒီမိုကရေစီ နိုင်ငံတွင် ပြည်သူ့ဝန်ထမ်းခေါ် အစိုးရအရာရှိများကို တိုင်းသူ ပြည်သားတို့က မဲဖြင့်တိုက်ရိုက် ရွေးကောက်၍ ခန့်ထားသည်။ အချို့ ဒီမိုကရေစီ နိုင်ငံတိုင်မှုကား အရာရှိ အကြီးစား





အာဏာစံနစ်သည် အလိုတော်ရှိကို အားပေးသည်။
အာဏာရှင် ဒုတိယမြောက် ဗတ်ဆစ်ရှေ့တွင် အလိုတော်ရှိများ ကညာဝပ်တွားလုပ်နေကြပုံ (ခရစ် ၉၅၇ ခုနှင့် ၁၀၂၅ အကြား)။

www.burmeseclassic.com

www.burmeseclassic.com



များကို တိုင်းသူ ပြည်သားတို့က မဲဖြင့်ရွေးကောက် တင်မြှောက်ပြီးနောက်၊ ထိုအရာရှိ ကြီးများကမှတဆင့် သူတို့လက်အောက် အရာရှိများကို ခန့်ထားသည်။ သို့ရာတွင် ပြည်သူ့ဝန်ထမ်း အရာရှိများကို တိုင်းသူ ပြည်သားတို့က မဲဖြင့်တိုက်ရိုက် ခန့်ထားသည်ဖြစ်စေ၊ တိုက်ရိုက်မခန့်ထားသည်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းမှန်သမျှမှာ တိုင်းသူပြည်သားတို့၏ သခင်များ မဟုတ်ဘဲ၊အစေခံများသာ ဖြစ်သည်။ထို့ကြောင့် တိုင်းသူ ပြည်သားတို့သည်၊ မိမိတို့၏ အစေခံများကို မေ့မေ့ လျော့လျော့ ပစ်မထားကြဘဲ အမြဲစောင့်ကြပ်၍ ညွှန်ကြားချက်များ ပေးနေဘို့လိုသည်။ဒီမိုကရေစီ နိုင်ငံတွင် ပြည်စေခံများကို တိုင်းသူ ပြည်သားတို့က ညွှန်ကြားချက် ပေးရာတွင် လူကိုယ်တိုင်သွား၍ နှုတ်ဖြင့်လည်း ပေးနိုင်သည်။ စာများ ကြေးနန်းများဖြင့်လည်း ညွှန်ကြားချက်ပေးနိုင်သည်။သတင်းစာများမှနေ၍ ဆောင်ပါး များဖြင့်လည်း ပေးနိုင်သည်။ အစည်းအဝေးများ ပြုလုပ်၍လည်း ပေးနိုင်သည်။ယခု ဖေါ်ပြအပ်သော ညွှန်ကြားချက် ပေးခြင်းများနှင့်တကွ အလားတူ ညွှန်ကြားချက် ပေးခြင်းများသည် ဥပဒေ စည်းပိုင်းအတွင်းက လုပ်သော အလုပ်များသာ ဖြစ်သဖြင့် လျော်ကန် သင့်မြတ်သည်ချည်း ဖြစ်သည်။ ထိုပြင် ဤကဲ့သို့ တဖွဖွ ညွှန်ကြားချက် ပေးနေဘို့မှာလည်း ဒီမိုကရေစီ နိုင်ငံသားတို့ အမြဲ ကျင့်အပ်သော ဝတ်ပင် ဖြစ်သည်။

## လူယုတ်တစု၏ မာယာ။

ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားတို့က အစိုးရခေါ် မိမိတို့၏ အစေခံများကို အမှုမဲ့အမှတ်မဲ့ ပစ်၍မထားရသည့်နည်းတူ ပြည်စေခံတို့၏ တာဝန်မှာလည်း မိမိတို့၏ သခင်ဖြစ်သော တိုင်းသူ ပြည်သားဘို့သည်၊ မည်သည့်အရာကို အလိုရှိသည်ကို အမြဲစုံစမ်း ထောက်လှမ်း၍ တိုင်းသူ ပြည်သားတို့၏ အလိုနှင့် ကိုက်ညီအောင် ရွက်ဆောင်ကြရသည်။ ဤတွင် တိုင်းသူ ပြည်သားတို့၏ အလိုနှင့် ကိုက်ညီအောင် ရွက်ဆောင်ရသော အလုပ်မှာ၊ လွယ်ကူသော အလုပ် မဟုတ်သည်ကိုလည်း သိဘို့လိုသည်။ တခါတရံ နှလုံးမကောင်းသော လူနည်းစုတို့



သည် အကောက်ဉာဏ်ဆင်၍ မိမိဘို့လူ လက်ဘွဲ့ဦးတဆု ပ်ခန့်၏ အလိုကို တိုင်းသူပြည်သား လူအများ၏ အလိုဟု ထင်ရလေအောင်၊မာယာ ဆင်၍ လုပ်တတ်ကြသည်။ ထိုအခါမျိုးတွင် ရိုးဖြောင့်သော ပြည်စေခံများ နစ်နာတတ်သည်။ သို့ရာတွင် ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားတို့က ရိုးသား ဖြောင့်မတ်သော ပြည်စေခံ များကိုသာ ရွေးကောက် တင်မြှောက်လေ ရှိသဖြင့် ပြည်စေခံတို့မှာ အများအားဖြင့် မိမိတို့၏ တာဝန်ကို သိကြသူများသာဖြစ်သည်။ တာဝန်သိကြသော ပြည်စေခံတို့သည် နှလုံးပုပ်သော လူအနည်းငယ်၏ ကြိမ်းမောင်းခြောက်လှန့်ခြင်းကို မကြောက်ကြဘဲ မိမိဘို့ တာဝန်ရှိသည့် အဘိုင်းသာ ဖြောင့်ဖြောင့် မတ်မတ် ရွက်ဆောင်ကြသည်။ရိုးသား ဖြောင့်မတ်သော ပြည်စေခံတို့သည် ဒီမိုကရေစီ၏ ဝန်ဆောင် နွားကြီးများဖြစ်သည်။ တိုင်းသူ ပြည်သားတို့ကသည်း ရိုးသား ဖြောင့်မတ်သော ပြည်စေခံများ၊ ရိုးသား ဖြောင့်မတ်စွာ အလုပ်လုပ်၍ ဖြစ်နိုင်မည့် အခြေအနေမျိုးရအောင် ဖန်တီး၍ ပေးကြရမည်သာ ဖြစ်သည်။သို့မှသာ ဒီမိုကရေစီ ကြီးပွါးဖွံ့ဖြိုး၍ မိမိတို့လည်း၊ ကြီးပွါးဖွံ့ဖြိုးနိုင်မည် ဖြစ်သည်။

## တာဝန်လွှဲ၍ ဆောင်ရွက်ရခြင်း။

ဒီမိုကရေစီနိုင်ငံတွင် လူဘိုင်းလူဘိုင်းတွင် တူညီသော ပိုင်ရေး ပိုင်ခွင့်များ ရှိသော်လည်း၊ လူဘိုင်းလူတိုင်းတွင် တူညီသော အသိဉာဏ် မရှိသည်မှာ ထင်ရှားသည်။ ဥပမာဆိုသော် လူတိုင်း လူတိုင်းသည် စက်ဆရာ (အင်ဂျင်နီယာ) လည်း မလုပ်နိုင်၊ ဆေးသမား (ဆရာဝန်) လည်း မလုပ်နိုင်။ သို့ဖြစ်ရာ အချားသွားလာရန် တံတားတခု ဆောက်လုပ်လိုသည့်အခါ တံတားဆောက် အင်ဂျင်နီယာကို တာဝန်လွှဲ၍ ပေးရမည်သာဖြစ်သည်။ ထိုနည်းတူစွာပင် ကျန်းမာရေး စီမံကိန်းတခုကို လုပ်လိုလျှင်လည်း ဆေးပါရဂူတဦးကို တာဝန်လွှဲ၍ ပေးရမည်သာ ဖြစ်သည်။ ဤသို့ တာဝန်လွှဲ၍ပေးရာဘွင် တာဝန်လွှဲ၍ ပေးခြင်းကို ခံရသော ပါရဂူသည် သူလုပ်ရမည့် အလုပ်ကို တိုင်းသူပြည်သားတို့ သ

www.burmeseclassic.com

www.burmeseclassic.com



ဘောကျအောင် တာဝန်ခံ၍ လုပ်ရမည်ဖြစ်သည်။ သူ့သဘောနှင့်သူ လုပ်ချင်ရာကို မလုပ်နိုင်။ ပါရဂူအား တာဝန်လွှဲပေးရာတွင် တိုင်းသူပြည်သားတို့က သူ့ဟာသူ ထင်ရာကို လုပ်နိုင်ဘို့အတွက် အကန့်အသတ်မရှိသော အာဏာကို လွှဲ၍ပေးလိုက်ကြသည်မဟုတ်။ မယ်မယ်ရရ ကိစ္စတခုကို ကောင်းစွာ ဖြစ်မြောက်အောင် လုပ်ပေးနိုင်ဘို့ အတွက်သာ လိုအပ်သလောက်သော အာဏာလွှဲကို ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ပါရဂူတဦးဦးအား ကိစ္စတခုခုအတွက် လွှဲ၍ပေးထားသော အခွင့်အာဏာကို တိုင်းသူပြည်သားတို့က အချိန်မရွေး ပြန်၍ရုပ်သိမ်းနိုင်သည်။

## လိုချင်ရာ ဆုံးဖြတ်ခွင့်။

ဒီမိုကရေစီနိုင်ငံတွင် တိုင်းသူပြည်သားတို့က မိမိတို့ ဘာကိုလိုချင်သည်ဟု ပထမ ဆုံးဖြတ်ရသည်။ ထို့နောက် ထို မိမိတို့ လိုချင်သော အရာကိုရအောင် ဘယ်လိုလုပ်ရမည်ဟု အကြမ်းအားဖြင့် စည်းမျဉ်းသတ်မှတ်၍ ပေးရသည်။ ထို့နောက် ထို မိမိတို့လိုချင်သော အရာကို လုပ်တတ်သည့် ပညာကျော်များကို ရွေးချယ်ရသည်။ ထိုသို့ ရွေးချယ်ပြီးသည့်နောက် ပညာကျော်များအား အသေးစိပ် ဘယ်လို လုပ်ရမည်ဟု၊ ဒီမိုကရေစီက ညွှန်ကြားမပေး။ အသေးစိပ် စီစဉ်လုပ်ဆောင်ဘို့ တာဝန်မှာ ပညာကျော်တို့၏ တာဝန်သာဖြစ်သည်။ ဥပမာ တိုင်းသူပြည်သားတို့က တဆယ့်နှစ်ရာသီ ရေအလုံ အလောက် ရနိုင်မည့် ဆည်ကြီးတခုကို တည်ဆောက်လိုသည်ဖြစ်မူ၊ ရှေးဦးစွာ တည်ဆောက်မည်,မတည်ဆောက်မည်ကို တိုင်းသူပြည်သားတို့က ဆုံးဖြတ်ရသည်။ အကယ်၍ တည်ဆောက်မည်ဟု ဆုံးဖြတ်လျှင်၊ ဘယ်လောက် စရိတ်အကုန်ခံ၍ ဘယ်နှစ်လ ဘယ်နှစ်နှစ်အတွင်း ပြီးအောင် တည်ဆောက်မည်ဟု ဆုံးဖြတ်ရသည်။ ထိုနောက် ပညာကျော်များကို ခေါ်၍ အပ်ရသည်။ ပညာကျော်များအား ဆည်ဘောင်ကိုလုပ်ဘို့ အင်္ဂတေ ဘယ်လိုစပ်ရမည်ဟု တိုင်းသူပြည်သားတို့က မပြောရ။ အင်္ဂတေစပ်သော



အလုပ်မှာ ပညာကျော်များ လုပ်ရမည့် အသေးစိတ်အလုပ် တခုသာဖြစ်သည်။

ထိုနည်းတူစွာပင် ကျန်းမာရေး စီမံကိန်းတခု လုပ်ချင်လျှင် လုပ်မည့် မလုပ်မည်နှင့် စရိတ်ငွေ မည်မျှသာ ကုန်စေရမည်၊ မည်သည့်နေ့ရက်တွင် ပြီးစေရမည်ကို တိုင်းသူ ပြည်သားတို့က ဆုံးဖြတ်ပေးရမည် ဖြစ်သည်။

သို့ရာတွင် တိုင်းသူ ပြည်သားတို့က ထိုကျန်းမာရေး စီမံကိန်းကို ပြီးမြောက်အောင် ဆောင်ရွက်ရမည့် ဆေးဘက် ပညာကျော်တို့အား၊ သူနာများကို ဝမ်းနှုတ်ဆေး တိုက်သည့်အခါတွင်၊ ကြက်ဆူဆီကိုသာ တိုက်စေရမည်။ ဆားခါးကို မတိုက်စေရ စသော ပညာကျော်တို့၏ အသေးစိတ် အလုပ်အကိုင်များတွင်၊ ဝင်ရောက် ညွှန်ကြားပေးခြင်း မပြုနိုင်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဘယ်ဝမ်းနှုတ်ဆေးကို ပေးသင့်သည်၊ ဝမ်းနှုတ်ဆေးပင် ပေးသင့်သည် မပေးသင့်သည်စသော အလုပ်တို့မှာ ဆေးဘက် ပညာကျော်တို့၏ အလုပ်သာ ဖြစ်သောကြောင့်တည်း။ သို့ရာတွင် ပညာကျော်များကို တိုင်းသူ ပြည်သားတို့က သဘောမကျလျှင် ထုတ်ပယ်၍ နောက်ထပ် ပညာကျော်များကို ခန့်ထားနိုင်ခွင့် ရှိသည်။

## ကိုယ်စားလှယ် အရည်အချင်း။

ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားတို့က မိမိတို့ အလိုရှိသည်ကို လုပ်ပေးမည့်၊ လုပ်ပေးနိုင်သည့် အရည်အချင်းရှိသည့် ကိုယ်စားလှယ် (အမတ်) များကို သတိထား၍ ရွေးကောက် တတ်ဘို့လိုသည်။ ရွေးကောက် ပြီးသည့်နောက်လည်း မိမိတို့ အလိုရှိသည့်အတိုင်း၊ထိုကိုယ်စားလှယ် (အမတ်) များက၊ရွက်ဆောင်သည်၊မရွက်ဆောင်သည်၊ ရွက်ဆောင်နိုင်သော အရည်အချင်း ရှိသည်၊ မရှိသည် စသည်တို့ကို အမြဲစောင့်၍ ကြည့်နေဘို့လည်း လိုသည်။ အကယ်၍ မိမိတို့၏ ကိုယ်စားလှယ် (အမတ်) များ ရွက်ဆောင်သည့် အလုပ်မှာ၊ ထူးခြားသော အလုပ်မျိုးဖြစ်၍ မိမိတို့ ကောင်းစွာ နားမလည်လျှင်



www.burmeseclassic.com

www.burmeseclassic.com



တတ်ကျွမ်း နားလည်သော ပညာကျော်များကို ငှါး၍ အစစ်ဆေး ခိုင်း
အပ်သည်။ သို့မှသာ မိမိတို့မဲဖြင့် ရွေးကောက် တင်မြှောက်ထားသော
ကိုယ်စားလှယ် (အမတ်) များ၊ တော်သည် မတော်သည်ကို သိနိုင်
မည် ဖြစ်သည်။ ထိုသို့ သိရမှလည်း ထိုကိုယ်စားလှယ်များကို နောက်
တကြိမ်ဆက်၍ မဲပေးထိုက်သည်၊ မဲမပေးဘဲနှင့် ဖြုတ်ပစ်ထိုက်သည်
ကို သိနိုင်မည် ဖြစ်သည်။

အဘယ်ကြောင့် ဒီမိုကရေစီနိုင်ငံတွင် မိမိတို့ ကိုယ်စားလှယ် (အ
မတ်) များကို တိုင်းသူပြည်သားတို့က အမြဲစောင့်၍ ကြည့်နေတို့လိုပါ
သနည်း။ အခြားကြောင့်မဟုတ်။ သူ့ခိုးကို တိုက်စိုးနှင်းမိလျှင် ကိုယ့်ရှိ
ဒါသာ ကုန်ရုံသာရှိ၍ သူခိုးကို မဲပေး၍ ကိုယ်စားလှယ် (အမတ်)
တင်လိုက်လျှင် တတိုင်းပြည်လုံး ပြောင်သလင်းခါ သွားတတ်သည်ဖြစ်
သောကြောင့်တည်း။

## ဒီမိုကရေစီကို မှတ်ကျောက်တင်နည်း။

လောကတွင် ဒီမိုကရေစီ ပေါ်လာခြင်းမှာ၊ တိုင်းသူပြည်သားတို့
စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ရန်အတွက် ပေါ်လာခြင်း ဖြစ်သော
ကြောင့်၊ ဒီမိုကရေစီ ကောင်းသည် မကောင်းသည်ကို တိုင်းသူ ပြည်
သားတို့၏ အခြေအနေကိုကြည့်က သိနိုင်သည်။ ကမ္ဘာပေါ်တွင် ဒီမို
ကရေစီနိုင်ငံဟု အခေါ်ခံနေသော နိုင်ငံများ ရှိကြသည့်အနက် ထိုနိုင်
ငံများသည် တနိုင်ငံနှင့် တနိုင်ငံ အသေးစိတ် အချက်များတွင် ခြား
နားခြင်းရှိသော်လည်း၊ အခြေခံ သဘောတရားများတွင် ခြားနားခြင်း
မရှိကြ။ သို့ရာတွင် ဒီမိုကရေစီသည် အပြောနှင့် လွှမ်းသော ဝါဒ၊ သို့မ
ဟုတ် စာဆိုအရ ပြောနေသည့် ဝါဒသက်သက် မဟုတ်ဘဲ၊ ကိုယ်တွေ့
လက်တွေ့ ဝါဒဖြစ်သဖြင့် ကောင်းသည် မကောင်းသည်ကို ထင်ထင်
ရှားရှား သိနိုင်သည်။ ဒီမိုကရေစီနိုင်ငံတွင် တိုင်းသူပြည်သားတို့မှာ
ငတ်လျှင်လည်း အတူတူ ငတ်ကြ၍ချမ်းသာကြွယ်ဝလျှင်လည်း အတူ
တူ ချမ်းသာကြွယ်ဝ ကြရမည်ဖြစ်သည်။



## လူတိုင်း ချောင်လည်ဘို့ အရေးကြီးခြင်း။

လောကတွင် ငတ်သူတို့က ငတ်၍ ချမ်းသာကြွယ်ဝသူတို့က ချမ်း
သာနေသော ဒီမိုကရေစီ နိုင်ငံဟု မရှိနိုင်။ ငတ်သူများရှိနေသော နိုင်
ငံသည် ဒီမိုကရေစီ နိုင်ငံမဖြစ်နိုင်။ ထိုနည်းတူစွာပင် ငတ်သူချည်း ရှိ
နေသော နိုင်ငံ၌လည်း ဒီမိုကရေစီမဖြစ်နိုင်။ ငတ်သူတို့သည် ငတ်ခြင်း
ဒါဏ်ကို မခံမရပ်နိုင်သဖြင့်၊ ချမ်းသာ ကြွယ်ဝသူတို့ကို လုယက် သတ်
ဖြတ်၍ စားကြမည်မှာ မွေတာပင်ဖြစ်သည်။ငတ်သူ ပေါများသော နိုင်
ငံတွင် ချမ်းသာ ကြွယ်ဝ၍ နေကြသော သူတို့လည်း ချမ်းသာ ကြွယ်ဝ
ရကျိုးနပ်ကြသိမ့်မည် မဟုတ်။အဘယ်ကြောင့်ဆိုသော် သူတို့စိတ်တွင်
"ငါတို့အား ငတ်သူတို့က၊ ဘယ်တော့လာ၍ လုကြယက်ကြ သတ်ကြ
လိမ့်မည်နည်း"ဟု အမြဲပူပန် ကြောက်လန့် နေကြရမည် ဖြစ်သော
ကြောင့်တည်း။

ထို့ပြင် တနိုင်ငံလုံး ငတ်နေလျှင်လည်း မိုးပြိုအများမို့ ခံသာသေး
သည်။ သို့ရာတွင် တနိုင်ငံလုံး ငတ်နေသူတို့သည် မငတ်သည့် နိုင်ငံကို
ချီတက် လုယက် သတ်ဖြတ် ကြမည်သာ ဖြစ်သည်။ ထို့ကြောင့် ဒီမိုက
ရေစီ တည်နေနိုင်ဘို့အတွက် တိုင်းသူ ပြည်သားများ အထဲတွင် ငတ်သူ
များမရှိဘို့ အရေးကြီးသည်၊တနည်းဆိုသော် အိမ်တိုင်းအိမ်တိုင်းတွင်
ဆန်အိုး ဟောင်းလောင်း ဖြစ်မနေစေဘို့ အရေးကြီးသည်။

## ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရေး။

ဒီမိုကရေစီ အင်္ဂါနှင့် ပြည့်စုံသော နိုင်ငံတွင် တိုင်းသူ ပြည်သားတို့
မှာ အမြဲတမ်း စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် နေနိုင်ကြသည်။ အ
ကြောင်းကိုဆိုသော်၊ဒီမိုကရေစီက တိုင်းသူပြည်သားတို့အား အယုတ်
သဖြင့်၊ စားဘို့၊ ဝတ်ဘို့၊ နေဘို့၊ ပညာသင်ဘို့၊ ကျန်းမာဘို့၊ အညီးပြေ
ဘို့၊ ပြည့်စုံအောင် ဖန်တီး၍ ပေးသောကြောင့် ဖြစ်သည်။ လူ့ဘဝကို
တန်ဘိုးထားပါသည်ဟု ဆိုပြီး၊စားဘို့၊ ဝတ်ဘို့၊ နေဘို့၊ ပညာသင်ဘို့
ကျန်းမာဘို့၊ အညီးပြေဘို့အတွက် ပြည့်စုံအောင် ဖန်တီး၍ မပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



## မင်းစိတ်ဝင်သူ အလိုမရှိ။

ဒီမိုကရေစီသည် တိုင်းသူ ပြည်သားတို့၏ အကျိုးကို အမြဲ ရှေးရှုသော စံနစ် ဖြစ်သဖြင့်“မင်းစိတ်”ဝင်နေသူ၊“မင်း”လုပ်လိုသူတို့ကို အလိုမရှိ။ ထို့ကြောင့်“မင်းစိတ်”ဝင်သူ“မင်း”လုပ်ချင်သူတို့သည် ဒီမိုကရေစီ နိုင်ငံ၌ မနေအပ်။ ဒီမိုကရေစီ နိုင်ငံတွင် တိုင်းသူ ပြည်သားတို့က “မင်းစိတ်”ဝင်သူ၊“မင်း”လုပ်လိုသူတို့ကို ပြည်စေခံ ရွေးကောက်ရာတွင် မဲမပေးမိဘို့ အထူးပင် သတိထားကြသည်။ ရွေးကောက်ပွဲတွင် မိမိသည် အရွေးခံရလျှင်“မင်း”လုပ်မည်ဟု ပြောသူအား မည်သူကမျှ မဲပေးကြလိမ့်မည်မဟုတ်။ ဒီမိုကရေစီ နိုင်ငံသားတို့သည်‘မင်း’ဆိုသော အသံကိုပင် မကြားချင်ကြ။

ဒီမိုကရေစီ နိုင်ငံတွင် အာဏာရှင် နိုင်ငံမှာကဲ့သို့‘မင်း’လည်းမရှိ။ အစိုးရလည်းမရှိ။ဒီမိုကရေစီ နိုင်ငံက“အစိုးရ”သည်၊ တိုင်းပြည်၏ အစေခံသာ ဖြစ်သည်။

အာဏာရှင် နိုင်ငံတွင်ကား‘အစိုးရ’သည် ‘မင်း’ ဖြစ်၍ လုပ်ချင်ရာကို လုပ်နိုင်သည်။ လုပ်လည်းလုပ်သည်။ ထို့ကြောင့် ‘အစိုးရ’ ဆိုလျှင်၊ သရဲသဘက်ကဲ့သို့ ကြောက်ကြရသည်။

အစိုးရသည် ကြောက်စရာ ကောင်းလာသောအခါ၊တိုင်းသူ ပြည်သားတို့က အော့နှလုံး နာကြမြဲ ဖြစ်သည်။ အာဏာရှင် နိုင်ငံက “အစိုးရ”နှင့် ဒီမိုကရေစီ နိုင်ငံက“အစိုးရ”သည်၊ အခေါ်ခြင်း တူသော်လည်း အဓိပ္ပါယ်မှာ ကွာခြားသည်။ထို့ကြောင့် အာဏာရှင် နိုင်ငံ၊သို့မဟုတ် အာဏာရှင်ဆန်သော နိုင်ငံတွင်၊“အစိုးရ”ဆိုလျှင် တိုင်းသူ ပြည်သားတို့က မနိုင်လို့သာ ကြည့်နေ ကြရသော်လည်း အစိမ်းလိုက် ဝါးစားချင်ကြသည်။ သို့ရာတွင် ဒီမိုကရေစီ နိုင်ငံတွင်ကား၊ လိမ်မာသော လယ်သမားသည် ခိုင်း၍ကောင်းသော နွားကို ချစ်ခင်နှစ်သက်ဘိ သကဲ့သို့၊“အစိုးရ”ကို တိုင်းသူ ပြည်သားတို့က ချစ်ခင် ကြည်ညိုကြသည်။ ဒီမိုကရေစီ“အစိုးရ”စစ်လေလေ တိုင်းသူ ပြည်သားတို့က ချစ်ခင် ကြည်ညိုလေ ဖြစ်သည်။



## အစိုးရကောင်း ဆိုဒါ။

ဒီမိုကရေစီ နိုင်ငံတွင် စစ်နိုင်သော“အစိုးရ”ကိုလည်း စစ်နိုင်ရုံမျှနှင့် အစိုးရကောင်းဟု မခေါ်။အဆောက်အဦးတွေ အဆောက် ကောင်းသော“အစိုးရ”ကိုလည်း အဆောက်ကောင်း ရုံမျှနှင့် အစိုးရကောင်းဟု မခေါ်။ လမ်းတွေ အဖေါက်ကောင်းသော အစိုးရကိုလည်း ထိုသို့ လမ်းအဖေါက် ကောင်းရုံမျှနှင့် အစိုးရကောင်းဟု မခေါ်။ တိုင်းသူ ပြည်သားတို့ကို ချမ်းသာ ဝပြောအောင်နှင့် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံအောင် လုပ်ပေးနိုင်သော“အစိုးရ” ကိုမှသာ အစိုးရကောင်းဟု ခေါ်သည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင်“အစိုးရ”ကောင်းသည် မကောင်းသည်ကို သိလိုသောအခါ၊ ထို အစိုးရသည် တိုင်းသူ ပြည်သားတို့၏ အလိုဆန္ဒကို ကျိုးနွံစွာ နာခံသည် မနာခံသည်နှင့် တိုင်းသူ ပြည်သားတို့ကို သာယာဝပြောရှိအောင် လုပ်ပေး၊မပေး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိအောင်လုပ်ပေး မပေးကို ကြည့်ရသည်။ ဤကား ဒီမိုကရေစီ နိုင်ငံက တိုင်းသူ ပြည်သားတို့က “အစိုးရ”ကို အကဲဖြတ်ပုံတည်း။ အဘယ်ကြောင့်ဆိုသော်“အစိုးရ” ဆိုသည်မှာ တိုင်းသူ ပြည်သားတို့ သာယာဝပြော ရှိစေရန်နှင့် စိတ်၏ ချမ်းသာခြင်း၊ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံစေရန် ဆောင်ရွက်ပေးစေဘို့ရန်အတွက်သာ ခန့်ထားသော ပြည်စေခံ အဖွဲ့ဖြစ်သောကြောင့်တည်း။

၆။ ။နောင်ရေး မြော်လင့်ချက်ရှိခြင်း လမ်း။

## လက်တွေ့ ဒီမိုကရေစီ ခြားနားတတ်သည်။

ဒီမိုကရေစီ၏ အခြေခံ သဘောတရားများသည်၊ ဘယ်အခါမျှ ဖေါက်ပြန်ခြင်းမရှိ။ သို့ရာတွင် လက်တွေ့ ဆောင်ရွက်ရာတွင်မူကား၊ အခါကာလ အခြေအနေ အားလျော်စွာ ခြားနားခြင်း ရှိတတ်သည်။ ဥပမာ တောင်သူ လယ်လုပ် ထားမ (ဒါးမ) ခုတ်တို့၏ နိုင်ငံတွင် ဒီမိုကရေစီကို ကျင့်သုံးခြင်းနှင့် လက်မှုပညာ စက်မှုပညာ သမား နိုင်ငံ၌

www.burmeseclassic.com

www.burmeseclassic.com



တွင် ဒီမိုကရေစီကို ကျင့်သုံးခြင်းတို့မှာ အကြောင်းအားလျော်စွာ ခြားနားခြင်းရှိရမည် ဖြစ်သကဲ့သို့တည်း။ ဤနည်းဖြင့် ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးရာတွင် တနိုင်ငံတည်း၌ပင် အခါကာလအလျောက် ခြားနားခြင်းရှိသည်။ လယ်လုပ် ယာလုပ်ခေတ်က ဒီမိုကရေစီကို ကျင့်သုံးကြပုံနှင့် စက်မှု လက်မှု ပညာခေတ်သို့ ရောက်လာသော ကျင့်သုံးကြပုံမှာ တူလိမ့်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် လယ်ယာလုပ်ကိုင်သူတို့၏ လိုအင်ဆန္ဒနှင့် နေပုံ ထိုင်ပုံတို့မှာ စက်မှု လက်မှုဖြင့်၊ အသက်မွေးသူတို့၏ လိုအင်ဆန္ဒ နေပုံ ထိုင်ပုံတို့နှင့် မတူသောကြောင့် ဖြစ်သည်။

သို့ရာတွင် လက်တွေ့ ကျင့်သုံးပုံသည် အခါကာလနှင့် အခြေအနေအလိုက် ခြားနားခြင်းရှိမည် ဖြစ်သော်လည်း ဒီမိုကရေစီ၏ အခြေခံသဘောတရားတို့သည်ကား၊ ဘယ်အခါမျှ ယိမ်းယိုင် တိမ်းစောင်းခြင်းမရှိ။ ဤသည်ပင် ဒီမိုကရေစီ၏ မွန်မြတ်သော အနှစ်သာရ ဖြစ်သည်။

## လှေနံ့ ဒါးထစ်မဟုတ်။

အချို့က ဒီမိုကရေစီ၏ အခြေခံ သဘော တရားများသည်၊ ဒီမိုကရေစီ ပေါ်ဦးကစ၍ ယနေ့တိုင် ပြောင်းလွဲခြင်း မရှိသည့်အတွက်၊ ဒီမိုကရေစီကို လက်တွေ့ ကျင့်သုံးရာတွင်၊ ပေါ်ဦးခေတ်က ကျင့်သုံးနည်းအတိုင်း လှေနံ့ဒါးထစ် ကျင့်သုံးရ မလိုလို အထင်ရောက်နေကြသည်။ ဤသို့ အထင် ရောက်နေခြင်းသည် မှားသည်။ အဘယ်ကြောင့်ဆိုသော် လူတို့အသက်မွေး ဝမ်းကျောင်းပုံ၊ နေပုံထိုင်ပုံ အခြေအနေ ပြောင်းလွဲလာသည့် အခါတွင်၊ ထိုသို့ပြောင်းလွဲ လာသည့်အလိုက် စည်းကမ်းဥပဒေနှင့်တကွ၊ အုပ်ချုပ်ပုံလည်း ထိုက်လျောက်စွာ ပြောင်းလွဲလာရမည် ဖြစ်သောကြောင့်တည်း။ ဥပမာ လှည်းများသည် တနာရီလျှင် ငါးမိုင် ခြောက်မိုင်လောက်သာ သွားနိုင်သဖြင့်၊ လှည်းများကို အရှိန်ပြင်းစွာ အရမ်း မမောင်းရဟု၊ လှည်းခေတ်တွင် ဥပဒေလုပ်ဘို့ မလိုသော်လည်း၊ မော်တော်ကား ခေတ်သို့ ရောက်သောအခါ မော်တော်



ကားများသည်၊ တနာရီလျှင် မိုင်ပေါင်းများစွာ သွားနိုင်သဖြင့်၊ အရှိန်ပြင်းစွာနှင့် အရမ်းမောင်းလျှင် လူများအား အသက်အန္တရာယ် ဖြစ်စေနိုင်သောကြောင့်၊ မော်တော်ကားကို အရှိန်ပြင်းစွာ၊ အရမ်းမမောင်းရဟု မော်တော်ကား ခေတ်တွင် ဥပဒေလုပ်ဘို့ လိုသကဲ့သို့ ဖြစ်သည်။

## တိုးတက်မှု အားပေးခြင်း။

ဒီမိုကရေစီက အခါကာလအလိုက် အခြေအနေအလိုက်၊ လျောက်ပတ်သော ပြုပြင်ပြောင်း၊ လွဲမှုများလုပ်ခြင်းကို အားပေးသဖြင့်၊ ဒီမိုကရေစီ နိုင်ငံများတွင် တိုးတက်ကြီးပွါးဘို့လမ်းရှိသည်၊ ဒီမိုကရေစီက တခါတည်း ရောင့်ရဲနေသူများကို မကြိုက်။ တိုးတက် ကောင်းစားအောင် တိုးတက် ကြီးပွါးအောင် ကြံသူများ ကြိုးစားသူများကိုသာ ကြိုက်သည်၊ တိုးတက် ကြီးပွါးအောင် ကြံစည်ဘို့ ကြိုးစားဘို့နှင့် ကြံစည်ချင်အောင် ကြိုးစားချင်အောင်လည်း အားပေးသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတွင် တိုးတက် ကြီးပွါးအောင် ကြံစည်ချင်သူ ကြိုးစားချင်သူတို့ ပေါ်၍၊ ကြံစည်ချင်ကျိုး ကြိုးစားချင်ကျိုးလည်း နပ်ခြင်းလည်း ဖြစ်သည်။

## ပြည်သူကို နှိုင်းတိုက်ခြင်း မပြု။

ဒီမိုကရေစီသည် တိုင်းသူ ပြည်သားများကို နို့စို့ ကလေးများပမာ အရူး အမိုက်များဟု သဘောမထား။ အာဏာရှင်တို့သည် တိုင်းသူ ပြည်သားများကို အရူးအမိုက်များလို သဘောထားပြီးလျှင်၊ တိုင်းသူ ပြည်သားတို့ မေ့မေ့ လျော့လျော့ ညိမ်ညိမ် ဆိမ်ဆိမ် နေကြစေရန်အတွက် တိုင်းသူ ပြည်သားတို့အတွက် "အစာကျွေးခြင်း ပွဲလမ်းသဘင် ကျင်းပ ပေးခြင်း" များကို ပြုလုပ်ကြသည်။ သို့ရာတွင် ဒီမိုကရေစီက ထိုကဲ့သို့ ပျင်းရိပေါ့တန် စေမှုများဖြင့် တိုင်းသူ ပြည်သားတို့ကို ထိုင်းမှိုင်း တွေဝေအောင် မလုပ်ဘဲ၊ လူတိုင်းလူတိုင်းအား မိမိတို့ဆိုင် တွေ့နေရသည့် ပြဿနာများကို၊ ပိုင်ပိုင် နိုင်နိုင် ဖြေဖြတ်နိုင်ရန် အ

www.burmeseclassic.com

www.burmeseclassic.com



ခါအခွင့်ကို ဖန်တီး၍ပေးသည်။ ဤနည်းဖြင့် ဒီမိုကရေစီ နိုင်ငံတွင် အလုပ်ကို ကြိုးစား၍ လုပ်ကြသူတို့ အဘို့တွင် အခါမသင့်ခြင်း၊ အခွင့်မသာခြင်း မရှိနိုင်။ ဒီမိုကရေစီ နိုင်ငံက တိုင်းသူပြည်သားတို့သည်၊ သူတပါး၏ အကြောင့်ကျကို မခံလိုကြ။ ကြက်များသည် မြေကြီးကို ယက်ပြီး ရှာစားရမှသာ အားရကြ သကဲ့သို့၊ ဒီမိုကရေစီ နိုင်ငံသားတို့သည်လည်း ချွေးနှီးစာကို စားရမှ မြိန်သည်။ ဒီမိုကရေစီ နိုင်ငံတွင် ကိုယ့်ဒူး ကိုယ်ချွန် လိုသူတို့အတွက် လုပ်ခင်း ကိုင်ခင်းသာသည်။ "အချောင်"ကြံချင်သူ၊ "အကော်"ကြံချင်သူ၊ "မလုပ်မကိုင် ထိုင်ကာစား" ချင်သူတို့သည် ဒီမိုကရေစီ နိုင်ငံတွင် လူတွင်ကျယ် မဖြစ်နိုင်။

## ဒီမိုကရေစီနှင့် နိုင်ငံရေး။

အာဏာရှင် နိုင်ငံတွင် နိုင်ငံသည် အာဏာရှင်၏ တဦးတည်းပိုင် ပုဂ္ဂလိက ပစ္စည်းဖြစ်သဖြင့် နိုင်ငံရေးသည် အာဏာရှင်၏ ကိုယ်ပိုင် အရေးသာဖြစ်သည်။ အာဏာရှင်၏ အရေးတွင် မည်သူမျှ ဝင်၍စွက်ဖက်ခွင့်မရှိ။ ထို့ကြောင့် အာဏာရှင် နိုင်ငံတွင် နိုင်ငံသူ နိုင်ငံသားတို့အဘို့ နိုင်ငံရေးမရှိ။ နိုင်ငံသူ နိုင်ငံသားထဲမှ တယောက်ကောင်း၊ နှစ်ယောက်ကောင်း၊ ထွန်း၍ နိုင်ငံရေး လုပ်ပြန်လျှင်လည်း အာဏာရှင်က သူပုန်ကဲ့သို့ သဘောထားကာ နှိပ်ကွပ်သည်။ ထို့ကြောင့် အာဏာရှင် နိုင်ငံတွင် နိုင်ငံရေးကို နိုင်ငံသူ နိုင်ငံသားတို့ လုပ်ကောင်းသည်ဟု ထင်သူပင် နည်းသည်။

## အထင်ခံ အမြင်ခံ အလုပ်။

သို့ရာတွင် ဒီမိုကရေစီ နိုင်ငံတွင်မူကား နိုင်ငံကို မည်သူ တဦးတယောက်ကမျှ မပိုင်ဘဲ၊ နိုင်ငံသူ နိုင်ငံသားအားလုံးက ပိုင်သဖြင့် နိုင်ငံရေးသည် ပုန်ကန်ရေးလည်းမဟုတ်၊ ကြောက်ကြောက် လန့်လန့် ပုန်းလျှိုး ဝှက်လျှိုးလုပ်ရမည့် အရေးလည်းမဟုတ်ဘဲ၊ နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် ဆိုင်သော နိုင်ငံသူ နိုင်ငံသား အားလုံးတို့ အထင်ခံ အမြင်ခံ လုပ်ရမည့် အရေးသာဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံ



တွင် နိုင်ငံရေးကို မည်သူမျှ လစ်လျူပြု၍ မထားကြ။ နိုင်ငံသူ နိုင်ငံသားတိုင်း စိတ်ဝင်စားကြသည်။ စိတ်ဝင်စားအောင် တိုက်တွန်းဆော်အော၍လည်း ပေးကြသည်။ တနည်းဆိုသော် ဒီမိုကရေစီ နိုင်ငံတွင် နိုင်ငံရေးသည် သူများ၏ အရေးမဟုတ်ဘဲ၊ နိုင်ငံသူ နိုင်ငံသားတို့၏ ကိုယ်ရေး ကိုယ်တာပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားတို့က မိမိတို့၏ ကိုယ်ရေးကိုယ်တာ ဖြစ်သော နိုင်ငံရေးတွင် စိတ်ဝင်စားခြင်း မရှိကြလျှင် ဒီမိုကရေစီ ပျက်တတ်သည်ကို သတိပြုအပ်သည်။

## နိုင်ငံအရေး ဒို့အရေး။

ကိုယ့် အလုပ်ကို ကိုယ်ကိုယ်တိုင်က ဂရုမစိုက်ဘဲ သူတပါးနှင့် ပစ်ထားလျှင် ပျက်မည်မှာ သေချာသကဲ့သို့၊ ဒီမိုကရေစီ နိုင်ငံတွင်လည်း နိုင်ငံရေးကို နိုင်ငံသူ နိုင်ငံသားတို့က မိမိတို့ကိုယ်ရေး ကိုယ်တာဟု မအောက်မေ့ဘဲ၊ မျက်နှာလွှဲ ခဲပစ်လုပ်ထားလျှင် နိုင်ငံဌ္ဍမ်းဆောက် ပြည်လုံးမှောက်မည်မှာ သေချာသည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတွင် "နိုင်ငံရေးကို သူရူး သူမိုက်များနှင့် ပစ်ထားလို့ မဖြစ်ဘူး" You cannot leave politics to fools and knaves ဟု ဆိုရိုးပြုကြခြင်း ဖြစ်သည်။ နိုင်ငံရေးကို သူရူး သူမိုက်များနှင့် ပစ်ထားလျှင်၊ နိုင်ငံရေးသည် နိုင်ငံသူ နိုင်ငံသားတို့၏ အရေးမှ၊ သူရူး သူမိုက်တို့၏အရေးအဖြစ်သို့ သက်ဆင်း၍ သွားမည်သာဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားတို့က မသိနားမလည်၍ သော်၎င်း၊ ပျင်းရိပေါ့တန်၍သော်၎င်း၊ နိုင်ငံရေးကိုရှောင်လွှဲကာ သူရူး သူမိုက်တို့နှင့် လွှဲထားသဖြင့်၊ သူရူး သူမိုက်တို့က ထင်သလို အရမ်း လုပ်ခဲ့သော် မည်သူ နစ်နာမည်နည်း။ သူများနစ်နာမည်မဟုတ်၊ နိုင်ငံသူ နိုင်ငံသားတို့ပင် နစ်နာကြလိမ့်မည်။ ထို့ကြောင့် "နိုင်ငံရေးကို သူရူး သူမိုက်များနှင့် ပစ်ထားလို့ မဖြစ်ဘူး" ဆိုသောစကားကို၊ ဒီမိုကရေစီနိုင်ငံသားတို့သည် အမြဲနှလုံးသွင်းကြရသည်။ ဒီမိုကရေစီ လက်ဦး ပေါ်ပေါက်ရာ ဂရိတ်ပြည်မှ အာရစ်တော့တလဲ မည်သော ပညာရှိကြီးက လူသည် နိုင်ငံရေး သတ္တဝါဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးတွင် စိတ်မဝင်စားသော သူသည် နတ်သော်ငြင်း၊ နွားသော်ငြင်းသာဖြစ်ရမည်။ လူမဟုတ်နိုင်ဟု ဆိုဘူးသဖြင့်၊ဒီမိုကရေစီအဘို့တွင် နိုင်ငံရေးသည် မည်မျှ အရေးကြီးသည်ကို သိနိုင်သည်။


ဒီမိုကရေစီ နိုင်ငံတွင် နိုင်ငံရေးဆိုသည်မှာ နိုင်ငံသူ နိုင်ငံသားတို့၏ စားရေး၊ ဝတ်ရေး၊ နေရာ အဆောက်အဦး ရရှိရေး၊ ပညာရရှိရေး ကျန်းမာမှုရရှိရေး၊ အညီးပြေမှု ရရှိရေး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ နေနိုင်မှုရရှိရေး စသည်တို့ပင် ဖြစ်သဖြင့်၊ နိုင်ငံသူ နိုင်ငံသားတို့သည်၊ နိုင်ငံရေး၌ စိတ်မဝင်စားဘဲ နေ၍မရ။စိတ်မဝင်စားကြလျှင် နှာခေါင်းကျည်ပွေ့ တွေကြရ လိမ့်မည်သာတည်း။

အာဏာရှင် နိုင်ငံတွင် နိုင်ငံရေးသည် အာဏာရှင်၏ ကိုယ်ရေးကိုယ်တာသာ ဖြစ်သဖြင့်၊ အာဏာရှင်က သူ့တိုင်းပြည် သူ ဘယ်နှစ်ပတ်လှည့်လှည့် တိုင်းသူပြည်သားတို့က ပြောပိုင်ခွင့် မရှိ။

## နိုင်ငံရေး ပစ်ထားလျှင် ဒုက္ခများမည်။

တခါတရံ ဒီမိုကရေစီ နိုင်ငံတွင် နိုင်ငံသူ နိုင်ငံသားတို့က ပျင်းရိပေါ့တန်ခြင်း၊ နားမလည်ခြင်းစသော အကြောင်းတို့ကြောင့်၊ နိုင်ငံရေးကို လစ်လျူပြု၍ ထားသောအခါ၊ နိုင်ငံရေးသည် အတိုင်းမသိ နှလုံးပုတ်သူတို့သာ လုပ်ရမည့် အရေးကဲ့သို့ ဖြစ်၍သွားတတ်သည်။ ထိုသို့ဖြစ်၍သွားရခြင်းသည် စင်စစ်အားဖြင့် နှလုံးပုတ်သူတို့၏ အပြစ်မဟုတ်၊ ပေါ့လျော့သော နိုင်ငံသူ နိုင်ငံသားများ၏ အပြစ်သာဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးမှ ယုယ်မာသူ ကောက်ကျစ်သူတို့ ပပျောက်သွားစေရန်အတွက် အကောင်းဆုံးနည်းမှာ၊ နိုင်ငံရေးကို နိုင်ငံသူ နိုင်ငံသားတိုင်း စိတ်ဝင်စားကြခြင်းဖြစ်သည်။ နိုင်ငံသူနိုင်ငံသားတိုင်းက မိမိတို့၏ သေရေး ရှင်ရေးဖြစ်သော နိုင်ငံရေးတွင် စိတ်ဝင်စားကြသောအခါ၊ လူရှုပ် လူပွေတို့သည် မဲရလမ်း မရှိတော့သဖြင့်၊ နိုင်ငံရေးသမား လူတွင်ကျယ်များဘဝမှ အလိုလို ဇီဝိန်ချုပ်၍ သွားရမည်သာ ဖြစ်သည်။ နိုင်ငံရေးတွင် သူရှူး သူမိုက်များဝင်၍ မဖွယ်မရာပြုလုပ်နေသည်ကို မကြည့်ချင်၊ မမြင်ချင်ကြသော ဒီမိုကရေစီ နိုင်ငံ






In a Court of Law the rights of the ordinary man will be upheld against the State

ဒီမိုကရေစီ နိုင်ငံတွင်၊ အစိုးရနှင့် သာမန် တိုင်းသူပြည်သား တရားဖြစ်လျှင်၊ ရုံးက သာမန် တိုင်းသူ ပြည်သား၏ အခွင့်အရေး များကို၊ စောင့်ရှောက် ကာကွယ်ပေးသည်။ အထက်ပါပုံမှာ၊ ရုံးက အစိုးရနှင့် ပြည်သူကို တရားချိန်ခွင်နှင့် ချိန်နေပုံ။

---

သားတို့သည် မိမိတို့ကိုယ်တိုင် နိုင်ငံရေးတွင် စိတ်ဝင်စား၍ အခြားသူများကိုလည်း စိတ်ဝင်စားအောင် ရွက်ဆောင်ကြရမည်သာ ဖြစ်သည်။

## အာဏာရှင် ပေါ်မလာအောင် သတိပြုရမည်။

တနည်းအားဖြင့်လည်း နိုင်ငံသူ နိုင်ငံသားတိုင်းနှင့် ဆိုင်သော နိုင်ငံရေးတွင် သူရူး သူမိုက်များကိုသာ ချယ်လှယ်ခွင့် ပေးထားပါလျှင်၊ လူကောင်း သူကောင်း အပေါ် ခံရသူတို့ အဘို့တွင်၊မိမိတို့ကိုယ်ကို မိမိတို့ ညံ့ဖျင်းပါသည်၊နံပါ၊ အ, ပါသည်ဟု ဝန်ခံရာ ကျမည်ဖြစ်သည်။ မည်သို့ပင် ဖြစ်စေကာမူ၊ဒီမိုကရေစီကို အလို ရှိသည်ဖြစ်လျှင်၊နိုင်ငံရေးကို သူရူး သူမိုက်တို့နှင့် ပစ်၍ထားသော အကျင့်ဆိုးကို မဖျောက်ဖျက်ဘဲနှင့် ရနိုင်လိမ့်မည် မဟုတ်သည်ကို နှလုံး မူကြရာသည်။ နိုင်ငံရေးကို မိမိနှင့် မဆိုင်ဟု အထင်ရောက်နေကြ သူတို့သည်၊ဒီမိုကရေစီ သဘော

www.burmeseclassic.com

www.burmeseclassic.com



ကို နားလည်သော သူများမဟုတ်။ ထိုကဲ့သို့ အထင်ရောက်၍ နေကြသူတို့ ထွန်းကားသော နိုင်ငံတွင် ဒီမိုကရေစီ ပျောက်၍ အာဏာရှင် ရောက်လာတတ်သည်။ ဤအချက်ကို ဒီမိုကရေစီလိုလားသူတို့ အထူး သတိပြုအပ်သည်။

## ဒီမိုကရေစီနှင့် အနုနည်း။

အကြမ်းမှုသည် အကြမ်းမှုကိုသာ ဖြစ်စေတတ်သဖြင့်၊ အကြမ်းမှုကို အားကိုးသော အာဏာရှင် နိုင်ငံများတွင် သွေးထွက် သံယိုမှု၊ပေါ်တတ်သည်။ သူတပြန် ကိုယ်တပြန် လက်နက်ကိုင် တော်လှန်မှုများလည်း မကြာမကြာ ပေါ်တတ်သည်။

သို့ရာတွင် ဒီမိုကရေစီ နိုင်ငံတွင်မူကား မည်သည့်ကိစ္စကိုမျှ အကြမ်းမှုဖြင့် လုပ်ဘို့ မလိုသဖြင့် အစစ အရာရာကို အေးချမ်း ညိမ်သက်စွာဖြင့် ဆောင်ရွက်နိုင်သည်။ အရေးအကြီးဆုံးဖြစ်သော “အစိုးရ” ပြောင်းလွှဲဘို့ အလုပ်ကိုပင် အေးချမ်းညိမ်သက်စွာ ဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ အေးချမ်းညိမ်သက်စွာ ဆောင်ရွက်နိုင်ခြင်းမှာ ဒီမိုကရေစီ နိုင်ငံသားတို့သည် သည်းခံစိတ်နှင့် အလုပ် လုပ်တတ်သောကြောင့် ဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံတွင် အလုပ် တခုခုကို လုပ်ချင်လျှင် သဘောကျသူရော၊ သဘော မကျသူပါ၊ ထိုအလုပ်နှင့် စပ်လျဉ်း၍ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဝေဘန်ခွင့်၊လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ပုံနှိပ် ထုတ်ဝေခွင့် ရှိသည်။ သဘော ကျသူတို့ကလည်း သဘော ကျသည်အလျောက် လွတ်လပ်စွာ ပြောခွင့်ရှိ၍၊ သဘော မကျသူ တို့ကလည်း သဘောမကျသည့် အလျောက်၊ လွတ်လပ်စွာ ပြောဆိုခွင့် ရှိသည်။ထိုကဲ့သို့ တဘက်နှင့်တဘက် ကျေနပ်အားရအောင် ပြောပြီးကြသောအခါ၊ မဲဖြင့် ဆုံးဖြတ်ကြသည်။ မဲဖြင့်ဆုံးဖြတ်သည့် အခါတွင် တဘက်ကနိုင်၍ တဘက်က ရှုံးရမည်သာ ဖြစ်သည်။

## လူမိုက်နည်း မသုံးရ။

ထိုအခါ မဲရှုံးသူတို့က မခံချင်ခြင်း စိတ်ဆိုးခြင်း၊ ဖြစ်သလောက် ဖြစ်ကြသော်လည်း မဲနိုင်သူတို့ကို လက်နက်ကိုင်၍ ရန်မူ သောင်းကျန်း



ဘို့ စိတ်မကူးကြဘဲ မဲများသူတို့၏ သဘောအတိုင်း လိုက်နာ ဆောင်ရွက်ကြသည်။မဲရှုံးသူတို့မှာ အခိုက်အတန့် အားဖြင့် အများသဘောကို လိုက်ရသော်လည်း နောက်မဲ ရွေးပွဲကျလျှင် မိမိတို့ဘက်က မဲပေးလိုသူတို့ များလာအောင် အကျိုး အကြောင်းပြ၍ ဟောပြော ဖြားယောင်း နိုင်ခွင့် ရှိသည်။ ဤနည်းဖြင့် ပထမအကြိမ် မဲရှုံးသော သူတို့သည်၊ နောက်တကြိမ် သူတို့ကို လူကြိုက်များလာလျှင် မဲနိုင်ဘို့ လမ်းရှိသည်။ဒီမိုကရေစီဘွင် မဲနိုင်သူလည်း အမြဲနိုင်၍ မနေနိုင်၊မဲရှုံးသူလည်း အမြဲရှုံး၍ မနေနိုင်။ တပြန်စီ တလှန်စီ ဖြစ်နိုင်သည်။ ဒီမိုကရေစီ၌ အမြဲမနိုင်လိုလျှင်၊မိမိကို ကြိုက်သူ ကြည်ညိုသူများအောင် ကြိုးစားရမည်သာ ဖြစ်သည်။ လူမိုက်နည်းဖြင့် တုတ်တဝင့်ဝင့်၊ဓား (ဒါး) တဝင့်ဝင့် လုပ်၍မရ။

## သတိနှင့်နေ။

ထို့ကြောင့် ဒီမိုကရေစီကို အလိုရှိသူတို့သည် နိုင်ငံရေးကို ထူးသူ၊ ရှူးသူ၊ မိုက်သူ၊ ယုတ်သူ၊ အနည်းငယ်တို့၏ အရေးဟု သဘောမထားဘဲ၊ မိမိတို့၏ ကိုယ်ရေး ကိုယ်တာဟု၊ သဘောထား၍၊ နေ့စဉ်နှင့်အမျှ စိတ်ဝင်စား၍ နေထိုက်ကြသည်။ မိမိတို့ ကိုယ်တိုင် စိတ်ဝင်စားနေကြရုံမျှမက၊ မိမိတို့နှင့် နီးစပ်သူများနှင့်တကွ တတိုင်း တနိုင်ငံလုံး ဆင်းရဲချမ်းသာ၊ဂုဏ်မဲ့ ဂုဏ်ရှိမရွေး၊ စိတ်ဝင်စားလာအောင်လည်း တတွတ်တွတ် တဖွဖွ တိုက်တွန်း နှိုးဆော်ပေးအပ်သည်။ မြတ်သော ဒီမိုကရေစီကို အလိုရှိလျှင် ဤနည်းကို လုပ်ရန်မှတပါး အခြားနည်းမရှိ။ ‘‘နိုင်ငံရေးဟာ လူရှုပ် လူပွေတွေ အရေးပါကွာ၊တို့နှင့်မဆိုင်ပါဘူး” ဟူသော ခေတ်မမှီသော ပြောနည်းမျိုးကို စွန့်ပစ်၍ ‘‘နိုင်ငံရေးသည် ငါတို့အရေး၊ တို့အရေး’’ ဟု မိမိတို့ ဦးခေါင်း၌ သံမှိုနှက်ထားဘိသကဲ့သို့၊ စွဲမှတ်ကြရမည်မှာ ဒီမိုကရေစီသမား အကုန်လုံး၏ တာဝန်ကြီးပင် ဖြစ်သည်။

ဤနည်းဖြင့်၊ ဒီမိုကရေစီ နိုင်ငံသားတို့သည်၊ နိုင်ငံ၏ အရေးကို မိမိတို့၏ အရေးဟု၊ ဟုတ်မှန်သည့်အတိုင်း၊ မှတ်ယူကြသဖြင့် ဒီမိုက

www.burmeseclassic.com

www.burmeseclassic.com



ရေစီ နိုင်ငံသားတို့သည် နောင်ရေးအတွက် အမြဲမြော်လင့်ချက် ရှိနိုင်ကြသည်ကို သိကြရာသည်။

## ၇။ လူတို့အချင်းချင်း အမှီသဟဲ ပြုရခြင်းလမ်း။

### ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။

ကိုင်းနှင့် ကျွန်းသည် တဦးကို တဦး၊ အမှီပြု၍ နေရသည့် နည်းတူ လူတို့သည်လည်း အချင်းချင်း တဦးနှင့်တဦး အမှီသဟဲပြု၍ နေကြရသည်။ လောကတွင် မည်သူမျှ၊ တဦးချင်း၊ တယောက်ချင်း၊ နေ၍မရ။ အကယ်၍ တဦးချင်း၊ တယောက်ချင်း၊ အထီးထီး နေ၍ရသည် ဖြစ်ပါမူ၊ နိုင်ငံဟူပင် ပေါ်၍ လာဘို့ လမ်းမရှိ။

ဒီမိုကရေစီက လူတို့သည် အချင်းချင်း အမှီသဟဲပြု၍နေမှသာ ဖြစ်နိုင်သည့် အဖြစ်ကို အသိအမှတ် ပြုသည်။ တနည်းအားဖြင့်၊ ဒီမိုကရေစီက လူတို့သည် စုပေါင်း နေထိုင်ကြဘို့ လိုသည်ဟု ယူဆသည်။ အကယ်၍၊ လူတိုင်း လူတိုင်းသည် မိမိတို့ တဦးချင်း၊ တယောက်ချင်း၊ အထီးထီး နေနိုင်ကြသည် ဖြစ်ပါမူ။ လူတိုင်း လူတိုင်းသည် အချုပ်အချယ် အကန့်အသတ် မရှိဘဲ၊ အလွတ်လင်ကြီး လွတ်လပ်ကြမည်သာ ဖြစ်သည်။ ဥပမာ လူတယောက်သည် တောနက်ကြီး တခုထဲတွင် တဦးတည်း နေသည်ဖြစ်ပါမူ၊ ထိုသူသည် ကျင်ကြီး ကျင်ငယ်ကို သူစွန့်ချင်သည့် နေရာ၌၊ လွတ်လပ်စွာ စွန့်နိုင်လိမ့်မည်သာ ဖြစ်သည်။

သို့ရာတွင် ရပ်နှင့်ရွာနှင့်နေရသူတို့ အဖို့တွင်ကား၊ အဆိုပါ အဖေါ်သဟဲမရှိသော သူကဲ့သို့ အချုပ်အချယ်မရှိ။ လွတ်လပ်နိုင်တော့မည် မဟုတ်ချေ။ မြို့ပြ ပြည်ရွာတွင် အဖေါ်သဟဲနှင့် နေသူတို့မှာ၊ မြို့ပြ ပြည်ရွာ၏ စည်းကမ်းကို စောင့်ရှောက် ကြရမည်သာဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော်၊ မြို့ပြ ပြည်ရွာတွင်၊ အဖေါ်သဟဲနှင့် နေသူတို့သည် တောနက်ကြီးထဲတွင် အထီးထီး နေသူတဦး နေသကဲ့သို့ နေ၍ဖြစ်မည် မဟုတ်သောကြောင့်တည်း။



ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံ၌ လူတို့မှာ လွတ်လပ်ခြင်း ရှိသည်ဆိုရာတွင် တောနက်ကြီးထဲတွင် အထီးထီးနေသော လူတယောက်၏ အကန့်အသတ်မရှိသော လွတ်လပ်ခြင်းမျိုး ရှိခြင်းမဟုတ်ဘဲ၊ အများ စိတ်ချမ်းသာ ကိုယ်ချမ်းသာနေ၍ ဖြစ်နိုင်စေရန် အများသဘောတူ သတ်မှတ်ထားသော စည်းကမ်းများကို ခံယူပြီးနောက်မှ ရရှိနိုင်သည့် စည်းကမ်းသတ်ရှိသော လွတ်လပ်ခြင်းမျိုးသာ ဖြစ်သည်ကို သိကြရာသည်။ မြို့ပြ ပြည်ရွာ၏ စည်းကမ်းအရ အဖေါ်သဟဲနှင့် နေရသူတို့သည် တောထဲတွင် တယောက်ထီးထီး နေသူကဲ့သို့ ကျင်ကြီးကျင်ငယ်ကို စွန့်ရာတွင် လွတ်လပ်ခြင်း ရှိလှတော့မည် မဟုတ်။

### ဆံထုံးထုံး အရပ်ဓလေ့။

သို့ရာတွင် မြို့ပြပြည်ရွာ၏ စည်းကမ်းအရ၊ မိမိ၏ အကန့်အသတ် မရှိသော လွတ်လပ်ခြင်းကို လျှော့ပေး လိုက်ရခြင်းကြောင့် မြို့ပြပြည်ရွာတွင် နေကြသူတို့မှာ၊ ဆုံးရှုံး နစ်နာခြင်း မဖြစ်ဘဲ၊ ပို၍ ကောင်းမြတ်သော အကျိုးများကို ခံစားရရှိနိုင်ကြသည်။ သို့ဖြစ်ရာ၊ ဒီမိုကရေစီ နိုင်ငံတွင် ခံစားနိုင်သည့် လွတ်လပ်ခြင်း ဆိုသည်မှာ၊ စည်း၊ မဲ့ ကမ်းမဲ့ ဘရမ်းဘတာ လုပ်နိုင်ခြင်းမျိုး မဟုတ်ဘဲ၊ ဆံထုံးထုံး အရပ်ဓလေ့ ဆိုသကဲ့သို့၊ အားလုံး လိုက်နာကြရသော စည်းကမ်းနှင့် ညီသော လွတ်လပ်ခြင်း မျိုးကိုသာ ဆိုလိုသည်ကို သိကြရာသည်။

လူတို့သည် အချင်းချင်း အပြန်ပြန် အလှန်လှန် အမှီသဟဲပြု၍ နေကြမှသာ ဖြစ်နိုင်သဖြင့်၊ ငါတကော ကော၍ လုပ်ချင်သလို လုပ်၍နေနိုင်သော လွတ်လပ်ခြင်းမျိုး မရှိသည့်အတွက်၊ ဝမ်းနည်းဘွယ် မရှိ။ ယခုခေတ်တွင် မည်သူမျှ ငါ့သဘောချည်း လုပ်၍မရ။ မြို့ပြနိုင်ငံနှင့် နေသူ မှန်သမျှသည်၊ မိမိတို့၏ အကျိုးနှင့်တကွ အားလုံး၏ အကျိုး ငှါ သတ်မှတ်ထားသော စည်းကမ်းများ၏ နယ်နိမိတ် အတွင်း၌သာ၊ လွတ်လပ်စွာ နေနိုင်ခွင့် ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အပြန်အလှန် ကျေးဇူးပြုခြင်း။

ထို့ပြင် စည်းကမ်းသတ်နှင့် လွတ်လပ်စွာ နေနိုင်ခွင့် ရှိခြင်းဆိုသည်မှာ အခြားမဟုတ်ဘဲ၊ ဒီမိုကရေစီ သဘောအရ တကိုယ်ကောင်း မကြံရခြင်း၊အခြားသူတို့၏ အကျိုးကိုလည်း ငဲ့ကွက်ရခြင်း၊တဦးကိုတဦး အမှီသဟဲ ပြုရခြင်းတို့ ဖြစ်သည်ဟု သိကြရာသည်။ တနည်းအားဖြင့်လည်း ဒီမိုကရေစီက လူတို့သည် တဦးနှင့်တဦး အပြန်အလှန် ကျေးဇူးပြုကာ နေကြရမည်ဟု ဆိုလိုသည်ဟုလည်း သိကြရာသည်၊ လောကတွင်၊တဦးနှင့်တဦး အပြန်အလှန် ကျေးဇူးပြု၍ နေကြခြင်းထက် ကောင်းသောနည်း အဘယ်မှာ ရှိနိုင်ပါအံ့နည်း။

## အများအကျိုး အတွက် ကိုယ်ကျိုး စွန့်သင့်ခြင်း။

ထို့ကြောင့် ဒီမိုကရေစီ လိုလားသူတို့သည်၊လောကတွင် လူတို့မှာ အချင်းချင်း တဦးနှင့်တဦး အမှီသဟဲ ပြု၍ နေကြမှသာ ဖြစ်နိုင်သည့် အဖြစ်ကို သဘောပေါက်အောင်၊ နှလုံး သွင်းကြပြီးလျှင်၊ မိမိတို့၏ တကိုယ်ကောင်း၊ တယောက်ကောင်း၊ အကျိုး တခုတည်းကိုသာ အစဉ်အမြဲ ကြည့်မနေကြဘဲ၊ အများ အကျိုးရှိမည့် ကိစ္စများတွင် မိမိတို့၏ ကိုယ်ကျိုး ကိုယ်စီးပွါးကိုပင် စွန့်လွှတ်၍ ပေးထိုက်ကြသည့် အဖြစ်ကိုလည်း၊ သဘောပေါက်အောင် ကြိုးစားကြရာသည်။ မိမိတို့၏ ကိုယ်ကျိုး ကိုယ်စီးပွါးကို စွန့်လွှတ် ပေးရခြင်းသည် ရုတ်တရက်အားဖြင့်၊ စွန့်လွှတ်ပေးရသူ အဖို့တွင် နစ်နာမည်မှာ မှန်သော်လည်း၊ ရေရှည်ကျလျှင် ထိုသို့ ကိုယ်ကျိုး စွန့်လွှတ် ပေးရခြင်းသည်၊ စွန့်လွှတ် ပေးရသူနှင့်တကွ၊လူအများအား ကောင်းကျိုး ဖြစ်ထွန်း စေနိုင်သည်ကိုလည်း၊ သဘော ပြုကြရာသတည်း။

## ဦး ပဲ့ ထမ်းဘို့ လိုခြင်း။

အချုပ်တွင်၊ ဒီမိုကရေစီက လူတို့သည် အချင်းချင်း တဦးနှင့်တဦး အမှီသဟဲ ပြု၍နေကြမှသာ ကြီးပွါး ချမ်းသာနိုင်မည်ဟု အသိအမှတ်ပြုသည့်အတွက်၊ ဒီမိုကရေစီ လိုလားသူတို့သည် "ငါ့မြင်း ငါ့စိုင်း



ညောင်ကိုင်း ရောက်ရောက်"ဟူသော ခွဲခြမ်းခွဲခြမ်း လုပ်လိုသော စိတ်များကို ပယ်ဖျောက်၍၊ "အေးအတူ၊ ပူအမျှ"ဟူသကဲ့သို့ အဝဝသော ကိစ္စတို့ကို ဦးက ထမ်းသူကထမ်း၍၊ ပဲ့က ထမ်းသူက ထမ်းကြဘို့ရန် နှလုံးသွင်းကြ ရာသတည်း။

ယခုအခါ ဒီမိုကရေစီ၏ အရေးကြီးသော သဘောများကို မကျဉ်းမကျယ် ဖေါ်ပြ၍ ပြီးပြီဖြစ်သဖြင့်၊ ဒီမိုကရေစီ၏ အဓိပ္ပါယ်ကို အထိုက်အလျောက် နားလည်ကြပြီဟု မြော်လင့်ရပေသည်။

သို့ရာတွင် ဘိုးစဉ်ဘောင်ဆက် မိမိတို့၏ နိုင်ငံသမိုင်း တလျှောက်လုံးတွင် အာဏာရှင် သဘောဖြစ်သော သက်ဦး ဆံပိုင်မင်းတို့ အုပ်စိုးခြင်းကိုဒင်း၊ 'နယ်ချဲ့အင်္ဂလိပ် အစိုးရတို့'စိုးမိုးခြင်းကိုဒင်း၊ ဦးခေါင်းငုံ့၍သာ ခံလာကြရသော သူများအဘို့တွင် ဒီမိုကရေစီ သဘောသည် ဆန်းသစ်လွန်းမက ဆန်းသစ်လွန်းလှသဖြင့်၊ ဒီမိုကရေစီ သဘောကို ရုတ်တရက် သဘောပေါက်နိုင်မှလည်း နားပေါက်နိုင်ကြပေမည်။ ဥပမာဆိုသော် သီချင်း အသစ် အဆန်းတပုဒ်သီဆိုသည်ကို နားထောင်ရသူတို့သည် ရုတ်တရက် ချက်ခြင်း ထိုသီချင်း ကောင်းသည် မကောင်းသည်ကို အကဲဖြတ်နိုင်ဘို့ ခဲယဉ်းသကဲ့သို့ပင်တည်း။ အသစ် အဆန်းဖြစ်သောသီချင်း တပုဒ်သည် ကြားရဖန်များသဖြင့် မိမိတို့ကိုယ်တိုင် တစိတ် တဒေသ သီဆိုနိုင်သော အခါကျမှသာ အရသာ ပေါ်တတ်သည့်နည်းတူ အလွန်လျှင် ဆန်းသစ် သိမ်မွေ့သော ဒီမိုကရေစီ တဘော၏ အရသာကို ခံစားလိုသူတို့သည်လည်း၊ ထိုနက်နဲ သိမ်မွေ့ တရားမျှတသော အရသာကို ခံစားတတ်နိုင်စေခြင်း အကျိုးငှါ အထက်တွင် ဆိုအပ်ခဲ့သော ဒီမိုကရေစီ၏ အရေးကြီးသော သဘောတရားများကို မိမိတို့ စိတ်သန္တာန်၌ ကွက်ကွက် ကွင်းကွင်း ထင်မြင်၍လာအောင် အဘန်တလဲလဲ လေ့လာ သုံးသပ်ကြရာသည်။

---

www.burmeseclassic.com

www.burmeseclassic.com



**အခန်း။ ၅။**

## နိဂုံးချုပ်။

ယခုခေတ်တွင် 'ဒီမိုကရေစီ' ဆိုသောအသံကို လူတိုင်းလောက်ပင် ကြားဘူးကြသော်လည်း၊ ဒီမိုကရေစီ၏ တကယ့် အစစ်အမှန်သဘော ကို နားလည်သူတို့ များပြီဟု မဆိုနိုင်သေးသည်ကို တွေ့ရသည်။ အချို့ ကလည်း ဒီမိုကရေစီ၏ နာမည်ကိုယူ၍ ဒီမိုကရေစီ၏ သဘောနှင့် ဖီ လာဖြစ်သော အလုပ်များကိုပင် လုပ်တတ်ကြသဖြင့် ဒီမိုကရေစီမှာ နာမည်မပျက်သင့်ဘဲနှင့် ပျက်လျက်ရှိရသည်။ ထို့ကြောင့်ပင်လည်း၊ ဒီမိုကရေစီ၏ သဘောစစ် သဘောမှန်များသည် မည်သည့် အရာများ ဖြစ်သည်ကို လေ့လာသုံးသပ်ဘို့ လိုခြင်းဖြစ်သည်။

ဤကျမ်းငယ်၏ရည်ရွယ်ချက်မှာ ဒီမိုကရေစီ၏ သဘောစစ်သဘော မှန်များကို လေ့လာလိုသူတိုင်း သိရှိနိုင်စေရန် လိုအပ်သမျှသော ဒီမို ကရေစီသဘောအစစ် အမှန်များကို မွေ့ဒိဌာန် ဘော်ပြရန်ဖြစ်သည်။

ယခုအခါ ကျမ်းပြီး ဆုံးပြီ ဖြစ်သဖြင့်၊ အထက်တွင် ဘော်ပြခဲ့သော ဒီမိုကရေစီအခြေခံ သဘောတရားများကို ဘတ်ရှုသူတို့ သတိပြန်၍ ရ စေခြင်း အကျိုးငှါ အကျဉ်းချုပ်၍ ထပ်မံ ဘော်ပြလိုက်ပေအံ့။

ဒီမိုကရေစီသဘောနှင့် ပတ်သက်၍ မှတ်သားရန် အရေးကြီးသော အချက်များမှာ–

(၁) လူမှန်သမျှကို အယုတ် အလတ် အမြတ်မရွေး တန်ဘိုးဘား ခြင်း။

(၂) လူမှန်သမျှသည် တူညီသော ပိုင်ရေး ပိုင်ခွင့် ရှိကြသည့် "ရှင်ဘုရင်တွေ"ချည်း ဖြစ်သည်ဟုယူဆခြင်း။

(၃) နိုင်ငံကို၊ အာဏာရှင် တဦးတယောက်၊ သို့မဟုတ်၊ အာ ဏာရှင် တဖွဲ့ဘသင်းက မပိုင်ဘဲ၊ နိုင်ငံသား အားလုံးကသာ ပိုင်သည် ဟု ယူဆခြင်း။

(၄) "အစိုးရ" ဆိုသည်မှာ၊ သူတို့ လုပ်ချင်ရာကို၊ တရားလက် လွတ် လုပ်နိုင်သူများ မဟုတ်ဘဲ၊ နိုင်ငံသူ နိုင်ငံသားတို့ကို၊ ခိုင်းစေရာ



သာ ဥပဒေနှင့်အညီ ဝတ္တရား ကျေပြွန်စွာ လုပ်ဆောင် ကြရမည့် ပြည်စေခံများသာ ဖြစ်သည်ဟု ယူဆခြင်း။

(၅) နိုင်ငံသူ နိုင်ငံသားတို့က၊ မိမိတို့ သဘောမကျသော၊ "အ စိုးရ"ကို သတ်မှတ်ထားသော နှစ်အတွင်း မဲပေးပွဲ ပြုလုပ်၍၊ ပြောင်း လွဲနိုင်ခွင့် ရှိသည်ဟု ယူဆခြင်း။

(၆) နိုင်ငံသူ နိုင်ငံသား မှန်သမျှတွင် အသက် ရှင်နေနိုင်ခွင့်၊ လွတ်လပ်စွာ ချမ်းသာသုခ ရှာမှီးနိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆို ရေး သားနိုင်ခွင့်၊ လွတ်လပ်စွာ အသင်းအပင်း တည်ထောင်နိုင်ခွင့်၊ မတ ရားဖမ်းဆီး ချုပ်နှောင်ခြင်းမှ ကင်းလွတ်ခွင့်၊ မိမိတို့ သဘောကျရာ ဘာသာကို လွတ်လပ်စွာ ယုံကြည်နိုင်ခွင့်၊ ကိုယ်ပိုင်ပစ္စည်း ထားနိုင် ခွင့်၊ မိမိတို့ သဘောကျရာ အလုပ်ကို လုပ်နိုင်ခွင့်၊ မိမိတို့နေချင်ရာ မြို့ ရွာတွင်၊ ပြောင်းရွှေ့ နေထိုင်ခွင့် စသည်တို့ရှိ၍၊ ထိုပိုင်ရေး ပိုင်ခွင့် များကို၊ မည်သူကမျှ ပယ်ဖျက်၍ ပစ်နိုင်ခွင့် မရှိဟု ယူဆခြင်း။

(၇) ဟိုလူ့အတွက် ဥပဒေတမျိုး သည်လူ့အတွက် ဥပဒေတမျိုး မရှိရဘဲ၊ အားလုံးအတွက် ဥပဒေ တမျိုးတည်းသာ ရှိသည်ဟု ယူဆ ခြင်း။

(၈) ရွေးကောက်ပွဲတွင်၊မည်သူ့ကိုမျှ မကြောက်ရ မလန့်ရ၊မငဲ့ မကွက်ရဘဲနှင့်၊ကိုယ် မဲပေးချင်သူကို ပေးနိုင်ခွင့် ရှိသည်ဟု ယူဆခြင်း။

(၉) ဥပဒေကို မည်သူမျှ လွန်ဆန်နိုင်ခွင့် မရှိခြင်း၊ တနည်းဆို သော် ဥပဒေသာ ပဓါန ဖြစ်သည်ဟု ယူဆခြင်း။

(၁၀) နိုင်ငံသူ နိုင်ငံသား အချင်းချင်း ဆက်ဆံရာတွင်၎င်း၊ နိုင် ငံသူ နိုင်ငံသားနှင့်"အစိုးရ"ခေါ် ပြည်စေခံတို့ ဆက်ဆံရာတွင်၎င်း၊ ဥပဒေ စည်းဝိုင်း၏ အပြင်ဘက်ကျသော၊ အကြမ်းနည်းကို အသုံးမ ပြုဘဲ၊ ဥပဒေစည်းဝိုင်း အတွင်းဖြစ်သော၊ နှလုံးရည် အနုနည်းကိုသာ သုံးစွဲ ကြရမည်ဟု ယူဆခြင်း။

(၁၁) နိုင်ငံသူ နိုင်ငံသားတို့ အထဲတွင်၊ အလွန် ချမ်းသာသူက ချမ်းသာ၍၊အလွန် ဆင်းရဲနေသူက၊ဆင်းရဲနေခြင်းမျိုး မရှိဘဲ၊ ချမ်းသာ အတူ၊ ဆင်းရဲအမျှ ရှိသင့်သည်ဟု ယူဆခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၁၂) နိုင်ငံသူ နိုင်ငံသား အားလုံးတို့၊ဂုဏ်ရှိ ဂုဏ်မဲ့၊ ချမ်းသာ ဆင်းရဲမရွေး၊ ကြောင့်ကြခပ်သိမ်းကင်း၍ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေနိုင်ကြစေရန်၊ အစိုးရခေါ် ပြည်စေခံ အဖွဲ့က၊ အမြဲ စောင့်ရှောက် ကာကွယ်ပေးရမည်ဟု ယူဆခြင်း စသည်တို့ ဖြစ်သည်။


ထို့ကြောင့်၊ မိမိတို့ကိုယ်တိုင်နှင့်တကွ၊ခပ်သိမ်းသော နိုင်ငံသူ နိုင်ငံသားတို့၏၊ ကိုယ်၏ ချမ်းသာမှု စိတ်၏ ချမ်းသာမှုကို အလိုရှိကြသူတို့သည် တရားမျှတခြင်း၊ ချစ်ခင်ကြင်နာခြင်းတို့၏ တည်ရာ၊ ဒီမိုကရေစီ အစစ်အမှန်၏ သဘော တရားများကို အကြိမ်တရာသော်ငြား၊ တထောင်သော်ငြား၊ တသောင်းသော်ငြား၊ တသိန်း၊ တသန်း၊ တကုဋေသော်ငြား၊အကြိမ် မရေမတွက်နိုင်အောင် သော်ငြား၊ နှလုံးသွင်းကြ၍၊ ဒီမိုကရေစီ သဘောနှင့်အညီ၊ ကျင့်ကြံ နေထိုင်ကြရာသတည်း။

လူတို့အဖို့ကွင်၊ မိမိတို့ ကိုယ်တိုင်နှင့်တကွ၊ မိမိတို့၏ သားစဉ်မြေးဆက်၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေနိုင်ရေးအတွက်၊ ဒီမိုကရေစီကို ကျင့်သုံးနည်းမှတပါး၊ အခြားနည်းမရှိ။

သို့ရာတွင်၊ ဥစ္စာရှင်လို ဥစ္စာရှင် ခဲရမည် ဆိုသည့်အတိုင်း၊ ဒီမိုကရေစီကို အလိုရှိလျှင်၊ မိမိတို့ကိုယ်တိုင် ခဲကြမှသာ ရနိုင်လိမ့်မည်။မိမိတို့မှ တပါး အခြားသော သူတို့က၊ မိမိတို့၏ အကျိုးငှါ၊ ဒီမိုကရေစီကို လာ၍ပေးကမ်း စွန့်ကြဲလိမ့်မည်မဟုတ်။ဒီမိုကရေစီသည်၊ပေးပါ၊ ကမ်းပါ၊ သနားပါ၊ ကယ်မပါဟု လက်ဝါးဖြန့်ကာ၊ တောင်း၍ ရကောင်းသော သဘောတရားမဟုတ်။ မိမိတို့က တကယ်အလိုရှိ၍ လာသော အခါတွင်၊ ထိုသို့ တကယ်အလိုရှိ၍ လာခြင်း၏ တန်ခိုးဖြင့်သာ ပေါ်ပေါက်လာသော တရားသာဖြစ်သည်။

ထို့ကြောင့် လောကတွင်၊ လူဖြစ်လာရကျိုး နပ်စေခြင်း အကျိုးငှါ၊ ဒီမိုကရေစီကို ပြင်းထန်သော အလိုဆန္ဒဖြင့်၊ လိုချင်တောင့်တ ကြရာသည်။ ထိုသို့ ပြင်းထန်သော အလိုဆန္ဒဖြင့် ဒီမိုကရေစီကို၊ လိုချင်တောင့်တကြကုန်သည် ရှိသော်၊ ဒီမိုကရေစီသည်၊ ဆုတောင်း အနေနှင့်၊ ဝေးလန်ရာတွင် မနေတော့ဘဲ၊ အိမ်တိုင် ရွာရောက် ကိုယ်တွေ့





www.burmeseclassic.com



လက်တွေ့ ခံစား စံစားရသော စည်းစိမ် ချမ်းသာအဖြစ်သို့ ရောက်လာလိမ့်မည့် အဖြစ်ကိုလည်း၊ ယုံမှားသံသယ မဖြစ်ကြရာ။

သို့ရာတွင် လောကတွင်၊လူကောင်းသူကောင်းများသာ မဟုတ်ဘဲ၊ အဖျက်သမား မာရ်နတ်များသည်လည်း ရှိသေးသဖြင့်၊ ဒီမိုကရေစီ၏ မွန်မြတ်သော အရသာကို ခံစားရဘို့ အရေးတွင်လည်း၊ ဒီမိုကရေစီဖျက် မာရ်နတ်များ၏ ရန်ကို အမြဲ သတိထား၍ နေဘို့ လိုသည်ကိုလည်း၊သဘော ပေါက်ကြရမည် ဖြစ်သည်။ ဒီမိုကရေစီဖျက် မာရ်နတ်တို့ကား အခြားမဟုတ်၊ ငါသာအကျိုး ခံစားထိုက်သည်၊ ငါတို့ တစုတသင်းသာ အကျိုး ခံစားထိုက်သည်၊ ငါကောင်းလျှင်ပြီးရော၊ ငါတို့တစုတသင်း ကောင်းလျှင်ပြီးရော၊ ကျန်သည့် လူအားလုံး ဘာဖြစ်ဖြစ်ဆိုသည့် အာဏာရှင် ဝါဒသမားများ ဖြစ်သည်။ ဒီမိုကရေစီ အဖို့တွင် အာဏာရှင်ဝါဒ သမားတို့ထက်ကြီးသော ရန်သူမရှိ။အာဏာရှင်ဝါဒသမားတို့သည်၊လောကကြီးမှ ဒီမိုကရေစီ၊ဆိတ်သုဉ်း သွားရန်အတွက် အမြဲကြံစည် အားထုတ်လျက်ရှိကြသည်။

ထို့ကြောင့် တရားမျှတခြင်း၊ ချစ်ခင် ကြင်နာခြင်းကို ရှေ့ရှုသည့် ဒီမိုကရေစီကို အလိုရှိကြကုန်သော သူတို့သည်၊ လိမ်ဉာဏ် ကောက်ဉာဏ်များသော အာဏာရှင်ဝါဒ သမားတို့၏ ထောင်ချောက်၊ညွှတ်ကွင်းတွင်းသို့၊ မသက်ဆင်း မိကြစေရန်၊ အထူး သတိဝိရိယနှင့် နေကြပြီးလျှင်၊မိမိတို့၏ အသက်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ကြသည့်နည်းတူ၊ ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက် ကြပါကုန်ဟူသော၊ တိုက်တွန်းချက်ဖြင့်၊ ဤ "ဒီမိုကရေစီဆိုဒါ" မည်သော၊ ဒီမိုကရေစီအနက်ပေါ် ကျမ်းငယ်၏ ပြီးပြည့်စုံခြင်းအဖြစ်သည် ရောက်ပြီ။

သခင် ဘသောင်း
၆-၅-၅၄

ရန်ကုန်မြို့။
၂၂၂-ဆူးလေဘုရားလမ်း။

★

BURMESE CLASSIC .com
www.burmeseclassic.com